


# The VOICE Daily




Vol. 5 / No. 204 | Established in 2004 | ၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ( ၃ ) ရက်၊ (Wednesday, December 6, 2017)

# မဘသအဖွဲ့ဝင်ဟောင်းများ ပါဝင်သောပါတီ တည်ထောင်ခွင့် ငြင်းပယ်ခံရ

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

မဘသ ဦးဆောင်ကော်မတီဝင်များ ဖွဲ့စည်းထားသော မျိုးချစ်ညီညွတ်ရေးပါတီ တည်ထောင်ခွင့် လျှောက်ထားမှုကို ငြင်းပယ်ခြင်းအပေါ် ကျေနပ်မှုမရှိခြင်းကြောင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံ ခိုင်လုံသောအကြောင်းပြချက် ပြန်လည်တောင်းခံသွားမည်ဖြစ်ကြောင်း ယင်းပါတီ တည်ထောင်ခွင့် ဦးဆောင်သူဦးမြင့်စိုး(မောင်သွေးချွန်)က The Voice သတင်းစာသို့ ပြောသည်။

မျိုးချစ်ညီညွတ်ရေးပါတီ တည်ထောင်ခွင့် လျှောက်ထားရာ၌ ပါဝင်သော ဦးဆောင်ကော်မတီ အဖွဲ့ဝင်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့် ညီညွတ်ခြင်း မရှိခြင်းကြောင့် ယင်းပါတီ တည်ထောင်ခွင့်ကို ငြင်းပယ်လိုက်ကြောင်း အကြောင်းကြားစာကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ပါတီဦးဆောင်သူများထံ နိုဝင်ဘာ ၂၄ ရက်နေ့၌ စာရေးသားပေးပို့ခဲ့သည်။ စာ 2

## ဘင်္ဂါလီအရေးကိစ္စအတွက် လုံခြုံရေးကောင်စီ အထူးအစည်းအဝေးပွဲ ကျင်းပရန် စီစဉ်လျက်ရှိဟု သတင်းထွက်

စာ 2

## အတင်းအကျပ် စေခိုင်းမှုများကြောင့် စိတ်ညစ်နေရကြောင်း Facebook ပေါ်တွင် ရေးသားခဲ့သူ ဒုရဲအုပ်တစ်ဦး အရေးယူခံရ

စာ 9

## လီဆူစာပေ နှစ် ၁၀၀ ပြည့်ပွဲ မြစ်ကြီးနား၌ ကျင်းပမည်

စာ 4

## ပဲခူးစာအုပ်လမ်းပွဲတော် ပထမဆုံးအကြိမ် ကျင်းပ


Photo by Minthaw Hein (fb Page)
Photo by Minthaw Hein (fb Page)

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် ပထမဆုံးအကြိမ်ကျင်းပသည့် စာအုပ်လမ်းပွဲတော်ကို ဒီဇင်ဘာလ ၅ ရက်နေ့က ရွှေမော်ဓောဘုရားအနောက်မုခ်ဦးအနီးရှိ ဗိမာန်ရှေ့ပလက်ဖောင်းတွင် ကျင်းပဖွင့်လှစ်ခဲ့သည် စာ 27

## ရွေးကောက်ပွဲကော်မရှင်၏ဆုံးဖြတ်ချက်များသည် မှုတမှုမရှိကြောင်းပြောဆိုခဲ့သော USDP ကို ကော်မရှင် ဆင့်ခေါ်

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၏ ဆုံးဖြတ်ချက်များသည် ဘက်လိုက်မှုရှိကြောင်း ပြောဆိုခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(USDP) ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာ နန္ဒာလှမြင့်ကို ပြန်လည်ဖြေရှင်းရန် ဆင့်ခေါ်ထားကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံမှ သိရသည်။

"သူတို့ပြောဆိုချက်က ဘယ်အထောက်အထားနဲ့ ပြောတာလဲဆိုတာကို ခေါ်ယူတွေ့ဆုံဖို့ ဖြစ်ပါတယ်"ဟု ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက The Voice သို့ ပြောကြားသည်။

ပြီးခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် စာ 3

## YBS ယာဉ်မောင်း အမူးလွန်ပြီး ယာဉ်ရပ်တန့် အိပ်ပျော်

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်းရှိ ညောင်တန်းမှတ်တိုင်အနီးတွင် အရက်အမူးလွန်နေသည့် YBS (၆၅)ယာဉ်မှ ယာဉ်မောင်းသည် ဆက်မမောင်းနိုင်သဖြင့် လမ်းလယ်တွင် ယာဉ်ကို ရပ်တန့်ခဲ့သောကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားခဲ့ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ထံမှ သိရသည်။

လှော်ကားလိပ်ခုံးဂိတ်မှ စာ 2



ဓာတ်ပုံ - နောင်နောင်



# ဘင်္ဂါလီအရေးကိစ္စအတွက် လုံခြုံရေးကောင်စီ အထူးအစည်းအဝေးပွဲကျင်းပရန် စီစဉ်လျက်ရှိဟု သတင်းထွက်

**ကုလသမဂ္ဂ၊ ဒီဇင်ဘာ ၅**

ရခိုင်ပြည်နယ်တွင်း ဘင်္ဂါလီလူမျိုးများအပေါ် လူမျိုးဖြုတ်ရှင်းလင်းမှုများ၊ မုဒိမ်းမှုများနှင့် အခြားပြစ်မှုများ ကျူးလွန်ခြင်းရှိသည်ဟူသော စွပ်စွဲချက်များနှင့် ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေး ကောင်စီ အထူးအစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်ရန်ရှိသည်ဟု ကုလသမဂ္ဂသတင်း ရင်းမြစ်များ၏ ပြောကြားချက်ကို Reuters သတင်းဌာနက တနင်္လာနေ့တွင် ကိုးကားဖော်ပြသည်။

"ဒီဇင်ဘာလလ ၅ ရက်မှာ အထူးအစည်းအဝေးပွဲလုပ်မှာပါ" ဟု ကုလသမဂ္ဂမှ အမည်မဖော်လိုသူ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

လုံခြုံရေးကောင်စီ၏ ပြောရေးဆိုခွင့်ရှိသူ ရိုလန်ဒိုဂိုးမက်ဇ်ကမူ မည်သည့်နေ့ရက်တွင် အဆိုပါအထူးအစည်းအဝေးကျင်းပမည်ကို အတည်ပြုပြောကြားမှုမပြုပေ။

"မြန်မာနိုင်ငံက လူ့အခွင့်အရေးအခြေအနေတွေနဲ့ပတ်သက်ပြီး အထူးအစည်းအဝေးပွဲ တစ်ရပ်ပြုလုပ်ဖို့လုပ်ဆောင်နေတာတွေတော့ရှိပါတယ်" ဟုသာ ၎င်းက ပြောကြားသည်။

ထိုသို့ အထူးအစည်းအဝေးပွဲပြုလုပ်မည့်ကိစ္စအတွက် အဖွဲ့ဝင် ၄၇ နိုင်ငံရှိသည့်အနက် အနည်းဆုံး ၁၆ နိုင်ငံက မဖြစ်မနေတောင်းဆိုမှသာ ကျင်းပ၍ရသည်။ ယခုဘင်္ဂါလီအရေးနှင့် သက်ဆိုင်သည့် အထူးအစည်းအဝေးအတွက် ဘင်္ဂလားဒေ့ရှ်နှင့် အခြားမွတ်ဆလင်အများစုရှိရာ နိုင်ငံများက အဆိုပြုမှုကို ထောက်ခံကြမည်ဟု မျှော်လင့်ရသည်။

လုံခြုံရေးကောင်စီသည် ပြီးခဲ့သည့် မတ်လအတွင်း ရခိုင်ပြည်နယ်၊ ဘင်္ဂါလီအရေးကိစ္စအတွက် အချက်အလက်ရှာဖွေရေး အဖွဲ့တစ်ရပ်ကိုဖွဲ့စည်းပေးခဲ့သည်။ ယင်းအဖွဲ့မှ စုံစမ်းစစ်ဆေးသူများက နိုဝင်ဘာလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့သွားရောက်ပြီး မြန်မာနိုင်ငံမှ ထွက်ပြေးလာသော ဘင်္ဂါလီမွတ်ဆလင်များနှင့်တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ရာ သတ်ဖြတ်မှု၊ မုဒိမ်းမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ စနစ်တကျလုပ်ဆောင်ခဲ့သည့် အနေအထားများကိုတွေ့ရှိခဲ့ကြသည်ဟု ဆိုသည်။

■ F-01

# ရန်ကုန်တိုင်းအစိုးရ လာမည့်ဘဏ္ဍာနှစ် ခြောက်လအတွက် ကျပ်ဘီလီယံ ၂၀၀ကျော် သုံးစွဲမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏လာမည့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွင်း ဘတ်ဂျက် ကျပ် ၂၁၂ ဒသမ ၃ ဘီလီယံ သုံးစွဲရန် လျာထားကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။

ရန်ကုန်တိုင်းအစိုးရအဖွဲ့၏အဆိုပါ လျာထားဘတ်ဂျက်နှင့် ပတ်သက်၍ ဒီဇင်ဘာလ ၅ ရက်က ကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက လာရောက် ရှင်းလင်းတင်ပြခဲ့ခြင်းဖြစ်သည်။

လျာထားဘတ်ဂျက်ကို ရေးဆွဲရာတွင် ရန်ကုန်တိုင်းရှိ မြို့နယ်အသီးသီးတွင် အောက်ခြေမှစ၍ အထက်သို့ သွားသည့် စီမံကိန်းရေးဆွဲမှုကို အခြေခံကာ ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း ဦးမြင့်သောင်းက ရှင်းလင်းပြောကြား ခဲ့သည်။

အဆိုပါခြောက်လတာ ရသုံးမှန်းခြေစာရင်းသည် ဘတ်ဂျက်နှစ် အပြောင်းအလဲ ပြုလုပ်ခဲ့ခြင်းကြောင့် ကြားတွင်ကွာဟသွားသည့် ခြောက်လအတွက် တောင်းခံခြင်းဖြစ်ရာ ပမာဏ အနည်းအများကိုသုံးသပ်နိုင်ခြင်း မရှိသေးကြောင်း ရန်ကုန်တိုင်းလွှတ်တော်ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက ပြောကြားသည်။

ထို့ပြင် တိုင်းအစိုးရက ဘတ်ဂျက်ငွေ ခြောက်လစာအတွက် တောင်းခံခြင်းနှင့်ပတ်သက်၍လည်း "အခုခြောက်လဖြစ်သွားတာက ပြည်ထောင်စုက ဘတ်ဂျက်နှစ်အပြောင်းအလဲလုပ်တာမှာ ဟိုမမီ၊ ဒီမမီ ဖြစ်သွားတာပေါ့။ အဲဒါကြောင့် ခြောက်လထဲဖြစ်သွားတာ။ အဲဒီခြောက်လကို မီနီဘတ်ဂျက်သဘောမျိုး ပြည်နယ်နဲ့ တိုင်းအစိုးရတွေကို ပြည်ထောင်စုက ချပေးတာပေါ့။ များလားနည်းလားဆိုတာတော့ ပြန်သုံးသပ်ရဦးမယ်" ဟု ဦးကျော်ဇေယျက ဆိုသည်။

ရန်ကုန်တိုင်းအစိုးရ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရသုံးမှန်းခြေလျာထားချက်တွင် သုံးငွေအဖြစ် ၄၂၄ ဒသမ ၁ ဘီလီယံ လျာထားတောင်းခံခဲ့ပြီး ပြီးခဲ့သည့် နိုဝင်ဘာလ ၁ ရက်ကပြုလုပ်သည့် တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေ ကျပ် ၄၇ ဘီလီယံ ထပ်မံခွင့်ပြုရန် တောင်းခံခဲ့သည်။

ပြည်ထောင်စုအစိုးရသည် မြန်မာနိုင်ငံ၏ လက်ရှိကျင့်သုံးလျက်ရှိသော ဧပြီ ၁ ရက်မှ မတ်လ ၃၁ ရက်ထိ ဘဏ္ဍာနှစ်သတ်မှတ်မှုအစားလာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစ၍ အောက်တိုဘာလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ ပြောင်းလဲပြင်ဆင် သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး ယင်းပြင်ဆင်ချက်ကိုလည်း ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့ပြီး ဖြစ်သည်။

■ J-08

### မျက်နှာဖုံး - YBS ယာဉ်မောင်း အမူးလွန်ပြီး ယာဉ်ရပ်တန့် အိပ်ပျော်မှ အဆက်

ဗိုလ်တထောင်ဘုရားဂိတ်သို့ ပြေးဆွဲနေသော YBS(၆၅) ဟွန်ဒိုင်း ယာဉ်တစ်စီးမှာ ဒီဇင်ဘာလ ၅ ရက် မွန်းလွဲ ၁ နာရီခွဲဝန်းကျင်က အောက်ပုဇွန်တောင်လမ်းအတိုင်း မောင်းလာစဉ်ညောင်တန်းမှတ်တိုင်အနီးအရောက် လမ်းလယ်တွင် ယာဉ်ကို အချိန်ကြာမြင့်စွာ ရပ်တန့်ထားသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားနေကြောင်း သတင်းရရှိမှုကြောင့် ယာဉ်ထိန်းရဲတပ်ဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။

"ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်နှစ်ယောက်လုံး ကားမမောင်းနိုင်လောက်အောင် အရက်မူးလွန်နေလို့ လမ်းပေါ်မှာ ကားကို ရပ်ထားလိုက်တာ။ ဗိုလ်တထောင်ဂိတ်ကနေ ပြန်ထွက်လာတာဆိုတော့ ကားပေါ်မှာလည်း ခရီးသည်မပါလာခဲ့ဘူး။ လမ်းလယ်ကောင်မှာ ကားကြီးရပ်ထားတော့ ယာဉ်ကြောပိတ်ဆို့မှုတွေ နာရီဝက်လောက်ဖြစ်သွားတာပေါ့" ဟု ယာဉ်ထိန်းရဲအရာရှိက ပြောသည်။

အဆိုပါ လမ်းပေါ်ရပ်ထားသည့် YBS (၆၅)ယာဉ်ပေါ်တွင် အရက်အမူးလွန်နေသည့် ယာဉ်မောင်း အသက် ၂၉ နှစ် ဝေလျှံကျော်မှာ ယာဉ်မောင်းထိုင်ခုံပေါ်တွင် အိပ်ပျော်နေပြီး ယာဉ်နောက်လိုက် အသက် ၂၇ နှစ် မင်းကိုဇော်မှာ ခရီးသည်ထိုင်ခုံတွင် အိပ်ပျော်နေကြောင်း ညောင်တန်းအိမ်ရာဝင်းတွင် နေထိုင်သည့် အမျိုးသားတစ်ဦးက ပြောသည်။

အရက်အမူးလွန်နေသော ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် နှစ်ဦးကို ပုဇွန်တောင် မြို့မရဲစခန်းသို့ ခေါ်ဆောင်ပြီး မော်တော်ယာဉ် ဥပဒေပုဒ်မ ၅၈(က) ဖြင့် အမှုဖွင့် အရေးယူထားကြောင်း ယင်းရဲစခန်းထံမှ စုံစမ်းသိရှိရသည်။

■ S-03

### မျက်နှာဖုံး - မဘသအဖွဲ့ဝင်ဟောင်းများ ပါဝင်သောပါတီ မှ အဆက်

"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ အကြောင်းကြားစာကို နိုဝင်ဘာ ၂၇ ရက်နေ့က လက်ခံရရှိတယ်။ ပါတီတည်ထောင်သူတွေက နိုင်ငံရေးပါတီ မှတ်ပုံတင်ခြင်း ဥပဒေနဲ့ ငြိတယ်ဆိုရယ် ဘယ်သူတွေ ညှိနေတာလဲဆိုတဲ့ ခိုင်လုံတဲ့ အကြောင်းပြချက်ကို ပြန်တောင်းမယ်။ ညှိတဲ့သူတွေကိုပြန်လည် ဖယ်ရှားပြီး ကျန်တဲ့သူတွေကို အစားထိုးပြီး ယခုအမြဲနဲ့ပဲ ထပ်မံလျှောက်ထားမယ်" ဟု ဦးမြင့်စိုး (မောင်သွေးချွန်) က ပြောသည်။

အလားတူ ယင်းပါတီ မှတ်ပုံတင်ခွင့် ငြင်းပယ်လိုက်ခြင်းသည် ဥပဒေအရ ဆောင်ရွက်ခြင်းသာဖြစ်ပြီး အကြောင်းကြားစာကို အဆိုပါ ပါတီထံ ပေးပို့ထားကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက The Voice သတင်းစာသို့ အတည်ပြုပြောဆိုသည်။

မျိုးချစ်ညီညွတ်ရေးပါတီတည်ထောင်သော မောင်သွေးချွန်သည် ယခင်၌ မဘသတွင် ဦးဆောင်ကော်မတီအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သူ တစ်ဦးဖြစ်သည်။ ■ J-07

# ရန်ကုန်တိုင်းတွင် ဒီဇင်ဘာလ၌ အနည်းငယ်အအေးပိုမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီးတွင် ဒီဇင်ဘာလ ၈ ရက်မှ ၁၀ ရက်အထိ နေရာကွက်ကြား မိုးအနည်းငယ်ရွာသွန်းနိုင်ကာ တစ်လတာ တိုင်းတာချက်အရ ပျမ်းမျှအပူချိန်အောက် ၂ ဒီဂရီစင်တီခန့် လျော့နည်းပြီး အအေးပိုမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

"ရန်ကုန်တိုင်း တစ်တိုင်းလုံးမှာပဲ အပူချိန်က တစ်နေရာနဲ့တစ်နေရာမတူဘူး။ ဒီဇင်ဘာလက ပုံမှန်ဆို အအေးကစဝင်နေပြီ။ လေဖိအားနည်းရပ်ဝန်းရှိလို့ ရေ့ရက်ပိုင်းထဲမှာ အအေးပေါ့တာ။တစ်လလုံးအတွက်ကတော့ အအေး အနည်းငယ်ပိုမယ်။ တစ်ခါတစ်ရံ ၂ ဒီဂရီစင်တီဂရိတ်အထက်လည်း ဖြစ်နိုင်တယ်" ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ချုပ် ဦးကျော်မိုးဦးက ဆိုသည်။

လက်ရှိ အာရေဗျပင်လယ်တွင် ဖြစ်ပေါ်နေသည့် အားကောင်းသည့် ဆိုင်ကလုန်း OCHKI အရှိန်ကြောင့် ချင်း၊ ရှမ်း၊ ရခိုင်ဒေသ၊ ပဲခူး၊ ဧရာဝတီနှင့် ရန်ကုန်ဒေသအချို့တွင် ကွက်ကျားမိုးရွာနိုင်ပြီး အိန္ဒိယနိုင်ငံ အနောက်ဘက်ကမ်းခြေကို ဝင်ရောက်ပါက မုန်တိုင်းအရှိန်ကြောင့် မြန်မာနိုင်ငံတွင် အချိန်အခါမဟုတ်မိုးရွာနိုင်ဖွယ်ရှိကြောင်း ၎င်းက ပြောကြားသည်။

"ပျမ်းမျှ ရက်သုံးဆယ်နဲ့တွက်ရင် ပုံမှန်အပူချိန်တိုင်းပဲ ရှိမယ်။ သုံးလစာ ကြိုခန့်မှန်းတွက်ချက်ထားပေမယ့်လည်း သုံးရက်၊ လေးရက်ဆိုရင်ပဲ အခြေအနေတစ်မျိုး ပြောင်းလဲနိုင်တဲ့အတွက် တိကျတဲ့အဖြေကို ပြန်သုံးသပ်ရတယ်" ဟု ၎င်းက ဆိုသည်။

မုန်တိုင်း OCHKI သည် မြောက်အရှေ့စူးစူးအရပ်ကို ဦးတည်ရွေ့လျားနေပြီး မွန်ဘိုင်းမြို့၏အနီးမှဖြတ်ကျော်ကာ ကုန်းတွင်းသို့ ဝင်ရောက်မည်ဟု ခန့်မှန်းထားကြောင်း၊ ယင်းအပြင် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၏ လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်ဖြစ်ပေါ်နေပြီး တဖြည်းဖြည်း ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်တစ်ခု ဖြစ်လာနိုင်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က သုံးသပ်ထားသည်။

ဒီဇင်ဘာလ ၅ ရက်၊ မွန်းလွဲ ၂ နာရီ၌ တိုင်းထွာချက်အရ ညအပူချိန်များသည် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး မန္တလေးတိုင်း၊ မကွေးတိုင်း၊ ကချင်ပြည်နယ် နှင့်ရခိုင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ပျမ်းမျှအပူချိန်အောက် ၂ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

ဒီဇင်ဘာလ ၆ ရက် ခန့်မှန်းချက်အရ တနင်္သာရီတိုင်းတွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရွာနှုန်း ၈၀ ဖြစ်ကြောင်း၊ နောက် နှစ်ရက်အတွက် ခန့်မှန်းချက်အရ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီနှင့်ရခိုင်ပြည်နယ်တို့တွင် မိုး အနည်းငယ်ရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

လက်ရှိဆိုက်ကလုံးမုန်တိုင်း OCHKI သည် အာရေဗျပင်လယ်တွင် နိုဝင်ဘာလကုန်ကတည်းက တိုက်ခတ်နေခြင်းဖြစ်သည်။

■ J-06






# ကျိုက်ထိုဟိုတယ်ကို စသုံးလုံးအဖွဲ့ ဝင်စစ်

ရန်ကုန်၊ ဒီဇင်ဘာ ၅

ပြည်နယ်ဝန်ကြီးချုပ်၏ညွှန်ကြားချက်ကြောင့် ကျိုက်ထီးရိုးတောင်ပေါ်ရှိ ကျိုက်ထိုဟိုတယ်ကို လိုင်စင် စည်းကမ်းနှင့် ညီညွတ်မှု ရှိ၊ မရှိ သိရှိရန် နိုဝင်ဘာလနောက်ဆုံးပတ်တွင် စသုံးလုံးအဖွဲ့က ဝင်ရောက်စစ်ဆေးခဲ့ကြောင်း အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပြောရေးဆိုခွင့်ရှိသူ ညွှန်ကြားရေးမှူး ဦးအောင်မျိုးက ပြောကြားသည်။

စစ်ဆေးမှုကို ပြည်နယ်အဆင့် စသုံးလုံးညွှန်ကြားရေးမှူးက ဦးဆောင်ခဲ့ခြင်းဖြစ်ပြီး ကျိုက်ထီးရိုးတောင်ပေါ်တွင် စီးပွားရေးဆိုင်ရာဟိုတယ်လုပ်ငန်းများ၏ လိုင်စင်စည်းကမ်းအပါအဝင် သတ်မှတ်ထားသော အခန်းအရေအတွက်ထက် ပိုမိုတည်ဆောက်မှု ရှိ၊ မရှိကို အဓိကစစ်ဆေး၍ မှတ်တမ်းရယူခဲ့ခြင်းဖြစ်ကြောင်း ဦးအောင်မျိုးက ဆိုသည်။

"အမှုအခင်းဆိုင်ရာနဲ့ လုံးဝ မပတ်သက်ပါဘူး။ ပြည်နယ်ဝန်ကြီးချုပ်က ညွှန်ကြားလို့ သက်ဆိုင်ရာ စသုံးလုံးအဖွဲ့က လိုင်စင်စည်းကမ်းနဲ့ ညီရဲ့လား၊ မြေချဲ့ထွင်ပြီးတော့ အဆောက်အအုံတွေ ပိုဆောက်ထားတာရှိလား။ ဒါတွေကို စစ်ခဲ့တာပါ" ဟု ၎င်းက ဆိုသည်။

ကျိုက်ထီးရိုးတောင်ပေါ်တွင် စီးပွားရေးနှင့် တိုက်ရိုက်ဆက်နွှယ်သော ဟိုတယ်လုပ်ငန်းများအနေဖြင့် အဆောက်အအုံတည်ဆောက်ခြင်း၊ ဟိုတယ်လိုင်စင် ပြုလုပ်ခြင်း၊ လိုင်စင်သက်တမ်း စသော ဥပဒေဆိုင်ရာလုပ်ထုံး လုပ်နည်းများကို ညီညွတ်မှုရှိရန် စဉ်ဆက်မပြတ်ကြီးကြပ်စစ်ဆေးနေရခြင်းဖြစ်ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ ထံမှ သိရသည်။

"အမြဲစစ်ဆေးပေးနိုင်မှ တန်ကာကျလိမ့်မယ်။ အခုဆို ဟိုတယ်တွေကြောင့် မြေသားခိုင်မာမှုတွေ ပျက်စီးနေပြီ။ ကြာလာရင် မြေသားပြတ်ရွေ့မှုတွေလည်း ဆင့်ကဲဖြစ်လာနိုင်တယ်။ ဟိုတယ်တွေက ဝန်ဆောင်မှုနဲ့ ဈေးနှုန်းလည်း ဘယ်လိုမှ မကိုက်ညီတော့ဘူး" ဟု ဘူမိဗေဒပညာရှင်တစ်ဦးက သုံးသပ်ပြောဆိုသည်။

၂၀၁၆ ခုနှစ်က ကျိုက်ထီးရိုးတောင်ပေါ်ရှိ ရိုးရိုးလေးဟိုတယ်သည် ဟိုတယ်လိုင်စင်ပါအခန်းအရေအတွက်ထက် ကျော်လွန် တည်ဆောက်ခဲ့သည့်ဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည်။

ထို့ကြောင့် အလားတူကိစ္စများ ထပ်မံမဖြစ်ပေါ်စေရန် ပြည်နယ်ဝန်ကြီးချုပ်က စသုံးလုံးအဖွဲ့ကို စစ်ဆေးပေးရန် ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ကျိုက်ထီးရိုးဘုရားသို့ နှစ်စဉ်ပြည်တွင်း၊ ပြည်ပ ခရီးသွား ၂ သန်းကျော် ဝင်ရောက်လေ့ရှိကြောင်း ကျိုက်ထီးရိုး ဂေါပကအဖွဲ့ထံမှ သိရသည်။

■ J-17

## မျက်နှာဖုံး - ရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်များသည် မှ အဆက်

(၂) နေရာ၌ ဝင်ရောက်ယှဉ်ပြိုင်ရာ၌ မူလအနိုင်ရရှိခဲ့သော USDP ပါတီကိုယ်စားလှယ် ဦးရှာမွေလရှိန် အပေါ် NLD ပါတီကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးက ရွေးကောက်ပွဲ ကန့်ကွက်လွှာကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံ တင်သွင်းခဲ့သည်။

ယင်းကဲ့သို့ NLD ကိုယ်စားလှယ်မှ တင်သွင်းချက်ကို ကြားနာစစ်ဆေးဆုံးဖြတ်ရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က USDP ကိုယ်စားလှယ် ဦးရှာမွေလရှိန်ကိုပင် အနိုင်ပေးခဲ့သည်။

ထိုကဲ့သို့ အနိုင်ပေးလိုက်ခြင်း အပေါ် NLD ကိုယ်စားလှယ်လောင်းမှ နောက်ဆုံးအဆင့်အဖြစ် ထပ်မံပြီး ရွေးကောက်ပွဲ ကန့်ကွက်လွှာကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံ တင်သွင်းခဲ့သည်။ ယင်းတင်သွင်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်စစ်ပြီး နိုဝင်ဘာ ၂၂ ရက်နေ့၌ အမိန့်ချမှတ်ရာတွင် NLD ကိုယ်စားလှယ်ကို အနိုင်ပေးခဲ့ခြင်းဖြစ် သည်။

ယင်းကဲ့သို့ အနိုင်ပေးလိုက်ခြင်းကို USDP ပါတီ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာနန္ဒာလှမြင့်မှ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ဘက်လိုက်မှုရှိကြောင်း ပြောဆိုခဲ့သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(USDP) ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာနန္ဒာလှမြင့်၏ ပြောဆိုမှုကို ပြန်လည် ဖြေရှင်းရန် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ယခုကဲ့သို့ဆင့်ခေါ်ခြင်းဖြစ်သည်။

"ကျွန်တော်တို့ဘက်ကတော့ ကိုယ့်ဘက်က မှန်ကန်ကြောင်း မဲဆန္ဒရှင်တွေရဲ့ ဆန္ဒအရကော ဥပဒေအရကော အနိုင်ပေးပြီးသားကို ပြန်အရှုံးပေးတာ တရားမျှတမှုမရှိကြောင်း ပြန်လည်ဖြေရှင်းမှာ ဖြစ်တယ်"ဟု USDP ပါတီ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာနန္ဒာလှမြင့်က The Voice သတင်းစာသို့ ပြောသည်။

ယင်းကဲ့သို့ နှစ်ဖက်တွေ့ဆုံမှုကို ဒီဇင်ဘာလ ၈ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

■ J-07

# ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာဖန်တီးမှုများပြသ

ရန်ကုန်၊ ဒီဇင်ဘာ ၅



ဓာတ်ပုံ - မြဖာခြည်သင်း

အထက (၁) ဒဂုံ အလယ်တန်းနှင့် အထက်တန်းကျောင်းသားများ ပြုလုပ်ထားသော အခြေခံပညာအဆင့် သိပ္ပံ၊ ဝိဇ္ဇာဘာသာရပ်ဆိုင်ရာခေါင်းစဉ် ၆၅မျိုးနှင့်ပတ်သက်သည့်ပစ္စည်းများကို နှစ်ရက်ကြာ ပြသနေကြောင်း အဆိုပါကျောင်းတာဝန်ရှိသူများထံမှ သိရှိရသည်။

သိပ္ပံ၊ ပထဝီဝင်၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒနှင့် သင်္ချာဘာသာရပ်ဆိုင်ရာ ခေါင်းစဉ် ၆၅ မျိုးနှင့် ပတ်သက်သည့်ပစ္စည်းများကို သတ္တမတန်း၊ အဋ္ဌမတန်းနှင့် နဝမတန်းကျောင်းသားများက ဖန်တီးခြင်းဖြစ်သည်။ ဒီဇင်ဘာ ၅ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ဒဂုံအထက (၁) တွင် ပြသနေခြင်းဖြစ်သည်။

ဘာသာရပ်ဆိုင်ရာများကို ကျောင်းသားများကိုယ်တိုင် လူမှုပတ်ဝန်းကျင်တွင် လက်တွေ့အသုံးချနိုင်ရန်၊ ကျောင်းသားများ၏ တီထွင်ဖန်တီးမှု တိုးတက်လာစေရန်၊ အနာဂတ်တွင် သိပ္ပံပညာရှင်များ ပေါ်ထွန်းလာစေရန် ပြပွဲပြုလုပ်ခြင်းဖြစ်ကြောင်း အဆိုပါကျောင်းထံမှ သိရှိရသည်။

ရေအားလျှပ်စစ်ထုတ်လုပ်ခြင်း၊ တီကောင်ဖြင့် သစ်ရွက်ဆွေးမြေဩဇာထုတ်လုပ်ခြင်း၊ ညစ်ညမ်းရေကို စစ်ထုတ်ခြင်း၊ ရေသန့်စင်စစ်ဆေးခြင်း အခန်းကဏ္ဍ၊ သစ်ပင်များဖြင့်မြေကြီးကို သန့်စင်အောင်ပြုလုပ်ခြင်း၊ ရေဒီယိုစနစ်ဖြင့် လေယာဉ်ပျံ တည်ဆောက်ခြင်းနှင့် ဟစ်စတိုဂရမ်နှင့် ထပ်ကြိမ်ဇယားလုပ်ခြင်း ဇဟုဂံ ရေးဆွဲခြင်း စသည့် ပစ္စည်းများပြသနေခြင်းဖြစ်သည်။

ဆရာ၊ ဆရာမများအနေနှင့် ပြပွဲကျင်းပရန် နိုဝင်ဘာလမှစတင်၍ သီတင်းသုံးပတ်ခန့် ပြင်ဆင်ခဲ့ရပြီး ကျောင်းသားများအနေနှင့် ဖန်တီးမှုကို သီတင်း ၂ ပတ်ခန့်ကြာ ပြုလုပ်ခဲ့ရကြောင်း အဆိုပါကျောင်းဆရာ၊ ဆရာမများထံမှ သိရှိရသည်။

ရေဒီယိုစနစ်ဖြင့် လေယာဉ်ပျံ တည်ဆောက်ပုံအကြောင်း လက်တွေ့ပြသခဲ့သဖြင့် ကျောင်းသားများ ဗဟုသုတရရှိ စေမည်ဖြစ်ကြောင်း ယင်းပစ္စည်းဖန်တီးရာတွင်ပါဝင်သည့် နဝမတန်းကျောင်းသား မောင်ဟိန်းထက်အောင်နိုင်က ပြောဆိုသည်။

"သားကတော့ ကိုယ်တိုင်လည်း လေယာဉ်ကို ဝါသနာပါတယ်။ ကိုယ်တိုင်လည်း တီထွင်ချင်လို့ ဒီခေါင်းစဉ်ကို ရွေးတာပါ" ဟု မောင်ဟိန်းထက်အောင်နိုင်က ပြောကြားသည်။

ကျောင်းသားများအနေနှင့် ဖန်တီးလိုသည့် ခေါင်းစဉ်၊အကြောင်းအရာများကို ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများ ထံတင်ပြပြီး ဆရာများ၏ လမ်းညွှန်မှုဖြင့် ဖန်တီးခြင်းဖြစ်ကြောင်း ဇီဝဗေဒဘာသာရပ်သင် အထက်တန်းပြဆရာမ ဒေါ်တင်တင်အောင်က ပြောကြားသည်။

ပြပွဲ ကျင်းပခြင်းအစီအစဉ်ကို ကျောင်းအုပ်ဆရာကြီး၏ ဦးဆောင်မှုဖြင့် ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက လိုက်ပါဆောင်ရွက်ခြင်းဖြစ်ပြီး ခေါင်းစဉ်တစ်ခု၊ ပစ္စည်းတစ်ခုဖန်တီးမှုတွင် ကျောင်းသား ၅ ဦးမှ ၈ ဦးအထိ ပါဝင်ကြောင်း ၎င်းက ရှင်းပြသည်။

တီကောင်ဖြင့် သစ်ရွက်ဆွေးမှ မြေဩဇာ ထုတ်လုပ်ခြင်းတွင် ပါဝင်သည့် နဝမတန်းကျောင်းသူ မခင်ရည်မွန်သန့်က "ပတ်ဝန်းကျင်မှာဆိုရင် သစ်ရွက်ဆွေး၊ အမှိုက်ဆွေးတွေကြောင့် လူတွေရဲ့ကျန်းမာရေးကို ထိခိုက်စေတယ်။ ဒီသစ်ရွက်ဆွေးတွေကို မီးရှို့လိုက်တဲ့အခါကျရင် ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ထွက်တယ်။ ဒီဓာတ်ငွေ့က လူတွေရဲ့ကျန်းမာရေးကို ထိခိုက်စေတယ်။ ကမ္ဘာကြီးကိုလည်း ပူနွေးစေတဲ့အတွက်ကြောင့် ဒီအရွက်ဆွေးတွေကို တီကောင်ကို ကျွေးလိုက်ခြင်းအားဖြင့် မြေဩဇာထွက်ပါတယ်" ဟု ရှင်းပြသည်။

ယခုကဲ့သို့ အခြေခံပညာကျောင်းများတွင် ဘာသာရပ်ဆိုင်ရာဖန်တီးမှု ပြပွဲများကျင်းပခြင်းကို ဒဂုံအထက်တန်းကျောင်းတွင် ပထမဆုံးအကြိမ်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ အခြားကျောင်းများတွင် ပြုလုပ်ခြင်းမရှိသေးကြောင်း ဆရာမ ဒေါ်တင်တင်အောင်က ပြောကြားသည်။

"တီချယ်သိသလောက် ကိုယ့်ကျောင်းတွင်းမှာရှိတဲ့ ဒဂုံ (၁) ဘက်စုံလူငယ်ဖွံ့ဖြိုးရေးပြပွဲနဲ့ ပတ်သက်ပြီး ဒီလိုမျိုးသိပ္ပံဘာသာရပ်တွေကို ပြသတဲ့ပွဲက တခြားကျောင်းတွေမှာ လုပ်တယ်လို့ မကြားမိသေးဘူး။ တီချယ်တို့ ကျောင်းအတွက်ပထမဆုံးအကြိမ်ဖြစ်သလိုရန်ကုန်တိုင်းမှာလည်း တီချယ်တို့ကျောင်းမှာပဲ လုပ်တယ်လို့ထင်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

ယခုပြပွဲသည် ပထမဆုံးအကြိမ်ဖြစ်သည့်အတွက် အတန်းကြီးသည့် ကျောင်းသား၊ ကျောင်းသူများ၏ ဖန်တီးမှုကိုသာ ပြသနိုင်သေးသော်လည်း ပြပွဲများကို နှစ်စဉ်ကျင်းပနိုင်ရန်နှင့် လာမည့်နှစ်များတွင် အငယ်တန်းကျောင်းသားများ၏ ဖန်တီးမှုများကိုပါ ပြသနိုင်ရန် အထက (၁) ဒဂုံက ပြင်ဆင်နေသည်။

ပြပွဲပထမနေ့တွင် ကျောင်းသား၊ ကျောင်းသူအချင်းချင်းကိုသာ ပြသခြင်းဖြစ်သော်လည်း ပြပွဲဒုတိယနေ့တွင် မြို့နယ်ပညာရေးမှူးများ၊ ခရိုင်ပညာရေးမှူးများနှင့် ကျောင်းသားမိဘများကို ဖိတ်ကြားပြသမည်ဖြစ်သည်။

သိပ္ပံဘာသာရပ်ဆိုင်ရာ ပစ္စည်းများကို ဒီဇင်ဘာ၁ရက်မှ ၃ ရက်အထိ ရန်ကုန်တက္ကသိုလ်တွင် ပထမဆုံးအကြိမ်ကျင်းပခဲ့သည့် ဘက်စုံလူငယ်ဖွံ့ဖြိုးရေးပွဲတော်တွင်လည်း ပြသခဲ့သေးကြောင်း အဆိုပါကျောင်းသား၊ ကျောင်းသူများထံမှ သိရှိရသည်။

■မြဖာခြည်သင်း

## NEWS PHOTO



ဓာတ်ပုံ-ရဲပြည့်ဇာနည်

ဒီဇင်ဘာလ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သော ၁၇ နှစ်ကြာ ပိတ်ထားခဲ့သည့် အစိုးရစက်မှုလက်မှု သိပ္ပံ (အင်းစိန်) ကျောင်းရှိ စာသင်ခန်းများတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသူကျောင်းသားများကို တွေ့ရစဉ်





# E D I T O R I A L

# ဂုဏ်သိက္ခာရှိသည့် နိုင်ငံရေးပြိုင်ဘက်

ယခင် အမျိုး၊ ဘာသာ၊ သာသနာစောင့်ရှောက်ရေးအဖွဲ့(မ.ဘ.သ) ၏ ခေါင်းဆောင်ပိုင်း လူပုဂ္ဂိုလ်များဦးဆောင်ဖွဲ့စည်းထားသည့် နိုင်ငံရေးပါတီတစ်ခု ပါတီထူထောင်ခွင့်လျှောက်ထားရာ၌ ပယ်ချခံရမှုအပေါ် အဆိုပါပုဂ္ဂိုလ်များမကျေမနပ်ဖြစ်လျက်ရှိပြီး ရွေးကောက်ပွဲကော်မရှင်ထံသို့ ယင်းသို့ငြင်းပယ်ရသည့် အကြောင်းအရင်းကိုတောင်းခံရန် စီစဉ်နေသည်ဟု သိရပါသည်။ NLD ပါတီဦးဆောင်သော ဒီမိုကရေစီအစိုးရ မပေါ်ပေါက်မီကာလကတည်းက မြန်မာ့နိုင်ငံရေး အင်အားစုများအကြား၊ အထူးသဖြင့် မြန်မာပြည်သူအများစု ထောက်ခံကြသည့် NLD ပါတီကို အမျိုးသားရေးရှုထောင့်၊ ဘာသာသာသနာကာကွယ်ရေးရှုထောင့်မှ ရပ်ကာ ထိုးနှက်မှုများပြုလုပ်သည်ဟု ပုံဖော်ခံခဲ့ရပြီး နိုင်ငံရေးအရ အငြင်းပွားစရာများကို ဖြစ်ပေါ်စေခဲ့သည့် မ.ဘ.သ အဖွဲ့နှင့် ပတ်သက်၍ The Voice Daily တွင် ‘ဗုဒ္ဓဘာသာနှင့် နိုင်ငံတော်အာဏာ’ ဟူသော သုတေသနအစီရင်ခံစာတစ်ရပ်ကို အခန်းဆက်ဘာသာပြန်ဖော်ပြခဲ့ပြီးဖြစ်ရာ ယင်းအဖွဲ့အကြောင်း ထွေထွေထူးထူးရှင်းပြရန်လိုမည်မဟုတ်ပေ။

သို့သော် သေချာသည့်အချက်တစ်ခုကို ပြောပါဟုဆိုလျှင် မ.ဘ.သ ဆိုသည်နှင့် မြန်မာတို့၏ စိတ်ထဲတွင် လူမျိုးခြားအကျိုးစီးပွားကို မလိုလားသည့် အဖွဲ့အစည်းအဖြစ်သော်လည်းကောင်း၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်သော အစိုးရကို တစ်မျိုးတစ်ဖုံဆန့်ကျင်နေသည့် အဖွဲ့အဖြစ်လည်းကောင်း ယေဘုယျရှုမြင်လေ့ရှိသည်ဟု ယူဆမိပါသည်။ ပို၍ပွင့်ပွင့်လင်းလင်းပြောရလျှင် နှစ်များစွာနိုင်ငံရေး ခရီးကြမ်းကြီးကို ခဲရာခဲဆစ်လျှောက်လှမ်းခဲ့သည့် ဒီမိုကရေစီအင်အားစုများအား အမျိုးသားရေးလက်နက်ဖြင့် ထိုးနှက်မည့် မျိုးချစ်အင်အားစုအဖြစ် ပုံဖော်ခံထားရသောအဖွဲ့ဟု ဆိုလျှင်မှားမည်မဟုတ်ပေ။

အဆိုပါ မ.ဘ.သ အဖွဲ့ ပါတီထောင်ခွင့်ရရေး၊ မရရေးမှာ နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်းကို လက်ခံဆောင်ရွက်သည့် ကော်မရှင်မှ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် မ.ဘ.သ အဖွဲ့မှ လူပုဂ္ဂိုလ်များဆက်လက် ညှိနှိုင်းရမည့်ကိစ္စဖြစ်သောကြောင့် မည်သူမှားသည်၊ မည်သူမှန်သည်ကို အကျယ်တဝင့်မပြောလိုပေ။ ဂျာမန်ပြည်သူအများစုသာမက တစ်ကမ္ဘာလုံးက မုန်းတီးသည့် နာဇီပါတီသည်ပင် ယနေ့အချိန်တွင် ဂျာမန်အမျိုးသားဒီမိုကရက်တစ်ပါတီဟူသော အမည်ဖြင့် ပါတီတစ်ခုအဖြစ် ဂျာမနီတွင်ရှိနေသေးသည်မှာ ကွဲပြားခြားနားမှုကို အလေးပေးသည့် ဒီမိုကရေစီစနစ်၏ အမြင့်ဆုံးစံနှုန်းတစ်ရပ်ဖြစ်ရာ မ.ဘ.သ လို အဖွဲ့မျိုးမှ လူပုဂ္ဂိုလ်တို့အနေနှင့် ပါတီထူထောင်ခွင့်မရနိုင်စရာ အကြောင်းမရှိပေ။ သို့သော် ဒီမိုကရေစီစနစ်အောက်မှ နိုင်ငံရေးဟူသည် နောက်လိုက်မည်မျှရှိ၊ မရှိဟူသောကိစ္စက အဓိကအခရာကျနေပေရာ တစ်ချိန်တစ်ခါက ဟုန်းဟုန်းတောက်ခဲ့သော နာဇီပါတီမှာ ပါတီရုံးခန်းနှင့် လက်ယာစွန်းမျိုးချစ်အနည်းငယ်တို့၏ နိုင်ငံရေးအဖွဲ့အစည်းမျှသာဖြစ်နေပေသည်။

မည်သည့်နိုင်ငံ၊ မည်သည့်လူ့အဖွဲ့အစည်းတွင်မဆို နိုင်ငံနှင့် လူမျိုးတို့ ကောင်းစားရေး၊ နိုင်ငံနှင့် လူမျိုးတို့ အလေးပေး တန်ဖိုးထားသော အရာများ မပျောက်ပျက်ရေးကို လိုလားကြသည့် နိုင်ငံရေးခေါင်းဆောင်များနှင့် ပါတီအဖွဲ့အစည်းများရှိကြစမြဲဖြစ်ပါသည်။ နိုင်ငံနှင့် လူမျိုး(နိုင်ငံသားများ)အပေါ် ချစ်ကြသည့် စိတ်တူညီသော်လည်း လုပ်နည်းလုပ်ဟန်နှင့် လက်ကိုင်ကျင့်သုံးသည့် မူဝါဒများအပေါ်မူတည်ပြီး နောက်လိုက်အနည်းအများကွာခြားနေခြင်းဖြစ်ပါသည်။ တစ်မျိုးထပ်ပြောရလျှင် ပြည်သူအများစု၏ အသည်းနှလုံးထဲက ယုံကြည်မှုကို ရသူတို့သာ လုပ်ပိုင်ခွင့်အာဏာရရှိကြခြင်းဖြစ်ပေသည်။ သို့အတွက်ကြောင့် အစွန်းရောက်မှု၏ ခြိမ်းခြောက်မှုခံနေရပြီး အစွန်းရောက်ဝါဒီတို့လွှမ်းမိုးလာမည်ကို အထူးစိုးရိမ်နေရသော ယနေ့ကမ္ဘာကြီးတွင် အစွန်းရောက်သည့် မူဝါဒများကို ရှောင်ရှားပြီး နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးအတွက် နည်းမှန်လမ်းမှန်ဖြင့် ရိုးသားစွာလုပ်ဆောင်ပေးနိုင်သည်ဆိုပါက မည်သည့်နိုင်ငံရေးပါတီမဆို ထောက်ခံမှုများ မလွဲမသွေရရှိမည်သာဖြစ် ကြောင်း ဖော်ပြလိုရင်းဖြစ်ပေသည်။

**အယ်ဒီတာ ( ၅ - ၁၂ - ၂၀၁၇ )**

# လီဆူစာပေ နှစ် ၁၀၀ ပြည့်ပွဲ မြစ်ကြီးနား၌ ကျင်းပမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

လီဆူစာပေနှစ် ၁၀၀ ပြည့် ဂျူဗလီပွဲတော်ကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ လီဆူစာပေနှင့်ယဉ်ကျေးမှု ဗဟိုနာယက ဒေါ်ခေါ်မာဝူ ကပြောကြားသည်။

ယင်းပွဲတော်သို့ နိုင်ငံတော်သမ္မတ၊ အတိုင်ပင်ခံ ပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အပါအဝင် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များကို ဖိတ်ကြားထားသည့်အပြင် နိုင်ငံအသီးသီး၌ ရောက်ရှိနေသော လီဆူတိုင်းရင်းသားများကို ယင်းပွဲသို့ တက်ရောက်ရန် စီစဉ်ထားကြောင်း ပွဲတော်ကျင်းပရေး ကော်မတီထံမှ သိရသည်။

“လီဆူစာပေ နှစ် ၁၀၀ ပြည့် ပွဲတော်ဖြစ်တယ်။ဒီပွဲတော်က နိုင်ငံအသီးသီးမှာ ရောက်ရှိနေတဲ့ လီဆူတိုင်းရင်းသားတွေ အားလုံးနဲ့ သက်ဆိုင်တဲ့ ပွဲတော်လည်းဖြစ်တယ်” ဟု ဆော့လော်ပြည်နယ် အမှတ် (၂) ကိုယ်စားလှယ်ဖြစ်သူ ဒေါ်ခေါ်မာဝူက ဆိုသည်။

လီဆူတိုင်းရင်းသားများသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်၊ ပူတာအို၊ ခေါင်လံဖူး၊ ဆော့လော်၊ ချီဖွေ၊ မချမ်းဘောနှင့် ဗန်မော်ခရိုင်တို့၌ အခြေချနေထိုင်လျက်ရှိကြောင်း ယင်းက ဆက်လက်ပြောဆိုသည်။

ယင်းပွဲတော်ကို ၂၀၁၇ခုနှစ် ဒီဇင်ဘာ (၁၅ရက်မှ ၁၇ရက်)အထိ မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက် လီဆူစာပေနှင့်ယဉ်ကျေးမှုကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း ယင်းပွဲတော် စီစဉ်သူများထံမှ သိရသည်။

■ **J-07**

The VOICE Daily CARTOON



The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editorial Consultant**- Kyaw Min Swe.
**Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo, Khin Myat Myat Wai.
**Part-time Editors**- Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Paw Oo, Khin May San, Tin Zaw Oo.
**Photographer** - Ye Pyae Zar Ni, Aung Naing,
**Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom),** 09 785555772**(Advertising),** 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# အကောင်းဆုံးအလုပ်ရှင်ဆု ၄၄ ဆု ချီးမြှင့်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

မြန်မာ့အကောင်းဆုံးအလုပ်ရှင်ဆု Myanmar Employer Awards 44 ဆု ချီးမြှင့်ပွဲကို ဒီဇင်ဘာလ ၉ ရက်တွင် ရန်ကုန်ဆူးလေရှန်ဂရီလာဟိုတယ်တွင် ကျင်းပမည်ဖြစ်ကြောင်း Jobnet.com.mm ၏ မန်နေဂျင်းဒါရိုက်တာ Matt De Luca က ပြောကြားသည်။

"ခုလို ဆုတွေကိုရရှိတော့မယ့် ကုမ္ပဏီတွေအတွက် ဂုဏ်ယူမိပါတယ်။ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ကုမ္ပဏီတွေ အားလုံးကိုလည်း ကျေးဇူးတင်ပါ။ Myanmar Employer Awards ပွဲက နိုင်ငံအတွင်းရှိ ပြည်တွင်းပြည်ပမှလုပ်ငန်းရှင်တွေ၊ နိုင်ငံတော်အစိုးရနဲ့ Community တစ်ခုလုံးကြားမှာ မြန်မာနိုင်ငံတိုးတက်မှုအရှိန်အဟုန်နှင့် စီးပွားရေးအကျိုးအမြတ်ရရှိ နိုင်မှုများပိုမိုကောင်းမွန်အောင် မောင်းနှင်နိုင်ရန်အတွက် Talent Management ရဲ့အရေးပါမှုကို သိရှိလာစေမှာဖြစ်ပါတယ်" ဟု ၎င်းကဆိုသည်။

အဆိုပါဆုများကို ပြည်တွင်းကုမ္ပဏီများအပြင် မြန်မာနိုင်ငံအတွင်း ဝင်ရောက်လုပ်ကိုင်နေသော ပြည်ပကုမ္ပဏီများကိုပါ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပြီး ဆုအမျိုးအစားများမှာ Overall Best of the Best၊ People's Choice Award၊ Best Learning & Development ၊ Excellence in Workplace Environment ၊ Best Use of Internal Marketing for Company Pride ၊ Best Career Advancement Program နှင့် Best Use of Rewards & Recognition ဆုများအပါအဝင် ၄၄ ဆု ချီးမြှင့်မည်ဖြစ်သည်။

ဆုရွေးချယ်ရေးအစီအစဉ်တွင် ပါဝင်ယှဉ်ပြိုင်ကြသော ကုမ္ပဏီများကို ပါမောက္ခဒေါက်တာအောင်ထွန်းသက်က ဒိုင်ချုပ်အဖြစ်ဆောင်ရွက်ကာ ပြည်တွင်း၊ ပြည်ပ သက်ဆိုင်ရာကျွမ်းကျင်သူများက ငါးလကြာ စိစစ်အကဲဖြတ်ခဲ့သည်။

ပထမအကြိမ် မြန်မာနိုင်ငံ၏ အကောင်းဆုံး အလုပ်ရှင်ပြိုင်ပွဲသို့ ပြည်တွင်း၊ ပြည်ပကုမ္ပဏီ ၅၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကုမ္ပဏီများဘက်က အလုပ်သမားများအပေါ် အကောင်းဆုံး စောင့်ရှောက်နိုင်မှု၊ အလုပ်အကိုင်ပေးနိုင်မှု၊ ဆွဲဆောင်နိုင်မှု စသည့်အချက်များကို ငါးလတာ စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိ မြန်မာနိုင်ငံ၏ လုပ်ငန်းရှင်များအနေနှင့် ပြီးပြည့်စုံသည့်အခြေအနေ မရောက်ရှိသေးကြောင်း ပါမောက္ခဒေါက်တာအောင်ထွန်းသက်က ပြောကြားခဲ့သည်။

Myanmar Employer Awards 2017 ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်လိုသော ကုမ္ပဏီများသည် လျှောက်လွှာများကို ဇွန်လက နောက်ဆုံးတင်သွင်းခဲ့ပြီဖြစ်ကြောင်း JobNet.com.mm က ကြေညာခဲ့သည်။

Myanmar Employer Awards အတွက် အစားအသောက်နှင့် အဖျော်ယမကာလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ ကုန်ပစ္စည်းဖြန့်ချိရေးလုပ်ငန်း FMCG၊ ဖြန့်ချိရေးလုပ်ငန်း၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်း၊ ဘဏ်၊ ဥပဒေအကျိုးဆောင်လုပ်ငန်း၊ ဆေးဝါးလုပ်ငန်းများ၊ ပညာရေးနှင့် သင်တန်းကျောင်း၊ လျှပ်စစ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဆေးကုသမှု ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်နေသည့်ကုမ္ပဏီများနှင့် နိုင်ငံအသီးသီးမှ ကုန်သည်အသင်းများ၊ လျှောက်လွှာများ တင်ခဲ့ကြသည်။

■ J-18

# မူဆယ်ကားဝင်ကြေး ယခင်ကြေးပြန်သတ်မှတ်

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးစခန်းရှိ သစ်ကုန်စည်ဝင်းအတွင်းသို့ ဝင်ရောက်သည့် သစ်သီးကားများကို ကောက်ခံသည့် ကားဝင်ကြေး(ကွင်းကြေး)ကို ယခင်အတိုင်း ယွမ်တစ်ရာ (ကျပ်နှစ်သောင်းခန့်) ကောက်ခံရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြန်လည်သတ်မှတ်လိုက်သည်။

ကွင်းကြေးကို ယွမ် ၃၀၀ (ကျပ်ခြောက်သောင်း)ထိ မြှင့်တင်ကောက်ခံခဲ့သော်လည်း ထိုကားဝင်ကြေးကို သစ်သီးပွဲရုံများက ပေးဆောင်ခြင်းမရှိဘဲ တောင်သူများထံမှ ၎င်းတို့က တစ်ဆင့်ပြန်လည်ကောက်ခံနေသည့်အတွက် ပြန်လည်လျှော့ချပေးလိုက်ခြင်းဖြစ်ကြောင်း မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်ထံမှ သိရသည်။

"အစိုးရကတော့ ဒီအတိုင်းသတ်မှတ်လိုက်တာပဲ။ ကုမ္ပဏီတွေဘက်ကတော့ အကြောင်းမပြန်သေးဘူး။ ဒီနှုန်းထားလုပ်မှ ကုန်သည်ရော တောင်သူရော အဆင်ပြေမယ်" ဟု မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်ဉက္ကဋ္ဌ ဦးလှမောင်က ပြောဆိုသည်။

ကွင်းကြေးကို ပွဲရုံများက တောင်သူများထံ ထပ်ဆင့်ကောက်ခံပါက ပို့ကုန်သွင်းကုန်ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက ပြောကြားသည်။

"ဒါက ကောက်ခွင့်မရှိဘူး။ ဒီလိုတရားမဝင်ကောက်ခံနေတာတွေကို ရပ်တန်းကမရပ်ဘူးဆိုရင် ဝန်ကြီးဌာနဘက်က တရားလိုလုပ်ပြီး တရားစွဲမှာပါ" ဟု ၎င်းက ပြောဆိုသည်။

ယင်းကုန်သွယ်ရေးဇုန်အတွင်းရှိ သစ်သီးပွဲရုံ ၇၀ နီးပါးက အဆိုပါကွင်းကြေးကောက်ခံနေသည့် အရှေ့မြောက်တံခါးကုမ္ပဏီကို ဖွဲ့စည်းထားခြင်းဖြစ်ပြီး ယင်းကုမ္ပဏီက တရုတ်နှင့် မြန်မာကုန်သည်များထံမှ ကွင်းကြေးကိုကောက်ခံသည်ဟုဆိုသော်လည်း မြန်မာဘက်က တောင်သူများထံမှ ကောက်ခံမည်စိုးသည့်အတွက် မည်သည့်အကြောင်းကြောင်းကြောင့်ဖြစ်စေ တောင်သူများထံမှ ငွေကောက်ခံခြင်းကို မပြုလုပ်ရန်တားမြစ်ထားကြောင်း ဦးရန်နိုင်ထွန်းက ရှင်းပြသည်။

အရှေ့မြောက်တံခါး အများပိုင်ကုမ္ပဏီက ဝန်ဆောင်မှုကောင်းကောင်းပေးထားသည့်အတွက် ပွဲရုံများထံမှ ကောက်ခံသည်ဆိုသော်လည်း ယခုဖြစ်စဉ်တွင် တစ်ဦးအပေါ်တစ်ဦးစွပ်စွဲပြောဆိုနေခြင်းများသာဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။

လတ်တလောမူဆယ်နယ်စပ်မှ ဖရဲသီးတင်ပို့မှု အများဆုံးဖြစ်ပြီး ဖရဲဈေးကျနေသည့်အတွက် တောင်သူများတွင် အခက်အခဲဖြစ်ရကြောင်း၊ ကားတစ်စီးလျှင် ကျပ် ၆ သောင်းနီးပါး(ယွမ် ၃၀၀)ကောက်ခံပါက တောင်သူများတွင် အမြတ်နည်းမည်ဖြစ်ကြောင်း ဖရဲ၊ သခွားစိုက်ပျိုးထုတ်လုပ်သူများအသင်းက ဆိုသည်။ ■J-13

The VOICE Daily CARTOON







ဓာတ်ပုံ - အောင်နိုင်

# အိမ်ဆောက်ပစ္စည်း ဈေးကျ

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

ကန်ထရိုက်တိုက်များနှင့်အဆောက်အအုံ တည်ဆောက်မှုများရှိသော်လည်း အဝယ်နည်းလာသောကြောင့် ယခုလမှ စတင်ကာ အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ ကျဆင်းလာကြောင်း ရန်ကုန်မြို့ရှိ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်များထံမှ စုံစမ်းသိရှိရသည်။

ဘိလပ်မြေဈေးနှုန်းများမှာ ယခင်လက ဆင်တံဆိပ်ဘိလပ်မြေတစ်အိတ်လျှင် ၆၀၀၀ ကျပ်ရှိရာမှ ယခုလမှ စတင်ကာ ကျပ် ၅၅၀၀ အထိ ကျဆင်းလာပြီး ကျောက်စရစ် တစ်ကျင်းလျှင် ယခင်က ကျပ် ခြောက်သောင်းနှစ်ထောင် ရှိရာမှ ယခုရက်ပိုင်းတွင် ကျပ် ငါးသောင်းအထိ ဈေးကျလာကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်များထံမှ သိရသည်။

"ကန်ထရိုက်တွေ၊ အိမ်တွေ ဆောက်တာတွေရှိနေတော့ အိမ်ဆောက်ပစ္စည်းအရောင်းအဝယ်ကတော့ မဆိုးပါဘူး။ အုတ်ကပဲ ပစ္စည်းပြတ်နေလို့ဈေးတစ်ဆယ်လောက်တက်တယ်။ ကျန်တဲ့ကျောက်စရစ်၊ ဘိလပ်မြေနဲ့ သဲကတော့ ဈေးကျလာတယ်" ဟု ဒေါ်ငွေဝင်းနှင့်သားများအုတ်သဲကျောက်ရောင်းဝယ်ရေးဆိုင်မှ ကိုသန်းအောင်က ဆိုသည်။

ယခုလကိုရှိကန်ထရိုက်တိုက်ဆောက်လုပ်သူ နည်းပါးလာပြီး လုပ်ငန်းရှင်များ အနေနှင့် ဆောက်လက်စတိုက်များကို ဆက်ဆောက်နေခြင်းနှင့် အသေးစားပြင်ဆင် ဆောက်လုပ်ခြင်းများသာရှိပြီး သဲ၊ ကျောက်စရစ်၊ ဘိလပ်မြေများမှာ ဆောက်လုပ်ရေးပစ္စည်း အရောင်းဆိုင်များတွင် ပစ္စည်းလက်ကျန်ရှိနေသောကြောင့် ဈေးနှုန်းကျဆင်းလာကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

သဲတစ်ကျင်းလျှင် ယခင်က ၁၀,၀၀၀ ကျပ်ရှိရာမှ ယခုရက်ပိုင်းတွင် ၈၀၀၀ ကျပ်ဖြင့်သာ ရောင်းချလျက်ရှိကြောင်းနှင့် အုတ်ဈေးနှုန်းများမှာ တစ်လုံးလျှင် ယခင်လက ၁၀၀ မှ ၁၀၅ ကျပ်ရှိရာမှ ယခုရက်ပိုင်းတွင် ၁၁၅ ကျပ်အထိ ဈေးနှုန်းအနည်းငယ်မြင့်တက်လာကြောင်း အုတ်သဲ ကျောက်ရောင်းဝယ်ရေးဆိုင်များထံမှ သိရသည်။

ပွင့်လင်းကာလသို့ ရောက်ရှိလာပြီဖြစ်၍ အဆောက်အအုံများ ပြန်လည်တည်ဆောက်မှု ရှိလာသော်လည်း ဘိလပ်မြေ၊ အုတ်၊ သဲနှင့် ကျောက် စရစ်ဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

■J-10

# ငါးလုပ်ငန်းဘာသာရပ်အတွက် ကျောင်းသား ၅၀ ဦး စလက်ခံမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

၂၀၁၈-၁၉ ပညာသင်နှစ်မှစ၍ တက္ကသိုလ်များ၌ ဘာသာရပ်သစ်တစ်ခု အဖြစ်သင်ကြားမည့် ငါးလုပ်ငန်းဘာသာရပ်အတွက် ကနဦး ကျောင်းသား/သူ ၅၀ ဦးလက်ခံသင်ကြားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနထံမှ သိရသည်။

အဆိုပါဘာသာရပ်ကို လေးနှစ် သင်ကြားပေးမည်ဖြစ်ပြီး ပထမ၊ ဒုတိယနှစ်နှင့် တတိယနှစ်တို့ကို စာတွေ့သင်ကြားပေးမည်ဖြစ်ပြီး နောက်ဆုံးနှစ်ကို လက်တွေ့သင်ကြားပေးမည်ဖြစ်ကြောင်း ယင်းဌာနထံမှ သိရသည်။

"၂၀၁၈ ခုနှစ်မှာ ကျောင်းသူ၊ ကျောင်းသား ၅၀ လောက်ခေါ်ဖို့ရှိပါတယ်။ အဲဒီထဲကမှ အရည်အချင်းပြည့်ပြီး ပြန်သင်ကြားနိုင်မယ့် အယောက် ၃၀ လောက်ကို Master တန်းထပ်တက်နိုင်အောင် စီစဉ်ထားပါတယ်။ ကျောင်းသားကနေ ဝန်ထမ်းဖြစ်ဖို့ဆိုတာ အချိန်ယူရတာတွေ ရှိပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးထွန်းဝင်းမြင့်က ပြောဆိုသည်။

အဆိုပါကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားပြီးနောက် လုပ်ငန်းခွင်အတွင်းသို့ ဝင်ရောက်နိုင်ရန်အတွက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က စီစဉ်ပေးမည်ဖြစ်ကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။

ထို့ပြင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့ပူးပေါင်းကာ လာမည့် ၂၀၁၈ ခုနှစ်တွင် ငါးလုပ်ငန်းတက္ကသိုလ်တည်ထောင်ရန်စီစဉ်နေပြီး အဆိုပါတက္ကသိုလ်တွင် ပြန်လည်သင်ကြားပေးရန်အတွက် ကျောင်းသူ/ကျောင်းသားအယောက် ၅၀ ကို စတင်သင်ကြားပေးခြင်းဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးထွန်းဝင်းမြင့်က ပြောကြားသည်။

လတ်တလောတက္ကသိုလ်များ၌ ပင်လယ်နှင့်သက်ဆိုင်သည့် ဇီဝဗေဒဘာသာရပ်(Marine Biology)ကို သင်ကြားပေးနေပြီး အဆိုပါဘာသာရပ်ကိုလည်း တိုးချဲ့သင်ကြားပေးနိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနနှင့်ဆွေးနွေးနေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနထံမှ သိရသည်။ ■J-11

# စည်တော်ကြီးလက်ဖက်စက်ရုံမှ အလုပ်သမား ၁၉ ဦး ခုံသမာဓိကောင်စီထံတိုင်ကြား

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

လှိုင်သာယာ စက်မှုဇုန် ၇ ရှိစည်တော်ကြီးလက်ဖက်စက်ရုံမှ အလုပ်ထုတ်ခံရသည့် အလုပ်သမား ၁၉ ဦး က အလုပ်ပြန်ခန့်အပ်ပေးရန် ခုံသမာဓိကောင်စီသို့ ဒီဇင်ဘာလ ၄ ရက်က တိုင်ကြားခဲ့ကြောင်း ယင်းစက်ရုံမှ ဆန္ဒပြတောင်းဆိုရာတွင် ဦးဆောင်သူ မအိအိဖြိုးက ပြောကြားသည်။

"ဒီနေ့ ခုံသမာဓိကောင်စီကို တိုင်ခဲ့တယ်။ ကျွန်မတို့ကတော့ အလုပ်ပြန်လိုချင်တယ်။ ကျွန်မဆို လုပ်သက် ၇ နှစ်ရှိနေပြီ၊ နေ့စား ၁၈၀၀ တည်းက လုပ်လာတာ လစာ ငါးသောင်းကျော်ကတည်းက ဒီမှာ လုပ်နေတာ။ အပြစ်မရှိ အလုပ်ထုတ်တယ်။ နေ့စားတွေ ခေါ်ခန့်တယ်။ ကျွန်မတို့က အလုပ်ပဲ ပြန်လိုချင်တယ်" ဟု ၎င်းက ဆိုသည်။

အဆိုပါလက်ဖက်စက်ရုံသည် နိုဝင်ဘာ ၁၇ ရက်က စားသောက်ကုန်ထုတ်ဌာနမှ အလုပ်သမား ၉၀ ကို အလုပ်က ထုတ်ပယ်ခဲ့ပြီး နစ်နာကြေးများကို နိုဝင်ဘာလ ၂၀ တွင် ထုတ်ပေးမည်ဟု အသိပေးကြေညာခဲ့ကြောင်း ၎င်းက ပြောကြားသည်။

လုပ်သား လျှော့ခံရသည့်အလုပ်သမား ၉၀ အနက် ၇၁ ဦးသည် နစ်နာကြေးကို ရယူ၍ အခြားအလုပ်ဌာနများသို့ ပြောင်းရွှေ့ခဲ့ပြီး ကျန် ၁၉ ဦးသည် အလုပ်ပြန်လည်ရရှိရန် ဆန္ဒပြတောင်းဆိုခဲ့ကြောင်း အလုပ်သမားများထံမှ သိရသည်။

ထိုသို့ အလုပ်ပြန်မခန့်သည့်အတွက် နိုဝင်ဘာ ၂၃ ရက်တွင် လှိုင်သာယာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးရုံးသို့ တိုင်ကြားခဲ့ရာတွင် နောက်ဆုံးအဆင့် ခုံသမာဓိကောင်စီသို့ ယနေ့တိုင်ကြားခဲ့ခြင်းဖြစ်သည်။

သို့သော် လုပ်ငန်းရှင်ဘက်က အလုပ်သမား ၉၀ ကိုအလုပ်ထုတ်ခဲ့ပြီး နေ့စားဝန်ထမ်းများကို ခေါ်ယူခဲ့ကြောင်း လှိုင်သာယာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးကိုယ်စားလှယ် မဝင်းသိင်္ဂီစိုးက ပြောကြားသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ စည်တော်ကြီးလက်ဖက်စက်ရုံပိုင်ရှင် ဒေါ်ဒိုးကို The Voice က တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းရာတွင် "ပိုင်ရှင်တစ်ယောက်အနေနဲ့ ခုပြောသလို အစိုးရ လုပ်ထုံးလုပ်နည်းအတိုင်း နစ်နာကြေးတွေ ပေးထားတယ်။ ပြောစရာတော့မရှိဘူး။ အလုပ်သမားဘက်က ခုံသမာဓိကို တက်ရင်လည်း သူတို့ဘက်သာ မေးလိုက်ပါ" ဟုဆိုသည်။

■ j-18

## NEWS IN BRIEF

# အသားတိုးကြက်မွေးမြူရေးဆိုင်ရာ သင်တန်းပေးမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

အသားတိုးကြက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသည့် မွေးမြူသူများအတွက် နယ်သာလန်အစိုးရက ဆောင်ရွက်လျက်ရှိသည့် SAPA (Sustainable and Affordable Poultry for All) စီမံကိန်းက ကြက် ကျန်းမာရေး၊ ကြက်ခြံအဆောက်အအုံနှင့် သုံးသပ်စစ်ဆေးမှုများ၊ အသားတိုးကြက်မွေးမြူထုတ်လုပ်ရေးဆိုင်ရာ စံချိန်စံညွှန်းများကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း SAPA စီမံကိန်းထံမှ သိရသည်။

အဆိုပါသင်တန်းကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် သင်ကြားပို့ချပေးမည်ဖြစ်ပြီး ရန်ကုန်တွင် ဒီဇင်ဘာလ ၁၃ ရက်နေ့မှ ၁၈ ရက်၊ နေပြည်တော်တွင် ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၄ ရက်၊ မန္တလေးတိုင်းတွင် ဒီဇင်ဘာလ ၅ ရက်နေ့မှ ၁၂ ရက်နေ့အထိ သင်ကြားပေးမည်ဖြစ်ကြောင်း ယင်းစီမံကိန်းထံမှ သိရသည်။

■ J-11

**The Voice Daily**

**လပေးမှာယူဖတ်ရှုသည့် စာဖတ်ပရိသတ်များ အဆင်မပြေမှုများရှိပါက**

ဆက်သွယ်ရန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)၊

မန္တလေး - ၀၉ ၇၇၂၂၂၉၀၇၁

နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

# ပြည်ပပို့ရန် ကုန်ကြမ်းထုတ်လုပ်ပေးသည့်လုပ်ငန်းများကို အခွန်ကင်းလွတ်ခွင့် ပေးမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

ပြည်ပပို့ရန်အတွက် ပြည်တွင်း၌ ကုန်ကြမ်းထုတ်လုပ်ပေးသည့် ကုမ္ပဏီများကို ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်အရ နှစ်အကန့်အသတ်မရှိ အခွန်ကင်းလွတ်ခွင့်ပေးမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားသည်။

"ဒီကုမ္ပဏီတွေက ပို့ကုန်လုပ်ငန်းတွေအတွက် နောက်ပိုင်းမှာ အထောက်အပံ့ဖြစ်လာစေတဲ့အတွက် အခွန်သက်သာခွင့်ပေးလိုက်တာပါ။ သူတို့ရဲ့ ထုတ်ကုန်တွေကို တခြားပြည်တွင်းဈေးကွက်ကို မဖြန့်ဘူး။ ပို့ကုန် သီးသန့် ရောင်းတဲ့သူတွေပဲ ဖြစ်ရမယ်။ ဒီလိုလူတွေက MIC ကိုလာပြီးသက်သာခွင့်လျှောက်ထားနိုင်တယ်" ဟု ၎င်းက ပြောဆိုသည်။

ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ယင်းကဲ့သို့ အခွန်ဆိုင်ရာ သက်သာခွင့်များပေးခြင်းမှာ ကောင်းမွန်ကြောင်း၊ လတ်တလော အီးယူနှင့် ဂျပန်နိုင်ငံများက ဒီဇိုင်းပေး၍ လက်ခစားစနစ်ဖြင့် အထည်ပို့ခြင်းထက် အပြီးအစီး ကိုယ်တိုင်ဒီဇိုင်းထွင်ပြီး ချုပ်လုပ်ခြင်း(FOB)ကို ပိုမိုလိုလားကြသည့်အတွက် ကုန်ကြမ်းများအတွက် လိုအပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးရန် လိုအပ်ကြောင်း အထည်ချုပ်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

"FOB စနစ်နဲ့ သွားချင်ပေမယ့် ဒီဘက်က လုပ်ငန်းရှင်တွေက အဆင်မပြေဘူး။ နောက်ပြီးတော့ အာမခံ သိုလှောင်ရုံ စနစ်လုပ်ငန်းတွေကို ပေါ်ပေါက်လာဖို့လိုတယ်။ ဒီလုပ်ငန်းတွေလည်း အခွန်သက်သာခွင့်ရသင့်တယ်" ဟု ၎င်းက ပြောဆိုသည်။

အသစ်ပြဋ္ဌာန်းလိုက်သည့် ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်အရ အကောက်ခွန်ကင်းလွတ်ခွင့်ကို နှစ်အကန့် အသတ်မရှိပေးခြင်းဖြစ်ပြီး ယခင်ဥပဒေတွင် ကုန်ကြမ်းထုတ်လုပ်ပေးသည့်ငန်းများကို အကောက်ခွန် ၃ နှစ်သာ ကင်းလွတ်ခွင့်ပေးထားသည်။

■ J-13



ဓာတ်ပုံ - The Voice

# ပဲအသင်းက ပဲမျိုးစုံတန်ချိန် လေးထောင်နီးပါးဝယ်

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

အိန္ဒိယက ပဲဝယ်ယူမှု ရပ်ဆိုင်းထားခြင်းကြောင့် ပဲဈေးအဆမတန် ကျဆင်းခြင်းကို ထိန်းချုပ်နိုင်ရန် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းက သတ်မှတ်ဈေးနှုန်းဖြင့် မတ်ပဲနှင့် ပဲစင်းငုံဝယ်ယူပေးနေမှုသည် တန်ချိန်လေးထောင်နီးပါးခန့်ရှိပြီဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။

သို့သော် ကုန်သည်များထံမှ ယင်းပဲနှစ်မျိုးပေါင်း လာရောက်ရောင်းချမှုသည် တန်ချိန်တစ်သောင်းကျော်ထိ ရှိခဲ့သော်လည်း ပဲစင်းငုံနှင့် မတ်ပဲဈေးနှုန်း တည်ငြိမ်ရေးနှင့် ဝယ်ယူတင်ပို့ရောင်းချရေးအဖွဲ့စီမံခန့်ခွဲရေးကော်မတီ၏ သတ်မှတ်အရည်အသွေးများနှင့် ကိုက်ညီခြင်းမရှိသည့်အတွက် တန်လေးထောင်နီးပါးကိုသာ ဝယ်ယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။

ပဲအသင်းမှ ပဲစင်းငုံ တစ်တန် ကျပ်လေးသိန်းနှင့် မတ်ပဲ တစ်တန် ကျပ်ငါးသိန်းဖြင့် သတ်မှတ်ဝယ်ယူပေးနေခြင်းဖြစ်သော်လည်း ပဲအသင်း၏ အရည်အသွေး ကန့်သတ်ချက်များကြောင့် လာရောက်ရောင်းချသူမရှိခြင်းဖြစ်ကြောင်း ပဲကုန်သည်များက ဆိုသည်။

သို့သော် ပဲနှမ်းအသင်းက ဆက်လက်ဝယ်ယူပေးလျက်ရှိပြီး ပဲသစ်ထွက်ပေါ်လာချိန်၌လည်း ထပ်မံဝယ်ယူပေးရန်လည်း စီစဉ်နေကြောင်း ယင်းအသင်းထံမှ သိရသည်။

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းက အောက်တိုဘာ ၁၁ ရက်နေ့က သတ်မှတ်ဈေးနှုန်းများဖြင့် မတ်ပဲနှင့် ပဲစင်းငုံတို့ကို ဝယ်ယူပေးခဲ့ခြင်းဖြစ်ပြီး ၁၂ ရက်နေ့တွင် ကုန်သည်တစ်ဦးက ပဲစင်းငုံတန်ချိန် ၃၆၀ ပထမဆုံးလာရောက်ရောင်းချခဲ့သည်။

■ S-04

## ဒီဇင်ဘာလ ၅ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

| Name | OpeningPrice | 11(AM)Pirce | 1(PM)Price | Change | TradingShares | TradingValue (MMK) |
|---|---|---|---|---|---|---|
| FMI | 12500 | 12500 | 12000 | -500 | 211 | 2,559,500 |
| MTSH | 3150 | 3200 | 3100 | -50 | 2075 | 6,532,500 |
| MCB | 8800 | 8800 | 8800 | - | 0 | 0 |
| FPB | 25500 | 26000 | 26000 | +500 | 1782 | 46,332,000 |

# အသေးစား၊ အလတ်စား ကုမ္ပဏီများကို တစ်နှစ်တစ်ကြိမ် စာရင်းစစ်တော့မည်မဟုတ်

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

အသေးစား၊ အလတ်စားလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(DICA)က တစ်နှစ် တစ်ကြိမ် ဝင်ရောက်စာရင်းစစ်ဆေးခြင်းများကို ကုမ္ပဏီဥပဒေအသစ်အရ ပြုလုပ်တော့မည်မဟုတ်ကြောင်း ယင်းဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားသည်။

ယင်းကဲ့သို့ တစ်နှစ်တစ်ခါ စာရင်းစစ်ခြင်းကြောင့် ကုမ္ပဏီဘက်တွင် ကျပ်သန်းနှင့်ချီ၍ ငွေကြေးများ အကုန်အကျခံရခြင်း၊ အချိန်ကုန်ခြင်း စသည့်အခြေအနေများဖြင့် ဝန်ပိနေသည့်အတွက် ဥပဒေအသစ်တွင် ဖြေလျှော့ပေးလိုက်ခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

"ကုမ္ပဏီငယ်လေးတွေကို စာရင်းမစစ်ဘူးပဲ ပြောတာ။ ဥပဒေအရ ရေးဆွဲရမယ့် ငွေရေးကြေးရေးစာရင်းတွေကို သူတို့ဘက်က ရေးဆွဲရမယ်။ ကုမ္ပဏီအသေးလေးတွေက အနည်းဆုံး လူနှစ်ယောက် သုံးယောက်လောက်ပဲ ပိုင်တာ။ ဒါကိုစာရင်းတွေက သူတို့သုံးယောက်လောက်ကျေနပ်ရင်ရပြီ။ အစိုးရက ဝင်စစ်စရာမလိုဘူး" ဟု ၎င်းက ရှင်းပြသည်။

သို့သော် ကုမ္ပဏီအသေးများကို နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့် အတူ စာရင်းမစစ်ခြင်းဖြစ်ပြီး သန်းနှင့်ချီ ရင်းနှီးမြှုပ်နှံထားသည့် ကုမ္ပဏီများနှင့် အများပိုင်ကုမ္ပဏီများကို ငွေကြေးဆိုင်ရာကိစ္စများ၊ ရှယ်ယာကိစ္စများအတွက် လိုအပ်သည့်စာရင်းများကိုတစ်နှစ်တစ်ခါဝင်ရောက်စစ်ဆေးမည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနထံမှ သိရသည်။

ယခုနှစ်နိုဝင်ဘာလအတွင်းက အတည်ပြုခဲ့သည့် ကုမ္ပဏီအက်ဥပဒေတွင် လူဦးရေနည်းပါးသည့် လုပ်ငန်းများကို အသေးစားဟုသတ်မှတ်ထားပြီး လက်ရှိကျင့်သုံးနေသည့် ကုမ္ပဏီဥပဒေတွင် အသေးစား၊ အလတ်စားဟု ခွဲခြားထားခြင်းမရှိခြင်းကြောင့် ကုမ္ပဏီအက်ဥပဒေသစ်စတင် ကျင့်သုံးပါက ကုမ္ပဏီအသေးစားများအဖြစ် ပြောင်းလဲရမည်ဖြစ်ကြောင်း အထည်ချုပ်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

"အခုလောလောဆယ်တော့ကုမ္ပဏီတွေကို ဘာမှမပြောသေးဘူး။ ဒါပေမဲ့ ကုမ္ပဏီအသေးလေးတွေအတွက် ဒီလိုဖြေလျှော့ပေးထားတာ ကောင်းတယ်။ ကုမ္ပဏီအသေးကို လူဦးရေအနည်းအများပေါ်မူတည်ပြီးခွဲမှာ ပိုင်ဆိုင်မှုအပေါ်ကြည့်ပြီးခွဲမှာ မဟုတ်ဘူး" ဟု ၎င်းက ဆိုသည်။

လတ်တလော ပြည်တွင်း၊ ပြည်ပကုမ္ပဏီပေါင်း ငါးသောင်းကျော်ရှိပြီး ကုမ္ပဏီတစ်ခု၏ မတည်ငွေမှာ အနည်းဆုံး ကျပ်သိန်း ၅၀ ရှိရမည်ဖြစ်ကြောင်း DICA ထံမှ သိရသည်။

■ J-13

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | Source: KBZ Bank | |
|---|---|---|---|
| 5.12.2017 | USD | EURO | SGD |
| ဝယ်ဈေး (ကျပ်) | ၁၃၅၃ | ၁၆၀၅ | ၁၀၀၄ |
| ရောင်းဈေး (ကျပ်) | ၁၃၅၆ | ၁၆၀၇ | ၁၀၀၇ |

| Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း | | |
|---|---|---|
| 5.12.2017 | ရွှေဈေး | |
| ပြည်တွင်းရွှေ (ကျပ်) | ၆၂၉,၀၀၀ (ဖွင့်) | ၆၃၀,၀၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၂၇၇ (ဖွင့်) | ၁၂၇၈ (ပိတ်) |

# အပြောင်းအလဲနောက်ကွယ်က အိမ်ရှင်မတို့ မျှော်လင့်ချက်

## မြတ်မင်း

ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ တံခွန်တိုင်ဈေးအတွင်း ဆောင်းဦးနေရောင်ခြည်တို့ ပက်ဖျန်းနေပြီး ဈေးအတွင်း၌ လာကြဟေ့...လာကြ ဟူသော ဈေးရောင်းသူများ၏ ဈေးခေါ်သံများနှင့် ဒါဘယ်ဈေးလဲ။ ဟင်-ဈေးများလိုက်တာ။ ဈေးတက်လိုက်တာလွန်ရောဟူသော ဈေးဝယ်များ၏ အသံများ လွှမ်းထိုးနေသည်။

မမြင့်မြင့်သူ သူ့ရှေ့ရှိ ကြက်တစ်ကောင်ကို ကြည့်နေမိသည်။ ဒါဘယ်ဈေးလဲ အစ်မဟူသော အမေးကို ဈေးသည်က တစ်ပိဿာ ၆၀၀၀ ဈေးဟု တုံ့ပြန်သည်။ မမြင့်မြင့်သူ အိတ်ထဲပါလာသည့် ပိုက်ဆံကိုအသာစမ်းလိုက်မိသည်။ သူ့အိတ်ထဲတွင် ပိုက်ဆံ ၁၅၀၀ ခန့်သာပါသည်။

အိမ်မှာ ဆီကလည်းကုန်နေပြီ၊ ကြက်သွန်ကလည်းမရှိတော့၊ ကြက်သားဝယ်လိုက်မည်ဆိုပါက မီးဖိုဆောင်အတွက် အဆင်မပြေနိုင်ဟူသော အတွေးဖြင့် မမြင့်မြင့်သူ ကြက်သားဆိုင်ရှေ့က လှည့်ထွက်လိုက်သည်။ ဈေးဗန်းထဲက ရင်ထွားထွားတင်ကားကား CB ကြက်ကြီးက မမြင့်မြင့်သူကို လှောင်ပြောင်နေသလိုပင်။

မမြင့်မြင့်သူ ကုန်စိမ်းတန်းဘက် ရောက်လို့လာပြန်သည်။ ကြက်သွန်ဘယ်ဈေးလဲဟူသောအမေးကို တစ်ပိဿာ ၂၄၀၀ ဟု ရောင်းသူက တုံ့ပြန်သည်။ ကြက်သွန်အဝက်သား ၃၀၀ ဖိုးဝယ်လိုက်သည်။

"ဈေးတွေကတော့ တက်နေတာပါပဲ။ ကျွန်တော်တို့လည်း ချင့်ချိန်ပြီးရောင်းနေရတယ်။ အရောင်းအဝယ်ကလည်းပါးတယ်။ ဈေးတွေတက်နေတော့ ဝယ်သူတွေကလည်း ရွေးချယ်ပြီးတော့ဝယ်လာကြတယ်။ ကြက်သွန်ဆိုရင် အခုရက်ပိုင်းတင် အနည်းဆုံး တစ်ပိဿာကို ၂၀၀ လောက် တက်သွားတယ်" ဟု တံခွန်တိုင်ဈေးအတွင်း ကြက်သွန်ရောင်းသူ ဦးကိုလေးကပြောသည်။

ငွေကြေးချမ်းသာသူများအတွက် ၁၀၀၊ ၂၀၀ တက်ခြင်းသည် အကြောင်းမဟုတ်သော်လည်း မမြင့်မြင့်သူတို့ကဲ့သို့ သာမန်လူတန်းစားများအတွက်မူ အခက်အခဲတစ်ရပ်ပင်။ ဟိုဆိုင်ဈေးသက်သာနိုးနိုး၊ ဒီဆိုင်ဈေးကျနိုးနိုးဖြင့် ဈေးတစ်ပတ်လည်သည်အထိ ရှိနေသော်လည်း မည်သည့်ဆိုင်မှဈေးကျသည်မရှိ။

ဈေးတွေကလည်း အကုန်တက်နေတော့တာပဲ။ ကျတာကတော့ စိတ်ဓာတ်ပဲရှိတယ်ဟု ဈေးဝယ်အချို့ရေရွတ်နေကြသည်။

"ကုန်ဈေးနှုန်းတွေကလည်း အကုန်တက်နေတော့တာပဲ။ ရှိတဲ့ပိုက်ဆံက ပိုဖို့ကိုမစဉ်းစားအားဘူး။ လောက်အောင် ဘယ်လိုသုံးရမလဲ စဉ်းစားနေရတယ်။ တစ်ရက် ၁၅၀၀ လောက်ပဲ ဟင်းဖိုးသုံးနိုင်တာဆိုတော့ အရင်က အစိတ်သားဝယ်ရမယ့်နေရာမှ ဆီ ၅၀၀ ဖိုးလောက်ဝယ်ရတယ်။ ဟင်းချိုမှုန့် ၂၀၀ ဖိုးနဲ့ ညမနက်စားလို့ရမယ့် အသီးအရွက်လေးတွေဝယ်ပြီး ခြိုးခြံရတာပေါ့။ ခရမ်းသီးလေးချက်ပြီးတော့ နှမ်းဖတ်ချဉ်လေးသုပ်ရင်လည်း ဟင်းဖြစ်တာပဲလေ။ ချွေတာရတာပေါ့" ဟု မမြင့်မြင့်သူညည်းတွားသည်။

မမြင့်မြင့်သူကတံခွန်တိုင်ဈေးတန်းရပ်ကွက်အတွင်း အိမ်ငှားဘဝဖြင့်နေထိုင်သည်။ ၁၀ ပေ ပတ်လည်ခန့်ရှိသည့် ဒီအိမ်က သူတို့အတွက် ဘုံဗိမာန်ဖြစ်သည်။ သားလေးတစ်ယောက်ရှိသည်။ ခင်ပွန်းလုပ်သူကကုမ္ပဏီတစ်ခုမှ ဝန်ထမ်း။ ခင်ပွန်း၏ လစာက တစ်လမှ တစ်သိန်းခွဲလောက် ရသည်။ ဒီဝင်ငွေဖြင့် မိသားစုဘဝကို ရပ်တည်ရသည်။ ခင်ပွန်းသည်ရသည့်ဝင်ငွေကို စီမံခန့်ခွဲရသည့် မမြင့်မြင့်သူအတွက် ခေါင်းခဲစရာဖြစ်သည်။

ကြက်သွန်ဈေးတက်သည်။ ဆန်ဈေးတက်သည်။ ဆားဈေးတက်သည်။ ဆီဈေးတက်သည်။ အကုန်တက်နေသည်။ မကျတမ်း တက်နေသည့် ကုန်ဈေးနှုန်းနှင့်အပြိုင် ခင်ပွန်းသည်၏ ဝင်ငွေက တိုးမလာ။ တစ်သိန်းခွဲသာ ဖြစ်သည်။ အိမ်၏ ဝင်ငွေနှင့် ထွက်ငွေ ကာမိစေရန် ပိုက်ဆံချေးရသည်။ အတိုးနှင့်ဖြစ်သည်။ တစ်လမဟုတ်၊ နှစ်လမဟုတ်၊ သုံးလလည်း မဟုတ်ပြန်။ လတိုင်းလိုလို ဖြစ်သည်။ အနည်းနှင့်အများသာကွာသည်။

"အကြွေးကတော့ တင်တယ်။ အနည်းနဲ့အများပဲ။ ဒီလိုပဲလည်ပတ်နေတာပေါ့ဗျာ။ တင်လိုက်၊ ဆပ်လိုက်၊ ချေးလိုက်ငှားလိုက်နဲ့ပေါ့။ ရတော့ပြန်ပေးလိုက်ပေါ့၊ ဒီလိုပါပဲ၊ အိမ်ငှားသမားတွေရဲ့ဘဝကတော့။ မရှိလိုက်၊ ရှိလိုက်၊ ရှိလည်းခဏပဲ။ ဒီကြားထဲ ဖျားရေးနာရေး ဖြစ်ရင်ဒုက္ခ။ လူဆိုတာမဖျားဘူး၊ မနာဘူး ဆိုတာမရှိဘူးလေ။ ဆေးခန်းတစ်ခါပြရင် လေးငါးထောင်။ တစ်ခါတလေများ လခထုတ်ရင် တစ်ကျပ်မှကိုမပိုဘူး" ဟု မမြင့်မြင့်သူက ရယ်လျက်ပြောသည်။

နိဝင်ဘာလ၏နေရောင်က မမြင့်မြင့်သူမျက်နှာပေါ် ပြောက်ကျားကျနေသည်။ စကားပြောရင်း ပဲမြစ်များကို အခွံချွတ်လျက်ရှိသည်။ ၂ နှစ်ကျော်အရွယ် သူ့သားငယ်က ဘေးနားတွင် ကစားစရာများဖြင့် အလုပ်ရှုပ်နေပြီး သူ့အမေ၏ ဘဝအမောများက သူနှင့်လားလားမျှမဆိုင်။ ဘာအပူအပင်မှမရှိ။ လိုချင်သည့် ကစားစရာအရုပ်၊ စားချင်သည့် အစားအစာမရသည့်အခါမျိုးတွင်သာ သူ့အတွက် အကြီးမားဆုံး ဒုက္ခဖြစ်သည်။

"ကလေးကလိုချင်တာတွေ ပူဆာတဲ့အခါမှာ ဝယ်မပေးနိုင်ဘူး။ ဒီအခါမှာစိတ်မကောင်းဘူး။ ကိုယ့်သားသမီး မျက်နှာငယ်ရတာပေါ့။ စိတ်မကောင်းဘူး။ တစ်ခါတစ်ရံမှာ မျက်နှာငယ်မှာစိုးလို့ ကိုယ်လည်း လုပ်ငန်း လုပ်ချင်တာ။ ကလေးဆိုတော့ မရရင်တော့ ငိုတာပေါ့။ သူများဝယ်တာကြည့်ပြီး လိုချင်ရှာမှာပေါ့" ဟု မမြင့်မြင့်သူက တိုးတိတ်စွာပြောလိုက်သည်။

မမြင့်မြင့်သူ၏ အမျိုးသားနာမည်က ကိုဝင်းဦး။ ပိန်ပိန်ပါးပါး ခန္ဓာကိုယ်ခပ်ကိုင်းကိုင်းနှင့်ဖြစ်သည်။ ဘဝ၏အထုအထောင်းများကို နေသားကျနေဟန်ဖြင့် အရာရာကိုတိတ်တိတ်ဆိတ်ဆိတ် လက်ခံထားပုံရသည်။ ဒါကိုမမြင့်မြင့်သူက လက်ခံနိုင်ဟန်မတူ။

"တစ်လကို တစ်သိန်းခွဲရတယ်။ ဝင်ငွေနည်းတယ်။ အဆင်မပြေတဲ့အခါမျိုးတွေမှာ ပြောမိဆိုမိတာမျိုးတွေရှိတယ်။ တစ်ခါတစ်ရံတော့လည်း အလုပ်မလုပ်ဘဲနဲ့နေတာမှမဟုတ်တာ။ သူလည်းတတ်နိုင်သလောက် ရှာကျွေးနေတာပဲ။ ဒီလိုပဲဖြေသိမ့်ရတယ်ပေါ့။ တိုင်တိုင်ပင်ပင်နေရတယ်။ တအားကြီး ကျပ်တည်းလာတဲ့အခါတွေမှဆိုရင်တော့ ကြွေးတွေ တင်လာတဲ့အခါမှာတော့ ပြောမိဆိုမိတာရှိတာပေါ့။ ဖြေသိမ့်ရတာပေါ့။ လုပ်ရဲ့သားနဲ့အဆင်မပြေတာတော့ ဘယ်တတ်နိုင်မှာလဲ" ဟု ညည်းတွားသည်။

အနားတွင်ရှိနေသော ကိုဝင်းဦး ဘာမှဝင်မပြော။ နာနာဖိဝါးနေသည့်ကွမ်းကိုသာ ထွေးထုတ်လိုက်သည်။ မမြင့်မြင့်သူတို့ မိသားစုတွင် ဆိုင်ကယ်တစ်စီးရှိသည်။ တီဗီတစ်လုံးရှိသည်။ ဖုန်းတစ်လုံး ရှိသည်။ ပြီးတော့ မမြင့်မြင့်သူလည်တွင် ဆွဲထားသည့် ဆွဲကြိုးတစ်ကုံးရှိသည်။ သည်ဆွဲကြိုးက ကိုဝင်းဦးဝင်ငွေဖြင့် လုပ်ထားသည့် ဆွဲကြိုးမဟုတ်။ ဇွန်ပန်းများ လှိုင်လှိုင်ပေါ်သည့်အချိန်က ဇွန်ပန်းရောင်းရသည့်ဝင်ငွေဖြင့် လုပ်ထားသည့် ဆွဲကြိုး။

မမြင့်မြင့်သူစကားပြောတိုင်း အနီဆွဲကြိုးက တလှုပ်လှုပ်။ မမြင့်မြင့်သူ ဇွန်ပန်းရောင်းခဲ့ရသည်။ ဘဝတွင် ဒီလိုလုပ်ရမည်ဟု ဘယ်တုံးကမှတွေးမထင်ထား။

"ကိုဝင်းဦးဝင်ငွေနဲ့ ဒီခေတ်ကုန်ဈေးနှုန်းနဲ့က ဘယ်လိုမှအဆင်မပြေဘူး။ နောက်ပြီး ကလေး နောင်ရေးကလည်း ရှိသေးတယ်။ ဒါကြောင့် ကျွန်မဇွန်ပန်းရောင်းခဲ့တယ်။ အခုရာသီက ဇွန်ပန်းရာသီမဟုတ်တော့ဘူး။ လက်ရှိတော့ ဘာအလုပ်မှမရှိသေးဘူး။ ရာသီပေါ်ပန်းတွေ ရောင်းမလားလို့စဉ်းစားနေတယ်" ဟု သူလုပ်မည့် အစီအစဉ်များကို ပြောပြသည်။



ဓာတ်ပုံ-မြတ်မင်း

မြန်မာနိုင်ငံတွင် အခြေခံလူတန်းစားများက အများဆုံးဖြစ်သည်။ တစ်နေ့လုပ်မှတစ်နေ့စား ဘဝဖြင့်၊ လစာဝင်ငွေနည်းနည်းဖြင့် ဘဝကို ရုန်းကန်နေရသည့် သူတွေသာများသည်။ ကုန်ဈေးနှုန်းအပါအဝင် အထွေထွေကုန်ကျစရိတ်များ ကြီးမြင့်နေသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း လူဦးရေ ၆၁ သိန်းကျော်ရှိရာ ယင်းတို့အနက် အလုပ်လုပ်နိုင်သည့် အသက် ၁၅ နှစ်မှ ၆၄ နှစ်အတွင်း ၆၇ ဒသမ ၉ ရာခိုင်နှုန်းကြောင်း၊ အလုပ်အကိုင်ရရှိမှုအနေနှင့် အသက် ၁၅ နှစ်မှ ၆၄ နှစ်အတွင်း ၆၅ ဒသမ ၇ ရာခိုင်နှုန်း၊ အလုပ်လက်မဲ့နှုန်း ၃ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ သန်းခေါင်စာရင်းများတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးနှင့်ပတ်သက်၍ ၂ နှစ်တစ်ကြိမ်ပြင်ဆင်သတ်မှတ်ရန် ဥပဒေပြဋ္ဌာန်းထားပြီး လက်ရှိ သတ်မှတ်နှုန်းထားအရ တစ်ရက်လုပ်ခ ၃၆၀၀ ကျပ် ဖြစ်နေရာ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ရန်ကုန်နှင့် မန္တလေးမြို့တို့၌ အနည်းဆုံး တစ်ရက်လုပ်ခ ၅၆၀၀ သတ်မှတ်ပေးရန် အလုပ်သမားများ အဖွဲ့အစည်းများက တောင်းဆိုမှုများ ပြုပ်လုပ်ခဲ့ကြသည်။

Myanmar Insider စီးပွားရေးဂျာနယ်က သုံးလတစ်ကြိမ်ပြုလုပ်သည့် စီးပွားရေးဆိုင်ရာယုံကြည်မှုညွှန်းကိန်းအရ အန်အယ်ဒီအစိုးရလက်ထက် စီးပွားရေးစီမံခန့်ခွဲမှုသည် ပြီးခဲ့သည့်အစိုးရနှင့် နှိုင်းယှဉ်ပါက နိမ့်ပါးသွားသည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့က ဖြေဆိုခဲ့ကြသည်။

Myanmar Insider စီးပွားရေးဂျာနယ် အနေနှင့် အလုပ်သမားဆယ်ဂဏန်းမှ ထောင်ဂဏန်းအထိရှိသော လုပ်ငန်းရှင် ၅၀ ကျော်ကို မေးမြန်းထားခြင်းဖြစ်ပြီး ဖြေဆိုသူများကိုလည်း မှတ်တမ်းတင်ထားသည်ဟု Myanmar Insider ဂျာနယ်ကဆိုသည်။ ယင်းဂျာနယ်၏ စစ်တမ်းအရ လက်ရှိအစိုးရအဖွဲ့၏ စီးပွားရေးစီမံခန့်ခွဲမှု လက်ခံသူ ၁၂ ရာခိုင်နှုန်းရှိပြီး ၅၈ ရာခိုင်နှုန်းကလက်ခံနိုင်ဖွယ်မရှိကြောင်း ဖြေကြားခဲ့သည်ဟု ဖော်ပြထားသည်။

မမြင့်မြင့်သူတို့ အိမ်ရှေ့မှ ရေခဲချောင်းသည် တစ်ဦးဖြတ်သွားသည်။ သူ့ကလေးက သူ့အမေကို ပူဆာသည်။ အငိုနှင့်ပြောသည်။ အမေကိုခြေကန်ပြသည်။ သို့သော် မမြင့်မြင့်သူ စိတ်မဝင်စားအား။ သူ့စကားကိုသာဆက်သည်။

"အစိုးရက လုပ်နေတယ်လို့ထင်တယ်။ သူတို့ပဲ တက်လိုက်ကျလိုက် မြင့်လိုက်နဲ့ တစ်နေ့လုပ်မှ တစ်နေ့စားသူတွေကမပိုတော့ဘူးပေါ့။ မရှိတဲ့သူတွေက ဒီဟာလုပ်မှ ဒီဟာစားရပါတယ်ဆိုပါမှ ဒီကုန်ဈေးနှုန်းကြီးသွားတော့ ဘယ်လိုလုပ်ကြမလဲ။ ဒါနဲ့ပဲ ရင်ဆိုင်နေရတယ်။ မပိုတော့ဘူး။ ကုန်ဈေးနှုန်းကြီးအောင်လုပ်တဲ့သူတွေအနေနဲ့ သက်သာအောင် လုပ်ပေးစေချင်တယ်။ ထိန်းချုပ်ပေးစေချင်တယ်။ သူတို့က တက်တက်၊ ကျကျဆိုတာဆိုတော့ သူတို့တက်သမျှကို ပြည်သူတွေက ဝယ်စားနေရတာ" ဟု ဒေါသသံနှင့်ဆိုသည်။

ငှက်တစ်အုပ် ပျံသန်းသွားသည်ကို နှစ်ချို့ကန္တာရရွက်တွေအကြားမှတွေ့ရသည်။ နံနက်ပိုင်းက အေးသလောက် အချိန်မြင့်လာသည့်နှင့်အမျှ ရာသီဥတုက ပူလောင်စပြုလာပြီဖြစ်သည်။ မမြင့်မြင့်သူ ပဲမြစ်အခွံများကို ခပ်နာနာဖိချေနေသည်။ ကုန်ဈေးနှုန်းကြီးအောင်လုပ်သည့်အစိုးရကို ပဲမြစ်နှင့်အတူ ရောချေနေသလားမသိ။

"သူတို့ပြောတဲ့ဈေး ပြည်သူတွေက ဝယ်စားနေရတာ။ ရှိတဲ့သူတွေကတော့ ကိစ္စမရှိဘူး။ မရှိဆင်းရဲသားသူတွေအတွက်ကျတော့ ဘဝတက်လမ်းမရှိတော့ဘူး။ သူတို့ကိုပဲလုပ်ကျွေး နေရသလိုဖြစ်နေတယ်။ ကိုယ်မစားရတော့ဘူး။ ပိုက်ဆံပိုဖို့ မစဉ်းစားအားဘူး။ ပိုက်ဆံလောက်ဖို့ကိုပဲ အရင်းဆုံးစဉ်းစားနေရတယ်" ဟု ပဲမြစ်အခွံများကို ကြည့်ရင်းပြောသည်။

စကားပြောနေရင်းနှင့် ရီဝေသောမျက်ဝန်းက တစ်ဖက်သို့ လှည့်သွားသည်။

ယောကျ်ားလစာကို လစာထုတ်ရက်တိုင်း လက်ထဲနွေးအောင်ပင်မကိုင်ရ။ တစ်ခါတစ်ရံများ နွေးအောင်ကိုင်ချင်စမ်းပါဘိဟု တွေးနေဟန် တူသည်။ ရေခဲချောင်းသည်ကလည်း အဝေးသို့ရောက်သွားပြီဖြစ်၍ သူ့သားငယ်၏ရေခဲချောင်းစားချင်သည့် မျှော်လင့်ချက်လည်း နိဋ္ဌိတံခဲ့သည်။

အစိုးရသစ်ဖြစ်လာမည့်ပါတီက ပြောင်းလဲချိန်တန်ပြီဟုကြွေးကြော်ကာ မဲဆွယ်ခဲ့သည်။ ပြည်သူများကလည်း အပြောင်းအလဲကိုမျှော်လင့်ခဲ့ကြသည်။ မမြင့်မြင့်သူလည်း အပြောင်းအလဲ ရေစီးတွင်မျောပါသည်။ အပြောင်းအလဲရေစီးတွင် မျောပါရင်း မမြင့်မြင့်သူ လက်ထဲက ပိုက်ဆံ ၁၅၀၀ က ဘာမှသုံးမရတော့။ ငွေကြေးတန်ဖိုးမရှိတော့။

ပြီးခဲ့သည့် ရက်ပိုင်းက အာဏာရပါတီ၏ ထိပ်ပိုင် ခေါင်းဆောင်တစ်ဦးက သူတို့ပါတီအာဏာရလာခြင်းသည် ၁၉၆၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ တပ်မတော်ခေါင်းဆောင်များက တိုင်းပြည်ကို ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် အုပ်ချုပ်ခဲ့သည့်အစိုးရအဖွဲ့မှ အရပ်သားအစိုးရအဖြစ် ပြောင်းလဲတာဝန်ယူနိုင်မှုက သမိုင်းတစ်လျှောက်တွင် အကြီးကျယ်ဆုံး ပြောင်းလဲမှုဖြစ်သည်ဟု ကြွေးကြော်ခဲ့သည်။

ဘာတွေပြောင်းလဲသွားသည်ကို မမြင့်မြင့်သူ မသိ။ သူသိသည်က ကုန်ဈေးနှုန်းများဆက်တိုက်တက်နေတာသူသိသည်။ အထွေထွေကုန်ကျစရိတ်များ တက်ပြီး ပြန်မကျတာသူသိသည်။ သူ့အမျိုးသားဝင်ငွေတိုးမလာတာသူသိသည်။ သားငယ်လိုချင်တာမရရင် ငိုမှာသူသိသည်။ လကုန်ရက်တိုင် အိမ်ပိုင်ရှင်က လစာတိုးမတောင်းဖို့အရေး ဆုတောင်းရသည်။ ကိုဝင်းဦး လစာတိုးပေးဖို့အရေး အလုပ်ရှင်များကို မေတ္တာပို့ရသည်။ ဘုရားမှာ ဆုတောင်းရသည်။

စာမျက်နှာ 10 သို့

# ဒဂုံဆိပ်ကမ်းအထည်ချုပ်စက်ရုံအလုပ်သမားများ ဂျပန်သံရုံးထံ အကူအညီတောင်း

ရန်ကုန်၊ ဒီဇင်ဘာ ၅

ဒဂုံဆိပ်ကမ်း အထည်ချုပ်စက်ရုံမှ ထုတ်လုပ်သည့် Regatte အမှတ်တံဆိပ် အထည်များသည် အလုပ်သမားအခွင့်အရေး ချိုးဖောက်ခံပြီးမှ ထုတ်လုပ်သော အထည်များဖြစ်နေသဖြင့် ကြားဝင်ဖြေရှင်းပေးရန် ဂျပန်သံရုံးသို့ ဒီဇင်ဘာလ ၄ ရက်က စာပို့အကူအညီတောင်းခဲ့ကြောင်း အဆိုပါစက်ရုံမှ အလုပ်သမားခေါင်းဆောင် မဝေဝေအောင်က ပြောကြားသည်။

"အဲဒီကိုကျွန်မတို့အကူအညီတောင်းတာပါ။ ကျွန်မတို့ အလုပ်ချိန်တွေ၊ အလုပ်သမားတွေ အခွင့်အရေး ချိုးဖောက်ခံနေရပါတယ်။ အဲဒါတွေကို ကြားဝင်ဖြေရှင်းပေးစေချင်တယ်" ဟု ၎င်းကဆိုသည်။

ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မက္ခရာမင်းသားကြီးလမ်းရှိ အဆိုပါစက်ရုံသည် ဂျပန်အခြေစိုက် Makku ကုမ္ပဏီ၏ အပ်နှံမှုဖြင့် ဂျပန်နိုင်ငံတွင် နာမည်ကြီးတံဆိပ် Regatte အမှတ်တံဆိပ် အထည်များကို ထုတ်လုပ်နေခြင်းဖြစ်သဖြင့် ဂျပန်သံရုံးသို့ အသိပေးအကူအညီတောင်းခံခြင်းဖြစ်သည်။

ဂျပန်သံရုံးသို့ အကူအညီတောင်းခံသော အဆိုပါစက်ရုံမှလုပ်သားများသည် ၎င်းတို့တောင်းဆိုသော အချက်အချို့ကို စက်ရုံက မလိုက်လျောခဲ့သဖြင့် နိုဝင်ဘာလ ၂၈ ရက်ကတည်းက ဆန္ဒထုတ်ဖော်နေခြင်းဖြစ်သည်။

"သူတို့လိုက်လျောမှုအပေါ်သဘောမကျဘူးဆိုရင် စက်ရုံပိတ်တော့မယ်။ လျော်ကြေးပေးပြီး စက်ရုံကို ပိတ်မယ်လို့ မန်နေဂျာကပြောတယ်။ ကျွန်မတို့က စက်ရုံပိတ်လိုက်ရင်လည်း သပိတ်စခန်းကို ထပ်ဖွင့်ထားမှာပဲ" ဟု မဝေဝေအောင်က ဆိုသည်။

အဆိုပါစက်ရုံမှ အလုပ်သမားများသည် စက်ရုံထံ ဝန်ထမ်းများ ကျန်းမာရေးကောင်းမွန်အောင် စီစဉ်ပေးရန်၊ ဖယ်ရီကားလုံလောက်မှုရှိအောင် စီစဉ်ပေးရန်၊ လုပ်သက်နှစ်ကြေး တစ်နှစ် ၂၀,၀၀၀ ကျပ်ပေးရန်၊ ထမင်းစားချိန် ၄၅ မိနစ်ပေးရန်၊ အထည်စံချိန်ကို တစ်နာရီ တစ်ခါပေးရန်၊ အလုပ်ရှင်နှင့်အလုပ်သမားအကြား ဂုဏ်သိက္ခာညှိုးနွမ်းစေသော စကားများပြောဆိုခြင်းတားမြစ်ပေးရန်၊ ဝန်ထမ်းများထံမှ ဖြတ်တောက်ငွေကို သုံးလတစ်ကြိမ် ရှင်းတမ်းပြုလုပ်ပေးရန်၊ အလုပ်ရှင်အလုပ်သမားကြား တစ်ပတ်တစ်ကြိမ် အစည်းအဝေးပြုလုပ်ပေးရန် အပါအဝင် အချက် ၉ ချက်ကို တောင်းဆိုခဲ့ခြင်းဖြစ်သည်။

အဆိုပါတောင်းဆိုသည့်အချက်များအနက် လုပ်သက်နှစ်ကြေး တစ်နှစ်လျှင် နှစ်သောင်းနှုန်းပေးရန်၊ အထည်စံနှုန်း သတ်မှတ်ချက်ကို တစ်နာရီတစ်ခါ သတ်မှတ်ပေးရန်၊ လက်ရှိပေးနေသည့် အဆောင်နေဝန်ထမ်းများကို အတွင်း (သို့) အပြင်တွင် နေရာအတည်ပြန်ချထားပေးရန်ဆိုသည့် အချက်သုံးချက်များအတွက် ညှိနှိုင်းမှုမပြေလည်ခဲ့ခြင်းဖြစ်သည်။

ယင်းစက်ရုံက ကျွမ်းကျင်ကြေး၊ ရက်မှန်ကြေး အလုပ်ရှင်ဘက်ကပေးခြင်းမရှိသည့်အပြင် လုပ်သက် တစ်နှစ်ကို တစ်ထောင်နှုန်း သတ်မှတ်ထားပြီး လုပ်သက်လေးနှစ်အထက်ရှိသူများကိုလည်း ၄၀၀၀ နှုန်းသာ ပေးသောကြောင့် ဆန္ဒဖော်ထုတ်ရခြင်းဖြစ်ကြောင်း ဆန္ဒပြလုပ်သားများထံမှသိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ အလုပ်သမားများ တောင်းဆိုသည့် အချက် ၉ ချက်အနက် အချက် ၆ ချက်က သဘောတူညီမှုရရှိပြီးဖြစ်ကြောင်း အဆိုပါစက်ရုံမန်နေဂျာ ဦးသန့်ဇင်က ပြောကြားသည်။

"ကျန်အချက်တွေမှာ လုပ်သက်နှစ်ကြေး နှစ်သောင်းတောင်းတယ်။အဲဒါကို လုပ်ငန်းရှင်နဲ့အချေအတင် ဖြစ်နေတယ်။အထည်စံချိန်သတ်မှတ်ချက်တွေက ညှိနှိုင်းနေတုန်း၊ သံရုံးကို ပို့တယ်ဆိုတာတော့ သူတို့ရဲ့လုပ်ပိုင်ခွင့်ပဲလေ" ဟု ၎င်းက ဆိုသည်။

ဆန္ဒပြအလုပ်သမားများ ဂျပန်သံရုံးသို့ အကူညီတောင်းခံထားမှုနှင့်ပတ်သက်၍ သံရုံးမှ တာဝန်ရှိသူက "အလုပ်သမား သံအရာရှိခရီးထွက်နေပါတယ်။ သူပြန်လာမှ မေးမြန်းပေးပါ။ စာအဝင်အထွက် လက်ခံဌာနကိုလည်း မေးမြန်းပေးပါမယ်" ဟုဆိုသည်။

■ J-18

# အတင်းအကျပ်စေခိုင်းမှုများကြောင့် စိတ်ညစ်နေရကြောင်း Facebook ပေါ်တွင် ရေးသားခဲ့သူ ဒုရဲအုပ်တစ်ဦး အရေးယူခံရ

ရန်ကုန်၊ ဒီဇင်ဘာ ၅

မှုခင်းကြိုတင်ကာကွယ်ရေးအမှုများ ဖမ်းဆီးရခြင်းနှင့် ရဲတပ်သားသစ်များ စုဆောင်းခိုင်းခြင်းတို့ကြောင့် စိတ်ညစ်နေရကြောင်း လူမှုကွန်ရက်စာမျက်နှာ Facebook ပေါ် ရေးသားဖော်ပြခဲ့သည့်ဆိပ်ကမ်းမြို့မှ ရဲစခန်းက ဒုရဲအုပ်တစ်ဦးကို ရဲ စည်းကမ်းထိန်းသိမ်းရေးဥပဒေဖြင့် ဖမ်းဆီးအရေးယူထားကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရသည်။

ဖမ်းဆီးအရေးယူခံရသူမှာ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်စိုးဦးဖြစ်ပြီး အခြေခံရဲတပ်သားဘဝမှ ရဲအရာရှိတစ်ဦးဖြစ်လာသူတစ်ဦးဖြစ်ကြောင်း၊ ယခုအခါ ကော့မှူးမြို့နယ်တွင် မိသားစုနှင့်အတူ နေထိုင်ကာ ဆိပ်ကမ်းမြို့မှ ရဲစခန်းတွင် လွန်ခဲ့သော လေးနှစ်ခန့်ကစပြီး တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ကြောင်း၊ နယ်ထိန်းခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်နေစဉ် လွန်ခဲ့သော နှစ်ရက်ခန့်က ၎င်းအသုံးပြုသည့် လူမှုကွန်ရက်စာမျက်နှာ Facebook ပေါ်၌ ရဲတပ်သားသစ်စုဆောင်းပေးရန်၊ ကြိုတင်ကာကွယ်တားဆီးရေးအမှုများ ဖမ်းဆီးပေးရန် အတင်းအကျပ် ဖိအားပေးစေခိုင်းခံနေသဖြင့် စိတ်ညစ်နေ ကြောင်း ရေးသားဖော်ပြမိရာက ခရိုင်ရဲတပ်ဖွဲ့မှူး၏ အမိန့်ဖြင့် ဖမ်းဆီးချုပ်နှောင်ခံရခြင်းဖြစ်ကြောင်း ရဲအသိုင်းအဝိုင်းထံမှ စုံစမ်းသိရသည်။

"လွန်ခဲ့တဲ့နှစ်ရက်သုံးရက်လောက်ကဖြစ်တာ၊ အခုတော့ သူ့ရဲ့ပို့စ်ကို ဖျက်လိုက်ပြီ၊ စုံ/ခုံဖွဲ့ စစ်ဆေးနေတာဖြစ်လို့ ဘယ်လိုအရေးယူမလဲဆိုတာ မသိရသေးဘူး၊ ရဲတပ်ဖွဲ့ဝင်တွေက ဘာလုပ်လုပ်ကြောက်ရွံ့နေရတယ်၊ စိတ်ခံစားချက်ကို မိမိကိုယ်ပိုင်အကောင့်ပေါ်မှာလည်း မရေးရဲဘူး၊ လူကြီးသိအောင်လည်း ပြောမပြရဲဘူး၊ ဒါဘာတွေမှာ ပြောပါဆိုလို့ပြောရင် အငြိုးထားပြီး ချောင်ထိုးထားခံရမှာလဲကြောက်ရသေးတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရင်ဖွင့်ပြောကြားသည်။

ဖမ်းဆီးချုပ်နှောင်ခံရသူ ဒုရဲအုပ်စိုးဦးကဲ့သို့ပင် ပန်းတောင်းမြို့နယ်၊ ထုံးဘိုရဲစခန်းမှ ရဲအုပ်ဝင်းထွန်းနိုင်မှာ ၎င်းအသုံးပြုသည့်လူမှုကွန်ရက်စာမျက်နှာပေါ်တွင် အောက်တိုဘာလ ၁၇ ရက်နေ့က ACE ဟိုတယ်နှင့် ကုမ္ပဏီပိုင် အဆောက်အအုံများ၌ တွေ့ရှိခဲ့သည့် ကျည်ဆန်များသည် ငါးလောင်းပြိုင်လူသတ်မှုတွင် သက်သေအဖြစ် ကျန်ခဲ့သည့် ကျည်ဆန်ခွံများနှင့် အမျိုးအစားတူကြောင်း ရေးသားဖော်ပြမိခဲ့သဖြင့် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေဖြင့် အရေးယူခံခဲ့ရသည်။

■ J 16

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# ကျောက်ဖြူတွင် လိုင်စင်မဲ့စက်သုံးဆီဆိုင် ခြောက်ဆိုင်ကို ဖမ်းဆီး

ရန်ကုန်၊ ဒီဇင်ဘာ ၅

ကျောက်ဖြူမြို့နယ်တွင် ပြည်နယ် အစိုးရအဖွဲ့ ညွှန်ကြားချက်ကြောင့် လိုင်စင်မဲ့ရောင်းချသည့် စက်သုံးဆီဆိုင်များကို ဒီဇင်ဘာ ၁ ရက်မှစ၍ စီမံချက်ဖြင့် စစ်ဆေးအရေးယူလျက်ရှိရာ ယနေ့အထိ ဆိုင်ခြောက်ဆိုင်ကို ဖမ်းဆီးထားကြောင်း ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

ကျောက်ဖြူမြို့ပေါ်ရှိ ရပ်ကွက်များ၏ ၂၀၁၆ ခုနှစ် မီးလောင်မှုဖြစ်စဉ်များတွင် အဆိုပါတရားမဝင် စက်သုံးဆီဆိုင်များကြောင့် ထိခိုက်ပျက်စီးမှုကြီးမားခဲ့သဖြင့် ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ဖမ်းဆီး အရေးယူရန် ညွှန်ကြားခြင်းဖြစ်ကြောင်း ကျောက်ဖြူမြို့မရဲစခန်းမှူး ဒုရဲမှူးကျော်ဇော က ပြောကြားသည်။

"စီမံချက်လုပ်တာ ငါးရက်ရှိပြီ။ လောလောဆယ် လိုင်စင်မဲ့ဆီဆိုင် ၆ ဆိုင် ဖမ်းမိထားတယ်။ ဒီစီမံချက်မလုပ်ခင်က လိုင်စင်မဲ့ဆီဆိုင်တွေ မရောင်းဖို့ သတိပေးနှိုးဆော်ပြီးသားပါ" ဟု ၎င်းက ဆိုသည်။

အဆိုပါဖမ်းဆီးမိသော ဆိုင်များသည် ကျောက်ဖြူမြို့အရှေ့ပိုင်းနှင့် အနောက်ပိုင်း ရပ်ကွက်နှစ်ခုမှဖြစ်ပြီး ဒီဇယ်ဆီဂါလန် ၉၀ ကျော်အပါအဝင် ဓာတ်ဆီဂါလန် ၅၀ ခန့်နှင့် အင်ဂျင်ဝိုင် ၅ ဂါလန်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးထံမှ ဆက်လက်သိရသည်။

"မနှစ်က မြို့ပေါ်မှာ ပေါ့ဆမီးသုံးကြိမ်လောင်တယ်။ ဆီတွေ အိမ်တိုင်းနီးပါး သိုလှောင်ထားတော့ မီးလောင်ပျက်စီးမှုများခဲ့တယ်။ နောက်ပြီး လောင်စာဆီ ရောင်းတဲ့ဆိုင်ဆိုတာ မြို့ပြင်မှာ သီးသန့်ဖွင့်ရတယ်။ အခုက လူနေရပ်ကွက်ထဲမှာ ဖွင့်ကြတော့ အန္တရာယ်ကြီးတယ်" ဟု ကျောက်ဖြူမြို့နယ် ဒေသခံတစ်ဦးက ဆိုသည်။

ထိုသို့ လိုင်စင်မဲ့ဓာတ်ဆီနှင့် ဒီဇယ်ဆိုင်များ ဖွင့်လှစ်မှုကြောင့် ဖမ်းဆီးအရေးယူထားသော ဆိုင်ပိုင်ရှင်ခြောက်ဦးကိုယခုနှစ်အတွင်းက နည်းဥပဒေထွက်ရှိခဲ့သည့် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေပုဒ်မ ၁၇ ဖြင့် အမှုဖွင့် တရားစွဲဆိုရန် စီစဉ်နေကြောင်း ကျောက်ဖြူမြို့မ ရဲစခန်းထံမှ သိရသည်။

■ J-17



# မြေတန်ဖိုးသတ်မှတ်ချက် မြင့်မားမှုကြောင့် အစိုးရအနေနှင့် အခွန်ငွေနစ်နာ

**မန္တလေး၊ ဒီဇင်ဘာ ၅**

မန္တလေးမြို့တော်အတွင်းရှိ မြေကွက်များ အပါအဝင် အိမ်အရောင်းအဝယ်ပြုလုပ်ရာတွင် သတ်မှတ်ထားသောနှုန်းထားများ မြင့်မားနေ၍ အရောင်းဝယ်ပြုလုပ်နေသူများအနေနှင့် အခွန်ပေးဆောင်ခြင်းမပြုရသော နည်းလမ်းကို အသုံးပြုနေခြင်းကြောင့် နိုင်ငံတော်အစိုးရအနေနှင့် နစ်နာရကြောင်း ချမ်းမြသာစည်မြို့နယ် မဲဆန္ဒနယ်မြေအမှတ် (၁) မှ မန္တလေးတိုင်း လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်က ပြောကြားသည်။

“၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ မြေဈေးနှုန်းထား သတ်မှတ်ချက်က လျော့သွားပါတယ်။ လျော့သွားတယ်ဆိုပေမယ့်လည်း အမှန်တကယ် ပေါက်ဈေးထက်များနေတဲ့အပြင် ပြည်ထောင်စုအစိုးရက သတ်မှတ်တဲ့ အခွန်ကောက်ခံမှုနှုန်းကလည်း မြင့်မားနေတဲ့အတွက် မြေအရောင်းအဝယ်လုပ်ကြတဲ့နေရာမှာ တရားဝင်စာချုပ်စာတမ်းနဲ့ မှတ်ပုံမတင်ကြတော့ဘူး။ အရပ်ကတိစာချုပ်နဲ့ပဲ အရောင်းအဝယ် လုပ်နေကြပါတယ်။ အဲ့ဒီမှာ မြေအရောင်းအဝယ်က ရတဲ့အခွန်နဲ့ စာချုပ်ရောင်းချရမှုက ရတဲ့အခွန်ငွေ နည်းသွားပါတယ်” ဟု ၎င်းကပြောဆိုသည်။

ဒုတိယအကြိမ်မြောက် မန္တလေးတိုင်းလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကို ဒီဇင်ဘာလ ၅ ရက်နေ့က စတင်ကျင်းပခဲ့ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မြေအရောင်းအဝယ်အတွက် တန်ဖိုးနှုန်းထားသတ်မှတ်ချက်များကို ယခုထက်ပိုမို လျှော့ချပြင်ဆင်ပေးရန် အစီအစဉ်ရှိမရှိ ဟူသော မေးခွန်းရှင် ဦးတင်အောင်က အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ယခင်နှစ်များက ကျပ်သိန်းတစ်ထောင်တန်ဖိုးရှိ မြေကွက်အတွက် အခွန်ငွေသုံးရာခိုင်နှုန်းသာရှိခဲ့ပြီး ကျပ်သိန်း ၃၀ ခန့်သာ ပေးဆောင်ခဲ့ရသော်လည်း ယခုလက်ရှိတွင် မြေကွက်တန်ဖိုးကို ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိလျှော့ချခဲ့သော်လည်း အခွန်ငွေ တိုးကောက်မှုကြောင့် ကျပ်သိန်း ၁၅၀ ခန့်အထိ ပေးဆောင်နေရကြောင်း၊ ယင်းသို့ အခွန်နှုန်းထား တိုးမြှင့်လိုက်ခြင်းကြောင့် မြေအရောင်းအဝယ်ပြုလုပ်သူများက အရောင်းအဝယ်စာချုပ်များကို တရားဝင်မှတ်ပုံတင်ခြင်း မပြုတော့ကြောင်း ၎င်းက လွှတ်တော်သို့ တင်ပြခဲ့သည်။



ဓာတ်ပုံ-မောင်သန့်

မန္တလေးမြို့တော်၌ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်တွင် အိမ်၊ ခြံ၊ မြေအရောင်းအဝယ်စာချုပ် ၁၆၀၃ ခု၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စာချုပ် ၂၈၁၀ စောင်အထိ တရားဝင်စာချုပ်များဖြင့် မြေဝယ်သူများက မှတ်ပုံတင်ခဲ့ကြသော်လည်း ၂၀၁၇ ခုနှစ် နှစ်စမှ ယခုလအထိ တရားဝင်စာချုပ်ချုပ်ဆိုမှု ၆၂ ခုသာရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်က ထောက်ပြသည်။

လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်၏ မေးမြန်းချက်များနှင့်ပတ်သက်၍ မန္တလေးတိုင်းအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူက “ယခုနှစ်ရဲ့ အိမ်၊ ခြံ၊ မြေ စံနှုန်းသတ်မှတ်ချက်များ တိုးမြှင့်ထားခြင်းမရှိပါဘူး။ လျော့နည်းမှုသာရှိနေပါတယ်။ အိမ် ၊ ခြံ၊ မြေ ကာလတန်ဖိုး သတ်မှတ်ခြင်းဆိုတဲ့နေရာမှာ တန်ဖိုးသတ်မှတ်ရတဲ့ကာလရဲ့ စံနှုန်းသတ်မှတ်ချက်အတိုင်း တန်ဖိုး သတ်မှတ်ရတာဖြစ်တဲ့အတွက် အခုလိုကွာဟနေတယ်ဆိုတာ လွန်ခဲ့တဲ့ လေးငါးနှစ်ကဝယ်ယူခဲ့တဲ့ဈေးနှုန်းတွေနဲ့ ကွာဟနေတာဖြစ်ပါတယ်” ဟု ဖြေကြားခဲ့သည်။

မြေဝယ်သူများအနေနှင့် မြေပြင်တွင် လက်တွေ့ရောင်းချနေသည့် ပေါက်ဈေးထက် စာချုပ်ထဲတွင် ပိုမိုထည့်သွင်းချုပ်ဆိုကြသည့်အတွက် အခွန်နှုန်းထားများပြားသွားခြင်းဖြစ်ကြောင်း၊ မြေပြင်တွင် ကျပ်သိန်း ၃၈၁၀ ဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့သော်လည်း စာချုပ်တွင် ကျပ်သိန်း ၄၅၀၀ ဟု ချုပ်ဆိုထားသည့်အတွက် စာချုပ်ပါအတိုင်း အခွန်ကောက်ယူရခြင်းဖြစ်၍ မြေပြင်ပေါက်ဈေးထက် အခွန်ငွေများပြားသွားခြင်း ဖြစ်ကြောင်း ဝန်ကြီးက ထပ်လောင်းပြောကြားသည်။

“ခုလက်ရှိ ဘတ်ဂျက်လမတိုင်ခင် လုပ်ထားတဲ့နှုန်းက သုံးဆယ်ရာခိုင်နှုန်းလောက်အထိ ဈေးကျသွားတယ်။ အပြင်မှာ သိန်းတစ်ရာလောက် ပေါက်တယ်ဆိုရင် အရောင်းအဝယ်က ၇၀ လောက်နဲ့ပဲဖြစ်တော့တယ်။ ဈေးကွက်ကလည်း အရမ်းကိုအေးနေပါတယ်။

မဖြစ်မနေဝယ်ရမယ့်သူကပဲ မြေဝယ်တော့တယ်။ မြေဈေးက အရမ်းကိုကျသွားတယ်။ အစိုးရအပြောင်းအလဲမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဝင်လာမယ်လို့ မျှော်မှန်းထားပေမယ့် ဝင်မလာတော့ တော်တော်ခက်သွားတယ်” ဟုရွှေမန္တလေး အိမ်၊ခြံမြေအကျိုးတော်ဆောင်လုပ်ငန်းမှ အုပ်ချုပ်မှု ဒါရိုက်တာ ဦးနေလင်းအောင်က ပြောဆိုသည်။

လက်ရှိတွင် မြေဝယ်သူများအနေနှင့် အခွန်ဆောင်ခြင်းမရှိတော့ဘဲ ကိုယ်စားလှယ်လွှဲစာများဖြင့်သာ အရောင်းအဝယ် လုပ်နေကြပြီး အမည်ပေါက်လျှောက်ထားခြင်းမပြုတော့ကြောင်း၊ ကာလပေါက်ဈေးနှင့် အရောင်းအဝယ်ဖြစ်သည့်ဈေး ကွာခြားနေသော်လည်း အခွန်ဆောင်ရာတွင် ပေါက်ဈေးအတိုင်း ပေးဆောင်ရမည်ဖြစ်၍ ဝယ်သူများက အခွန်မဆောင်ကြခြင်းဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

“မဖြစ်အနေ အမည်ပေါက် လုပ်ချင်တဲ့သူကတော့ အခွန်ဆောင်တယ်။ ရောင်းတဲ့လူက ပါဝါလွှဲတယ်။ အရပ်ကတိတွေချုပ်တယ်။ လက်ရောက်ယူတယ်။ ဒီလိုနည်းတွေနဲ့ ရောင်းကြတယ်။ အဲဒီလိုရောင်းတဲ့သူ ဘယ်လောက်ရှိလဲဆိုရင် လူတစ်ရာမှာ ၇၀ လောက်အထိ ရှိနေတယ်။ ကျွန်တော်တို့ အကျိုးဆောင်အဖွဲ့တွေအနေနဲ့ဝယ်တဲ့သူတွေကိုအခွန်ဆောင်ဖို့တိုက်တွန်းချင်ပါတယ်။ အမည်ပေါက်မပြောင်းဘဲ ကိုယ်စားလှယ်လွှဲစာနဲ့ဆိုရင် အခွန်ရှောင်တာထက်ဆိုးတဲ့ပြဿနာတွေ ဖြစ်လာနိုင်ပါတယ်” ဟု ဦးနေလင်းအောင်က ထပ်လောင်းပြောကြားသည်။ ■

**M-04**

# NEWS IN BRIEF

## မင်းခြံမြို့ရှိ တည်းခိုခန်းတစ်ခု ဝါယာရှော့ဖြစ်ရာမှ မီးလောင်

မြင်းခြံမြို့ကန်ဦးရပ်ကွက် ကားကြီးကွင်းအနီး ပြန်လည်မွမ်းမံနေသော တည်းခိုခန်းတစ်ခု ဒီဇင်ဘာလ ၅ ရက်နေ့ နံနက်အစောပိုင်းက ဝါယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ခဲ့ကြောင်း မြင်းခြံခရိုင် မီးသတ်ဦးစီးဌာနနှင့် ဒေသခံများထံမှ သိရသည်။

ရွှေပဒေသာတည်းခိုခန်း စတုတ္ထထပ်တွင် ဘုရားမီးပူဇော်ထားသော ဝါယာကြိုးရှော့ဖြစ်ကာ ဒီဇင်ဘာလ ၅ ရက်နေ့ နံနက် ၄ နာရီခန့်အချိန်တွင် မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ဒေသခံများအပါအဝင် မီးသတ်ယာဉ်ခြောက်စီးဖြင့် ငြှိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှု တန်ဖိုးအနေနှင့် ကျပ်သိန်း ၂၀ ရှိကြောင်း မှုခင်းမှတ်တမ်းအရ သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အသက် ၂၁ နှစ်အရွယ်ရှိ တည်းခိုခန်းမန်နေဂျာ ဦးရဲမင်းထွဋ်ကို နယ်မြေခံ မြို့မရဲစခန်း က (ပ) ၅၈/၂၀၁၇ ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်စစ်ဆေးနေကြောင်း ယင်းရဲစခန်းထံမှ သိရသည်။

**R-01**

## မြစ်ငယ်တွင် ကျပ်သိန်းတစ်ရာကျော်ဖိုး မူးယစ်ဆေးများဖမ်းမိ

အမရပူရမြို့နယ် မြစ်ငယ်မြို့ရှိ လက်ဖက်ရည်ဆိုင်သို့လာသူနှစ်ဦးထံမှ ကျပ်သိန်းတစ်ရာကျော်တန်ဖိုးရှိ မူးယစ်ဆေးများ ဒီဇင်ဘာလ ၃ ရက်နေ့ နံနက် ၁၀ နာရီခွဲခန့်အချိန်က ဖမ်းဆီးရမိခဲ့ကြောင်း မန္တလေးတိုင်းရဲတပ်ဖွဲ့ထံမှသိရသည်။

ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာသောၚင်းတို့က ပုသိမ်ကြီးမြို့နယ်အတွင်းမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သည့်အတွက် သွားရောက် ဖမ်းဆီးရာတွင်လည်း ကျပ်သိန်းလေးဆယ်ကျော်တန်ဖိုးရှိ မူးယစ်ဆေးများ ထပ်မံဖမ်းဆီးနိုင်ခဲ့ကြောင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ခွဲ (တောင်ပိုင်း) မှ အရာရှိတစ်ဦးက ပြောကြားသည်။

မြစ်ငယ်တွင် ဖမ်းဆီးရမိခဲ့သည့် အသက် ၃၀ အရွယ်ရှိ အောင်အောင်နှင့် အသက် ၂၉ နှစ်အရွယ်ရှိ တိုးတိုးဝင်းတို့ထံမှ ၈၈/၁ စာတန်းပါ စိတ်ကြွဆေး ၂၀၀၅ ပြား (တန်ဖိုး ၁၀,၀၂၅,၀၀၀ ကျပ်) ဖမ်းဆီးနိုင်ခဲ့ပြီး ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာမှ အသက် ၃၃ နှစ်အရွယ်ရှိ အေးမင်းထွန်း (ခ) ကုလားကြီးထံမှ စိတ်ကြွဆေးပြား ၅၃၀ (တန်ဖိုး ၂၆၅၀,၀၀၀ ကျပ်) နှင့် စိတ်ကြွဆေး အမှုန့်အကြေအခဲရောရာ ၂၈ ဂရမ် (တန်ဖိုး ၁,၄၀၀,၀၀၀ ကျပ်) တို့ ဖမ်းဆီးရမိခဲ့ကြောင်း မူးယစ်တပ်ဖွဲ့၏ စာရင်းများအရသိရသည်။

ယင်းသို့ မူးယစ်ဆေးများလက်ဝယ်တွေ့ရှိခဲ့သည့် အောင်အောင်နှင့် တိုးတိုးဝင်းတို့ကို မြစ်ငယ်နယ်မြေရဲစခန်းက မယ(ပ) ၁၂/၂၀၁၇ မူး/စိတ် ပုဒ်မ ၁၅/၁၉(က)/၂၁ တို့ဖြင့်ဖမ်းဆီးထားပြီး အေးမင်းထွန်းအပါအဝင် ၎င်း၏အိမ်တွင်ရှိနေသည့် အမျိုးသားနှစ်ဦးတို့ကို အုန်းချောနယ်မြေရဲစခန်းက မယ (ပ)၇၃/၂၀၁၇ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)/၂၁ တို့ဖြင့် အမှုဖွင့်ဖမ်းဆီးထားကြောင်း ယင်းရဲစခန်းများထံမှ သိရသည်။

**M-04**

**စာ - 8 “အပြောင်းအလဲနောက်ကွယ်က အိမ်ရှင်မတို့ မျှော်လင့်ချက်” မှ အဆက်**

သို့သော် ဂေါတမဘုရားရှင်လည်း ကယ်တင်နိုင်မည်မထင်။ စားဝတ်နေရေးအတွက်အပူ၊ ကလေးရေးအတွက်အပူ၊ အပူ၊ အပူများနှင့်ဘဝဖြစ်သည်။

ဘဝ၏ပူပင်သောကများကြားတွင်အိုအေစစ်နေ့ရက်များလည်းရှိသည်။ လစာထုတ်ရက် ကနဦးနေ့ရက်များဖြစ်သည်။

“ပျော်စရာကောင်းတဲ့ အချိန်တွေလည်းရှိတာပေါ့။ လစာထုတ်တဲ့အခါကျရင် သူက (ကိုဝင်းဦး) ဆိုင်တွေမှာ လိုက်ကျွေးတယ်။ ပျော်တာပေါ့။ ပါရမီ ဖြည့်တာပေါ့။ မရှိအတူတူ ရှိအတူတူပေါ့” ဟု ကိုဝင်းဦးကိုကြည့်ရင်း ပြုံးတုန့်တုန့်ဖြင့်ဆိုသည်။

ကိုဝင်းဦးကတော့ ကွမ်းကိုသာဖိဝါးနေသည်။ ဈေးဝယ်ထွက်တိုင်း ပါလာသည့်ပိုက်ဆံဖြင့် ချင့်ချိန်ဝယ်ရသည့်ဘဝကို မမြင့်မြင့်သူ မလိုချင်။ ခင်ပွန်းကို လက်ဖက်သုပ်ဖြင့် ကျွေးရသည့်ဘဝကို မမြင့်မြင့်သူမုန်းသည်။

“တော်သေးတယ်။ ယောကျ်ားက ဟင်းကောင်းမမက်လို့။ တစ်ခါတစ်ရံတော့လည်း သူစားချင်တာလေး ချက်ကျွေးရတာပေါ့။ တစ်ခါတစ်ရံလည်း လက်ဖက်သုပ်နဲ့ပြီးရတာပါပဲ။ သူကလက်ဖက်သုပ်ကြိုက်တယ်” ဟု ခပ်လေးလေး ပြောသည်။

ဘဝတွင်ကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်ခြံဖြင့်နေချင်သည်။ သားကိုကျောင်းကောင်းကောင်းမှာထားချင်သည်ဟုဆိုလာသူ မမြင့်မြင့်သူ၏ မျှော်လင့်ချက်များ ဘယ်တော့ပြည့်မည်မသိ။ ■

**မြတ်မင်း**



ဓာတ်ပုံ-မြတ်မင်း

စားသုံးသူအကာအကွယ်ပေးရေးဥပဒေကြမ်းနှင့်ပတ်သက်၍ အထက်မြန်မာပြည်စားသုံးသူပညာပေးရေးကွန်ရက်မှ ဦးဆောင်သူ ဒေါ်ချောစုလှိုင် ရှင်းလင်းပြောကြားနေစဉ်

# စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့်ပတ်သက်၍ ပြင်ဆင်သင့်သည်များကို ပြည်ထောင်စုလွှတ်တော်တင်မည်

**မန္တလေး၊ ဒီဇင်ဘာ ၅**

အထက်မြန်မာပြည်ရှိ အဖွဲ့အစည်း ပေါင်း ၃၀ ခန့်က သဘောတူညီထားသည့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့် ပတ်သက်သည့် လေ့လာပြင်ဆင်သင့်သည်များကို ပြည်ထောင်စု လွှတ်တော်သို့ လာမည့်နှစ် ဇန်နဝါရီလအတွင်း တင်ပြမည်ဖြစ်ကြောင်း အထက်မြန်မာပြည် စားသုံးသူပညာပေးရေးကွန်ရက်ထံမှသိရသည်။

ပြည်ထောင်စုလွှတ်တော်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကြမ်းကို ၂၀၁၇ ခုနှစ် အောက်တိုဘာလ အတွင်းထုတ်ပြန်ခဲ့ရာ ယင်းဥပဒေကြမ်းကို မြန်မာနိုင်ငံစားသုံးသူပညာပေးရေး ကွန်ရက်က လေ့လာသုံးသပ်မှုများ ပြုလုပ်ခဲ့သည်ဟု အထက်မြန်မာပြည် စားသုံးသူ ပညာပေးရေးကွန်ရက်မှ ဦးဆောင်သူ ဒေါ်ချောစုလှိုင်က ပြောကြားသည်။

"ဒီဥပဒေကြမ်းနဲ့ ပတ်သက်ပြီး ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ သုံးသပ်အကြံပြုချက်တွေကို တင်သွင်းလို့ရတယ်ဆိုပြီး ဖိတ်ခေါ်ထားတယ်။ ဒါနဲ့ ပတ်သက်ပြီး စားသုံးသူတွေအပေါ်မှာ တရားမျှတမှုရှိရဲ့လား။ အားသာချက် အားနည်းချက်တွေကို လေ့လာသုံးသပ်ခဲ့တယ်။ ကွန်ရက်အနေနဲ့ ဥပဒေပညာရှင်တွေကို ဖိတ်ခေါ်တယ်။ စားသုံးသူအရေး လုပ်ဆောင်နေတဲ့ အဖွဲ့အစည်းတွေကိုဖိတ်ပြီး တော့ ဒီဥပဒေရဲ့ အားသာချက်၊ အားနည်းချက်တွေကို နှစ်ရက်တိတိဆွေးနွေးခဲ့တယ်" ဟု ၎င်းကပြောဆိုသည်။

လေ့လာသုံးသပ်မှုများကို မြန်မာနိုင်ငံ ရှေ့နေများကွန်ရက်၊ အထက်မြန်မာပြည် စားသုံးသူပညာပေးရေးကွန်ရက်၊ မန္တလေးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ လီဆူ ဓမ္မတက္ကသိုလ်၊ ရှမ်းပြည်တောင်ပိုင်း စားသုံးသူပညာပေးရေးအဖွဲ့၊ ရှမ်းသတင်း အေဂျင်စီ၊ ဂိုင်ယာအဖွဲ့နှင့် ဥပဒေပညာရှင်များက လေ့လာသုံးသပ်မှုများ ပြုလုပ်ခဲ့ကြောင်း၊ လေ့လာသုံးသပ်မှုများအရ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကြမ်းတွင် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရမည့်အချက်ပေါင်း ၄၇ ချက် တွေ့ရှိခဲ့ကြောင်း အထက်မြန်မာပြည် စားသုံးသူပညာပေးရေးကွန်ရက်ထံမှ သိရသည်။

"ရှိထားတဲ့အပေါ်မှာ ပြန်ပြီတော့ ပိုပြီးပြည့်စုံတဲ့၊ ထိရောက်ကောင်းမွန်တဲ့ ဥပဒေဖြစ်လာဖို့ အရေးဆိုတာ တောင်းဆိုတာတွေလုပ်ရမယ်။ ဒီဥပဒေတွေကို စားသုံးသူတွေကိုယ်တိုင်လည်း သိသင့်တယ်။ တော်တော်များများက လက်လှမ်းမမီတာတွေရှိတယ်။ မမြင်ကြတာတွေရှိတယ်။ သတင်းစာထဲပါသွားတယ်။ သို့သော်လည်း မမြင်လိုက်တာတွေရှိတယ်။ ကျွန်မတို့စားသုံးသူတွေမှာ အခွင့်အရေးဆိုတာ ရှိတယ်။ ဘာတွေရသင့်တယ်။ ဘာတွေကို ကိုယ်တိုင်ကာကွယ်နိုင်မလဲဆိုတာတွေကို ပြည်သူတွေအနေနဲ့ သိသင့်တယ်" ဟု ဂိုင်ယာအဖွဲ့မှ မန္တလေးနှင့် ရှမ်းမြောက် ဧရိယာတာဝန်ခံ ဒေါ်သင်းသင်းအေးက ပြောကြားသည်။

ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရမည့် အချက် ၄၇ ချက်ကို မန္တလေးတိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် မွန်ပြည်တို့ရှိ အဖွဲ့အစည်းပေါင်း ၃၀ က သဘောတူခဲ့ကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့် ပတ်သက်သည့် လေ့လာပြင်ဆင်သင့်သည်များကို လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့်ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့မည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကြမ်းတွင် အခန်းပေါင်း ၂၆ ခန်းနှင့် ပုဒ်မပေါင်း ၈၀ ကျော်ပါဝင်သည်။ ■ M-05

# မန္တလေးမြို့တော်စည်ပင်သန့်ရှင်းသာယာရေး ဘတ်ဂျက်ငွေ ခွဲဝေထောက်ပံ့ရန်လိုအပ်

**မန္တလေး၊ ဒီဇင်ဘာ ၅**

မန္တလေးမြို့တော်ကို သန့်ရှင်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သောမြို့ (Clean City, Green City, Smart City) ဖြစ်စေရန် ဆောင်ရွက်နေသည့် မြို့တော်စည်ပင်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနှင့် ဘတ်ဂျက်ငွေ ပိုမိုခွဲဝေထောက်ပံ့ပေးရန် လိုကြောင်း ပြည်ကြီးတံခွန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မောင်မောင်က ပြောကြားသည်။

"မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ထောက်ပံ့ငွေနဲ့ ပြည်ထောင်စုအစိုးရရဲ့ ထောက်ပံ့ငွေမရဘူး။ စည်ပင်နယ်နိမိတ်ထဲက မြို့နယ်ခြောက်ခုကနေ ကောက်ခံရရှိတဲ့ ပြည်သူတွေရဲ့ ငွေကြေးတွေနဲ့ပဲ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ရတယ်။ အဲဒါတွေနဲ့ မလုံလောက်ဘူး။ လမ်းတွေ၊ တံတားတွေ လုပ်ရမှာတွေအပါအဝင် ဆောင်ရွက်ရမယ့် လုပ်ငန်းအစီအစဉ်တွေများတဲ့အတွက် တိုင်းအစိုးရအဖွဲ့က ကူညီအားပေးတဲ့အနေနဲ့ ထောက်ပံ့ပေးနိုင်မှ မန္တလေးမြို့တော်က လျင်မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်မှာဖြစ်တယ်" ဟု ၎င်းကပြောဆိုသည်။

ပြည်ကြီးတံခွန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မောင်မောင်က "မန္တလေးမြို့အား Clean City, Green City, Smart City ဖြစ်အောင် ဆောင်ရွက်နေသော မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ မြို့ပြဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ယခုထက်ပိုမို တိုးတက်စေရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လုံလောက်သော ဘတ်ဂျက်များဖြင့်ခွဲဝေထောက်ပံ့ကူညီဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိသိလိုကြောင်း မေးမြန်းရာတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"အခု စည်ပင်နယ်နိမိတ်ထဲမှာ ရှိတဲ့ မြို့နယ်ခြောက်ခုမှာ စည်ပင်အနေနဲ့ ဘတ်ဂျက်ကိုရာနှုန်းပြည့်လျာထားသုံးစွဲနေပေမယ့် လုံလောက်တဲ့ အနေအထားတစ်ရပ် ပြည့်မီအောင်မလုပ်နိုင်သေးဘူး။ လိုအပ်ချက်နဲ့ ဘတ်ဂျက်က မမျှတော့ ကျောက်ချောလမ်း အဆင့်မရောက်သေးတဲ့ မြို့တွင်းလမ်းတွေကအများကြီးကျန်နေသေးတယ်" ဟု ၎င်းကထောက်ပြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေနှင့် မြို့တွင်းမြို့နယ်မှ ရရှိသော အခွန်အခများဖြင့် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသော်လည်း လူဦးရေ သိပ်သည်းလာသည့်အတွက် အမှိုက်ထွက်ရှိမှုနှင့် ညစ်ညမ်းမှုတို့ကြောင့် လူထုကျန်းမာရေးအတွက် စိန်ခေါ်မှုများ၊ မြို့တွင်းမှထွက်ရှိသော အိမ်သုံးစွန့်ပစ်ရေဆိုးများနှင့် စက်ရုံ၊ အလုပ်ရုံထွက် ရေဆိုးများကို ရေဆိုးပြင်းအား BOD တန်ဖိုး ၅၀ ရာခိုင်နှုန်းအထိ လျှော့ချရေးလုပ်ငန်းများ၊ မိုးရာသီမြို့အတွင်း ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ရန် ရေဆိုးမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဘတ်ဂျက်ငွေ လိုအပ်နေသေးကြောင်း မန္တလေးတိုင်းအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူက လွှတ်တော်တွင် ဖြေကြားခဲ့သည်။

"၂၀၁၇ ခုနှစ် ဧပြီလကနေ စက်တင်ဘာလအထိ ခြောက်လအတွင်းမှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ မြို့ပြဆိုင်ရာ ဖွံ့ဖြိုးရေး လုပ်ငန်းတွေ ပိုမိုတိုးတက်စေဖို့အတွက် လုပ်ငန်းသုံး ယန္တရားများဝယ်ယူဖို့၊ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့ အစရှိတဲ့လုပ်ငန်းတွေအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီခေါင်းစဉ်နဲ့ မန္တလေးတိုင်း အစိုးရအဖွဲ့က အသုံးစရိတ်တွေ ခွဲဝေထောက်ပံ့ ပေးထားပါတယ်" ဟု ၎င်းကရှင်းပြသည်။

မန္တလေးမြို့၏ ဧရိယာအကျယ်အဝန်းသည် ၁၂၁ ဒသမ ၉၅ စတုရန်းမိုင်ရှိပြီး အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အမရပူရစသည့်မြို့နယ်ခြောက်ခုဖြင့် ဖွဲ့စည်းထားကာ လူဦးရေ ၁ ဒသမ ၂၅ သန်း နေထိုင်လျက်ရှိကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ စာရင်းဇယားများအရ သိရသည်။

■

M-04

# မန္တလေးကျောက်ဝိုင်း ကျောက်အတုရောင်းချသည့် ဆယ်ကျော်သက်များဖမ်းမိ

**မန္တလေး၊ ဒီဇင်ဘာ ၅**

မန္တလေးမြို့တော်၏ ကျောက်စိမ်းဈေးဖြစ်သော မဟာအောင်မြေ ကျောက်မျက်ရတနာရောင်းဝယ်ရေး စခန်းအတွင်း ကျောက်အတုများ ရောင်းချနေသည့် ဆယ်ကျော်သက်လူငယ်သုံးဦးကို ဖမ်းမိ၍ ရောင်းချခိုင်းသူကို ဖမ်းဆီးရမိရေး ရှာဖွေနေကြောင်း ကျောက်မျက်အကျိုးတော်ဆောင် ကော်မတီရုံးထံမှ သိရသည်။

"လောလောဆယ် ကျောက်အတုတွေ လိုက်ရောင်းနေတဲ့သူတွေကို ဖမ်းမိထားတယ်။ ၁၄၊ ၁၅ နှစ်အရွယ် အသက်မပြည့်တဲ့သူတွေဆိုတော့ မိဘတွေကိုခေါ်ပြီး ခံဝန်ကတိနဲ့ လက်မှတ်ထိုးခိုင်းထားတယ်။ အဲဒီလူငယ်တွေက ကျောက်အကြောင်းနားမလည်ဘူး။ ကျောက်ကိုကြည့်ပြီး အတုမှန်း၊ အစစ်မှန်းမသိဘူး။ အဲဒီတော့ကျောက်ပေးလိုက်တဲ့သူကို လိုက်ဖမ်းနေတယ်။ တစ်စတစ်စနဲ့ ပေါ်လာတော့မှာပါ" ဟု မဟာအောင်မြေ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်း အကျိုးတော်ဆောင်ကော်မတီဥက္ကဋ္ဌဦးသန်းဝင်းက ပြောကြားသည်။

တန်ဖိုးကြီးကျောက်စိမ်းများထွက်ရှိရာ မြန်မာနိုင်ငံတွင် ကျောက်အတုများ ရောင်းနေခြင်းသည် နိုင်ငံနှင့် လူမျိုးအတွက် ရှက်ဖွယ်ရာ အပြုအမူတစ်ခုဖြစ်ကြောင်း၊ ကျောက်ဝိုင်းအတွင်း မှုခင်းဖြစ်ပွားမှုများ ကျဆင်းရေးအတွက် ရည်ရွယ်ကာ ယခုကဲ့သို့ လုပ်ဆောင်ခြင်းဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

ကျောက်တုများ ရောင်းချမှုများအပါအဝင် ခိုးယူမှုများ၊ ကျောက်သမားအချင်းချင်းရောင်းမှား၊ ဝယ်မှားဖြစ်ပွားမှုများကို ဖြေရှင်းနိုင်ရန် ကျောက်ဝိုင်းအကျိုးတော်ဆောင်ကော်မတီအပါအဝင် အမှတ် (၇) နယ်မြေရဲစခန်းနှင့် စည်ပင်သာယာရဲတပ်ဖွဲ့တို့ ပူးပေါင်း ဆောင်ရွက်နေခြင်းဖြစ်သည်။

ဒီဇင်ဘာ ၂ ရက်နေ့က မဟာအောင်မြေ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်း လက်ကောက်ဝိုင်းတွင် ပျောက်ဆုံးသွားသည့် ကျောက်များနှင့် ပတ်သက်၍ ခိုးယူသွားသူကို ဖမ်းဆီးရမိထားပြီး ရဲစခန်းတွင် အမှုဖွင့်ထားကြောင်း၊ ကျောက်တုရောင်းချမှုကြောင့် ဖမ်းဆီးထိန်းသိမ်းခံရသည့် လူငယ်သုံးဦးကိုမူ ၎င်းတို့မိဘများထံ ခံဝန်ကတိဖြင့် ပြန်လွှတ်ပေးခဲ့ကြောင်း မဟာအောင်မြေ ကျောက်မျက် အကျိုးတော်ဆောင် ကော်မတီရုံးထံမှ ထပ်မံသိရသည်။ ■ M-04

# ရန်ကုန်ဆေးရုံကြီးအနီး ကျူးကျော် လမ်းဘေးဈေးသည် လေးဆယ်ခန့်ကို ဖယ်ရှား

ရန်ကုန်၊ ဒီဇင်ဘာ ၅

ရန်ကုန်ဆေးရုံကြီး အရေးပေါ်ကုသရေးဌာနနှင့် ဆေးရုံကြီးဝင်ပေါက်များတွင် ကျူးကျော်ရောင်းချလျက်ရှိသည့် လမ်းဘေးဈေးသည် လေးဆယ်ခန့်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးဌာနနှင့် ပူးပေါင်း၍ ဒီဇင်ဘာလ ၄ ရက်နေ့၊ နံနက်ပိုင်းတွင် ရှင်းလင်းဖယ်ရှားခဲ့ကြောင်း ယင်းဆေးရုံကြီး၏အုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

"လမ်းဘေးပလက်ဖောင်းနဲ့ ဝင်ပေါက်တွေကိုပိတ်ဆို့ပြီး ရောင်းတော့ ဆေးဝါးကုသတဲ့လူနာတွေအတွက် အများကြီး အနှောင့်အယှက်ဖြစ်ရတယ်။ ဒီအပြင် ဆေးရုံရဲ့အင်္ဂါရပ်နဲ့လည်း မညီတော့ဘူး။ အခု ရှင်းလင်းဖယ်ရှားတာက ပညာပေးသဘောဆိုပေမယ့် ဒါကိုမလိုက်နာဘဲ ထပ်ရောင်းနေမယ်ဆိုရင် ဥပဒေအရ အရေးယူတော့မယ်"ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့မှ အကြီးတန်းတာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဆေးရုံကြီး၏ ပလက်ဖောင်းတစ်လျှောက်တွင်ရှိသော ကျူးကျော်လမ်းဘေးဈေးသည်များတွင် ထမင်းဟင်း ရောင်းချသည့်ဈေးသည်များ အများဆုံးပါဝင်ပြီး ယခုကဲ့သို့တားမြစ်မှုကို ဖောက်ဖျက်၍ ဆက်လက်ရောင်းချမှုများ ပြုလုပ်နေမည်ဆိုပါက စည်ပင်သာယာဥပဒေအရ တရားစွဲဆိုရင် စီစဉ်ထားကြောင်း သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ခုတင်နှစ်ထောင်ဆံ့ဆေးရုံကြီးအဖြစ် ပြောင်းလဲတိုးချဲ့ထားသည်နှင့်အညီ နေ့စဉ် ဆေးရုံတက်ရောက်ကုသသော ပုံမှန်လူနာဦးရေမှာ ၈၀၀ ဦးမှ ၁၀၀၀ ဦးကြားရှိပြီး လူအဝင်အထွက်များပြားသဖြင့် ဆေးရုံတက်ရောက်သူလူနာများအတွက် လမ်းဘေးဈေးသည်များက စိတ်အနှောင့်အယှက်ဖြစ်ကြောင်း ထိုဆေးရုံကြီးထံမှ သိရသည်။

"မနှစ်ကလည်း ရှင်းဖူးတယ်။ ဒါပေမဲ့ ခဏပဲ။ ပြီးတော့ ပြန်ရောင်းကြတာပါပဲ။ ဒီတစ်ခါက်တော့မရတော့ဘူး။ မလိုက်နာရင်တော့ ဥပဒေအတိုင်းပဲ"ဟု အဆိုပါဈေးသည်များကို ရှင်းလင်းရာတွင် ပါဝင်သည့်စည်ပင်ဝန်ထမ်းတစ်ဦးက ဆိုသည်။

ဒီဇင်ဘာ ၄ ရက်နေ့က ဆေးရုံကြီးလုံခြုံရေးအဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့များမှ ရှင်းလင်းပြီးစီးခဲ့သော ယင်းဆေးရုံကြီးအနီးတစ်ဝိုက်ဖြစ်သည့် ဗိုလ်ချုပ်လမ်းတစ်လျှောက်နှင့် လသာလမ်းတစ်လျှောက်တွင် ပြန်လည်ခင်းကျင်းရောင်းချခြင်းများ မပြုလုပ်ရန် စောင့်ကြည့်စစ်ဆေးနေကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဌာနမှ သိရသည်။ ■ J-17

# ဦးခေါင်းဒဏ်ရာရရှိခဲ့သည့် မီးသတ်အရာရှိ တစ်လခွဲခန့်ကြာသည်အထိ သတိမရသေး

ရန်ကုန်၊ ဒီဇင်ဘာ ၅

ကန်တော်ကြီးပဲလေ့စ်ဟိုတယ် မီးလောင်မှုတွင် ဦးခေါင်းဒဏ်ရာရရှိခဲ့သူ ရွှေပြည်သာမြို့နယ် မီးသတ်ဦးစီးမှူးသည် တစ်လခွဲခန့်ကြာသည်အထိ သတိမရသေးကြောင်း ရွှေပြည်သာမြို့နယ် မီးသတ်တပ်စုမှူး ဦးတင်လင်းဦးက ပြောကြားသည်။

"မျက်စိတစ်ခါတလေ ပွင့်လာတာရှိတယ်။ ပါးစပ်က ဟစိဟစိဖြစ်လာတာတွေရှိတယ်။ သတိတော့ မရသေးဘူး။ ဆရာဝန်ကြီးတွေကတော့ အခြေအနေကောင်းတယ် စောင့်ကြည့်ရဦးမယ်လို့ ပြောတယ်" ဟု အနီးကပ်စောင့်ရှောက်နေသူတစ်ဦးဖြစ်သည့် ဦးတင်လင်းဦးက ဆိုသည်။

အောက်တိုဘာလ ၁၉ ရက် နံနက်ပိုင်းက ကန်တော်ကြီးပဲလေ့စ်ဟိုတယ် မီးလောင်မှုတွင် ရွှေပြည်သာမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်စွာလင်း (အသက် ၃၄ နှစ်)သည် မီးငြိမ်းသတ်စဉ် ခေါင်းပေါ်သို့ ပေ ၂၀ ခန့်အမြင့်မှ သစ်သားတန်း ပြုတ်ကျ၍ သတိမေ့သွားသောကြောင့် ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူခဲ့ခြင်း ဖြစ်သည်။

"ကုသမှုက အချိန်ယူပြီး ကုသရမယ်လို့ သိထားပါတယ်။ လက်ရှိမှာတော့ အနီးကပ်စောင့်ရှောက်မှုတွေ ဆက်လုပ်နေပါတယ်။ အဆောင် မပြောင်းသေးပါဘူး" ဟု ရန်ကုန်တိုင်းမီးသတ်ဦးစီးမှူး ဦးမျိုးဝင်းက ဆိုသည်။

လက်ရှိတွင် ဦးကျော်စွာလင်းသည် ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြော အထူးကြပ်မတ်ကုသဆောင်၌ ဆေးကုသမှုခံယူလျက်ရှိရာ ဆရာဝန်များက ပုံမှန်စောင့်ရှောက်မှုများ ရှိနေပြီး ငါးမိနစ်ခြားစီ နှလုံးခုန်နှုန်းများ၊ သွေးခုန်နှုန်းများ အပြောင်းအလဲရှိနေကြောင်း ဦးတင်လင်းဦးထံမှ သိရသည်။ ■ J-14

## The VOICE Daily CARTOON



## ကုသိုလ်လမ်းညွှန်

The Voice စာဖတ်သူတွေ ကုသိုလ်ပြုနိုင်ဖို့ လမ်းညွှန်ပေးချင်တာက ဒီဇင်ဘာလ ၄ ရက်နေ့ မွန်းလွဲပိုင်းက မီးလောင်ကျွမ်းခံခဲ့ရတဲ့ သန်ရိုင်ပရဟိတကျောင်း အလှူမှာ ပါဝင်နိုင်ဖို့ပါ။ မိဘမဲ့ကလေးငယ် ၂၇၀ ကျော် ခိုလှုံနေတဲ့ ကြို့ပင်ကောက်မြို့ သန်ရိုင်ကျေးရွာမှာရှိတဲ့ ကျောင်းဖြစ်ပြီး မီးလောင်မှုကြောင့် လတ်တလောစာရင်းအရ စာသင်ခုံ ၄၀ ကျော်၊ ဝှိုက်ဘုတ်၊ ဗီရို ၅ လုံး၊ ကလေးအယောက် ၅၀ ကျော်ရဲ့ အဝတ်အစားနှင့် သေတ္တာတွေ အပါအဝင် နှစ်ထပ်စာသင်ဆောင်ဆုံးရှုံးခဲ့ပါတယ်။ ဆက်သွယ်လှူဒါန်းလိုပါက ဦးသုမန ဖုန်း ၀၉ ၄၃၁၅၆၆၃၂၊ ၀၉ ၇၇၀၇၇၇၅၅၉ ကို ဆက်သွယ်လှူဒါန်းနိုင်ပါတယ်။ ■




## ဈေးဝယ်လမ်းညွှန်

### ရေစိုခံပြီး ဈေးနှုန်းသင့် Laptop အိတ်

ရက်တိုခရီးသွားတဲ့အခါမျိုးနဲ့ Laptop ထည့်လွယ်နိုင်မယ့် အိတ်တစ်လုံးလောက်ဝယ်ဖို့ စိတ်ကူးနေသူတွေအတွက် T & B Bag ကို ညွှန်ပေးချင်ပါတယ်။ စာရွက်စာတမ်းနဲ့ ဖိုင်တွေထည့်ဖို့ပဲဖြစ်ဖြစ်၊ ခရီးသွားရင်လည်း အဝတ်အစားနဲ့ တစ်ကိုယ်ရေသုံးနိုင်ပြီး Laptop ၁၅ လက်မအထိ ထည့်လို့ရပါတယ်။ ရေစိုခံတဲ့ အားသာချက်ရှိပြီး ကျောပိုးအိတ်လိုလည်း သုံးလို့ရသလို လက်ကလည်း ဆွဲသွားလို့ရမှာပါ။ ၁၆၈၀၀ ကျပ်ဖြစ်ပြီး Eaindra Store တိုက် D, အခန်း ၁၀၂၊ ဗန္ဓုလကွန်ဒို၊ မဟာဗန္ဓုလလမ်း၊ (Ocean Supermarket) အနီး ၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း ၀၉-၇၉၉၆၃၂၆၁၁ မှာ သွားဝယ်နိုင်မှာပါ။ ■



ကြော်ငြာကိစ္စ

ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

**မြန်မာ** နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီးကို ဘက်စုံ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်လို့ သိကြပါတယ်။ ပညာရပ်ဆန်ဆန်နဲ့ ပိုပြီး ထိထိရောက်ရောက် ပြောလို့ရတဲ့စကားတစ်ခွန်းကတော့ စနစ်ကောင်းတစ်ခု တည်ဆောက်နေသော လုပ်ငန်းစဉ်ဖြစ်ပါတယ်။ အခြေခံဥပဒေတစ်ရပ်နဲ့ အစပျိုးခဲ့ပြီး အစိုးရနှစ်ဆက် (ရွေးကောက်ပွဲ နှစ်ကြိမ်) ရှိလာခဲ့ပါပြီ။ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး စသဖြင့် ကဏ္ဍစုံကို အဆင့်မြင့်လာအောင် တည်ဆောက်ဖို့ ကြိုးပမ်းနေကြခြင်းပါပဲ။

စနစ်ကောင်းတစ်ခုကိုတည်ဆောက်ရတယ်ဆိုတာ ပြောသလောက် လွယ်ကူတဲ့ကိစ္စရပ်တစ်ခုတော့ မဟုတ်ပါ။ အခုဆိုရင် အတွေ့အကြုံ တော်တော်လေး ရင့်ကျက်လာကြပြီဖြစ်တဲ့အလျောက် အားလုံးဟာ ဒီအချက်ကို အငြင်းပွားကြတော့မယ် မဟုတ်ပါဘူး။ ဒီကြားထဲမှာ သီအိုရီများနဲ့ အလုံးစုံကိုက်ညီမှုမရှိတဲ့ မြန်မာ့ရေခံမြေခံက ပိုပြီးတော့ လုပ်ရကိုင်ရခက်ခဲစေမယ့် အတားအဆီး၊ အခက်အခဲတွေ တစ်ခုပြီးတစ်ခု ပေါ်ပေါက်စေတာ ဖြစ်လေတော့ ဒီခရီးနီးပါ့မလားလို့ သံသယဝင်စရာ၊ စိတ်ဓာတ်ကျချင်စရာ အခြေအနေတွေကို မကြာခဏ ကြုံတွေ့နေကြရတာ အားလုံးအသိပါပဲ။ သို့သော် အကျိုးဆိုင်သူများရဲ့အမြော်အမြင်နဲ့ Vision ကောင်းမယ်ဆိုရင် မြန်မာ့အနာဂတ်သည် အရောင်တလက်လက် ဖြစ်လာမှာမုချပါပဲ။

စနစ်တစ်ခုကို ကောင်းအောင်တည်ဆောက်ရတာ ခက်ခဲလေ ခေါင်းဆောင်မှုအခန်းကဏ္ဍသည် ပိုမိုအရေးပါလေဖြစ်ပါတယ်။ စနစ်ကောင်းတစ်ရပ် အခိုင်အမာ မပေါ်ထွန်းမချင်း တောင့်တင်းတဲ့ခေါင်းဆောင်မှု အခန်းကဏ္ဍ (Leadership) က အရေးပါပါတယ်။ စနစ်ကောင်းတစ်ရပ် ပေါ်ထွန်းဖို့ခက်ခဲလေ ခေါင်းဆောင်မှုက ပိုအရေးကြီးလေ ဖြစ်ပါတယ်။ စနစ်က မကောင်းနိုင်သေးတဲ့အခါမှ အစစအရာရာ အားနည်းချက်၊ လိုအပ်ချက်များ များပြားလှသလို နိုင်ငံတော်တည်ဆောက်ရေးဖြစ်စဉ်ကြီး လမ်းချော်သွားလေမလားဆိုတဲ့ ရတက်မအေးစရာ အခြေအနေတွေကိုလည်း မကြာခဏ ရင်ဆိုင်ရနိုင်တာကြောင့် စနစ်မကောင်းနိုင်သေးခင်စပ်ကြား ခေါင်းဆောင်မှုကဏ္ဍကို အလေးအနက်စဉ်းစားကြဖို့ ဖြစ်ပါတယ်။

စနစ်တစ်ခုကောင်းဖို့ဆိုတာ တစ်နည်းပြောရရင် အင်စတီကျူးရှင်းများ ခိုင်မာတောင့်တင်းဖို့ ဖြစ်ပါတယ်။ အားနည်းနေတဲ့ အင်စတီကျူးရှင်းများကို နေ့ချင်းညချင်း ခိုင်မာအောင်ပြန်လည်တည်ဆောက်ဖို့ ဆိုတာက မဖြစ်နိုင်တဲ့ကိစ္စပါ။ အစိုးရ တစ်ဆက် နှစ်ဆက်နဲ့လည်း ဖြစ်နိုင်တဲ့ကိစ္စမဟုတ်ပါဘူး။ ဒီတော့ အင်စတီကျူးရှင်းများ မခိုင်မာလို့ နိုင်ငံတော်တည်ဆောက်ရေးဖြစ်စဉ်ကြီး ယိုင်လဲမသွားရလေအောင် ခေါင်းဆောင်မှုအခန်းကဏ္ဍကို ခိုင်မာအောင် စဉ်းစားမြှင့်တင်ပြီးတော့ ခရီးဆက်ကြဖို့ပါ။

နောက်တစ်ခါ ဘက်စုံနိမ့်ကျနေတဲ့ လူ့အဖွဲ့အစည်းတစ်ခုကို အဆင့်မြင့်လာအောင် (စနစ်တစ်ရပ်ပြည့်စုံအောင် မထူထောင်နိုင်သေးခင်မှာ) ခေါင်းဆောင်မှုကောင်းကောင်းနဲ့ အပါဆွဲခေါ် ဆွဲတင်ဖို့ မဖြစ်မနေ လိုအပ်ပါတယ်။ ရဲရင့်သော၊ ပြတ်သားသော၊ ဆုံးဖြတ်ချက်များ မှန်မှန်ကန်ကန် ခိုင်ခိုင်မာမာချမှတ်နိုင်သော၊ ဉာဏ်ပညာအမြော်အမြင်နဲ့ ပြည့်စုံသော ခေါင်းဆောင်မှုသည်သာ လူ့အဖွဲ့အစည်းတစ်ရပ် လူလူသူသူဖြစ်လာဖို့ အတွက် အဖြေဖြစ်ပါတယ်။ ခေါင်းဆောင်မှုကောင်းကသာ စနစ်ကောင်းကို (အင်စတီကျူးရှင်းများ ခိုင်မာရေးကို ) ဦးဆောင်ဦးရွက်ပြုပြီး တည်ဆောက်ပေးနိုင်ပါတယ်။

မြန်မာနိုင်ငံရေး ယဉ်ကျေးမှု ရေချိန်က အလွန်တရာ နိမ့်ပါးနေပါသေးတယ်။ လူမှန်နေရာမှန်ဖြစ်ဖို့ အင်မတန်မှ ခက်ခဲပါသေးတယ်။ အရည်အချင်းများဖြည့်ဆည်းဖို့ လိုအပ်နေပါသေးတယ်။ နေရာသာလိုချင်ပြီး တာဝန်မယူ တာဝန်မခံချင်လို့ မရသလို နေရာနဲ့ထိုက်တန်တဲ့ လုပ်ကိုင်နိုင်စွမ်း (Performent or Efficiency) ပြည့်ဝဖို့လည်း မဖြစ်မနေလိုအပ်ပါတယ်။ ယေဘုယျအားဖြင့် အဲသလိုအခြေအနေကောင်း မရှိသေးပါဘူး။ နေရာလိုချင်ဖို့ထက် ထိုက်တန်တဲ့သူကို နေရာပေးချင်စိတ်ရှိဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ကိုယ်ခေါင်းဆောင်လုပ်ဖို့ထက် ခေါင်းဆောင်လုပ်ထိုက်သူ အရည်အချင်းပြည့်ဝသူကို ခေါင်းဆောင်ခွင့်ပေးဖို့ဆိုတာဟာ နိုင်ငံတစ်ခုကို ထူထောင်ဖို့အတွက် စနစ်ကောင်းတစ်ရပ် မပေါ်ပေါက်သေးခင်မှာ သေရေးရှင်ရေးလောက် အရေးကြီးပါတယ်။

အရည်အသွေးပြည့်ဝသူတွေက ယေဘုယျအားဖြင့် နေရာမက်လေ့မရှိပါဘူး။ နေရာကို အတင်းအဓမ္မလိုချင်သူတွေနဲ့ သူတင်ကိုယ်တင် အပြိုင်




ကြဲပြီးတော့ နေရာရဖို့လည်း ဘယ်တော့မှ ကြိုးစားမှာမဟုတ်ပါဘူး။ အဲဒီအခါမှာ နေရာငမ်းတဲ့ယဉ်ကျေးမှုထွန်းကားတဲ့ တိုင်းပြည်မှာ ခပ်ညံ့ညံ့များ ခေါင်းဆောင်တွေဖြစ်လာလေ့ရှိပြီး လူ့အဖွဲ့အစည်းက ဒုက္ခရောက်ရတတ်ပါတယ်။

ခေါင်းဆောင်မှုအခန်းကဏ္ဍကို မြှင့်တင်မှသာ လူထုကို နိုးကြားလာအောင် တွန်းနိုင်ဆွဲနိုင်ပါလိမ့်မယ်။ စည်းကမ်းရှိတဲ့ လူ့အဖွဲ့အစည်းဖြစ်အောင် ချော့တစ်ခါ ခြောက်တစ်လှည့်နဲ့ တွန်းတင်နိုင်ပါလိမ့်မယ်။ တိုင်းပြည်အကျိုးဖြစ်ထွန်းမယ့် ဆုံးဖြတ်ချက်များကို ရဲရဲပြတ်ပြတ် ချမှတ် အကောင်အထည်ဖော်နိုင်ပါလိမ့်မယ်။ နိုင်ငံတည်ဆောက်ရေးလုပ်ငန်း အောင်မြင်ရေးအတွက် နံပါတ်တစ်အရေးကြီးဆုံးကိစ္စကို ပြောပါဆိုရင် ခေါင်းဆောင်မှုအခန်းကဏ္ဍကို ပြောရပါမယ်။ ခေါင်းဆောင်ကောင်းက ဦးဆောင်ပြီးတော့ လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို ပန်းတိုင်အရောက် ခေါ်ဆောင်သွားနိုင်ပါတယ်။ ခေါင်းဆောင်မှုအခန်းကဏ္ဍ မြင့်မားမယ် အဆင့်မီမယ်ဆိုရင် စနစ်ကောင်းတစ်ရပ်ပေါ်ထွန်းဖို့ သေချာပေါက် အာမခံချက်ရှိမှာဖြစ်သလို အလျင်အမြန် ပန်းတိုင်ရောက်ဖို့လည်း သေချာပါတယ်။

အသွင်ကူးပြောင်းရေးကာလမှာ စင်ကာပူရဲ့ လီကွမ်ယူးလို ခေါင်းဆောင်များ ပေါ်ပေါက်ဖို့ လိုအပ်ပါတယ်။ အမြော်အမြင်သိပ်ကြီးတဲ့ တိန့်ရှောင်ဖိန်လိုခေါင်းဆောင်မျိုး လိုအပ်ပါတယ်။ လင်ကွန်းလိုခေါင်းဆောင်မျိုး လိုအပ်ပါတယ်။ ရှေ့ကနေ အားသွန်ခွန်စိုက်အလုပ်လုပ်သလို နောက်ကလူထုကိုလည်း အနု အကြမ်းနည်းစုံ လမ်းကုန်နဲ့ အပါခေါ်မယ့် ခေါင်းဆောင်များ နေရာရဖို့ လိုအပ်ပါတယ်။ ခေါင်းဆောင်ဖြစ်ရမှဆိုတဲ့ ခေါင်းဆောင်ဖြစ်ဖို့ ရည်မှန်းချက်ကြီးကြီးထားကြသူတွေကလည်း ဒီအချက်ကို နှလုံးသွင်းကြဖို့ပါ။ လီကွမ်ယူးဟာ စင်ကာပူကိုဦးဆောင်ပြီး စနစ်ကောင်းတစ်ခုကို အပြင်းအထန် အားထုတ်ကြိုးပမ်း တည်ထောင်ပေးခဲ့ပါတယ်။

> **အားနည်းနေတဲ့ အင်စတီကျူးရှင်းများကို နေ့ချင်းညချင်း ခိုင်မာအောင် ပြန်လည်တည်ဆောက်ဖို့ ဆိုတာက မဖြစ်နိုင်တဲ့ကိစ္စပါ။ အစိုးရ တစ်ဆက် နှစ်ဆက်နဲ့လည်း ဖြစ်နိုင်တဲ့ကိစ္စမဟုတ်ပါဘူး။ ဒီတော့ အင်စတီကျူးရှင်းများ မခိုင်မာလို့ နိုင်ငံတော်တည်ဆောက်ရေးဖြစ်စဉ်ကြီး ယိုင်လဲမသွားရလေအောင် ခေါင်းဆောင်မှု အခန်းကဏ္ဍကို ခိုင်မာအောင် စဉ်းစားမြှင့်တင်ပြီးတော့ ခရီးဆက်ကြဖို့ပါ။**

စနစ်ကောင်းတစ်ရပ်ပေါ်ထွန်းလာတဲ့အခါမှာ စနစ်က အရာရာကို ပြဋ္ဌာန်းပါတော့တယ်။

မြန်မာ့ယဉ်ကျေးမှု ရေခံမြေခံကလည်း ခေါင်းဆောင်ကို အလွန်မတန်မှ အားကိုးတဲ့ဓလေ့ ဖြစ်ပါတယ်။ ခေါင်းဆောင်ကို ဘုရားတစ်ဆူ ဂူတစ်လုံးလို ကိုးကွယ်တဲ့ယဉ်ကျေးမှုပါ။ ခေါင်းဆောင်ကို အင်မတန်အထင်ကြီးလေးစားတတ်ပြီးတော့ ခေါင်းဆောင်က ဦးဆောင်ခေါ်တဲ့နောက်ကိုပဲ တစိုက်မတ်မတ် လိုက်ပါလိုကြတဲ့သဘောက တခြားလူ့အဖွဲ့အစည်းတွေထက် နည်းနည်းပိုပါတယ်။ ဒီသဘောတရားကို အပြုသဘောဖြစ်အောင် ချဉ်းကပ်ဆောင်ရွက်နိုင်မှ တော်ကာကျပါလိမ့်မယ်။ ဆိုလိုတာက ခေါင်းဆောင်က အမြော်အမြင်ကြီးကြီး ထက်ထက်မြက်မြက် ပြတ်ပြတ်သားသား ရှိဖို့ပါ။ လူထုကို ဆွဲခေါ်နိုင်ကြဖို့ လိုပါတယ်။ မြန်မာတို့အနေနဲ့က ဒီမိုကရေစီဆိုရင် တက်လာတဲ့အစိုးရတွေက အရာခပ်သိမ်းဖန်တီးပေးမှာ၊ အားလုံးနေ့ချင်းညချင်း ပြေလည်သွားမှာ ပြည့်စုံသွားမှာဆိုတဲ့ လွဲမှားတဲ့စိတ်အခံ (အများစုမှာ) ရှိနေတာပါ။ ခေါင်းဆောင်ကောင်းတို့က ဒါကို မှန်မှန်ကန်ကန်ဖြစ်အောင် တည့်မတ်ပေးဖို့၊ နိုးနိုးကြားကြားဖြစ်လာဖို့၊ စည်းကမ်းတွေ တိုးတက်လာဖို့၊ အလုပ်ကြိုးစားလာကြဖို့ ရှေ့ကနေ ပိုင်ပိုင်နိုင်နိုင် ဦးဆောင်လမ်းပြနိုင်ကြဖို့ မဖြစ်မနေလိုအပ်နေပြီဖြစ်ပါတယ်။

လူဆိုတာက ဖောက်ပြန်တတ်တဲ့အမျိုးပါ။ သူ့ကို စနစ်ကောင်းနဲ့ ထိန်းကျောင်းပေးရပါတယ်။ စနစ်ကောင်းနဲ့ ထိန်းချုပ်ရပါတယ်။ စနစ်ကောင်းသွားတဲ့အခါမှာ ခေါင်းဆောင်မှုအခန်းကဏ္ဍ ကောင်းမွန်ရေး အဆင့်မီရေးဆိုတာ ကျွဲကူးရေပါကိစ္စပါပဲ။ သိပ်ပြဿနာမရှိတော့ပါ။ စနစ်ကောင်းတဲ့အခါ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးနဲ့ ဘက်စုံကဏ္ဍအားလုံးဟာ စနစ်ကောင်းနဲ့အတူ ရေမြင့် ကြာမြင့် တင့်တယ်မြင့်မားလာစမြဲမို့ ခေါင်းဆောင်ကောင်းများပေါ်ထွန်းရေးဆိုတာဟာ သိပ်ခက်ခဲတဲ့ ပြဿနာ မဟုတ်တော့ပါ။

ဒါကြောင့် စနစ်နဲ့ ခေါင်းဆောင်မှု အခန်းကဏ္ဍဟာ နှစ်ခုစလုံး အရေးပါပေမယ့် စနစ်ကောင်းကို မတည်ဆောက်နိုင်သေးခင်မှာ ခေါင်းဆောင်မှုအခန်းကဏ္ဍကောင်းဖို့ကို ပိုပြီး လေးလေးနက်နက် စဉ်းစားလုပ်ကိုင်ကြဖို့ပါ။ ဒီလိုမလုပ်နိုင်ရင် စနစ်ကောင်းတစ်ရပ် ထူထောင်နိုင်ရေးသည်လည်း အိပ်မက်သက်သက်သာ ဖြစ်နေဦးမှာဖြစ်သလို နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီး ချောချောမွေ့မွေ့ မြန်မြန်ဆန်ဆန် အောင်မြင်ရေးသည်လည်း အလွယ်တကူ အကောင်အထည်ပေါ်လာဖို့ခက်ခဲပါလိမ့်မယ်။ ပန်းတိုင်နဲ့ ဝေးကွာသွားနိုင်တဲ့ အန္တရာယ်ကိုလည်း ကြုံတွေ့ကြရနိုင်ပါကြောင်း။

■ **မင်းနွယ်**




ကိုယ်တိုင်က ပညာရေးလောကမှာ နှစ်ပေါင်း ၄၀ ကျော်လောက် ကျင်လည်ခဲ့ရတာ။ ခုထိလည်း မကင်းကွာနိုင်သေးပါဘူး။ ပညာရေးနဲ့ပတ်သက်ပြီး ရေးရသားရ ဝေဖန်ထောက်ပြနေတယ် ဆိုတာကလည်း နိမ့်ကျနေတဲ့ပညာရေးစနစ်၊ ပြောင်းလဲမှုမရှိသေးတဲ့ လုပ်နည်းလုပ်ဟန်တွေကို ပြုပြင်ပြောင်းလဲစေချင်တဲ့ ဆန္ဒသက်သက်ပါ၊ ကိုယ့်ပေါင်ကိုယ်ပြန်လှန်ပြီးထောင်းရတာတယ်ကောင်းလှတယ်တော့ မဟုတ်ပါဘူး။

ခုတစ်လောမှာ ပညာရေးလုပ်ဖော်ကိုင်ဖက်တွေနဲ့ မကြာခဏတွေ့နေရသလို မကြာခဏလည်း တွေ့ဆုံစကားပြောဖြစ်တယ်။ တချို့လည်း ပင်စင်ယူလုယူခင်တွေပေ့ါ။ တချို့တော့လည်း ငယ်ငယ်ရွယ်ရွယ်လေးတွေ တက်လမ်းတွေ အများကြီးရှိပေမယ့် ထွက်သွားတဲ့သူတွေလည်း ထွက်ပေ့ါ။ အတွေ့အကြုံရှိတဲ့ဆရာကြီး၊ ဆရာမကြီးတွေလည်း တဖြည်းဖြည်းနဲ့ပါးလျားကုန်ပါပြီ။ နောက်တက်လေးတွေလည်း အစီအရီတွေ့နေရပါတယ်။

တစ်နေ့ကတော့ လက်ရှိအမှုထမ်းနေတဲ့ မြို့နယ်မှူးတစ်ဦးနဲ့တွေ့တယ်။ အလုပ်ကထွက်ချင်ကြောင်း ချြသံပါအောင် ညည်းပါတယ်။ တကယ်တော့ ပညာရေးအလုပ်တွေလုပ်ရတာ ဝါသနာပါလို့ ဝင်လာတာပဲ။ လုပ်ရတာ အပြစ်မပြောလိုပါဘူးဆိုပြီး စပြောပါတယ်။ ပညာရေးလောကမှာ လုံးဝမပြောင်းလဲသေးတာက ကြိုးနီစနစ်ပါပဲ။ ဟိုးအပေါ်ဆုံးကနေ ဆင့်ကဲဆင့်ကဲခိုင်းတဲ့စနစ်ကြီးက အမြစ်တွယ်နေတယ်။ ပြီးတော့ တောင်းလိုက်တဲ့ စာရင်းဇယားတွေ အချိန်မီပြီးဖို့ နေ့စဉ်လုံးပန်းနေရတာနဲ့ စာသင်ရမယ့် ဆရာ၊ ဆရာမတွေဆိုလည်း စာကောင်းကောင်းမသင်ရဘူး။ စစ်ဆေးရေးလုပ်ငန်း လုပ်ရမယ့်အဆင့်ရှိသူဆိုလည်း အလုပ်မတွင်ကျယ်ဘူး ဖြစ်နေတယ်။

ဒါနဲ့ပတ်သက်ပြီး လက်ရှိစာရေးသူတာဝန်ယူ သင်ကြားပြသနေရတဲ့ကျောင်းမှာလည်း တွေ့နေရတယ်။ ရုံးအဖွဲ့နဲ့ မလုံလောက်လို့ ရုံးလုပ်ငန်းတွေကို ဆရာ၊ ဆရာမတွေပါ ဝိုင်းကူနေကြရတယ်။ တောင်းလိုက်တဲ့ စာရင်းဇယားဆိုတာ အမျိုးကိုစုံလို့ပဲ။ ဆရာ၊ ဆရာမတွေရဲ့ကိုယ်ရေးမှတ်တမ်းဆိုတာ ပို့လိုက်ရတာ။ ပြီးတော့ ကိုးနှစ်စာ၊ ဆယ်နှစ်စာအောင်ချက်။ အဲဒီလိုတောင်းတဲ့အခါတိုင်းလည်း အချိန်ပေးတာ ရက်ပေးတာမရှိဘူး။ ဒီနေ့စာရောက်ရင် နောက်နေ့တစ်နေ့ နောက်ဆုံးဖြစ်နေပြီ။ နောက်ကျပြန်ရင် သတိပေးစာက ရောက်နေပြီ၊ ဒီတော့ စိတ်ဖိစီးမှုကတော့ အဆမတန်။ မြို့နယ်မှူးဆရာမကြီးတစ်ယောက်ကတော့ ပြောပါတယ်။ ကိုယ်ပိုင်အားလပ်ချိန် နားနေချိန်မရှိလောက်ပါပဲ။ အစည်းအဝေးတွေ တက်ရတာလည်း များလွန်းလှပါတယ်။ စနေမှန်း တနင်္ဂနွေမှန်းမသိတာလည်း ကြာပါပြီ။ စနေ၊ တနင်္ဂနွေပိတ်ရက်ကို သင်တန်းတွေက ဝါးမျိုနေပါတယ်။ ဆယ်တန်းစာမေးပွဲအတွက် ကြီးကြပ်ရေးမှူးသင်တန်းတွေ တက်ရတယ်။ စွမ်းရည်မြှင့်တင်ရေးသင်တန်းတွေ တက်ရတယ်။ ပြောရရင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရွေးဖို့အတွက် သင်တန်းတက်ရတယ်။ ရွေးကောက်ပွဲလုပ်ရင်လည်း ပါရပါဦးမယ်။ တကယ်တော့ ဆရာ၊ ဆရာမတွေမှာ စာသင်ကြားရမယ့်သူလည်း စာသင်ပျက်ပါတယ်။ စီမံအုပ်ချုပ်ရမယ့်သူတွေမှာလည်း စေ့စပ်သေသေချာချာ အလုပ်မလုပ်နိုင်ပါဘူး။ ရုံးပေါ်မှာပဲ အချိန်ကုန်နေရပါတယ်။

> **ဆရာ၊ ဆရာမတွေရဲ့ ကိုယ်ပိုင်အားလပ်ချိန်တွေကို အပြည့်အဝပေးပါ။ ပညာရေးလုပ်ငန်း အပြင် ပါလေရာငါးပိ ဖြစ်နေရတဲ့ အခြေအနေကိုလည်း တတ်နိုင်သရွေ့ ဖြေလျှော့ပေးပါ။ လုပ်ငန်းခွင်မှာ ပျော်ရွှင်ချမ်းမြေ့မှုမရှိရင် ဖော်ဆောင်နေတဲ့ စီမံကိန်း စီမံချက်တွေဟာလည်း အပြည့်အဝ မအောင်မြင်နိုင်ဘူး။**

တကယ်တော့ တိကျသေချာတဲ့ စစ်တမ်းတွေရှိ မရှိ မသိရပေမယ့် ပညာရေးလောကအတွင်းမှာ စိတ်ဖိစီးမှုတွေများနေတာ အမှန်ပါပဲ။ တချို့ဆို ကိုယ့်ရဲ့လုပ်သက်ကလေးကိုတောင် မနှမြောတော့ပါဘူး။ ပင်စင်ကိုလည်း မမျှော်တော့ပဲ ယတိပြတ်ထွက်တာတွေ တွေ့နေရတယ်။ အပြင်ပုဂ္ဂလိကမှာကတော့ အဲဒီလောက် စိတ်ဖိစီးမှုမရှိဘူး။ ထိုက်သင့်တဲ့ငွေကြေးလည်း ရတယ်လို့ ဆိုကြပါတယ်။

ဒီတော့ ပညာရေးလောကမှာ ဖြစ်ပျက်နေတာတွေကို ခြုံငုံပြီးသုံးသပ်ကြည့်လို့ရတယ်။ အဲဒါက ဘာလဲဆိုရင် ကြိုးနီစနစ် ခိုင်မြဲနေသလို ဗဟိုစနစ် ဗဟိုဦးစီးစနစ်ကလည်း ကြီးစိုးနေတယ်။ နောက်တစ်ချက်က ခေတ်မီနည်းပညာကို အသုံးမပြုနိုင်ကြပါဘူး။ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ထက်၊ လယ်၊ မူကျောင်းတွေ၊ ထက် လယ် မူ ဆရာ၊ ဆရာမတွေဆိုတာ သန်းဂဏန်းမရှိပါဘူး။ ဒါတွေအားလုံးကို နည်းပညာနဲ့ ထိန်းချုပ်ထားလိုက်ရင် အကြိမ်ကြိမ်အခါခါ တောင်းနေစရာလိုမယ်မထင်ပါဘူး။ ဒီစာရင်းဇယားတွေ သိမ်းဆည်းဖို့ ဖိုင်တွေ၊ အဆောက်အအုံတွေလည်း လိုမှာမဟုတ်တော့ပါဘူး။ နိုင်ငံတော်ကချမှတ်ပေးတဲ့ ပညာရေးအသုံးစရိတ်ငွေတွေမှာ နည်းပညာအတွက်လည်း ထည့်သွင်းအသုံးပြုသင့်ပါတယ်။

တကယ်တော့ ဆရာ၊ ဆရာမတွေ အလုပ်ချိန် အပြည့်လုပ်ကြရရုံမကပါဘူး။ အပိုစာသင်ချိန်တွေရှိတယ်။ အားလပ်ရက်တွေမှာ သင်တန်းမျိုးစုံတက်ရတယ်။ တချို့ဆို သင်တန်းတက်ပြီး ဆင့်ပွားပြန်ပို့ချနေရတယ်။ အားလပ်ချိန် နားနေချိန်နည်းပါးတယ်။ ဒါပေမဲ့ ဆရာ၊ ဆရာမတွေရတဲ့ လစာဟာ နည်းပါးလွန်းပါတယ်။ လုပ်ရတဲ့ အလုပ်ချိန်၊ နေ့စဉ်ကြုံတွေ့နေရတဲ့ စိတ်ဖိစီးမှုတွေနဲ့ဆိုရင် မက်လောက်စရာမရှိပါဘူး။ ဒါကြောင့်လည်း ထွက်ချင်သူတွေ များလာနေပါတယ်။ ပုဂ္ဂလိကကျောင်းတွေဘက်ကို ကူးကုန်ပါပြီ။ အဲဒီကျောင်းတွေမှာဆို ဂုဏ်သိက္ခာရှိရှိနဲ့ ထိုက်သင့်တဲ့ လစာလည်းရတော့ စိတ်သက်သာရာရကြတာပါပဲ။

ဒီလိုပဲ ဆရာကြီးတစ်ဦးနဲ့ စကားပြောဖြစ်ပါတယ်။ အလုပ်က ထွက်ချင်ကြောင်းပြောပါတယ်။ ပင်စင်လေးလည်း နှမြောတယ်။ ကိုယ့်ဌာနအပေါ်လည်း ကိုယ်က သံယောဇဉ်ကြီးတယ်။ တကယ်တမ်းပြောရရင် လုပ်နေရတဲ့ အလုပ်တွေအပေါ် ပျော်ရွှင်ကျေနပ်မှုမရှိပါဘူး။ ထားရာနေ၊ စေရာသွား၊ ခိုင်းတာတွေပဲလုပ်နေရတယ်။ တကယ့်ကို ပြုပြင်ပြောင်းလဲမှု အစီအစဉ်အရ လုပ်နေတာတွေက အားရစရာမကောင်းပါဘူး။ တိုးတက်ပြောင်းလဲလာဖို့လည်း သိပ်မမြင်ပါဘူး ဆိုပြီး ညည်းလိုက်တာ ချြသံပါနေပါတယ်။ အမှန်က ပညာရေးကို ဦးဆောင်အကောင်အထည်ဖော်နေရတဲ့ သူတွေကိုယ်နှိုက်က ပညာရေးမှာ စိတ်ဝင်စားနေဖို့ ပျော်ရွှင်ကြည်နူးမှု ရှိစေဖို့လိုတာပါ။ ဒါပေမဲ့လို့လည်း တစ်လမ်းသွားပညာရေးပုံစံကနေ သိသိသာသာဖြစ်ထွန်းပေါ်ပေါက်လာမှု ပြောင်းလဲမှုတွေ မတွေ့ရတဲ့အပေါ်မှာ အားမလိုအားမရဖြစ်နေကြတဲ့သဘောတွေ အထင်းသားတွေ့မြင်နေရပါတယ်။

ပညာရေးလောကမှာ ပြည်သူ့အသံကို အလေးမထားတာ ဆိုးလှသဗျာ။ ပညာရေးနဲ့ပတ်သက်ပြီး ဝေဖန်ထောက်ပြတာတွေ၊ သဘောထားအမြင်တွေ အတော်ကောင်းတာတွေ တွေ့ရပါတယ်။ ဒါပေမဲ့ အထက်ပိုင်းက လူကြီးတွေ စာဖတ်နည်းကြတယ်လို့ပဲ မှတ်ယူပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြင်ပကကောင်းစေချင်တဲ့ဆန္ဒနဲ့ ဘယ်လိုပဲ အကြံပြုပြု ဘယ်လိုပဲထောက်ပြပြ အလေးထားပြီး ပြုပြင်ပြောင်းလဲတာ မတွေ့ရသလောက်ပါပဲ။ ခေါက်ရိုးကျိုးနေတဲ့လုပ်ငန်းစဉ်တွေကနေပြီး ဖောက်ထွက်လာတာ မတွေ့ရပါဘူး။

ခြုံငုံသုံးသပ်ကြည့်ရတာ ကိုယ်ရဲ့စားဝတ်နေရေး၊ ဂုဏ်သိက္ခာအဆင့်အတန်းတစ်ရပ်အရသာ အလုပ်လုပ်နေကြကာ စိတ်ပါဝင်စားမှု စိတ်ကျေနပ်အားရမှု မရကြသေးပါဘူး။ တကယ့်ကို နိုင်ငံတော်သစ်မျိုး တည်ဆောက်နေတဲ့အချိန်မှာ အဲ့ဒီခေတ်စနစ်က တောင်းဆိုနေတဲ့ ပညာရေးမျိုးနဲ့ ဖြည့်ဆည်းပေးဖို့ လိုအပ်နေဆဲပါ။ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့နေရာမှာ စာရွက်ပေါ်က ကိန်းဂဏန်းတွေအရေးကိုပဲ ဦးစားပေးနေတာတွေ့ရပါတယ်။ တကယ်တော့ ဆရာ၊ ဆရာမဆိုတာ ပီတိကိုစားပြီးအားဖြစ်နေသူတွေပါ။ တပည့်တွေရဲ့ အောင်မြင်တိုးတက်မှုတွေကို ကြည့်ပြီးကျေနပ်အားရနေသူတွေပါ။

ဒါကြောင့် ပညာရေးရပ်ဝန်းကြီးတစ်ခုလုံးမှာ စိတ်ဓာတ်အင်အားတွေ ဖြည့်တင်းပေးဖို့လိုနေပါတယ်။ စုပုံနေတဲ့စာရင်းဇယားတွေ အကြိမ်ကြိမ်အခါခါတောင်းနေရတာတွေကို နည်းပညာနဲ့ဖြေရှင်းပေးပါ။ စာရွက်ပေါ်က စာရင်းဇယားတွေထက် လက်တွေ့အကောင်အထည်ဖော်မှုကို ဦးစားပေးပါ။ မပြီးဆုံးနိုင်တဲ့ အစည်းအဝေးတွေကို လျှော့ချပါ။ ဆရာ၊ ဆရာမတွေရဲ့ ကိုယ်ပိုင်အားလပ်ချိန်တွေကို အပြည့်အဝပေးပါ။ ပညာရေးလုပ်ငန်း အပြင် ပါလေရာငါးပိ ဖြစ်နေရတဲ့အခြေအနေကိုလည်း တတ်နိုင်သရွေ့ ဖြေလျှော့ပေးပါ။ လုပ်ငန်းခွင်မှာ ပျော်ရွှင်ချမ်းမြေ့မှုမရှိရင် ဖော်ဆောင်နေတဲ့ စီမံကိန်း စီမံချက်တွေဟာလည်း အပြည့်အဝမအောင်မြင်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ မလုပ် မရှုပ် မပြုတ် အနေအထားမျိုးနဲ့ အလိုက်သင့်မျောနေတာဟာ ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် အဟန့်အတားတွေ ဖြစ်နေလို့ပါပဲ။ အောက်ခြေအဆင့်မှာ ဖြစ်ပျက်နေမှုတွေ ခံစားနေရမှုတွေကို ထဲထဲဝင်ဝင်လေ့လာဆန်းစစ်ပြီး ပြုပြင်ပြောင်းလဲမှုလုပ်ဖို့ အမှန်ကို လိုအပ်နေပါသည်။ လက်ရှိအနေအထားမှာတော့ ပညာရေးရပ်ဝန်းကြီး တစ်ခုလုံးအတွင်း မှာ ချြသံပါအောင် ညည်းညူမှုတွေနဲ့ ပြည့်နေတာတော့ အမှန်ပါပဲ။

■ ခင်မောင်ငွေ (ပညာရေး)

The VOICE Daily CARTOON



# ဘဝဖြောင့်ကြောင်း တစေ့တစောင်း အပိုင်း (၁၈၁)

မမ္မဒူတအရှင်ဆေကိန္ဒ

ဘဝ ဖြောင့်ကြောင်း တစေ့တစောင်းလို့ အမည်ပေးပြီးတော့ ကိုယ့်ဘဝဇာတ်ခုံ အဖုံဖုံကို ကြုံခဲ့သမျှလေးတွေ ပြောပြတာ အပိုင်း (၁၈၁) ရောက်သွားပြီ။ တောထဲကကို မထွက်နိုင်သေးပါဘူး။ ၁၆ နှစ်အရွယ် အဘရယ်၊ အစ်ကိုရယ်။ အစ်ကို ကိုမျိုးသန့်ရယ်။ ကိုယ်ရယ် သုံးယောက်၊ အေး တောထဲမှာ အလုပ်လုပ်ကြတာ။ ထင်းဖောင်ကြီး ချဖို့ရာအတွက် ထင်းခုတ်ကြ၊ ဖြတ်ကြ။ တောထဲမှာ အလုပ်လုပ်ကြတယ်ဆိုတော့ ဟိုး တောနက်ကြီးထဲ မဟုတ်ပေမယ့် တောစပ်ကလည်း တောနက်တာပါပဲ။ အဲဒီအထဲမှာ လုပ်ကြတာ တကယ်ချိုးရတာ။ အခုပြောရင်လေ တကယ့်မြင်ကွင်းက။ တကယ့်မြင်ကွင်းက စိတ်ထဲမှာ အကုန်ပေါ်နေတယ်။ နားထောင်တဲ့သူကို ဘယ်လိုမြင်အောင် ပြောရမလဲ။ စာရေးရင်လည်း စာဖတ်တဲ့သူကို ဘယ်လိုမြင်အောင်ပြောရမလဲ။ ဟို ထင်းပင်ကြီးတွေ ထင်းပင်ကြီးတွေ အမြင့်ကြီးတွေ။ ပေသုံးလေးငါးဆယ် အမြင့်ကြီးတွေရှိတယ်။ အဲဒီကြားထဲမှာ ချုံတွေ၊ ချုံတွေကလည်း သစ်ပင်တွေကြားထဲမှာ ရှိတယ်။ နောက်ပြီး ဒီဟာတွေ တစ်ပင်နဲ့ တစ်ပင်က လဲနေတာတွေကလည်း အများကြီးရှိတယ်။ သစ်ပင်တွေ သူ့ကြီးပြီး အချိန်တန်လို့ လဲတာလည်း ရှိတယ်။ ကိုင်းကြီးတွေ ကျိုးကျနေတာလည်းရှိတယ်။

အဲဒါတွေကို လိုက်ကြည့်ရတဲ့ ပညာခေါ်မှာပေ့ါလေ။ ပညာခေါ်မှာပေ့ါ။ အဲဒီထဲက ဒီထင်းယူမယ်၊ ဒီအပင်ယူမယ်၊ ဒီကိုင်းယူမယ်။ အဲသလိုမျိုးတွေ။ ဟို အရင်တခါ ပြောခဲ့သလိုပဲ ထင်းပင်တွေကတော့ အမျိုးစုံရှိတာ။ ကိုယ်ဘယ်ဟာလုပ်မလဲ။ ဆိုတော့ ဘယ်ထင်းတုံးတွေကို ဦးစားပေး ယူမလဲဆိုတော့ ရမန်းသားနဲ့ မအူသားနဲ့ ဒါကိုဦးစားပေးယူတာ။ ဒါကလည်း ပေါက်တဲ့နေရာမှာမို့လို့ ရှိတဲ့နေရာမှာမို့လို့။ ဒီမှာရှိလို့ယူတာထက် ဒါက စစ်ကိုင်းပြန်ယူ သွားမှာလေ ထင်းဖောင်ချရင်။ ထင်းဖောင်ချလို့ စစ်ကိုင်းရောက်သွားရင် အမှန်ကတော့ ထင်းဆိုက်ပစ်တဲ့ ထင်းတုံးဟာ လုပ်ငန်းတစ်ခုခုသုံးရရင် ဘယ်လောက်ကောင်းမတုံး။ ရမန်းသားနဲ့ မအူသားနဲ့။ မအူသားဆိုရင် သေနတ်ဒင်လုပ်တယ်။ ကျောက္ကာဘက်က သေနတ်ဖောက်ဖောက်နဲ့။ ဖော့သေနတ်လို့ ခေါ်တာပေ့ါလေ။ ဖော့သေနတ်လို့ ခေါ်တာပေ့ါ။ ဖော့လေးနဲ့ ဖလောက်ဖလောက်ဆို။ ကလေးကစားတဲ့ သေနတ်ဆို ထားပါလေ လူကြီးကစားတဲ့သေနတ် လုပ်လို့ရတယ်တွေဘာတွေ ပြောလို့မကောင်းဘူးပေ့ါ။

တောထဲဝင်တယ် ဘယ်ထင်းခုတ်မလဲလို့ ဘယ်ထင်းပင်ခုတ်မလဲ။ ဘယ်လဲနေတဲ့ ထင်းပင်ကို ယူမလဲဆိုတာကစ ကြည့်ရပြီ၊ ရွေးရပြီ။ အဘလုပ်တဲ့သူကတော့ ငါ့သားရေ၊ အဖေလုပ်တဲ့သူကတော့ ငါ့သားရေ မင်းဘယ်ထင်းတွေ ခုတ်ခဲ့လို့တော့ အကုန်ဘယ်သင်တော့မှာတုံး။ ဒါပေမဲ့ ကိုယ်က ဒီကယူသွားတဲ့ ထင်းတုံးက ဟိုကျတော့ ဘယ်ဟာဈေးကောင်းသလဲ၊ ဘယ်ဟာအကျိုးရှိသလဲ၊ ဘယ်ဟာအမြတ်များသလဲ။ ဒါတွေပါ ချိန်ရတာပေ့ါ။ နောက်ဆုံး ဒီရမန်းနဲ့ မအူနဲ့ ဒီထင်းတွေဟာ ကိုယ့်စစ်ကိုင်းမှာမို့လို့ သေနတ်လုပ်တဲ့နေရာ ရှိလို့ပေ့ါ။ ခုံဖိနပ်ခုတ်တဲ့နေရာ ရှိလို့ပေ့ါ။ မရှိရင် ဒါတွေက ဘုတ်ဘုတ် ဘုတ်ဘုတ်နဲ့ ပိုင်းဖြတ်ပြီးတော့ ထင်းလုပ်ပစ်လိုက်ရင် တန်ဖိုးက တအားကွာသွားတယ်။ တန်ဖိုးက တအားကွာသွားတယ်။ သြော် စိတ်ထဲမှာ တွေးမိတယ်။ တွေးမိတယ်ပဲ ပြောရမှာပေ့ါလေ။ စိတ်ထဲမှာ အသိတရားလေး ပေါ်လာတယ်ပြောလည်းရတယ်။ ကြည့်စမ်း ငါတို့ တွေ့သမျှ ထင်းတုံးတွေ ယူသွားလည်းရတာပဲ ထင်းလုပ်လို့။ ဒါပေမဲ့ ဒီကြားထဲမှာများ လုပ်ငန်းလုပ်လို့ရတဲ့ ထင်းတုံးပါသွားရင်၊ သစ်တုံးပါသွားရင် ကိုယ့်အတွက် အကျိုးရှိပါလားလို့ ဒါလေးတော့ ပေါ်လာတယ်။

ဒါကတော့ ဘုန်းဘုန်းတို့က ၇၅ ခုနှစ်၊ ၁၉၇၅ ခုနှစ်ဆိုတော့ ဒီကပြန်ရေတွက်ရင် နှစ်ပေါင်းလေးဆယ်။ ဟုတ်သားပဲ နှစ်ပေါင်းလေးဆယ်တောင်ဖြစ်သွားပြီ။ နှစ်ပေါင်း လေးဆယ်ကတည်းက ဘုန်းဘုန်းတို့ တွေ့ခဲ့ကြုံခဲ့တဲ့ အတွေ့အကြုံလေးပေါ် မူတည်ပြီးတော့ သြော် ကြည့်စမ်း ဒီထင်းတုံးတွေ ဒီထင်းတုံးတွေ ဒီလိုလုပ်ငန်းလုပ်ရင် ဘယ်လောက်ကောင်းလိုက်မတုံး။ ဒီထင်းတုံးတွေ ခွဲပြီးထင်းဆိုက်ရတာ နှမြောစရာကြီး၊ နှမြောစရာကြီးလို့ ဖြစ်ခဲ့တာ။ ခုခေတ်ကျတော့ အဲဒါပေ့ါ။ ကုန်ကြမ်းအတိုင်းလုပ်မလား၊ ကုန်ချော ထုတ်မလား။ ကုန်ကြမ်းအတိုင်း ရောင်းမလား၊ ကုန်ချောထုတ်မလား။ ကုန်ကြမ်းအတိုင်း ရောင်းလို့ကတော့ဟော့ ကုန်ကြမ်းအတိုင်း ရောင်းလို့ကတော့ ဈေးပေါပေါ ရတာပေ့ါ။ ထင်းဖြတ်ရောင်းလိုက်လို့ရှိရင် ပေါပေါရတာပေ့ါ။ တကယ်လို့ ကုန်ချောမျိုး ခုံဖိနပ်လုပ်တဲ့ ထင်းမျိုးပါသွားမယ်၊ သေနတ်ဒင်လုပ်တဲ့ ဟာမျိုးပါသွားမယ်ဆိုရင်တော့ ဟာ ဒါဈေးကောင်းကောင်းရတာပေ့ါလို့ ငယ်ကတည်းက အဲဒီစိတ်ကလေးဖြစ်ခဲ့တာ။

ဒါကြောင့်မို့ ကိုယ်လုပ်တဲ့အလုပ်ဟာ ဘယ်အလုပ်ပဲလုပ်လုပ် ဒီအသိလေးက ဝင်လာတယ်။ ငါလုပ်နေတဲ့အလုပ်ဟာ အကျိုးအမြတ်အတွက် ဟို စီးပွားရေးလုပ်တုန်းကတော့ စီးပွားရေးအကျိုးအမြတ်ပေ့ါ။ အခုရဟန်းသံဃာ ဖြစ်နေတော့ ဒီလောက ကုသိုလ် အကျိုးအမြတ်ပေ့ါ။ ဟို စီးပွားအကျိုး၊ ပညာအကျိုး၊ လူမှုရေးအကျိုး၊ ကျန်းမာရေးအကျိုး၊ ကုသိုလ်ရေးအကျိုး၊ တရားရေးအကျိုး၊ ဒီအကျိုးကို ကြည့်တဲ့အခါမှာ ကိုယ်လုပ်တဲ့အလုပ်ဟာ ကုန်ကြမ်းချည်းပဲလား။ ကုန်ချောထုတ်လို့ရတာ မပါဘူးလား။ အဲဒါလေး စိတ်ထဲမှာ ဖြစ်မိတာ။ ဒါလည်း နားလည်အောင် ဘယ်လိုပြောရမလဲ မသိဘူး။ ဟင်း ခဏခဏ ကြုံရတာပေ့ါ ဒါလေးတွေ ငယ်ကတည်းက။ ဘုန်းဘုန်းတို့ အိမ်သာသုံးတဲ့ စက္ကူလေးတွေရှိတယ် တွန့်တွန့်တွန့်တွန့်လေးတွေ။ တွန့်တွန့် တွန့်တွန့်လေးတွေရှိတယ်။ ဟို ပန်းစက္ကူဆိုတာလည်း တွန့်တွန့် တွန့်တွန့်လေးတွေ။ ဒီစက္ကူကို ဒီအတိုင်းအိမ်သာထဲမှာ သုံးလိုက်လို့ရှိရင် အိမ်သာသုံးတဲ့စက္ကူ ဖြစ်သွားရော။ အိမ်သာသုံးတဲ့ တွန့်တွန့် တွန့်တွန့်ကိုပဲ ဘုန်းဘုန်းက ဘာလုပ်တုံးဆို ပန်းလေးတွေ ဆေးဆိုးပြီးတော့ ဝါယာကြိုးက သံချောင်းလေးတွေနဲ့ ပန်းပွင့်လေးတွေ နှင်းဆီပန်းတို့ ဘာပန်းတို့ ညာပန်းတို့။ ဟို အဖြူလေးတွေဆိုလည်း စံပယ်ပန်းတို့ ကတ်ကြေးလေးနဲ့ လိပ်ပြီးတော့။ ဟို ဆိုလိုတာက ကိုယ်သုံးနေတဲ့ပစ္စည်းသည် ကိုယ်ဘယ်လောက်ထိ တန်ဖိုးကြီးအောင် လုပ်နိုင်သလဲ။ ကိုယ်နဲ့ထိတွေ့နေတဲ့ပစ္စည်းသည် ကိုယ်တန်ဖိုးကြီးအောင် ဘယ်လောက်လုပ်နိုင်သလဲ။ အဲဒါ ဒီထင်းဖောင်ချရင်းနဲ့ သစ်ဖောင်ချရင်းနဲ့ တောထဲမှာ ဒီထင်းသွားခုတ်ရင်းနဲ့ ဘုန်းဘုန်းစိတ်မှာ ဖြစ်တာပါ။

ဒီအသိလေး ပေါ်လာတယ်။ ဒါလေးတော့ ဘဝဖြောင့်ကြောင်း တစေ့တစောင်း ပြောတဲ့အထဲမှာ ထည့်ကိုပြောချင်စိတ် ရှိလာတယ်။ ကိုယ်နဲ့ ဆက်စပ်နေတဲ့ပစ္စည်း ကိုယ်နဲ့ဆက်စပ်နေတဲ့ပစ္စည်း။ ဒါဆို သိနေပါပြီ ထင်းတုံးကြီး။ ဒီအတိုင်း ပိုင်းပိုင်း ပိုင်းပိုင်း ပြီးတော့ ဟိုတစ်တောင်လောက် အိမ်ဆိုက်ဆိုရင်တော့ တစ်ပေလောက် ဖြတ်ချပြီးတော့ ဖတ်ဖတ်နဲ့ ခွဲမီးဆိုက်လိုက်လည်း ဒီထင်းတုံးက ကုန်သွားတာ။ ဒါမှမဟုတ် ဒီထင်းတုံးကိုပဲ ဘာလုပ်မလဲ။ သစ်တိုက်မလား။ အခုသစ်တိုက်တာပဲ ဖိနပ်ခုတ်တဲ့ဟာမျိုး။ သေနတ်ဒင်လုပ်တဲ့ဟာမျိုး။ အဲဒီတုန်းက စိတ်ထဲမှာ အဲဒီအသိလေးဟာလေ ဒါလေးတော့ ဘုန်းဘုန်း ပြောလည်းပြောချင်တယ်။ ကိုယ်ပြောတာကိုလည်း နားလည်ပေးကြရင် တော်တော်ကောင်းမှာ။

ကိုယ်သုံးဆောင်နေတဲ့ ကိုယ်ဆက်ဆံနေတဲ့ ကိုယ်နဲ့ ထိတွေ့နေတဲ့ပစ္စည်းဟာ ကိုယ်အကြမ်းအတိုင်းသုံးမှာလား။ နည်းနည်းလေး အသိဉာဏ်လေး နည်းနည်း စိုက်လိုက်ရင်။ ဒါမှမဟုတ်ရင် တစ်ခုခုလေး အားလေးတစ်ခုခုလေး ထောက်ပံ့မှုလေး ထည့်လိုက်ရင် ကုန်ချောဖြစ်သွားမှာလေ။ ကုန်ချောဖြစ်သွားမှာ။ အင်း ဆယ်တန်း ဘုန်းဘုန်းဆယ်တန်း အဲဒီသစ်ဖောင်ချတော့ အဲဒီသစ်ဖောင်ခုတ်ရင်းနဲ့ အဲဒီအသိလေး ဝင်လာတယ်။ ညီတွေက ကိုးတန်း၊ ရှစ်တန်း။ ညီမတွေရှိတယ်၊ ညီတွေ၊ ညီမတွေရှိတယ်။ ဒါဖြင့် ကိုယ့်ညီတွေရော ကိုယ်ကဒီအတိုင်း ကိုယ့်ညီတွေ၊ ညီမတွေကိုရော ကိုယ်နဲ့ထိတွေ့နေတဲ့ ကုန်ကြမ်းပဲလေ။ ဒီအတိုင်း လွှတ်ပေးလိုက်မှာလား။ ဆိုတော့ ကိုယ်က နည်းနည်းတော့ ထောက်ပံ့ပေးလိုက်ရင် သူတို့ ကောင်းသွားမလားပေ့ါ။ ဆိုတော့ ညီတွေက ရှစ်တန်း၊ ကိုးတန်း။ အရပ်ပြောရင်တော့ ငါးပေဆယ်ခွဲ၊ ဆယ့်တစ်လောက်ရှိမယ်။ ဘုန်းဘုန်း ညီနှစ်ယောက်က ဘုန်းဘုန်းထက်မြင့်တယ် ကိုင်း။ အရပ်တွေ ဘုန်းဘုန်းထက် မြင့်တဲ့သူတွေချည်းပဲ။ ကျန်တဲ့ ညီတွေရော။ အဲဒီတော့ သူတို့တွေ ဘောလီဘော ဝါသနာပါတယ်။ ဝါသနာပါတော့ ကိုယ်ဘာကူညီပေးနိုင်သလဲ။ အနည်းဆုံးတော့ ဘာလုပ်ပေးလဲ သူတို့ဘော်လီဘောရိုက်ရင် သွားကြည့်ပေးတယ်။ သူတို့ ဘော်လီဘောရိုက်တာကို မကန့်ကွက်ဘူး။ အားပေးတယ်။

အဲတော့ ဘာဖြစ်သွားတုံးဆိုတော့ ဒီ ကိုးတန်း ဆယ်တန်းကတည်းက နောက် စစ်ကိုင်းတိုင်း ဘော်လီဘောချန်ပီယံဖြစ်တယ်။ ညီအကြီးဆို ဘုန်းဘုန်းအောက်က ညီဆိုရင် အဲဒီနှစ်က စစ်ကိုင်းတိုင်းက ဘော်လီဘော ပထမရတော့ သူက အကောင်းဆုံး ဆုတွေဘာတွေတောင်ရ။ ဒါဖြင့် ပြောချင်တာက ကိုယ်နားမှာ ဒီထင်းတုံးတွေ အများကြီးရှိနေတယ်။ ကိုယ်ကုန်ကြမ်းအတိုင်း လုပ်မှာလား။ ကုန်ချောလေး လုပ်လို့မရဘူးလား။ အကိုကြီးက ညီတွေ၊ ညီမတွေကို ကုန်ချောလုပ်လို့ မရဘူးလား။ မိဘတွေဟာ ကိုယ့်သားသမီးကို ကုန်ချောလေးဖြစ်အောင် လုပ်လို့မရဘူးလား။ အမှန်က မိဘတွေက သားသမီးတွေ ကျောင်းထားပေးတာ၊ ပညာသင်ပေးနေတာ ကုန်ချောလေး လုပ်ပေးတာပဲလေ။ အစ်ကိုကြီး၊ အစ်မကြီး အုပ်ချုပ်တဲ့ အိမ်ဆိုရင် ညီတွေညီမတွေကို ပညာသင်ပေးနေတာ ကုန်ချောလေး လုပ်ပေးနေတာပဲ။ ဦးတွေ အဒေါ်တွေ အုပ်ချုပ်တယ်ဆိုရင် တူတွေ၊ တူမတွေကိုလည်း ဒါဒီလိုလေးကောင်းအောင် လုပ်ပေးနေတာ။ ကုန်ချောလေးဖြစ်အောင်။ တကယ်ပြောရင်တော့လည်း ဘုန်းဘုန်းတို့ ဆုံးမယ်တယ် ဆိုတာ ကြီးတဲ့သူက ငယ်တဲ့သူကို ဆုံးမတယ် ဆိုတာ ...။




> ဒီထင်းတုံးတွေ ခွဲပြီးထင်းဆိုက်ရတာ နှမြောစရာကြီး၊ နှမြောစရာကြီးလို့ ဖြစ်ခဲ့တာ။ ခုခေတ်ကျတော့ အဲဒါပေ့ါ။ ကုန်ကြမ်းအတိုင်းလုပ်မလား၊ ကုန်ချော ထုတ်မလား။ ကုန်ကြမ်းအတိုင်း ရောင်းမလား၊ ကုန်ချော ထုတ်မလား။ ကုန်ကြမ်းအတိုင်း ရောင်းလို့ကတော့ ဟော့ ကုန်ကြမ်းအတိုင်း ရောင်းလို့ကတော့ ဈေးပေါပေါ ရတာပေ့ါ။

■

မမ္မဒူတ အရှင်ဆေကိန္ဒ
(ဆက်လက်ဖော်ပြပါမည်။)

# ကိုယ်ဝန်ဆောင်မိခင် အိတ်ချ်အိုင်ဗီပိုးတွေ့လူနာ လေးထောင်ကျော်ကို ဆေးကုသမှုပေး

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

မိခင်မှကလေးသို့ အိတ်ချ်အိုင်ဗီပိုး ကူးစက်မှုကာကွယ်ရေးအတွက် ၂၀၁၆ ခုနှစ်တွင် ကိုယ်ဝန်ဆောင်မိခင် ရှစ်သိန်းခြောက်သောင်းခန့်အထိ အိတ်ချ်အိုင်ဗီပိုးစစ်ဆေးပေးနိုင်ခဲ့ပြီး ယင်းစစ်ဆေးမှုမှ ပိုးတွေ့ကိုယ်ဝန်ဆောင် လေးထောင်ကျော်ကို ဆေးကုသမှုများပေးခဲ့ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခုခံကျကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်၏ စီမံချက် မန်နေဂျာ ဒေါက်တာထွန်းညွန့်ဦးက ပြောကြားသည်။

"ဒါကို Pilot အနေနဲ့ ၂၀၀၀ ပြည့်နှစ်က စခဲ့တယ်။ အိတ်ချ်အိုင်ဗီပိုးစစ်ဆေးပေးခဲ့တဲ့ ကိုယ်ဝန်ဆောင်မိခင်တွေထဲမှာ ပိုးတွေ့ရှိတဲ့မိခင် ၄၇၀၀ ဦးကို ဆေးဝါးကုသမှုပေးနိုင်ခဲ့သလို မွေးလာတဲ့ကလေးတွေကိုပါ ပိုးရှိ၊ မရှိ စစ်ဆေးပေးခဲ့တယ်"ဟု ၎င်းက ရှင်းပြသည်။

မိခင်မှကလေးသို့ အိတ်ချ်အိုင်ဗီ ကူးစက်မှုမှ ကာကွယ်ရေးလုပ်ငန်းကို ၂၀၀၀ ပြည့်နှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ်တွင် မြို့နယ်အခြေပြုအနေနှင့် ၃၁၉ မြို့နယ်အထိ တိုးချဲ့ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည့်အပြင် လာမည့် ၂၀၂၅ ခုနှစ်၌လည်း မိခင်မှကလေးသို့ အိတ်ချ်အိုင်ဗီပိုးကူးစက်မှု လုံးဝကင်းစင်ပပျောက်သွားသည်အထိ ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း ခုခံကျကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်မှ သိရသည်။

"တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ အိတ်ချ်အိုင်ဗီပိုးကူးစက်မှုက ၀.၆ ရာခိုင်နှုန်းလောက်ရှိပါတယ်။ မိခင်မှကလေးကိုကူးစက်မှုက ၀.၅ရာခိုင်နှုန်းလောက်ရှိပါတယ်"ဟု ဒေါက်တာထွန်းညွန့်ဦးက ဖြည့်စွက် ပြောကြားသည်။

အဆိုပါရောဂါတိုက်ဖျက်ရေးလုပ်ငန်းအတွက် ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၀)ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပြီး လာမည့် ၂၀၃၀ ပြည့်နှစ်တွင် အိတ်ချ်အိုင်ဗီပိုးကင်းဝေးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ထွက်ပေါ်လာစေရေးကို ဦးတည်ထားကြောင်း ခုခံကျကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်မှ သိရသည်။

၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ အိတ်ချ်အိုင်ဗီပိုးရှိသူ ဦးရေ ၂၂၀,၀၀၀ ခန့်ရှိကြောင်း၊ အိတ်ချ်အိုင်ဗီပိုးကူးစက်ခံရမှုသည် တစ်နိုင်ငံလုံးအတိုင်းအတာ တစ်ပြေးညီဖြစ်ပွားနေခြင်းမဟုတ်ဘဲ ယင်းပိုးကူးစက်ရန် အန္တရာယ်များသော ဦးတည်အုပ်စုများဖြစ်သည့် မူးယစ်ဆေးအကြောထဲထိုးသွင်းသူများ၊ အမျိုးသမီးလိင်လုပ်သားများနှင့်အမျိုးသားချင်း လိင်တူဆက်ဆံသူများတွင် အဖြစ်များကြောင်း AIDS Epidemic Model (AEM) ဖြင့် ခန့်မှန်းတွက်ချက်ဖော်ပြထားပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဖြစ်ပွားမှု အမြင့်ဆုံးဖြစ်ကြောင်း အိတ်ချ်အိုင်ဗီ ကူးစက်ဖြစ်ပွားမှုအခြေအနေကို စောင့်ကြပ်ကြည့်ရှုခြင်း စစ်တမ်းများအရ သိရသည်။

ထို့ပြင် ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗီပိုးကူးစက်ခံရသူ အသစ်ပေါင်း ၁၁၀၀၀ ခန့်ရှိပြီး ယင်းတို့အနက် ဦးတည်အုပ်စုများဖြစ်သော မူးယစ်ဆေးအကြောထဲထိုးသွင်းသူများတွင် ၂၉ရာခိုင်နှုန်း၊ အမျိုးသမီးလိင်လုပ်သားများတွင် ၇ ရာခိုင်နှုန်း၊ အမျိုးသားချင်းလိင်တူဆက်ဆံသူများတွင် ၁၃ရာခိုင်နှုန်းနှင့် လိင်လုပ်သားများ၏ အမျိုးသားလိင်ဆက်ဆံဖော်များတွင် ၂၃ ရာခိုင်နှုန်းအထိရှိနေပြီး နေ့စဉ်လူဦးရေ ၃၀ခန့်သည် အိတ်ချ်အိုင်ဗီပိုးကူးစက်ခံနေရကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ■ J-12

## News In Brief

### စန်းမြင့်မောင် ဒါနဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်း စုပေါင်းသွေးလှူပွဲပြုလုပ်မည်

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

စန်းမြင့်မောင် ဒါနဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်းက ကြီးမှူးပြုလုပ် သည့် ၁၀ ကြိမ်မြောက် စုပေါင်းသွေး လှူဒါန်းပွဲကို ဒီဇင်ဘာလ ၁၀ ရက်နေ့ နံနက် ၉ နာရီမှ ၁၁ နာရီအထိ ရန်ကုန်အမျိုးသားသွေးလှူဘဏ်တွင်ပြုလုပ်မည်ဖြစ်ကြောင်း ယင်းဖောင်ဒေးရှင်းမှ သိရသည်။

အဆိုပါဖောင်ဒေးရှင်းမှ လာရောက်လှူဒါန်းမည့် သွေးလှူရှင်များကို အမှတ် တရလက်ဆောင်များဖြစ်သော နေရောင်ခြည်ကာကွယ်ထီး၊ ဦးထုပ်၊ ကြွေမတ်ခွက်၊ တီရှပ်နှင့် ကြက်ဥများကို ပေးအပ်သွားမည်ဖြစ်ပြီး သွေးလှူဒါန်းလိုသူများအနေနှင့် ဖုန်းနံပါတ် ၀၉-၅၁၃၅၅၁၅၊ ၀၉-၄၄၉၂၅၃၇၆၇ သို့ ဒီဇင်ဘာလ ၇ ရက်နေ့နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပါသည်။ ■

### မိခင်နှင့်ကလေးများနေ့ ပျော်ပွဲရွှင်ပွဲ ကျင်းပမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

ပန်းလှိုင်စီလုံဆေးရုံကြီးတွင် မွေးဖွားခဲ့သော ကလေးများ၊ ကလေးမိခင်များ နှင့် မိသားစုဝင်များအတွက် သတိတရ တန်ဖိုးထား၍ မိခင်နှင့်ကလေးများနေ့ ပျော်ပွဲရွှင်ပွဲကို ဒီဇင်ဘာလ ၁၀ ရက်နေ့ နံနက် ၉ နာရီမှ မွန်းလွဲ ၁နာရီအထိ ယင်းဆေးရုံတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပျော်ပွဲရွှင်ပွဲတွင် မိသားစုလိုက် ဆော့ကစားနိုင်မည့်ဂိမ်းအစီအစဉ်များ၊ ကလေးများအတွက် ပန်းချီဆွဲခြင်း၊ ပုံပြောခြင်း၊ ကလေးများ ဉာဏ်ရည်ဖွံ့ဖြိုးမှုအတွက်အထောက်အပံ့ပြုသည့်ကစားနည်းမျိုးစုံတို့အပြင် စျေးဆိုင်ခန်းများ၊ အစား အသောက်ဆိုင်များနှင့် ကလေးကစားကွင်းများ၊ အနုပညာရှင်များ၏သီဆိုတင်ဆက်မှုများစွာတို့ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ ■

**The Voice Daily**

လပေးမှာယူဖတ်ရှုသည့် စာဖတ်ပရိသတ်များ
အဆင်မပြေမှုများရှိပါက

ဆက်သွယ်ရန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)၊ မန္တလေး - ၀၉ ၇၇၂၂၂၉၀၇၁
နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

## သံဓာတ်ချို့တဲ့ခြင်း

အသက်ငါးနှစ်အောက်ကလေးငယ်များ၏ ထက်ဝက်ကျော်သည် သံဓာတ်ချို့တဲ့လျက်ရှိပြီး ပုံမှန်ရှိရမည့် အရပ်ထက် ပုညက် သေးကွေးလျက်ရှိပါသည်။ ကလေးမွေးနိုင်သောအမျိုးသမီးအရွယ် သုံးယောက်အနက် တစ်ယောက်တွင် သံဓာတ်ချို့တဲ့မှုကြောင့်ဖြစ်ပွားသည့် သွေးအားနည်းရောဂါ ဖြစ်ပွားလျက်ရှိပါသည်။

**ကနဦးသံဓာတ်ချို့တဲ့မှုအား ကျော်လွှားခြင်း -** ကနဦးသံဓာတ်ချို့တဲ့မှုသည် လူအများတွင် ဖြစ်ပွားလျက်ရှိပါသည်။ ယင်းချို့တဲ့မှုကို နေ့စဉ်အာဟာရမျှတစွာ စားသုံးခြင်းဖြင့် လွယ်ကူစွာ ကာကွယ်နိုင်ပါသည်။

**သံဓာတ်ပြည့်ဝသောအစားအစာများ -** အနီရောင်ရှိသောအသား(ဆိတ်သား၊ အမဲသား၊ အသည်း စသည်များတွင် သံဓာတ် မြင့်မားစွာပါဝင်သည်)၊ အစိမ်းရောင်ရှိသော ဟင်းသီးဟင်းရွက်များ (ဟင်းနုနွယ်၊ ကန်စွန်းရွက်)၊ အစေ့အဆန်များ၊ ပဲအမျိုးမျိုး (ပဲနီလေး၊ ပဲပုပ်၊ ဗိုလ်စားပဲ)၊ ပင်လယ်စာများနှင့် ပန်းဂေါ်ဖီစိမ်း၊ ကီဝီ၊ လိမ္မော်၊ စတော်ဘယ်ရီ စသော ဗီတာမင်စီ ကြွယ်ဝစွာပါဝင်သောအစားအစာများ။

**သံဓာတ်ချို့တဲ့မှုအဖြစ်များနိုင်သည့်အုပ်စုများ**

- သံဓာတ်ပြည့်ဝစွာပါသည့် အစားအသောက်များကို အာဟာရမျှတစွာ မစားသုံးသူများ။

- **ကျောင်းနေအရွယ်ကလေးများ -** ကလေးငယ်အရွယ်နှင့် ဆယ်ကျော်သက်အရွယ်များသည် ကိုယ်အလေးချိန်မပြည့်ခြင်း၊ နာတာရှည်ဖျားနာခြင်းများဖြစ်ပွားလျက်ရှိပါက သံဓာတ်ချို့တဲ့မှုကြောင့်ဖြစ်ပွားသော သွေးအားနည်းရောဂါဖြစ်နိုင်ခြေမြင့်ကာ အရွယ်ရောက်ပြီး မိန်းကလေးများအနေနှင့် ရာသီစက်ဝန်းတွင် ရာသီသွေးများပြားခြင်းကြောင့် အန္တရာယ်ဖြစ်နိုင်ခြေ ပိုမိုများပြားပါသည်။

- **ကိုယ်ဝန်ဆောင်အမျိုးသမီးများ -** ကိုယ်ဝန်ဆောင်စဉ် ပုံမှန်ခန္ဓာကိုယ်ဖြစ်စဉ်ပြောင်းလဲမှုများကြောင့် သွေးရည်ကြည်ပမာဏတိုးလာမည်ဖြစ်ပြီး ယင်းအချိန်တွင် သွေးနီဥများ တိုးများလာသော်လည်း သွေးရည်ကြည်များ အချိုးအစားမျှတစွာ တိုးလာခြင်း မရှိခြင်းကြောင့် ဟေမိုဂလိုဘင် (Hemaglobin) နည်းပါးကာ သံဓာတ်ချို့တဲ့မှုကြောင့်ဖြစ်ပွားသော သွေးအားနည်းရောဂါကို ဖြစ်ပွားစေနိုင်ပါသည်။

- **အရွယ်မရောက်သောကလေးငယ်များ -** အရွယ်မရောက်သောကလေးငယ်များအားလုံး၏ ၂၅ ရာခိုင်နှုန်းနှင့် ၈၀ ရာခိုင်နှုန်းကြားသည် မွေးဖွားပြီး တစ်နှစ်အတွင်း သံဓာတ်ချို့တဲ့မှုကြောင့်ဖြစ်ပွားသော သွေးအားနည်းရောဂါဖြစ်ပွားနိုင်သည့် လက္ခဏာများဖြစ်တတ်ပါသည်။

- **သံဓာတ်ချို့တဲ့မှုလက္ခဏာများ -** ကနဦး သံဓာတ်ချို့တဲ့မှုကြောင့်ဖြစ်ပွားသော သွေးအားနည်းရောဂါများသည် အလိုအလျောက်နွမ်းနယ်ခြင်း၊ ဦးနှောက်လုပ်ဆောင်မှုနှေးကွေးခြင်းကြောင့် သင်ယူနိုင်စွမ်းကျဆင်းခြင်း၊ ကိုယ်ခံအားကျဆင်း၍ မကြာခဏဖျားနာခြင်းတို့ဖြစ်ပြီး သွေးအားနည်းခြင်းဖြစ်စဉ်တွင် ရောဂါလက္ခဏာများသည် ပိုမိုထင်ရှားလာမည်ဖြစ်ပြီး သာမန်သွေးအားနည်းခြင်းနှင့်သက်ဆိုင်သည့် ပြင်းထန်သောအန္တရာယ်မှာ အသက်ရှူမမှန်ခြင်းဖြစ်သည်။

**အခြားလက္ခဏာများမှာ -** မူးဝေခြင်း၊ လက်သည်းခြေသည်းများ ကွပ်ဆတ်ခြင်း၊ အောက်မျက်ခမ်းနှင့်လျှာ ဖြူဖပ်ဖြူရော်ဖြစ်ခြင်း၊ အသားအရေဖျော့တော့ခြင်းတို့ဖြစ်သည်။ ထို့ပြင် သံဓာတ်ချို့တဲ့မှုကြောင့်ဖြစ်သော သွေးအားနည်းရောဂါအခြေအနေ ပိုမိုမြင့်မားလာပါက ခန္ဓာကိုယ်မှ အောက်ဆီဂျင်ပမာဏ ပိုမိုလိုအပ်လာမည်ဖြစ်ပြီး ပြင်းထန်သောအခြေအနေများတွင် နှလုံးရပ်ခြင်းဖြစ်ပွားစေနိုင်ပြီး အသက်အန္တရာယ်ထိခိုက်စေနိုင်ပါသည်။

■ **Source : Dr.Win Win Myint(Nutrition Specialist)**




ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးနှံခြင်း

သီတာဆွေ

နိုင်ငံတစ်ဝန်း အသက် ၉ လမှ ၁၅ နှစ်အရွယ် ကလေးများအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး စတင်ထိုးနှံခြင်းကို နိုဝင်ဘာလ ၁၅ ရက်နေ့မှ ၂၃ရက် နေ့အထိ ကျောင်းအခြေပြုကာကွယ်ဆေးထိုးအစီအစဉ်ဖြင့်လည်းကောင်း၊ ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၂၀ ရက် နေ့အထိပြည်သူလူထုအခြေပြုကာကွယ်ဆေးထိုးအစီအစဉ်ဖြင့်လည်းကောင်း ထိုးနှံပေးလျက်ရှိပါသည်။ ထိုကဲ့သို့ကျောင်းအခြေပြုကာကွယ်ဆေးထိုးအစီအစဉ် ဆောင်ရွက်နေစဉ်ကာလအတွင်း သေဆုံးသူ ၅ ဦးရှိခဲ့သည်။ ထိုသေဆုံးမှုနှင့်ပတ်သက်၍ နည်းပညာဆိုင်ရာ စုံစမ်းစစ်ဆေးမှုများအရ သေဆုံးသည့်ကလေးများသည် ကာကွယ်ဆေးထိုးပြီးသည့်အချိန်နှင့် တိုက်ဆိုင်ကာ အခြားရောဂါများကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။ အဆိုပါသေဆုံးမှုများကြောင့် ကာကွယ်ဆေးထိုးနှံပေးမည့် ကလေးမိဘများအနေနှင့် ဘက်ပေါင်းစုံ မှ စိုးရိမ်ပူပန်မှုများစွာရှိခဲ့သည့်အတွက် လာမည့်ပြည် သူလူထုအခြေပြု ကာကွယ်ဆေးထိုးအစီအစဉ်တွင် ပိုမိုစိတ်ချရပြီး ဘေးကင်းသော ကာကွယ်ဆေးထိုး လုပ်ငန်းဖြစ်စေရန်အတွက် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအနေနှင့် အခြားသောလုပ်ငန်းများ ထပ်မံ အားဖြည့် ဆောင်ရွက်ထားကြောင်း၊ လာမည့် ပြည်သူလူထုအခြေပြုကာကွယ်ဆေးထိုး အစီအစဉ်တွင် ကလေးမိဘများအနေနှင့် စိုးရိမ်မှု လျော့နည်းစေရေးအတွက် ယင်းကာကွယ်ဆေးထိုးလုပ်ငန်းနှင့်ဆက်စပ်သည့် တာဝန်ရှိသူများ၏ ဖြေကြားချက်များကို စုစည်းတင်ပြ လိုက်ပါသည်။

## "ဒီရောဂါက မြန်မာပြည်မှာ အဖြစ်အများဆုံးမဟုတ်ပေမယ့် ဖြစ်တဲ့အခါမှာ ကုသရခက်တယ်"

### ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဦးစောဝင်း (အမျိုးသားကာကွယ်ဆေး အကြံပေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အရှေ့တောင်အာရှဒေသကြီး ကာကွယ်ဆေးဆိုင်ရာအကြံပေးအဖွဲ့ဝင်)



ဂျပန်ဦးနှောက်ရောင်ရောဂါက မြန်မာပြည်မှာ ဖြစ်ပွားနိုင်တဲ့ရောဂါဖြစ်တယ်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီက စပြီးတော့ အသက် ၉ လ ကလေးတိုင်းကို ပုံမှန်ကာကွယ်ဆေးထိုးမှာ ထိုးပေးမယ်။ အခုလုပ်တာက လွတ်သွားတဲ့ကလေးတွေကို ပြန်ထိုးပေးတာပေါ့။ ဒီအစီအစဉ်က ပြန်လာမှာမဟုတ်ဘူး။ အခုတစ်ကြိမ်ပဲ အခွင့်အရေးရမှာပေါ့။ နောက်တစ်ခုက ပြင်ပမှာ ထိုးတာတွေရှိပါတယ်။ အခုလောလောဆယ် ပြင်ပမှာလည်း ဆေးပြတ်နေတယ်။ ပိုက်ဆံတတ်နိုင်လို့ ထိုးတာတောင်မှ မထိုးပေးနိုင်ဘူး။ ကုမ္ပဏီတွေလည်း အပြောင်းအလဲရှိတယ်လို့ကြားတယ်။ အဲ့ဒီတော့ အခုထိုးထားတာ ပိုကောင်းပါတယ်။

ဆရာ့ဆီ လာမေးကြတယ်။ မထိုးချင်လို့မဟုတ်ဘဲ စိုးရိမ်လို့ လာမေးကြတယ်။ G6PD ချို့တဲ့ရင်လည်း ထိုးလို့ရပါတယ်။ ပန်းနာရင်ကျပ်ရှိလည်း ထိုးလို့ရပါတယ်။ ပန်းနာရင်ကျပ်ရှူဆေးတွေ သုံးနေရလည်း ထိုးလို့ရပါတယ်။ တစ်ခုပဲ ကိုယ်ခံအားကျစေနိုင်တဲ့ ဆေးတွေ သောက်ထားရင်တော့ လေးပတ်ခြားပြီး ထိုးခိုင်းပါတယ်။ G6PD ဆိုတာ ခန္ဓာကိုယ်ထဲမှာရှိတဲ့ သွေးနီဥထဲမှာ ဓာတ်တစ်မျိုးရှိတယ်။ အဲ့ဒီဓာတ်က တချို့ဓာတုဗေဒပစ္စည်းတွေနဲ့ထိတွေ့ရင် သွေးနီဥတွေ ပေါက်ကွဲပျက်စီးပြီးတော့ ရုတ်တရက် သွေးအားနည်းတာဖြစ်တတ်တယ်။ အဲ့ဒီလိုချို့တဲ့တာက လူ ၁၀၀ မှာ ၄၊ ၅ ယောက်ရှိနေတယ်။ အထူးသဖြင့် ယောက်ျားလေးတွေဖြစ်တယ်။ သူ့ဘာသာသူနေရင် ဘာမှမဖြစ်ဘူး။ သွေးအားလည်း မနည်းဘူး။ ဆာဖာပါတဲ့ဆေးတွေ၊ ငှက်ဖျားဆေးတွေ၊ အကိုက်အခဲပျောက်ဆေးတချို့နဲ့ အစားအသောက်ထဲမှာဆိုရင် တောင်ကြီးပဲလှော် (ပဲကြား)နဲ့ထိတွေ့ရင် ဖြစ်တယ်။ ဒီကာကွယ်ဆေးမှာတော့ G6PD ရှိရင် မထိုးရဘူးဆိုတဲ့ အယူအဆမရှိဘူး။ ဆေးထုတ်တဲ့ကုမ္ပဏီက ညွှန်ကြားချက်ပေးပြီးသားပေါ့။ ဆေးကုမ္ပဏီရဲ့ညွှန်ကြားချက်မှာကို ၁၀ ရာခိုင်နှုန်းနဲ့ ၂၀ ရာခိုင်နှုန်း ခေတ္တမူးတာရှိနိုင်တယ်။ ဆေးတိုင်းမှာ ဆေးနဲ့မတည့်တာ ဖြစ်နိုင်တယ်။ ဒီဆေးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း အသိအမှတ်ပြုပြီးသားဖြစ်တယ်။ နောက်ပြီး တခြားနိုင်ငံတွေမှာ သုံးပြီးသားဖြစ်တယ်။ ဆေးနဲ့ပတ်သက်ပြီး စိတ်ချရမှုကလည်း အာမခံပြီးသားဖြစ်တယ်။ ဒီရောဂါက မြန်မာပြည်မှာ အဖြစ်အများဆုံးမဟုတ်ပေမယ့် ဖြစ်တဲ့အခါမှာ ကုသရခက်တယ်။ ဖြစ်နိုင်တဲ့ပတ်ဝန်းကျင်အခြေအနေရှိနေတယ်။ ဒါကြောင့် ဆေးထိုးထားတာက အကောင်းဆုံးပါပဲ။ ■

## "မိဘတွေစိတ်ပူတာ ပိုကောင်းတယ်။ သူတို့စိတ်ဝင်စားတယ်။ သူတို့ကိုယ်တိုင် ပါဝင်ဆုံးဖြတ်တယ်"

### ဆေးပညာပါမောက္ခ ဒေါက်တာတင့်တင့်ကြည် (ခုတင် ၁၀၀၀ ဆံ့ဆေးရုံကြီး၊ နေပြည်တော်)



ကျွန်မက ကာကွယ်ဆေးထိုးပြီးနောက်ပိုင်း ဖြစ်ပေါ်လာတဲ့ပြဿနာတွေကို စောင့်ကြပ်ကြည့်ရှုရတဲ့ကော်မတီမှာ သမားတော် တစ်ယောက်အနေနဲ့ ပါပါတယ်။ ကာကွယ်ဆေးထိုးတာက ကောင်းတယ်။ ကာကွယ်ဆေးက ခန္ဓာကိုယ်ရဲ့ခုခံအားစနစ်ကိုဆွပေးတယ်။ ပဋိပစ္စည်းကို လှုံ့ဆွတာတွေ ထိုးပေးလိုက်တာပဲ။ အဲဒီအခါ ခန္ဓာကိုယ်မှာ ပဋိပစ္စည်းထွက်လာပြီး ခုခံအားရလာတယ်။ အများစုကတော့ရတယ်။ တစ်ဦးနဲ့တစ်ဦးကမတူဘူး။ တချို့က မလိုလားအပ်တဲ့ပြဿနာတွေဖြစ်တတ်တယ်။ သေးသေးမွှားမွှားလေးတွေရှိသလို ကြီးကြီးမားမား အသက်အန္တရာယ်ဆုံးရှုံးရတဲ့ အဖြစ်တွေကို သိကြရတယ်။ ဒီလိုသေဆုံးမှုတွေ ဖြစ်တဲ့အချိန်ကစပြီးတော့ အကုန်လုံး အသေးစိတ်မှတ်တမ်းတင် လေ့လာသုံးသပ်ကြတယ်။ နောက်ဆုံး အသားစအဖြေတွေ၊ ခန္ဓာကိုယ်ကထွက်တဲ့အရည်နဲ့ သွေးတွေ၊ ဦးနှောက်အရည်ကြည်တွေကို ခေတ်ပေါ်နည်းပညာနဲ့ရှာဖွေခဲ့တယ်။ အဓိကကတော့ ကာကွယ်ဆေးရဲ့အားနည်းချက်၊ ထိုးတဲ့စနစ် စသည်အားဖြင့် ဘယ်အားနည်းချက်ကြောင့်လဲပေါ့။ အခုက လေး ငါးယောက်က ဆေးထိုးပြီး သေဆုံးတယ်လို့သိရတယ်။ အသေးစိတ်လေ့လာကြည့်တဲ့အခါ ကာကွယ်ဆေးကြောင့်မဟုတ်ကြောင်း သုံးသပ်ချက်ထွက်ပါတယ်။ တိုက်ဆိုင်မှုလို့ သုံးသပ်ကြပါတယ်။ ကာကွယ်ဆေးမထိုးလည်း နေ့စဉ် ရောဂါတစ်မျိုးမျိုးကြောင့် သေဆုံးတဲ့ကလေးတွေရှိနေတယ်။ အဲ့ဒီလိုရောဂါဖြစ်နေသူကို လက္ခဏာမပြတော့ ရောဂါရှိမှန်းမသိရဘူး၊ ဒါကို ထိုးလိုက်တယ်။ ပြီးတော့ လက္ခဏာပြတယ်။ တစ်ယောက်ကတော့ ဆေးရုံမှာမဟုတ်လို့ ဘာမှန်းမသိပေမယ့် အခြားသူတွေကတော့ အခြားရောဂါပိုးတွေနဲ့ ဆက်စပ်ပတ်သက်တာကို ရောဂါဗေဒစစ်တမ်းများအရ သိရှိရတယ်။ အခြားရောဂါများကြောင့် သေတာလို့ပြောပါတယ်။ ကလေးတစ်ယောက်ဆိုရင် ဒီရောဂါနဂိုကတည်းက ဖြစ်နေတဲ့သဘောရှိတယ်။ အားလုံးသုံးသပ်ပြီး ထွက်လာတွေ အဖြေတွေကိုကြည့်ပြီးတော့မှ ကာကွယ်ဆေးနဲ့ သက်ဆိုင်မှုရှိ၊ မရှိ နိုင်ငံတော်အဆင့် ထင်မြင်ချက်ပေးရတာပါ။

မိဘတွေစိတ်ပူတာ ပိုကောင်းတယ်။ သူတို့စိတ်ဝင်စားတယ်။ သူတို့ကိုယ်တိုင် ပါဝင်ဆုံးဖြတ်တယ်။ သူက သူ့ကလေးအကြောင်း နေကောင်း၊ မကောင်း အသိဆုံးပဲလေ။ ဆေးထိုးတဲ့လူတွေထက်ကို ပိုသိတယ်။ အဲတော့ ပြောပြပေးပါ။ နေကောင်းရင် ပုံမှန်ထိုးပေးစေချင်ပါတယ်။ အခုဖြစ်နေတာက မိဘနဲ့ဝေးတဲ့၊ မိဘမရှိတဲ့ ဥပမာ-လေလွင့်ကလေးတွေ၊ လမ်းပေါ်မှာဖြစ်သလိုနေရတဲ့ကလေးတွေကျရင်တော့ ဆေးထိုးမယ့်ကလေးက နေကောင်းလား၊ မကောင်းဘူးလားဆိုတာကို ပြောပြပေးမယ့်သူမရှိဘူး။ ကျွန်မတို့က ကလေးရဲ့ ရာဇဝင်ကိုမရဘူးဆိုရင် သူ့ရဲ့လက္ခဏာကို ပိုကြည့်ရတာပေါ့။ အဲ့ဒီလိုအခက်အခဲတွေတော့ ရှိနိုင်တယ်။ တစ်ယောက်ချင်းစီရဲ့ကိစ္စ ဖြစ်ပါတယ်။ ဆေးထိုးတဲ့အခါ ထိုးဖြစ်စေချင်တာက ဖြစ်လာရင် ဆေးမရှိဘူး။ ကာကွယ်ဆေးက အကောင်းဆုံးမို့လို့ပါ။ စနစ်တစ်ခုလုံးကို သင်ခန်းစာယူစရာရှိတာယူပြီး ပိုမိုလုံခြုံစိတ်ချရအောင် အဘက်ဘက်က ဆောင်ရွက်ထားတယ်။ ကမ္ဘာ့အဆင့် ကြည့်နေကြသူတွေကလည်း မြန်မာနိုင်ငံမှာ အကောင်အထည်ဖော်တာ အင်မတန်စနစ်ကျတယ်လို့ထုတ်ဖော်ချီးကျူးပါတယ်။ အန္တရာယ်ကင်းမှု၊ စိတ်ချရမှုက ပထမပါပဲ။ ဘာမှမဖြစ်စေချင်တဲ့အတွက် မထိုးခင် သံသယရှိတယ်ဆိုရင် နီးစပ်ရာဆရာဝန် ဒါမှမဟုတ်ရင် ကြီးကြပ်သူတွေကို တိုင်ပင်ပါ။ အရမ်းကြီးကြောက်စရာမလိုပါဘူး။ သက်ဆိုင်ရာဆက်သွယ်ရမယ့် ဆရာမတွေရဲ့ ဖုန်းနံပါတ်၊ တိုင်ပင်ရမယ့် ဆရာဝန်ဖုန်းနံပါတ်တွေ အဆင့်ဆင့် ဆက်သွယ်ဖို့လမ်းကြောင်းအတွက် ညွှန်ကြားချက်များ ရှိနေပါတယ်။ ■

## "ဒါကြောင့် ဒီကလေးကို ကာကွယ်ဆေးမထိုးခင်မှာ X-ray တွေရိုက်ရမှာလား၊ Ultra-Sound တွေ ရိုက်ရမှာလား၊ အထူးကုတွေနဲ့ ပြေးပြရမှာလားဆိုတာက သင့်လျော်မှန်ကန်တဲ့ သတင်းပေးချက်တွေမဟုတ်ပါဘူး"

### စီမံချက်မန်နေဂျာ ဒေါက်တာထားထားလင်း (တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း)



ကာကွယ်ဆေးအားလုံးကို ရောဂါအခံရှိနေတဲ့ ကလေးတွေကို အရင်က အမြဲထိုးပေးခဲ့ပါတယ်။ ဖျားနေရင်လည်း ထိုးပေးပါတယ်။ နှာစေးချောင်းဆိုးရင်လည်း ထိုးပေးပါတယ်။ ရင်ကျပ်နေလည်း ထိုးပေးပါတယ်။ တစ်နှစ်အောက်ကလေးတွေတုန်းက ဘာပြဿနာမှမရှိပါဘူး။ အခုက တကယ့်ကိုအန္တရာယ်ကင်းတဲ့ဘက်မှာ နေချင်တဲ့အတွက် ဖျားရင်လည်း မထိုးပါနဲ့၊ ဘာဖြစ်ဖြစ်မထိုးပါနဲ့လို့ ပြောတာပါ။

ဒါကြောင့် ဒီကလေးကို ကာကွယ်ဆေးမထိုးခင်မှာ X-ray တွေရိုက်ရမှာလား၊ Ultra-Sound တွေ ရိုက်ရမှာလား၊ အထူးကုတွေနဲ့ ပြေးပြရမှာလားဆိုတာက သင့်လျော်မှန်ကန်တဲ့ သတင်းပေးချက်တွေမဟုတ်ပါဘူး။ ဥပမာ-တစ်နှစ်အောက်ကလေးတွေ အများကြီးကို ထိုးပေးပါတယ်။ အဲ့ဒီကလေးတွေမှာလည်း ရောဂါရှိချင်ရှိမယ်။ ဒါပေမဲ့ လက်ရှိအခြေအနေအရ နေကောင်းနေတယ်ဆိုရင် ကျွန်မတို့က ထိုးပေးပါတယ်။ အခြားနိုင်ငံတွေမှာလည်း ကာကွယ်ဆေးထိုးဖို့ကိုပဲ သင်ကြားထားတဲ့သူတွေပဲ ထိုးပါတယ်။ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေမှာ ကျန်းမာရေးဝန်ထမ်းကိုတောင် မသုံးနိုင်ပါဘူး။ ကျွန်မတို့က နှစ်ပေါင်းများစွာ အတွေ့အကြုံရှိတဲ့ကျန်းမာရေးဝန်ထမ်းမှာမှ သားဖွားဆရာမတွေကိုပဲ ကာကွယ်ဆေးထိုးဖို့ တာဝန်ပေးထားတဲ့အတွက်ကြောင့် သူတို့ရဲ့အရည်အသွေးပေါ်မှာတော့ ယုံကြည်ချက် အပြည့်အဝရှိပါတယ်။ ■

"သူက စိတ်အရမ်းပျော့တယ်၊ အရမ်းကို ထိရှလွယ်တယ်"

- ခင်ဝင့်ဝါ

"သမီးရည်းစားတွေရဲ့ အချစ်ထက်သူငယ်ချင်းအချစ်က ပိုပြီးနွေးထွေးတယ်လို့ ခံစားရတယ်"

- ဝိုင်းလေး



ဓာတ်ပုံ- ဝင်းထွန်းနိုင်

## သူငယ်ချင်းသက်တမ်း သုံးနှစ်ရှိပြီဖြစ်တဲ့ သရုပ်ဆောင်ခင်ဝင့်ဝါ၊ တေးသံရှင်ဝိုင်းလေးတို့နဲ့တွေ့ဆုံပြီး တစ်ယောက်အပေါ်တစ်ယောက် စိတ်ပိုင်းဆိုင်ရာ အားပေးမှုများအကြောင်း၊ မကြိုက်တဲ့အချက်များအကြောင်းနဲ့ အတူ ဖြစ်စေချင်တဲ့ဖူးစာဖက် အကြောင်း တစေ့တစောင်းကို The Voice က မေးမြန်းဖော်ပြလိုက်ပါတယ်။

သန့်ဇင်ဦး

**Voice: သူငယ်ချင်းနှစ်ယောက်က တွဲလာတာကြာပြီလား၊ လက်ရှိ ခင်မင်မှုကို ဘယ်အချိန်လောက်ထိ ထိန်းသိမ်းသွားမှာလဲ။**

**KWW:** ညီမတို့က ကျောင်းတက်ကတည်းက ခင်တာပါ။ ဒါပေမဲ့ သိပ်မတွဲဖြစ်ဘူး။ အနုပညာလောကထဲရောက်တော့မှ တွေ့ဖြစ်တယ်၊ တိုင်ပင်ဖြစ်တယ်။ အဲ့ဒါကြောင့် နောက်ပိုင်းမှာမှ တစ်ယောက်နဲ့ တစ်ယောက်က ရင်းရင်းနှီးနှီး ပိုဖြစ်လာတာပေါ့နော်။ ညီမတို့နှစ်ယောက်ရဲ့လက်ရှိ Friendship Goal လေးကို ရေရှည်ထိန်းသိမ်းသွားချင်ပါတယ်။

**Voice: ဝိုင်းလေးက စိတ်ခံစားလွယ်တဲ့သူလို့ ပြောထားတော့ သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့ သူ့ကို စိတ်ပိုင်းဆိုင်ရာမှာ အားပေးတာမျိုးတွေလုပ်ဖြစ်လား။**

**KWW:** ညီမတို့နှစ်ယောက်က တော်တော်များများ အချက်တူပါတယ်။ ဒါပေမဲ့ သူက ညီမထက် စိတ်ခံစားမှုပိုဖြစ်တယ်။ သူက စိတ်အရမ်းပျော့တယ်၊ အရမ်းကို ထိရှလွယ်တယ်။ အဲ့ဒါကြောင့် အားရှိစေမယ့် စကားမျိုးတွေကိုတော့ အမြဲတမ်း ပြောပေးဖြစ်တာပေါ့နော်။ သူက တစ်ယောက်တည်းနေရင် အထီးကျန်တယ်၊ တစ်ယောက်တည်းနေရင် ဝမ်းနည်းနေတဲ့ပုံစံဆိုတော့ အားပေးဖြစ်ပါတယ်။ ကိုယ်မအားရင်တောင်မှ အဆင်ပြေလား၊ မပြေဘူးလားဆိုပြီး Message ပို့တယ်။

**Voice: တစ်ယောက်နဲ့တစ်ယောက်ကြားမှာ မကြိုက်တဲ့အချက်တွေက ဘာဖြစ်မလဲ။**

**KWW:** ညီမအနေနဲ့ သူ့ကိုမကြိုက်တဲ့အချက်က အရမ်းပိန်းတယ်။ တစ်ခုခုဆို သူ့ကိုအရိပ်ပြရုံမကဘဲ အကောင်ပါပြရတယ်။ ဒါတောင်မှ သူက မသိဘူး။ အဲ့ဒါကြောင့် သူ့ကိုပိန်းတာလေးတွေ လျှော့ပါ၊ နုံတာလေးတွေလျှော့ပါလို့ပြောချင်ပါတယ်။ ညီမကလည်း ဘေးနားကနေ ထောက်ပံ့ပေးပါမယ်။

**Voice: နှစ်ယောက်စလုံးက အချိန်တန်ရင် အသီးသီး အိမ်ထောင်ပြုကြမှာဆိုတော့ ကိုယ့်ရဲ့သူငယ်ချင်းကို ဘယ်လိုဖူးစာဖက်နဲ့ အိမ်ထောင်ပြုစေချင်လဲ။**

**KWW:** ဝိုင်းလေးအတွက်ဆိုရင်တော့ သူ့ရဲ့ဖူးစာဖက်က ယောကျ်ားပီပီသသရှိပြီးတော့ ဝိုင်းလေး စိတ်တိုင်းကျနေနိုင်မယ့်လူမျိုးကို ရစေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက လုံးဝကို Emotional ရှိတယ်။ ရည်းစားချစ်သူအပေါ်မှာတော့ မသိဘူးပေါ့နော်။ ညီမတို့ အလုပ်များနေတဲ့အချိန်မျိုးမှာတောင်မှ သူ့ဆီ တစ်နေ့လုံးနေလို့ ဖုန်းလည်း မဆက်ဖြစ်ဘူး၊ Message လည်း မပို့ဖြစ်ဘူးဆိုရင် နင်ငါ့ကို ပစ်ထားတယ်ဆိုပြီး ငိုတာမျိုးတွေဖြစ်တယ်။ အဲ့ဒါကြောင့် သူ့ကိုဂရုစိုက်နိုင်ပြီးတော့ သူ့အကြိုက်ကို လိုက်နိုင်မယ့် လူမျိုးတစ်ယောက်ကို သူ့ရဲ့လက်တွဲဖော် ဖြစ်စေချင်ပါတယ်။

**Voice: ခင်ဝင့်ဝါက အချစ်ရေးမှာ ထူးခြားနေပြီထင်လား၊ သူ့မှာ ချစ်သူရှိနေပြီဆိုတာကို ကိုယ့်ကိုဖွင့်ပြောလေ့ပြောထရှိလား။**

**WL:** ခင်ဝင့်ဝါမှာတော့ လောလောဆယ် အချစ်ရေးနဲ့ပတ်သက်ပြီး ထူးထူးခြားခြားမရှိသေးပါဘူး။ ဥပမာ-သူ တစ်ခုခုစိတ်ဝင်စားစရာရှိတယ်ဆိုရင်တော့ ဘေးနားကနေ သူငယ်ချင်းတစ်ယောက်အနေနဲ့ အကြံပြုတာပေါ့နော်။ ကိုယ်ကြိုက်ရင်ကြိုက်တယ်၊ မကြိုက်ရင် မကြိုက်ဘူးဆိုပြီး အမုန်းခံပြီးတော့လည်း ပြောရင်ပြောတယ်။ ဒါပေမဲ့ အားလုံးက သူ့ရဲ့စိတ်ခံစားမှုအပေါ်မှာပဲ အများကြီးမူတည်တယ်လေ။ လက်ရှိအချိန်မှာတော့ အနုပညာအလုပ်က နှစ်ယောက်စလုံးအတွက် အရမ်းအရေးကြီးနေပါတယ်။

**Voice: ခင်ဝင့်ဝါကို ဘယ်လိုဖူးစာဖက်နဲ့ အိမ်ထောင်ပြုစေချင်လဲ၊ ကိုယ်ဖြစ်စေချင်တဲ့ သူ့ရဲ့ဖူးစာဖက်ပုံစံက ဘယ်လိုပုံစံမျိုးလဲ။**

**WL:** အနုပညာအလုပ်မှာမှ သူလုပ်တာက မင်းသမီးဆိုတော့ သူ့အပေါ်ကို လုံးဝကို နားလည်မှုတွေရှိရမယ်။ သူ့ကို ချစ်တဲ့လူက သစ္စာလည်း ရှိရမယ်။ နောက်ပြီးတော့ ယုံကြည်အားကိုးရမယ့်လူမျိုးပေါ့ နော်။ ကိုယ့်သူငယ်ချင်းက စိတ်ညစ်လို့ငိုနေတာမျိုးတွေ၊ အထီးကျန်နေတာမျိုးတွေဆို မလိုချင်ဘူး။ အဲ့ဒါကြောင့် တစ်ခါတလေကျရင် နှစ်ယောက်သားတိုင်ပင်ဖြစ်တယ်။ နင်လည်းအပျိုကြီးလုပ်၊ ငါလည်းအပျိုကြီး လုပ်မယ်ပေါ့။ တကယ်လို့ နင်ကစည်းဖောက်ပြီး ယောကျ်ားယူသွားခဲ့ရင်တော့ နင့်မင်္ဂလာပွဲကို ငါလာဖျက်မယ်ဆိုပြီး ပြောဖြစ်တယ်။

**Voice: တစ်ယောက်နဲ့တစ်ယောက်က အရမ်းချစ်ကြတဲ့ သူငယ်ချင်းတွေဆိုတော့ စိတ်ပိုင်းဆိုင်ရာမှာ ဘယ်လိုအားပေးမှုမျိုးတွေ လုပ်ဖြစ်လဲ။**

**WL:** သူစိတ်ညစ်တဲ့အချိန်တွေဆိုရင်တော့ ညီမဆီကို ဖုန်းဆက်တယ်၊ ဒေါသဖြစ်နေတဲ့အချိန်မျိုးတွေ၊ ရိုက်ကွင်း နားရလို့ တစ်ယောက်တည်း ဖြစ်နေတဲ့အချိန်မျိုးတွေဆိုရင် ဖုန်းခေါ်တယ်။ ညဘက်တွေမှာ အိပ်မပျော်တဲ့အခါ ကျရင်လည်း အစားအသောက်အကြောင်းတွေ၊ ခရီးသွားချင်တဲ့ အကြောင်းတွေကို တိုင်ပင်ကြတယ်။ တကယ်တော့ သမီးရည်းစားတွေရဲ့အချစ်ထက် သူငယ်ချင်းအချစ်ကပိုပြီး နွေးထွေးတယ်လို့ ခံစားရတယ်။

**Voice: ခင်ဝင့်ဝါက ကိုယ်ပိန်းတာကို မကြိုက်ဘူးဆိုတော့ သူ့ဆီမှာလည်း ကိုယ်မကြိုက်တဲ့အချက်တွေရှိလား။**

**WL:** တစ်ခါတလေကျရင် သူက အော်တာမျိုးတွေရှိတယ်။ နောက်တစ်ခုက သူပြောတဲ့အတိုင်းမလုပ်ရင် စိတ်ကောက်တယ်။ သူက စိတ်အရမ်းကောက်တတ်တယ်။ အဲ့ဒါကြောင့် သူစိတ်ကောက်နေတဲ့အချိန်မျိုးတွေမှာ ကိုယ်က လိုက်ချော့ရတာပေါ့နော်။ သူက မုန့်စားမယ်ဆိုရင် အဆင်ပြေတော့ မုန့်နဲ့ ပြန်ချော့ရတယ်။

## Recap

❍ ပရိသတ်တွေက ဇာတ်ကားတွေ ပြန်ရိုက်ဖို့အားပေးကြတဲ့အတွက် ကျေးဇူးတင်ပြီး၊ ကိုယ်နဲ့လိုက်ဖက်တယ်ထင်လို့ ကမ်းလှမ်းလာတဲ့ ဇာတ်ကားတွေကို လက်ခံရိုက်ကူးဖို့ ဆုံးဖြတ်ထားကြောင်း သရုပ်ဆောင် လင်းဇာနည်ဇော်က ပြောကြားပါတယ်။

"အစ်မရဲ့ အသက်အရွယ်ကျတော့ ကိုးလို့ကန့်လန့် ဖြစ်နေတယ်။ အမေခန်းလည်း ရိုက်လို့ မရသေးသလို၊ မင်းသမီးခန်းကျတော့လည်း ရိုက်ဖို့မဖြစ်နိုင်တော့ဘူး။ အဲ့ဒီအခါကျတော့ အစ်မအတွက်က ဇာတ်ရွေးသွားပြီ။ ငယ်ငယ်တုန်းကလိုတော့ ဇာတ်ကားတွေကို ဝုန်းဒိုင်းကျဲပြီး မရိုက်နိုင်တော့ဘူး။ ကိုယ်နဲ့ လိုက်ဖက်တဲ့ ဇာတ်ကားတွေကို ငုတ်တုတ်ထိုင်ပြီး စောင့်ရမယ့် အချိန်လည်း မဟုတ်ဘူး။ အဲ့ဒီအတွက် အစ်မရဲ့အပြင် စီးပွားရေးလုပ်ငန်းတွေနဲ့ အားလပ်တဲ့အချိန်မှာ လာကမ်းလှမ်းတဲ့ ဇာတ်ကားတွေကို ကိုယ်နဲ့ လိုက်တယ်ထင်ရင်တော့ ရိုက်မှာပါ" လို့ဆိုင်းကဆိုပါတယ်။

❍ မိဘနဲ့မခွဲနိုင်သေးသလို အနုပညာအလုပ်တွေကိုလည်း ဒီ့ထက်ပိုပြီး ကြိုးစားချင်သေးတဲ့အတွက် အချစ်ရေးကို မစဉ်းစားသေးတာဖြစ်ကြောင်း သရုပ်ဆောင် ရွှေသမီးက ပြောကြားပါတယ်။

"အချစ်ရေးကတော့ ကိုယ်တိုင်လည်း မရှာသေးသလို၊ ကိုယ့်ကို လာရှာတဲ့သူလည်း မရှိသေးဘူး။ အဲ့ဒီတော့ တစ်ယောက်တည်းပဲ ဘဝကို အေးအေးချမ်းချမ်း ဖြတ်သန်းနေပါတယ်။ နောက်တစ်ခုက မိဘနဲ့လည်း မခွဲနိုင်သေးဘူး။ ကိုယ့်ရဲ့ အနုပညာအလုပ်တွေကိုလည်း ဒီ့ထက်ပိုပြီးတော့ လုပ်ချင်သေးတယ်။ ကြိုးစားချင်သေးတယ်။ အဲ့ဒါကြောင့်လည်း ချစ်သူမရှာသေးတာပါ။ အကယ်၍ ချစ်သူရှိလာမယ်ဆိုရင်တော့ ညီမရဲ့ ပရိသတ်တွေကို ပွင့်ပွင့်လင်းလင်း အသိပေးသွားမှာပါ" လို့ ၎င်းကဆိုပါတယ်။



ဓာတ်ပုံ- ငွေမှုံရတီ Facebook Page

## တက္ကသိုလ်ဝင်တန်း စာမေးပွဲပြီးမှ ကားရိုက်ခဏနားမယ်ဆိုတဲ့ ငွေမှုံရတီ

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

ဆယ်ကျော်သက် သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ငွေမှုံရတီက မတ်လမှာ ကျင်းပမယ့် တက္ကသိုလ်ဝင်တန်း စာမေးပွဲအတွက် ပြင်ဆင်ဖို့ ဇာတ်ကားရိုက်ကူးမှုတွေကို ခဏနားမှာဖြစ်ကြောင်း The Voice ကို ပြောကြားပါတယ်။

"ညီမ ကျန်းမာရေးအတွက် ဘန်ကောက်မှာ ဆေးပြဖို့လည်းရှိတယ်။ ဒီလထဲမှာလည်း စာမေးပွဲတစ်ခုရှိသလို၊ မတ်လမှာလည်း အတန်းတင်စာမေးပွဲကြီး ဖြေရပါတော့မယ်။ အဲ့ဒါကြောင့် စာမေးပွဲအတွက် ပြင်ဆင်ဖို့အနုပညာ အလုပ်တွေကို ခဏရပ်ပါမယ်" လို့ ၎င်းက ထပ်လောင်းပြောဆိုပါတယ်။

ဂန့်ဂေါ မြို့မှာ တော်လှန်ရေးဇာတ်ကားတစ်ကား သွားရိုက်ခဲ့တုန်းက ပုံးဖောက်တဲ့ ဇာတ်ဝင်ခန်းမှာ နားကို ထိခိုက်မိသွားတဲ့အတွက် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ ဆေးခန်းသွားပြရမှာဖြစ်ကြောင်း၊ စာမေးပွဲ ဖြေသွားရင်တော့ ဇာတ်ကားတွေကို ပြန်လည် လက်ခံရိုက်ကူးသွားမှာဖြစ်ကြောင်း သရုပ်ဆောင်ငွေမှုံရတီက ပြောကြားပါတယ်။

"ဆယ်တန်းစာမေးပွဲ ဖြေပြီးသွားရင်တော့ အနုပညာအလုပ်တွေကို သေချာဇောက်ချပြီး လုပ်တော့မှာပါ။ အနုပညာအလုပ်စလုပ်တုန်းကတော့ ကလေးသာသာ စိတ်လေးနဲ့ပဲ လုပ်ခဲ့တာပေါ့။ အခုကတော့ ကိုယ်လုပ်တဲ့အလုပ်ပေါ်မှာ တန်ဖိုးထားတတ်လာတယ်။ ဒီအလုပ်စလုပ်တုန်းကဆို မင်းသမီးရုပ်မပေါက်ဘူးလို့လည်း အပြောခံခဲ့ရဖူးတယ်။ ပရိသတ်တွေရဲ့ဝေဖန်မှုတွေ နားထောင်ပြီး ပြင်သင့်တာတွေလည်း ညီမ ပြင်ပါတယ်" လို့ ၎င်းကဆိုပါတယ်။



ဓာတ်ပုံ- သန့်ဇင်ဦး

## မြင့်မြတ်နဲ့ ရိုက်ထားတဲ့ 'တောကျီးကန်း' ရုပ်ရှင်ကို အရမ်းအားရတယ်ဆိုတဲ့ ခင်လှိုင်

ရန်ကုန်၊ဒီဇင်ဘာ ၅

အဆင့်မြင့် ရုပ်ရှင်ရုံကြီးတွေမှာ မကြာမီ ရုံတင်ပြသတော့မယ့် နာမည်ကျော် သရုပ်ဆောင် မြင့်မြတ်နဲ့ တွဲဖက်သရုပ်ဆောင်ထားတဲ့ 'တောကျီးကန်း' ရုပ်ရှင်ဇာတ်ကားကို အရမ်း အားရပါတယ်လို့ သရုပ်ဆောင် ခင်လှိုင်က The Voice ကို ပြောကြားပါတယ်။

"ဒီကားမှာ ပါဝင်တဲ့ သရုပ်ဆောင်တွေဖြစ်တဲ့ မြင့်မြတ်၊ ထူးခြား၊ မိုးဟေကိုတို့ဆိုလည်း ကိုယ်ရတဲ့ ဇာတ်ရုပ်မှာ အကောင်းဆုံး သရုပ်ဆောင်ထားကြတယ်။ ဒါရိုက်တာ ကိုစတီးလ်ကလည်း အရုပ်၊ အသံပိုင်းတွေကို အကောင်းဆုံး ဖြစ်အောင် ကြိုးစားထားပါတယ်" လို့ ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

ယင်းဇာတ်ကားမှာ မြင့်မြတ်နဲ့အပြိုင်သဘောမျိုး သရုပ်ဆောင်ရတဲ့အတွက် 'ခိုးဆိုးလုနိုက်' ရုပ်ရှင်ဇာတ်ကားတုန်းကထက် တာဝန်လည်း ပိုကြီးကြောင်း၊ ဇာတ်လမ်းဇာတ်အိမ်ကလည်း ခိုင်မာမှုရှိတဲ့အတွက် ပရိသတ်တွေရဲ့ ရင်ထဲကို ရောက်သွားမယ့် ဇာတ်ကားတစ်ကားဖြစ်မယ်လို့ ယုံကြည်ထားကြောင်း သရုပ်ဆောင် ခင်လှိုင်က ပြောကြားပါတယ်။

"ကျွန်တော်က သရုပ်ဆောင်တာပဲဖြစ်ဖြစ်၊ သီချင်းဆိုတာပဲဖြစ်ဖြစ်၊ အငြိမ့်ကတာပဲ ဖြစ်ဖြစ် ရှုးရှူးသွပ်သွပ်နဲ့ လုပ်တတ်တဲ့ အကျင့်ရှိတယ်။ ကျွန်တော့်လိုဟာသသရုပ်ဆောင်တစ်ယောက်ကို ထုတ်လုပ်သူနဲ့ ဒါရိုက်တာက တောကျီးကန်းလို အက်ရှင်ဇာတ်ကားမျိုးမှာ ပါဝင်ဖို့ယုံယုံကြည်ကြည်နဲ့ ကမ်းလှမ်းလာတဲ့အတွက် အကောင်းဆုံးပြင်ဆင်ပြီးတော့ သရုပ်ဆောင်ခဲ့ပါတယ်" လို့ ၎င်းကဆိုပါတယ်။

## ကြီးကျယ်တဲ့ဇာတ်လမ်းတစ်ပုဒ်ကို မတွဲဖူးသေးတဲ့ မင်းသားနှစ်ယောက်နဲ့ ရုပ်ရှင်ကားအဖြစ် ပုံဖော်မယ့် ဒါရိုက်တာသားညီ

ရန်ကုန်၊ ဒီဇင်ဘာ ၅

၂၀၁၈ ခုနှစ်၊ ဧပြီလမှာ မတွဲဖူးသေးတဲ့ မင်းသားနှစ်ယောက်ကိုတွဲပြီး ရုပ်ရှင်ကားကြီးတစ်ကား ဖန်တီးဖို့ရှိတဲ့ ဒါရိုက်တာသားညီက ရိုက်ကူးရေးပိုင်းအတွက် Production Designer ကို နိုင်ငံခြားကနေ ခေါ်ပေးဖို့ ပရိုဂျူဆာဆီ တောင်းဆိုထားတယ်လို့ The Voice ကိုပြောကြားပါတယ်။




ဓာတ်ပုံ- ဝင်းထွန်းနိုင်

"ဒီကားအတွက် ပြင်ဆင်ချိန် လေးလလောက်တော့ယူမယ်။ ဇာတ်ကျပြီးဆိုတာနဲ့ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလကနေ စပြင်ဆင်သွားမယ်။ ဇာတ်လမ်းက နည်းနည်းလည်းကြီးကျယ်တယ်။ ဇာတ်လမ်းထဲမှာ ပြည်ထဲရေးနဲ့ ပတ်သက်တဲ့ ကိစ္စတွေ၊ ရဲကိစ္စတွေလည်းပါတော့ လူကြီးတွေနဲ့ သွားတွေ့ရဦးမယ်။ ပြီးတော့မှ သူတို့ရဲ့ လုပ်ထုံးလုပ်နည်းတွေကိုမေးပြီးရိုက်ရမှာပါ။ နောက်တစ်ခုက ရိုက်ကူးရေးပိုင်းအတွက် Production Designer ကို နိုင်ငံခြားကနေ ခေါ်ပေးဖို့ ပရိုဂျူဆာဆီ တောင်းဆိုထားတယ်" လို့ ၎င်းက ထပ်လောင်းပြောပါတယ်။

ဇာတ်လမ်းပုံစံကကြီးကျယ်တာကြောင့် ငွေကုန်ကြေးကျတော်တော်များနိုင်သလို ပြဿနာမျိုးစုံတက်မယ့် ကားလည်းဖြစ်နိုင်ကြောင်း၊ မတွဲဖူးသေးတဲ့နာမည်ကြီးမင်းသားတွေဖြစ်တာကြောင့် ရိုက်ကူးရေးပိုင်းမှာ ကိုယ့်အတွက် စိန်ခေါ်မှုတွေလည်းရှိမှာဖြစ်ကြောင်း ဒါရိုက်တာသားညီက ပြောပါတယ်။

"ဒီကားက တစ်ခုခု အမှားအယွင်းဖြစ်သွားတာနဲ့ ပြဿနာတက်သွားနိုင်တဲ့ကား၊ အဆဲခံအဆိုခံရနိုင်တဲ့ကားဆိုတော့ အများကြီးပြင်ဆင်ရမယ်။ ဒီကားမှာပါမယ့် မင်းသားနှစ်ယောက်ကိုလည်း ရွေးပြီးပါပြီ။ ဒါပေမဲ့ ပရိသတ်ကို ကြိုမပြောသေး ဘူး။ လက်ရှိမှာတော့ ဇာတ်ကိုစတည်ဆောက်နေပါပြီ။ ဇာတ်ကို ဆင်ဆာတင်ပြီး ပြန်ကျတော့မှပဲ ပရိသတ်ကိုဇာတ်လမ်းပုံစံကအစ အသိပေးပါမယ်" လို့ ၎င်းကပြောထားပါတယ်။




## တစ်ကိုယ်တော် ဂီတဖျော်ဖြေပွဲကျင်းပမယ့် ဂျန်ယောင်းဟွာ

ဆိုးလ်၊ ဒီဇင်ဘာ ၅

တောင်ကိုရီးယားနိုင်ငံရဲ့ နာမည်ကျော် အမျိုးသားဂီတအဖွဲ့ CNBLUE ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဂျန်ယောင်းဟွာရဲ့တစ်ကိုယ်တော် ဂီတဖျော်ဖြေပွဲကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလအတွင်း ကျင်းပသွားမှာဖြစ်ကြောင်း kpop herald.com မှာ ဖော်ပြထားပါတယ်။

'2018 Jung Young Hwa Live ( Room 622 ) In Seoul' လို့အမည်ပေးထားတဲ့ ဂီတဖျော်ဖြေပွဲတွေကိုတော့ ဇန်နဝါရီလ ၂၀ ရက်နေ့ ၂၁ ရက်နေ့တွေမှာ ဆိုးလ်မြို့ရဲ့အရှေ့တောင်ဘက်မှာ ရှိတဲ့ Olympic Park နဲ့ ဇန်နဝါရီလ ၂၇ ရက်နေ့မှာ တော့ ဆိုးလ်မြို့မှာ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

လတ်တလော အနုပညာလှုပ်ရှားမှုအနေနဲ့ကတော့ ဂျန်ယောင်းဟွာက JTBC ရုပ်သံလိုင်းက ထုတ်လွှင့်တဲ့ 'The Package' ဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ခဲ့သလို၊ tvN ရုပ်သံလိုင်းက ထုတ်လွှင့်တဲ့ ဖျော်ဖြေရေး ရုပ်သံအစီအစဉ် 'Island Trio' မှာလည်း ပါဝင်ထားပါတယ်။

အဆိုတော်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ဂျန်ယောင်းဟွာက ၂၀၁၅ ခုနှစ်မှာ တစ်ကိုယ်တော် ဂီတလှုပ်ရှားမှုတွေကို စတင်ခဲ့ပါတယ်။ ဇန်နဝါရီလအတွင်းမှာ ပြုလုပ်မယ့် ဖျော်ဖြေပွဲတွေက သူ့ရဲ့ ပထမဆုံး တစ်ကိုယ်တော် ဂီတဖျော်ဖြေပွဲတွေလည်း ဖြစ်ပါတယ်။

## တေလာဆွစ်ဖ်၏ဖျော်ဖြေပွဲသို့ အက်ဒ်ရှီးယန် မထင်မှတ်ဘဲ တက်ရောက်ဖျော်ဖြေ



လော့အိန်ဂျလိစ်မြို့မှာ ဖျော်ဖြေတင်ဆက်တဲ့ တေလာဆွစ်ဖ်ရဲ့ပွဲမှာ စင်ပေါ်ကို ပရိသတ်တွေ ထင်မှတ်မထားတဲ့ နာမည်ကျော် နောက်တစ်ဦး တက်လာပြီး အတူတွဲ ဖျော်ဖြေသွားခဲ့ပါတယ်။

အက်ဒ်ရှီးယန် ဟာဂျင်ဂဲဘောလ် ဖျော်ဖြေတင်ဆက်ပွဲမှာ စင်ပေါ်ကို တက်လာခဲ့ပြီးတော့ တေလာဆွစ်ဖ်နဲ့ စုံတွဲသီဆိုသွားခဲ့ပါတယ်။

အဆိုပါပွဲမှာ တေလာဆွစ်ဖ်ဟာ သူမရဲ့ နာမည်ကျော်သီချင်းဟောင်းများကို သီဆိုသွားပြီး အခွေသစ်ထဲက သီချင်းအသစ်တွေကိုလည်း ထည့်သွင်းဖျော်ဖြေခဲ့ပါတယ်။

တေလာဆွစ်ဖ်ရဲ့နာမည်ကျော် သီချင်းတွေဖြစ်တဲ့ Blank Space ၊ Shake It Offစ တဲ့သီချင်းတွေနဲ့ စဖွင့်ခဲ့ပါတယ်။

ဂရမ်မီဆုအတွက် ဆန်ခါတင် အရွေးခံထားရတဲ့ I Don't Wanna Live Forever သီချင်းကိုလည်း ဖျော်ဖြေသွားခဲ့ ပါတယ်။

ပရိသတ်တွေ အံ့အားသင့်အောင် လုပ်လိုက်တဲ့ အကွက်ကတော့ စင်ပေါ်ကို အက်ဒ်ရှီးယန် တက်လာတာပါပဲ။

End Game သီချင်းကို အတူတကွ သီဆိုကြပြီးတော့ သူတို့နှစ်ဦးရဲ့စင်ပေါ်မှာ ပထမဆုံးသီဆိုမှုအဖြစ် မှတ်တမ်းဝင်သွားခဲ့ပါတယ်။

F-02

# ကမ္ဘာ့အင်တာနက်အတွက် တံခါးပိတ်မထားကြောင်း တရုတ်သမ္မတပြောကြား

**ဘေဂျင်း၊ ဒီဇင်ဘာ ၅**




တရုတ်သမ္မတ ရှီကျင့်ဖျင်က ဆိုက်ဘာလောကကို စိုးမိုးရန် ဦးတည်ထားသော်လည်း အင်တာနက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံကို တံခါးပိတ်ထားရန် အစီအစဉ်မရှိကြောင်း ထုတ်ဖော်ပြောကြားချက်ကို Reuters သတင်းတွင် ဖော်ပြထားသည်။

ရှီကျင့်ဖျင်၏ အင်တာနက်ဆိုင်ရာ သဘောထားကို တရုတ်နိုင်ငံအရှေ့ပိုင်း ဝူကျန်းတွင်ကျင်းပနေသည့် ဆိုက်ဘာရေးရာ ဆွေးနွေးပွဲညီလာခံတွင် ကွန်မြူနစ်ပါတီသတင်းပြန်ကြားရေးဌာနမှ အကြီးအကဲ ဟောင်ကန်မင်းက သမ္မတ၏ သဝဏ်လွှာကို ဖတ်ကြားသည့်အထဲတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ Cyberspace အနေအထားသည် ဖွံ့ဖြိုးတိုးတက်နေပြီး ပထမအဆင့်လမ်းကြောင်းအတွင်းသို့ ဝင်ရောက်နေပြီဖြစ်ကြောင်း၊ ထို့ကြောင့် တရုတ်သည် တံခါးကို ပိတ်ထားရန်မလိုကြောင်း၊ ဖွင့်ထားပေးရမည်သာဖြစ်ကြောင်း ရှီကျင့်ဖျင်၏ မှတ်ချက်ကို ဟောင်ကန်မင်းက ဖတ်ကြားပြသည်။

တရုတ်နိုင်ငံကလည်း ရုရှားနိုင်ငံကဲ့သို့ပင် အင်တာနက်တွင် လွတ်လပ်စွာ ချုပ်ကိုင်စိုးမိုးပိုင်ခွင့်ရရေးအတွက် ကိုယ်ပိုင်အင်တာနက်တစ်ခုဖြစ်လာစေရန် ကြိုးစားနေပြီး၊ ပြည်ပက အနှောင့်အယှက်ကင်းသည့် အင်တာနက် ဖြစ်လာစေရေးကို ဦးတည်လုပ်ဆောင်လျက်ရှိကြောင်း Reuters တွင်ဖော်ပြထားသည်။

တရုတ်ကွန်မြူနစ်ပါတီသည် အင်တာနက်လုပ်ဆောင်နိုင်စွမ်းများကို ဥပဒေသစ်များဖြင့် ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး၊ Great Firewall ဆိုသည့် စနစ်များဖြင့် ထိန်းချုပ်ထားခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သည်။

တရုတ်နိုင်ငံတွင် ယခုနှစ် ဇွန်လကစတင်ပြီး အမျိုးသားဆိုက်ဘာလုံခြုံရေးဥပဒေကို ပြဋ္ဌာန်းရန်အတွက် မူကြမ်းများ ချမှတ်ပြခဲ့ပြီး၊ ပြည်ပမှ ကုမ္ပဏီများအနေနှင့် ဒေတာများကို ပြည်တွင်း၌ သိုလှောင်သိမ်းဆည်းထားပြီးနောက် စောင့်ကြည့်တည်း ဖြတ်ခြင်းကို ခံရမည်ဆိုသည့် အချက်များကို ထည့်သွင်းထားသည်။

ဆိုက်ဘာဥပဒေတွင် နိုင်ငံတကာက သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေများကို လိုက်နာမည်ဖြစ်ပြီး လူတစ်ဦးချင်းစီ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်များကိုလည်း အကာအကွယ်ပေးမည်ဖြစ်ကြောင်းပါဝင်သော်လည်း စီးပွားရေး လုပ်ငန်းရှင်များက ယင်းဥပဒေသည် နိုင်ငံခြားတိုင်းပြည်များမှ ကုမ္ပဏီများအတွက် တရားမျှတမှု မရှိကြောင်း ဝေဖန်ထောက်ပြထားသည်။

တရုတ်နိုင်ငံတွင် ကျင်းပနေသည့် Cyberspace Administration of China (CAC) ညီလာခံသို့ နိုင်ငံတကာမှ စီမံခန့်ခွဲရေးအဆင့် ခေါင်းဆောင်များကို ဖိတ်ကြားကာ အမြင်များဆွေးနွေးခဲ့ပြီး၊ ထိုပွဲကို Apple ကုမ္ပဏီမှ CEO တင်မ်ကွတ်နှင့် Google မှ အကြီးအကဲ ဆန်းဒါး ပီချိုင်းအပါအဝင် Facebook ၏ အဆင့်မြင့် ခေါင်းဆောင်များ လာရောက်တက်ကြကြောင်း Reuters တွင် ရေးသားထားသည်။ ■

# မြောက်ကိုရီးယားမှ ဒုံးကျည်များ အမေရိကကိုရောက်နိုင်ပြီး လှည့်စားချက်များကို သတိထားသင့်ဟုဆို

**ဝါရှင်တန်၊ ဒီဇင်ဘာ ၅**




အမေရိကန်ပြည်ထောင်စုမှ ဒုံးကျည်ကာကွယ်ရေးစနစ်များသည် မြောက်ကိုရီးယားနိုင်ငံ၏ နည်းပညာ လှည့်စားချက်များကို ခံရဖွယ်ရှိပြီး၊ မြောက်ကိုရီးယားမှ ခေါင်းဆောင် ကင်ဂျုံအန် ခြိမ်းခြောက်နေသည့် ဒုံးကျည်စနစ်များသည် အမေရိကသို့ အမှန်တကယ်ရောက်နိုင်ကြောင်း The Seattle Times သတင်းတွင်ဖော်ပြထား သည်။

မြောက်ကိုရီးယားနိုင်ငံက နောက်ဆုံး စမ်းသပ်သွားသည့် intercontinental ballistic missile (ICBM) ဒုံးကျည် စနစ်သည် အမေရိကသို့ အချိန်မရွေးရောက်လာနိုင်ပြီး ဝါရှင်တန်ဒီစီကို အချိန်မရွေးတိုက်ခိုက်နိုင်စွမ်းရှိကြောင်း ယင်းသတင်းကဆိုသည်။

မြောက်ကိုရီးယားတို့ တီထွင်ထားသည်ဆိုသော ICBM ဒုံးကျည်စနစ်တွင် နျူကလီးယားထိပ်ဖူးများ တပ်ဆင် ထားခြင်း ရှိ၊ မရှိကို သေချာစွာ မသိရသော်လည်း၊ အမေရိကသို့ရောက်နိုင်ကြောင်းကို သံသယဖြစ်စရာမလိုကြောင်း၊ ထို့ကြောင့် အဆင်သင့်ပြင်ဆင်ထားရန်သာလိုကြောင်း၊ သမ္မတထရမ့်ပြောကြားသလို အမေရိကန်ပြည်ထောင်စုသည် စစ်ရေးဆိုင်ရာ လက်နက်များတွင် ကမ္ဘာပေါ်၌ အကောင်းဆုံးဖြစ်သည်ဆိုသည့် ကြွားဝါချက်ကို သတိထားရန်လိုကြောင်း နိုင်ငံရေးဝေဖန်ဆန်းစစ်သူ ရှောင် ဟန်နီတီက အင်တာဗျူးတစ်ခုတွင် ထုတ်ဖော်ပြောကြားလိုက်သည်။

သမ္မတထရမ့်က မြောက်ကိုရီးယားနိုင်ငံမှ ဒုံးကျည်များ မည်မျှလွှတ်သည်ဖြစ်စေ ၉၇ ရာခိုင်နှုန်းခန့် ဖျက်ဆီးပစ်ချ နိုင်စွမ်းရှိသည့် ဒုံးကျည်များ မိမိတို့ထံတွင် ရှိနေကြောင်း ပြောကြားချက်ကို ရှောင်က သတိပေးစကား ပြောကြားလိုက်ခြင်းဖြစ်သည်။

နိုင်ငံတကာလေ့လာရေးအဖွဲ့မှ မိုက်ကယ် အယ်လီမန်းကလည်း မြောက်ကိုရီးယားနိုင်ငံမှ ဒုံးပျံများ အမေရိကကို ရောက်လာနိုင်သည်ဆိုခြင်းမှာ ၅၀ ရာခိုင်နှုန်းသာဖြစ်သောကြောင့် ဖြစ်ခြင်း၊ မဖြစ်ခြင်းမှာ ထက်ဝက်စီ အနေ အထားတွင် ရှိနေကြောင်း ထုတ်ဖော်ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံသည် လှည့်စားသည့် အနေနှင့် ဒုံးကျည်တစ်ခုကို ပစ်လွှတ်လိုက်ချိန်တွင် အမေရိကန်က ပစ်ချ ဖျက်ဆီးလိုက်နိုင်သည် ဆိုသော်လည်း နောက်ထက် ဒုံးကျည်မည်မျှ တက်လာပြီး၊ တက်လာသည့် ဒုံးကျည်များတွင် နျူကလီးယားထိပ်ဖူးပါ၊ မပါဆိုသည်ကို မည်သူမှ မသိနိုင်ကြောင်း မိုက်ကယ်ကဆိုသည်။

အမေရိကန်ပြည်ထောင်စု အလက်စကားနှင့် ကာလီဖိုးနီးယားတို့တွင် ဒုံးခွင်းဒုံးစနစ် စခန်းပေါင်း ၄၀ ကျော်ရှိ နေပြီး၊ ကျည်ဆန်တစ်တောင့်ကို ကျည်ဆန်တစ်တောင့်ချင်း ပြန်လည်ပစ်ခတ်ရန်အတွက် ဒုံးကျည်ကာကွယ်ရေး စနစ်ကို တည်ဆောက်ထားရသည်မှာ ဒေါ်လာ ဘီလီယံ ၄၀ ခန့် သုံးစွဲထားရသည်ဟု The Seattle Times တွင် ရေးသားထားသည်။ ■

## NEWS IN BRIEF

### အသက် ၁၃ နှစ်အောက်ကလေးများအတွက် Messenger စနစ် Facebook တီထွင်

ဆိုရှယ်ကွန်ရက်တွင် ထင်ရှားသည့် Facebook သည် အသက် ၁၃ နှစ်အောက်ကလေးများအတွက် ရည်စူးပြီး Messenger Kids ဆိုသည့် ဆော့ဖ်ဝဲတစ်မျိုးကို တီထွင်လိုက်ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

Messenger Kids ဆက်သွယ်ရေးစနစ်သည် မိဘများက ထိန်းချုပ်နိုင်သည့် အဆင့်တွင်ရှိနေပြီး စိတ်ချရသည့် မီဒီယာတစ်ခုဖြစ်အောင် ကြံဆောင်ထားကြောင်း၊ Facebook အနေနှင့် ပြိုင်ဘက်လိုဖြစ်လာသည့် Snapchat ဆိုသည့်လိုင်းဘက်သို့ လူငယ်များ ရောက်မသွားစေရန် အားထုတ်မှုတစ်ခုဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

Facebook ကတီထွင်ထားသည့် ဆော့ဖ်ဝဲသစ်သည် မိမိတို့သားသမီးများက မသင်္ကာစရာ လူစိမ်းများနှင့် ဆက်သွယ်ပြောဆိုမိမည်ကို ထိန်းချုပ်နိုင်ရုံမက၊ မိမိတို့ကလေးများ ဆက်သွယ်နေသည့် စာရင်းအားလုံးကို လည်း ပြန်လည်စစ်ဆေးကြည့်ရှုနိုင်မည်ဖြစ်သဖြင့် မိဘများထိန်းချုပ်ခွင့်ကို အပြည့်အဝပေးထားသည်ဟု Reuters တွင် ရေးသားထားသည်။ ■

### Facebook က လန်ဒန်တွင် ရုံးခွဲဖွင့်သဖြင့် အလုပ်အကိုင်နေရာ ၈၀၀ အခွင့်အလမ်းပေါ်ပေါက်

ကမ္ဘာကျော်ဆိုရှယ်မီဒီယာကြီးတစ်ခုဖြစ်သည့် Facebook သည် လန်ဒန်တွင် ရုံးခွဲတစ်ခုကို လာရောက်ဖွင့်လှစ် လိုက်သောကြောင့် လာမည့် ၂၀၁၈ ခုနှစ်က စတင်ပြီး လန်ဒန်သားတို့အတွက် အလုပ်အကိုင် အခွင့်အလမ်း နေရာ ၈၀၀ ခန့် ပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း Reuters သတင်းတွင်ရေးသားထားသည်။

ဗြိတိန်နိုင်ငံသည် ဥရောပအဖွဲ့ဝင်နိုင်ငံများအဖြစ်က နှုတ်ထွက်လိုက်ပြီးနောက်၊ Facebook ကုမ္ပဏီကလည်း အမေရိကန်ပြည်ထောင်စု ပြင်ပနိုင်ငံတွင် ကြီးစွာသော ရင်းနှီးမြှုပ်နှံမှုများဖြင့် လန်ဒန်တွင်ရုံးခွဲလာဖွင့်ခြင်းအား ကြိုဆိုပါကြောင်း ဘဏ္ဍာရေးဝန်ကြီး ဖီးလစ် ဟမ်မွန်ကပြောကြားသည်။ လန်ဒန်တွင် Facebook နှင့်အပြိုင် Google ကလည်း ရုံးခွဲတစ်ခုကို ဖွင့်လှစ်ထားပြီး ဝန်ထမ်းပေါင်း ၇၀၀၀ ကျော်ဖြင့် လည်ပတ်နေပြီး၊ Facebook အနေနှင့် လန်ဒန်တွင် ဝန်ထမ်းနေရာ ၂၃၀၀ အထိ တိုးချဲ့ခန့်ထားရန် ရည်ရွယ်ထားကြောင်း Reuters တွင်ဖော်ပြထားသည်။ ■

### ငါးလိပ်ကျောက်ပုံစံ ရေအောက်သွားစက်ရုပ် စင်ကာပူပညာရှင်များတီထွင်

စင်ကာပူနိုင်ငံမှ သုတေသီများသည် ရေအောက်တွင် ငါးလိပ်ကျောက်ကဲ့သို့ ကူးခတ်သွားလာနိုင်သည့် စက်ရုပ် တစ်မျိုးကို အောင်မြင်စွာ တီထွင်နိုင်ခဲ့ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။ မော်တာတစ်လုံးတည်းထည့်သွင်းထားသည့် ငါးလိပ်ကျောက်တွင် ဆူးတောင် နှင့် တောင်ပံများအားလုံးကို ကွန်ပျူတာဖြင့် ထိန်းချုပ်မောင်းနှင်နိုင်ပြီး Manta Droid ဟုအမည်ပေးထားကာ National University of Singapore မှ ချူချီမန်းဦးဆောင်သည့်အဖွဲ့က တီထွင်ထားခြင်းဖြစ်သည်။

ရေအောက်တွင် အချက်အလက်နှင့် ဒေတာများကို စုဆောင်းရန်အတွက် လူလိုက်ပါခြင်းမရှိဘဲ သုတေသန ပြုလုပ်နိုင်ရန် တီထွင်ထားခြင်းဖြစ်ပြီး၊ ရေအောက်မြေပုံများဆွဲခြင်း၊ ပင်လယ်ကြမ်းခင်းသုတေသနပြုလုပ်ခြင်းများအပြင် စစ်ရေးအတွက်ပါ ထိရောက်စွာ အသုံးပြုနိုင်မည်ဟု ချူချီမန်းကပြောကြားသည်။ ■

### ကင်မရာစနစ်ထည့်သွင်းထားသည့် အပ် တီထွင်

အလွန်သေးငယ်သော ကင်မရာလေးကို အပ်အတွင်းထည့်သွင်းပြီး ဖိုက်ဘာကြိုးမျှင်နှင့် ချိတ်ဆက်ကာ လူ၏ ခန္ဓာကိုယ်အတွင်း ထိုးသွင်းလေ့လာနိုင်မည့် စနစ်တစ်ခုကို လန်ဒန် ယူနီဗာစီတီကောလိပ် (UCL) နှင့် ကွင်းမေရီ တက္ကသိုလ် (QMUL) မှ ပူးပေါင်းတီထွင်ခဲ့ကြောင်း AFP သတင်းတွင်ဖော်ပြထားသည်။

ဒေါက်တာ မယ်လ်ကွန်ဖင်လေး ဦးဆောင်သည့် အဖွဲ့သည် သွေးကြောအတွင်း ထိုးသွင်းထည့်လိုက်ပြီး ခွဲစိတ်ခန်းနှင့် ရောဂါရှာဖွေရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေမည့် Ultrasound အပ်တစ်မျိုးကို တီထွင်ခဲ့ခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ပညာရှင်များက ထိုအပ်ကင်မရာဖြင့် မမွေးဖွားရသေးသော ဝမ်းဗိုက်အတွင်းရှိ ကလေးငယ်ကိုပင် ခွဲစိတ်ကုသမှုများ ပြုလုပ်နိုင်ရန် ရည်ရွယ်ထားကြောင်း မယ်လ်ကွန်ကပြောကြားသည်။ ■

### အသက် ၅ နှစ်အောက်ကလေးများကို အွန်လိုင်းသုံးစွဲခွင့် မပြုသင့်ဟုဆို

အသက် ၅ နှစ်အောက် ကလေးများကို မိဘများနှင့် ကြီးကြပ်သူများ မပါဘဲ နည်းပညာနှင့် အွန်လိုင်းသုံးစွဲမှုများကို မလုပ်ခိုင်းသင့်ကြောင်း Southampton တက္ကသိုလ်မှ ပညာရှင်များ၏ Digital Childhood အစီရင်ခံစာတွင် ဖော်ပြထားကြောင်း AFP သတင်းတွင်ဖော်ပြထားသည်။

၅ နှစ်အောက် ကလေးများကို စမတ်ဖုန်းသုံးစွဲစေခြင်းကိုပင် ခွင့်မပြုသင့်ကြောင်း၊ အထူးသဖြင့် ဆိုက်ဘာ အကြမ်းဖက် ခြိမ်းခြောက်နေမှုများကို ရင်ဆိုင်ရပြီးနောက် ကလေးများ၏စိတ်ကိုကြောက်လန့်စေနိုင်သဖြင့် မိဘများ မပါဘဲ စမတ်ဖုန်းများဖြင့် အွန်လိုင်းသုံးစွဲခွင့်ကို ပိတ်ပင်ထားရန်လိုကြောင်း ယင်းအစီရင်ခံစာကဆိုသည်။

ယခုအခါ ဒစ်ဂျစ်တယ်စနစ်ဖြင့် သင်ကြားသင်ယူမှုများကို အင်တာနက်ကတစ်ဆင့် ရယူနိုင်သဖြင့် မိဘများက သားသမီးများကို လွှတ်ပေးထားခြင်းသည် မလိုလားအပ်သည့် အွန်လိုင်းအကြမ်းဖက်မှုများနှင့် မတော်မလျော်ပုံများတွင် မွေ့လျော်သူများဖြစ်စေနိုင်သည့်အတွက် ဥပဒေဖြင့် တားဆီးပေးရန် တိုက်တွန်းထားသည်။ ■

# “မြန်မာနိုင်ငံရဲ့ ထုတ်ကုန်တွေ၊ သွင်းကုန်တွေဟာ ဒီပိုးလမ်းမသစ်ကနေသွားရင် ကူးသန်းရောင်းဝယ်မှုတွေ ကောင်းမွန်လာမှာပေါ့”

## ဒေါက်တာမောင်မောင်လေးနှင့်တွေ့ဆုံခြင်း

နွယ်နီ

**နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်သို့ သွားရောက်သည့်ခရီးစဉ်အတွင်း တရုတ်နိုင်ငံက အဆိုပြုထားသည့် မြန်မာ-တရုတ် စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်မည့်ကိစ္စကို ဒေါ်အောင်ဆန်းစုကြည် သဘောတူညီခဲ့မှုနှင့်ပတ်သက်၍ အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များနှင့် စီမံကိန်းတွင်ပါဝင်မည့်အကြောင်းအရာများကို ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးနှင့် The Voice က မေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။**

**Voice : ဒေါ်အောင်ဆန်းစုကြည် တရုတ်ခရီးစဉ်မှာ တရုတ်နိုင်ငံက အဆိုပြုထားတဲ့ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံကိစ္စကို သဘောတူခဲ့တာနဲ့ ပတ်သက်ပြီး စီးပွားရေးစင်္ကြံကို နှစ်နိုင်ငံဘယ်လိုပူးပေါင်း အကောင်အထည်ဖော်မလဲဆိုတာ ရှင်းပြပေးပါ။**

**Dr. MML :** အရင်ကတည်းက ဒီစီးပွားရေးစင်္ကြံလမ်းမအတွက် သဘောတူထားတာပါ။ စင်္ကြံလမ်းဆိုတာ ပိုးလမ်းမအသစ်ကိုလုပ်မှာပါ။ တရုတ်သမ္မတရှီကျင့်ဖျင်ရဲ့ ပိုးလမ်းမအသစ်က တရုတ်ပြည်ကနေစပြီး ဥရောပ အထိသွားမယ့်ကုန်းလမ်းပါ။ ပြီးတော့ တရုတ်ပြည်ကနေ ဥရောပဆီသွားတဲ့ ရေကြောင်းလမ်းလည်းပါတယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ဖို့ အထောက်အပံ့ပေးဖို့လုပ်တာပါ။ သူ့ရဲ့ရည်ရွယ်ချက်က ဒေသတွင်းမှာ ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှု တစ်နိုင်ငံနဲ့တစ်နိုင်ငံ ကုန်ပစ္စည်းအရောက်ပို့နိုင်အောင်ပါ။ တချို့ကတော့ပြောတယ်။ တရုတ်ပြည်ရဲ့ပစ္စည်းတွေ ဥရောပအထိရောက်အောင်လို့ပြောကြတာပေါ့။ ကိုယ့်နိုင်ငံရဲ့ပစ္စည်းတွေ ဒေသတွင်းပျံ့နှံ့ရုံသာမက ဥရောပဆီကိုလည်းသွားလို့ရတယ်။ တရုတ်ပြည် လမ်းကြောင်းကနေတစ်ဆင့် အရှေ့အလယ်ပိုင်းနဲ့ ဥရောပဆီကို မြန်မာ့ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချနိုင်မယ့် လမ်းမတွေ၊ ရထားလမ်းတွေ တောက်လျှောက်ဖြစ်လာမှာပါ။ ပင်လယ်ရေကြောင်းကနေလည်း မြန်မာ့ဆိပ်ကမ်းကနေ နောက်ပိုင်းအကုန်ပို့လို့ရအောင် ပိုးလမ်းမအသစ်ကို အကောင်အထည်ဖော်တာပါ။ ဒါကို မြန်မာနိုင်ငံကလည်း လက်မှတ်ထိုးထားတယ်။ အန်ကယ်တို့အသင်းအနေနဲ့လည်း ပူးပေါင်းဆောင်ရွက်ဖို့တွေလုပ်နေပါတယ်။

**Voice : ဒီစီမံကိန်းမှာ မြန်မာနိုင်ငံက ပါဝင်ဖို့ သဘောတူလက်မှတ်ထိုးထားတာနဲ့ ပတ် သက်ပြီး မြန်မာနိုင်ငံအတွက် ဘယ်လိုအကျိုးကျေးဇူးတွေရနိုင်သလဲ။**

**Dr. MML :** ဒါကို မြန်မာနိုင်ငံကလည်း ပါဝင်လာရင် မြန်မာနိုင်ငံရဲ့ကုန်ကြမ်းပစ္စည်းတွေပို့၊ ဟိုနိုင်ငံမှာ ထုတ်ဆိုရင် မြန်မာနိုင်ငံရဲ့ရောင်းဝယ်ဖောက်ကားမှုတက်မယ်။ စားဝတ်နေရေးလည်း အဆင်ပြေပြီးတော့ ဆင်းရဲမှုလည်း ပပျောက်သွားမှာပေါ့။ ဒါနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံကို ပရောဂျက်တွေလာတော့မယ်။ တရုတ်သမ္မတကလည်း ဒါကိုအကြီးအကျယ် လုပ်နေပြီ။ မြန်မာနိုင်ငံရဲ့ထုတ်ကုန်တွေ၊ သွင်းကုန်တွေဟာ ဒီပိုးလမ်းမသစ်ကနေသွားရင် ကူးသန်းရောင်းဝယ်မှုတွေ ကောင်းမွန်လာမှာပေါ့။ ဆက်လက်အကောင်အထည်ဖော်ဖို့လည်း အသေးစိတ် ဆွေးနွေးမှုတွေလုပ်ရဦးမှာပါ။ အန်ကယ်တို့ကလည်း ဒါကိုမျှော်လင့်တာပါ။

**Voice : ဒါပေမဲ့ အခုတရုတ်နိုင်ငံကို မြန်မာနိုင်ငံကဆန်တွေ နယ်စပ်ကနေ တရားဝင်သွားနေပေမယ့် တရုတ်နိုင်ငံမှာကျတော့ တရားမဝင်ကုန်သွယ်မှုပဲဖြစ်နေတာဆိုတော့ မြန်မာနိုင်ငံက ပါဝင်ဖို့ လက်မှတ်ထိုးတာနဲ့ပတ်သက်ပြီး ဘယ်လိုသက်ရောက်မှုရှိနိုင်မလဲ။**

**Dr. MML :** ဘယ်နိုင်ငံမဆို တရုတ်နိုင်ငံရယ်လို့တော့မဟုတ်ပါဘူး။ ကိုယ့်နိုင်ငံရဲ့အကျိုးစီးပွားပဲ လိုလားတာပါ။ ဒါကိုဘယ်သူ့ကိုမှ အပြစ်ဆိုလို့မရပါဘူး။ တရုတ်က သူလိုတဲ့အချိန်ဖွင့်တယ်။ မလိုချင်တဲ့အချိန်မှာ ကန့်သတ်လိုက်တယ်။ နယ်စပ်မှာထင်သလို လုပ်နေကြတာတွေလည်းရှိတယ်။ တရားမဝင်ကုန်သွယ်မှုတွေရောပေါ့။ တရုတ်က ကျောက်စိမ်းလိုချင်ရင် ကျောက်စိမ်းတွေ တရားမဝင်သွားတယ်။ ကျောက်စိမ်းနဲ့ရောပြီး ဆန်တွေသွားတယ်။ အခုအိန္ဒိယနဲ့ ပဲဖြစ်သလိုပေ့ါ။ အိန္ဒိယက သူ့နိုင်ငံမှာ ပဲထွက်ပြီဆိုတော့ ကန့်သတ်လိုက်ရော ဒီကပဲသမားတွေက ပြင်ဆင်ထားမှုမရှိတဲ့အတွက် ပဲဈေးတွေ ကမောက်ကမတွေဖြစ်။ ဒါတွေက တရားဝင် သဘောတူစာချုပ် မချုပ်ထားလို့ဖြစ်နေတာ။

**Voice : အန်ကယ်တို့အသင်းအနေနဲ့ရော ဘယ်လိုတွေ ဆက်ပူးပေါင်းအကောင်အထည်ဖော်ဖို့ ရှိလဲ။**

**Dr. MML :** အန်ကယ်တို့ အသင်းအနေနဲ့လည်း ဒီစီမံကိန်းနဲ့ပတ်သက်ပြီး ကုန်သည်လုပ်ငန်းရှင်တွေရဲ့ အသံကို နားထောင်ဖို့ လာမယ့် ဒီဇင်ဘာ ၉ ရက်နေ့မှာ လုပ်ငန်းရှင်တွေလည်းပါတဲ့ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ရဲ့ညီလာခံလုပ်ဖို့ရှိတယ်။ အသင်းပေါင်းစုံလည်းပါမယ်။ ပညာရှင်တွေလည်းပါမယ်။ မြန်မာနိုင်ငံရဲ့စီးပွားရေးလမ်းကြောင်းမှန်ဖို့နဲ့ နိုင်ငံရဲ့ စီးပွားရေးတိုးတက်ဖို့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်ပေါင်းစုံက အသင်းချုပ်အဖွဲ့ဝင်တွေဖြစ်တဲ့ လုပ်ငန်းရှင်တွေရဲ့အသံကို နားထောင်မယ်။



ဓာတ်ပုံ-နွယ်နီ

**Voice : ဒီခရီးစဉ်မှာ မန္တလေးဝန်ကြီးချုပ်နဲ့ ဆောက်လုပ်ရေးဝန်ကြီးဦးဝင်းခိုင်လည်း ပါသွားတယ်။ ပြီးတော့ တရုတ်ပြည် ကူမင်းကနေ မန္တလေး၊ မူဆယ်၊ ကျောက်ဖြူအထိကို ဗုန်နဲ့ ရေနက်ဆိပ်ကမ်းလုပ်ဖို့ရှိတယ်လို့လည်း နိုင်ငံခြားသတင်းဌာနတွေက ဖော်ပြထားတာတွေ့ရတယ်။ အဲဒါနဲ့ပတ်သက်ပြီး အန်ကယ်သိသလောက် ပြောပြပေးပါဦး။**

**Dr. MML :** မန္တလေးရယ် ကျောက်ဖြူဘက်ကနေသွားတဲ့ ရေနံပိုက်လိုင်းကို ကူမင်းကနေတစ်ဆင့် တရုတ်ပြည်ရဲ့ ပိုးလမ်းမအသစ်ကို ချိတ်ဆက်ဖို့လုပ်တာ။ အခု နိုင်ငံတော်အတိုင်ပင်ခံလုပ်တာက ပိုးလမ်းမအသစ်က တရုတ်ပြည်ဘက်ကနေတစ်ဆင့် မြန်မာနိုင်ငံ ကျောက်ဖြူရေနက်ဆိပ်ကမ်းကနေ တရုတ်ပြည်ဘက်ကိုသွားပြီး တောက်လျှောက် ပါကစ္စတန်ဘက်ကနေ ဖြတ်ပြီးတော့ အရှေ့အလယ်ပိုင်းအထိသွားမှာ။ ဒီကျောက်ဖြူ၊ မန္တလေး၊ ကူမင်း၊ မူဆယ် တစ်လျှောက်မှာ ဒါတွေအကောင်အထည်ဖော်မယ် ဆိုတာက ဒီပိုးလမ်းမနဲ့ ချိတ်ဆက်ဖို့ပဲလုပ်နေတာ။ ဒါကြောင့် ဆောက်လုပ်ရေးဝန်ကြီးနဲ့ မန္တလေးမြို့တော်ဝန်သွားတာ။ ဆောက်လုပ်ရေးဝန်ကြီးကလည်း သူနဲ့သက်ဆိုင်တာကိုလုပ်ဖို့ပါ။ ဒီလမ်းကြောင်းတွေထဲမှာ မန္တလေးလည်းပါတယ်ဆိုတော့ မန္တလေးဝန်ကြီးလည်း လိုက်သွားတာပါ။

**Voice : ဒီစီမံကိန်းတွေနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုတွေရှိနိုင်လား။**

**Dr. MML :** သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိ မရှိကတော့ ပြန်သုံးသပ်ပြီးတော့ ဒေသခံတွေနဲ့သဘောထားကို ရယူပြီး EIA-SIA (သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း) တွေလည်း လုပ်သွားမှာပါ။ ဟိုအရင်လိုတော့ မဟုတ်တော့ဘူး။ အရင်ကတော့ သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်ပြီး သိပ်မသိသေးတာတွေလည်းပါတယ်။

**Voice : ကုန်သည်စက်မှုအသင်းချုပ်အနေနဲ့ရော ဒီစီမံကိန်းတွေနဲ့ပတ်သက်ပြီး ဘယ်လိုတွေ ပူးပေါင်းပါဝင်ဖို့ရှိသလဲ။**

**Dr. MML :** တရုတ်ပြည်က ယူနန်အသင်းနဲ့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နဲ့ စီးပွားရေးဆိုင်ရာအငြင်းပွားရင်ဖြေရှင်းဖို့ အန်ကယ်ကိုယ်တိုင် လက်မှတ်ထိုးထားတယ်။ အခြေခံလိုအပ်ချက်တွေကို စပြီးတော့ အန်ကယ်တို့အသင်းက ပူးပေါင်းဆောင်ရွက်နေပါတယ်။ တရုတ်နိုင်ငံက ကုန်သည်အသင်းတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်နေပါတယ်။ အန်ကယ်တို့ ကုန်သည် စက်မှုအသင်းချုပ်အနေနဲ့ စီးပွားရေးဆိုင်ရာ ပူးပေါင်းပါဝင်တာတွေ အများကြီးရှိပါတယ်။ နိုင်ငံရေးအရသာ စီးပွားရေးကို ပစ်ပယ်တယ်ဆိုပြီးအသံထွက်နေတာပေါ့။ တကယ်တော့ပစ်ပယ်တာ မဟုတ်ဘူးပေါ့နော်။ အစိုးရအနေနဲ့ စဉ်းစားနေတာတွေလည်းရှိမှာပါ။ အန်ကယ်တို့အသင်းနဲ့ကတော့ ထိတွေ့မှုတွေကတော့ အမြဲရှိပါတယ်။

**Voice : အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်အန်ကယ်။**

■

နွယ်နီ

# ညောင်ဦးမြို့နယ်အတွင်း ဆင်စခန်းဖွင့်ရန်စီစဉ်

**မန္တလေး၊ ဒီဇင်ဘာ ၅**

ပုဂံရှေးဟောင်း ယဉ်ကျေးမှု နယ်မြေအတွင်းသို့ လာရောက်လည်ပတ်ကြသော ပြည်တွင်းပြည်ပခရီးသွားများ ကြည့်ရှုလေ့လာနိုင်မည့် ဆင်စခန်းတစ်ခု ညောင်ဦးမြို့နယ်အတွင်း ဖွင့်လှစ်ရန် စီစဉ်နေကြောင်း မြန်မာသစ်လုပ်ငန်း (စစ်ကိုင်းတိုင်း) ထံမှ သိရသည်။

“ပုဂံ-ညောင်ဦးကိုလာတဲ့ နိုင်ငံခြားသားကများတယ်။ အနီးတစ်ဝိုက်မှာလည်း ဆင်စခန်းမရှိဘူး။ ဒီအနီးအနားမှာရှိတဲ့ ရွာခံတွေအနေနဲ့ ဆင်စခန်းရှိလာပြီဆိုရင် ဧည့်သည်တွေကိုအမှီပြုပြီးတော့ အလုပ်အကိုင်အခွင့် အလမ်းတွေရစေချင်တယ်။ ပြည်တွင်းပြည်ပ ခရီးသွားတွေလည်း ဆင်ကြည့်နိုင်ဖို့ ရည်ရွယ်တယ်” ဟု မြန်မာသစ်လုပ်ငန်း (စစ်ကိုင်းတိုင်း) လက်ထောက်မန်နေဂျာ ဦးမျိုးမင်းကိုက ပြောကြားသည်။

ညောင်ဦးမြို့မှ ခြောက်မိုင်ခန့်ဝေးကွာသည့် ပုလင်ရွာတွင် ဆင်စခန်းပြုလုပ်မည်ဖြစ်ပြီး မြန်မာ့သစ်လုပ်ငန်းကအနားပေးလိုက်သော ဆင်များနှင့် လုပ်ငန်းခွင်မဝင်ရသေးသည့်ဆင်ငယ် ဆယ်ကောင်ခန့် ထားရှိမည်ဖြစ်ကြောင်း၊ ဆင်စခန်းပြုလုပ်မည့်နေရာသည် တောတွင်းစခန်းမဟုတ်ဘဲ မြို့စခန်းဖြစ်၍ ဆင်များအတွက် အစာရရှိနိုင်ရန် နေပီယာမြက်စိုက်ပျိုးခြင်းလုပ်ငန်းများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း မြန်မာသစ်လုပ်ငန်း (စစ်ကိုင်းတိုင်း) ဆင်စခန်းပြုလုပ်ရေး လုပ်ငန်းအဖွဲ့ထံမှလည်း သိရသည်။

“မြို့စခန်းဖြစ်တဲ့အတွက် ဆင်စာတွေစိုက်ဖို့၊ အဆောက်အအုံတွေဆောက်ဖို့ရှိပါမယ်။ လက်ရှိမှာတော့ ပုလင်ရွာက လူအချို့ကို စည်းရုံးပြီးတော့ ဆင်စာမြက်တွေ စိုက်ပျိုးနေပါပြီ။ ဆင်စာရမှပဲ ဆင်တွေကိုရွှေ့မယ်။ အကြမ်းဖျင်းတော့ ၂၀၁၈ မိုးရာသီလောက်မှ ဖွင့်နိုင်မယ်” ဟု ဦးမျိုးမင်းကိုက ရှင်းပြသည်။

မြန်မာ့သစ်လုပ်ငန်း (မန္တလေးတိုင်း) အနေနှင့်လည်း ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့် ပြင်ဦးလွင်- မန္တလေးလမ်းမ ကျည်းအင်းကျေးရွာရှိ ဝက်ကားရေတံခွန်အနီးတွင် ဆင်စခန်းတစ်ခု တည်ဆောက်နိုင်ရန် စီစဉ်နေသည်။ ■ M-05




# ဂျေရုဆလင်ကို အစ္စရေးမြို့တော်အဖြစ် မသတ်မှတ်ရန် သမ္မတထရမ့်ကို အမေရိကန်နိုင်ငံခြားရေးအရာရှိများသတိပေး

**ဝါရှင်တန်၊ ဒီဇင်ဘာ ၅**

ဂျေရုဆလင်ကို အစ္စရေးမြို့တော်အဖြစ် အမေရိကန်သမ္မတဒေါ်နယ်ထရမ့် အသိအမှတ်ပြုနိုင်ခြင်းကြောင့် ယင်းကဲ့သို့ မသတ်မှတ်ရန် အမေရိကန် နိုင်ငံခြားရေး အရာရှိများက သတိပေးထားကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

ဂျေရုဆလင်မြို့တော်အရေးကို အစ္စရေးနှင့် ပါလက်စတိုင်း စေ့စပ်ရာမှ တစ်ဆင့် အဖြေရှာသင့်ကြောင်း အမေရိကန်အစိုးရ အစဉ်အဆက် လက်ခံလာခဲ့သော်လည်း ယင်းရပ်တည်ချက် အပြောင်းအလဲလုပ်ဆောင်ရန် အမေရိကန်သမ္မတ ကြိုးပမ်းလာခြင်းဖြစ်သည်။

သို့သော်လည်း ဂျူးများ၊ မွတ်ဆလင်များ၏ အထွတ်အမြတ်ထားရာ ဘာသာရေးနေရာများရှိသည့် ဂျေရုဆလင်မြို့ကို အစ္စရေးမြို့တော်အဖြစ် ထရမ့်သတ်မှတ်လိုက်ပါက ပါလက်စတိုင်းများသာမက ကမ္ဘာတစ်ဝန်းရှိ မွတ်ဆလင်များပါ ဆန္ဒပြ အကြမ်းဖက်နိုင်ကြောင်း အမေရိကန် အရာရှိများက ထောက်ပြထားသည်။

၁၉၆၇ ခုနှစ် စစ်ပွဲတွင်းတွင် အရှေ့ ဂျေရုဆလင်ကို အစ္စရေးသိမ်းယူလိုက်ခြင်း ဖြစ်သော်လည်း မြို့တွင်းရှိ မွတ်ဆလင် ဘာသာရေးနေရာများကို မွတ်ဆလင် ဘာသာရေးအဖွဲ့ Waqf က စီမံအုပ်ချုပ် လျက်ရှိသည်။

အဆိုပါမြို့အရေးနှင့်ပတ်သက်၍ ဗုဒ္ဓဟူးနေ့တွင် အမေရိကန်သမ္မတထုတ်ပြန် ချက် လုပ်ဆောင်သွားမည်ဟု အမေရိကန် အကြီးတန်းအရာရှိတစ်ဦးက ပြောကြား ထားသော်လည်း အပြီးသတ် ဆုံးဖြတ်ချက် ချမှတ်ခြင်းမရှိသေးကြောင်း သမ္မတ၏ အကြံပေးနှင့် သမက်ဖြစ်သူဂျို ကူနာက ပြောကြားသွားသည်။

ကာလရှည်ကြာရပ်ဆိုင်းထားရသည့် အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်စတင်နိုင်ရေး အမေရိကန်သမ္မတ၏ သမက်ဖြစ်သူ ကူနာဦးဆောင်ကြိုးပမ်းလျက်ရှိသော်လည်း တိုးတက်မှု အနည်းငယ်သာရရှိထားသည်။

ထို့ပြင် ဂျေရုဆလင်ကို မြို့တော် အဖြစ် အသိအမှတ်ပြုရန် အမေရိကန် သမ္မတလုပ်ဆောင်လာခြင်းကြောင့် အဆိုပါ နယ်အရေး ကိုင်တွယ်လျက်ရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာနအရှေ့ အာရှရေးရာ ဗျူရိုက ဆန့်ကျင်လျက်ရှိကြောင်း အမည်မဖော်လိုသူအရာရှိ နှစ်ဦးကပြောကြား သွားသည်။

ယင်းကဲ့သို့ အမေရိကန်နိုင်ငံခြားရေး အရာရှိများ၏ စိုးရိမ်မှုများနှင့်ပတ်သက်၍ မှတ်ချက်ပြုရန် မေးမြန်းရာတွင် သမ္မတ အိမ်ဖြူတော်က ချက်ချင်းပြန်လည်ဖြေကြား ခြင်း မရှိသေးပေ။ ■ F-05

# အိန္ဒိယတွင် မွေးကင်းစကလေး သေဆုံးသည်ဟု မှားယွင်းပြော၊ ဆရာဝန်များကို အလုပ်ဖြုတ်

**ဒေလီ၊ ဒီဇင်ဘာ ၅**

အိန္ဒိယနိုင်ငံနယူးဒေလီရှိ ဆေးရုံတစ်ခုတွင် မွေးကင်းစကလေးသေဆုံးသည်ဟု မှားယွင်းပြောကြားမှုကြောင့် ဆရာဝန်နှစ်ဦးကို အလုပ်ထုတ်လိုက်သည်ဟု BBC သတင်းတွင်ဖော်ပြထားသည်။

မက်စ်ပုဂ္ဂလိကဆေးရုံတွင် နိုဝင်ဘာလ ၃၀ ရက်က အမြွှာပူးမွေးဖွားရာတွင် အမြွှာတစ်ဦး အသေမွေးလာပြီးနောက် အခြားအမြွှာတစ်ဦးကိုလည်း သေဆုံးပြီဟု ဆရာဝန်များက ထုတ်ပြန်ပြောကြားခဲ့ခြင်း ဖြစ်သည်။

သို့ရာတွင် အသုဘပို့ရန် အသွားတွင် အမြွှာတစ်ဦး အသက်ရှင်နေကြောင်းကို မိဘများက တွေ့ရှိသွားခဲ့ကြသည်။

ယခုဖြစ်ရပ်ကြောင့် စရိတ်ကြီးသော ပုဂ္ဂလိကဆေးရုံများ၏ အရည်အသွေးအပေါ် မေးခွန်းထုတ်မှုနှင့် အမျက်ထွက်မှုများ ထွက်ပေါ်လာစေသည်။

အဆိုပါ ပုဂ္ဂလိကဆေးရုံက ယင်းဖြစ်ရပ်ကို အိန္ဒိယဆေးပညာရှင်များ အသင်းမှ ပြင်ပကျွမ်းကျင်သူများဖြင့် စုံစမ်းစစ်ဆေးမှု ပြုလုပ်နေကြောင်းနှင့် လောလောဆယ်တွင် တာဝန်ရှိသူဆရာဝန်နှစ်ဦးကို အလုပ်မှ ထုတ်ပယ်ရန် ဆုံးဖြတ်လိုက်ကြောင်း ကြေညာချက်ထုတ်ပြန်ထားသည်။

အစိုးရဘက်က စုံစမ်းစစ်ဆေးမှုကိုလည်း သီးခြားပြုလုပ်နေသည်ဟု သိရှိရသည်။

၎င်းဖြစ်ရပ်တွင် အသုဘပို့ရန် အသွားတွင် ဆရာဝန်များ ထုပ်ပိုးပေးလိုက်သည့် ပလတ်စတစ်အိတ်အတွင်းမှ ကလေးတစ်ဦး လှုပ်နေသည်ကိုမိဘများကသတိပြုမိရာမှ အသက်ရှင်နေကြောင်းကို သိရှိခဲ့ကြခြင်းဖြစ်သည်။

တုန်လှုပ်သွားသောမိသားစုသည် အနီးရှိဆေးရုံတစ်ခုသို့ အပြေးအလွှားသွားရောက်ပြသကာ ၎င်းတို့၏ ကလေးအသက်ရှင်နေဆဲဖြစ်ကြောင်း ပြောကြားခဲ့ကြသည်ဟု ကလေး၏ အဘိုးဖြစ်သူက ပြောကြားသည်။

ယခုဖြစ်ရပ်သည် အိန္ဒိယပုဂ္ဂလိကဆေးရုံများ၏ ပေါ့ဆမှုများဒုတိယအကြိမ် ထွက်ပေါ်လာခြင်းဖြစ်သည်။ ယခင်လကလည်း အခြားပုဂ္ဂလိကဆေးရုံတစ်ခုတွင် သွေးလွန်တုပ်ကွေးရောဂါဖြင့် သေဆုံးသွားခဲ့သော မိန်းကလေးတစ်ဦး၏ မိဘများက ဆေးကုသစရိတ် မတန်တဆပေးခဲ့ရသည်ဟုစွပ်စွဲမှု ထွက်ပေါ်လာခဲ့သည်။ ■ F-04




# သမုဒ္ဒရာထဲမှ ပလတ်စတစ်အမှိုက်အားလုံးနီးပါးမှာ အဓိကမြစ်ကြီး ၁၀ စင်းမှ ဝင်ရောက်လာခြင်းဖြစ်

**ဘာလင်၊ ဒီဇင်ဘာ ၅**

ဂျာမန်သတင်းဌာန DW ၏လေ့လာရေးသားချက်အရ ကမ္ဘာ့သမုဒ္ဒရာထုအတွင်းရှိ အမှိုက်များအားလုံးလောက်



နီးပါးကို သယ်ပို့ပေးခဲ့သော အဓိကမြစ်ကြီး စုစုပေါင်း ဆယ်စင်းသာရှိသည်ဟူ၍ ဖြစ်သည်။

သမုဒ္ဒရာထဲတွင် ရောက်ရှိနေသော ပလတ်စတစ်အားလုံးနီးပါးမှာ သမုဒ္ဒရာထဲသို့ တိုက်ရိုက်စွန့်ပစ်ခြင်းမဟုတ်ဘဲ အဆိုပါ မြစ်ကြီးများအတွင်းမှ စီးဝင်ရောက်လာခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် စုစုပေါင်း အမှိုက် ပမာဏ တန်ချိန် ၈ ဒသမ ၃ ဘီလီယံရှိကာ ၎င်းတို့ထဲမှအများစုသည် သမုဒ္ဒရာအတွင်းသို့သာ စုပုံစီးဝင်လာကြခြင်းဖြစ်သည်။

သမုဒ္ဒရာထဲရှိအဆိုပါ အမှိုက်များကို ရှင်းလင်းရန်အတွက် နည်းပညာများကို သုတေသနပညာရှင်များက ကြိုးစားရှာဖွေနေကြသော်လည်း အကောင်းဆုံးနည်းလမ်းမှာ ပလတ်စတစ်လျှော့သုံးခြင်း ဖြစ်သည်ဟု သဘောတူညီကြကြောင်း DW သတင်းဌာနက ဖော်ပြထားသည်။

ယန်ဇီမြစ်၊ အိန္ဒုမြစ်၊ မြစ်ဝါမြစ်၊ ဟိုင်မြစ်၊ နိုင်းလ်မြစ်၊ ဂင်္ဂါမြစ်၊ ပုလဲမြစ်၊ အမူအာမြစ်၊ နိုက်ဂျာမြစ်နှင့် မဲခေါင်မြစ်တို့သည် သမုဒ္ဒရာထဲရှိအမှိုက်များအားလုံး၏ ၉၀ ရာခိုင်နှုန်းကို ပို့ဆောင်ခဲ့ကြသည့် မြစ်များဖြစ်ကြသည်။

ထိုမြစ်အားလုံးတွင် တူညီသော အချက်မှာ လူနေထူထပ်သောနေရာများကို ဖြတ်သန်းစီးဆင်းလာကြခြင်းဖြစ်သည်။

ထို့ပြင် အဆိုပါမြစ်များ ဖြတ်သန်းစီးဆင်းရာဒေသများတွင် သင့်တင့်လျောက်ပတ်သော အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံအဆောက်အဦများ မပြင်ဆင်ထားခြင်း ဖြစ်သည်။

အများပြည်သူ၏ အမှိုက်စွန့်ပစ်မှုဆိုင်ရာ အသိပညာလည်းအားနည်းကြကာ မြစ်ထဲသို့ အမှိုက်များ အလွယ်တကူစွန့်ပစ်မှုများရှိနေသည့် ဒေသများလည်း ဖြစ်ကြသည်။

"အဲဒီမြစ်တွေထဲကိုဝင်လာမယ့် ပလတ်စတစ်အမှိုက်တွေကို ထက်ဝက် လျှော့ချနိုင်ရင်ကို တော်တော် အောင်မြင်တယ်ဆိုရပါမယ်"ဟု ဟမ်းဟိုဇ်သဘာဝပတ်ဝန်းကျင်ရေးရာသုတေသနဌာနမှ ရေထုဘူမိဗေဒပညာရှင် ခရစ္စတီယန်ရှမစ်က ပြောကြားသည်။

မစ္စတာရှမစ်သည် သမုဒ္ဒရာကို ညစ်နွမ်းစေသောအဆိုပါ မြစ်ကြီးဆယ်ခုကို ဆန်းစစ်လေ့လာသည့် လေ့လာချက်ကို ဦးဆောင်သူဖြစ်သည်။ ■ F-02



Reuters

# ဩစတြေးလျတွင် နိုင်ငံခြားဩဇာလွှမ်းမိုးမှုကို တားဆီးရန် ဥပဒေများရေးဆွဲ

**ဆစ်ဒနီ၊ ဒီဇင်ဘာ ၅**

ဩစတြေးလျနိုင်ငံတွင် နိုင်ငံခြားစွက်ဖက်မှုကိုပစ်မှတ်ထားသည့်ဥပဒေများ ကျယ်ကျယ်ပြန့်ပြန့် ပြုပြင်ပြောင်းလဲရေးကို အစိုးရက အဆိုပြုလိုက်သည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

သူလျှိုလုပ်မှု၊ တန်ပြန်ထောက်လှမ်းမှု၊ နိုင်ငံရေးရန်ပုံငွေ ထောက်ပံ့မှုများကို ကိုင်တွယ်မည့်ဥပဒေများကို နှစ်ပေါင်းများစွာအတွင်း အပြတ်သားဆုံး ပြင်ဆင်မှုများ ပြုလုပ်တော့မည်ဟုဝန်ကြီးချုပ် မယ်လ်ကွန်တန်းဘူးလ်ကပြောကြားသည်။

ပါလီမန်၏ အတည်ပြုမှု လိုအပ်သော ပြုပြင်ပြောင်းလဲမှုများသည် ဖုံးကွယ်လျှို့ဝှက်ထားသော လှုပ်ရှားမှုများကို ပစ်မှတ်ထားမည်ဟု ဝန်ကြီးချုပ်က ပြောကြားထားသည်။

မကြာသေးမီက တရုတ်ဩဇာ လွှမ်းမိုးမှုရှိနေကြောင်း စိတ်အနှောင့်အယှက်ဖြစ်စရာသတင်းများ ထွက်ပေါ်လာသည်ကို ဝန်ကြီးချုပ်က ဝန်ခံသော်လည်း ပြုပြင်ပြောင်းလဲမည့်ဥပဒေများသည် မည်သည့်နိုင်ငံကိုမှ ပစ်မှတ်ထားခြင်းမဟုတ်ဟု ၎င်းကဆိုသည်။

အမေရိကန်သမ္မတရွေးပွဲတွင် ရုရှားစွက်ဖက်မှု ရှိသည်ဟူသောစွပ်စွဲချက်များသည် ပြုပြင်ပြောင်းလဲရေး၏ အကြောင်းရင်းတစ်ခုဖြစ်သည်ဟု ဝန်ကြီးချုပ်က ထောက်ပြသည်။

“ဒီကိစ္စမှာ ကျုပ်တို့ နုံအနေလို့ မဖြစ်ဘူး။ ပြည်ပအင်အားကြီးနိုင်ငံတွေဟာ ဒီမှာကော၊ ကမ္ဘာမှာပါ နိုင်ငံရေးအရ စွက်ဖက်လွှမ်းမိုးဖို့အတွက် မထင်မှတ်လောက်အောင် ရှုပ်ထွေးတဲ့ ကြိုးပမ်းမှုတွေကိုပြုလုပ်နေကြတယ်”ဟု မယ်လ်ကွန်တန်းဘူးလ်က ကင်ဘာရာတွင် ပြောကြားသွားသည်။

အဆိုပြုမည့်ဥပဒေများတွင် နိုင်ငံရေးနှင့် စီးပွားရေးသူလျှိုလုပ်မှုကို နှိမ်နင်းရန်၊ ပြည်ပမှ နိုင်ငံရေးရန်ပုံငွေလှူဒါန်းမှုကို ပိတ်ပင်ရန်၊ လျှို့ဝှက် သတင်းအချက်အလက်များ ရရှိနေသူများကို ပစ်မှတ်ထားရန်၊ နိုင်ငံခြားလှုံ့ဆော်သူများသည် မည်သည့်အတွက် လုပ်ဆောင်နေကြောင်း လူသိရှင်ကြားအသိပေးမှတ်ပုံတင်ရန် အစရှိသော စည်းကမ်းချက်များ ပါဝင်သည်။

“မှတ်ပုံတင်တဲ့ကိစ္စကိုစွန်းထင်းမှုဒါမှမဟုတ် ရာဇဝတ်မှုလို့ မရှုမြင်ကြဖို့လိုပါတယ်။ တကယ်လို့ခင်ဗျားရဲ့ဆက်သွယ်ဆောင်ရွက်မှုတွေကိုဖော်ပြဖို့ ပျက်ကွက်မယ်ဆိုရင်တော့ ရာဇဝတ်မှုအတွက် တာဝန်ရှိသူ ဖြစ်သွားပါလိမ့်မယ်” ဟု ဝန်ကြီးချုပ်ကဆိုသည်။

နိုင်ငံခြားလွှမ်းမိုးစွက်ဖက်မှုများသည် နိုင်ငံခြားပလေယာများ၏ ပုံဖျက်လုပ်ဆောင်မှုများဖြစ်ပြီး သူလျှိုမှု မမြောက်သော်လည်း ဒီမိုကရေစီလုပ်ငန်းစဉ်ကို ကြားဝင်စွက်ဖက်ကာ နိုင်ငံခြားအစိုးရများထံ ထောက်လှမ်းရေးသတင်းများပေးရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု ဝန်ကြီးချုပ်က ပြောကြားသည်။

အဆိုပါဥပဒေများကိုသီးခြားဥပဒေကြမ်းများအဖြစ် ယခုအပတ်အတွင်း ပါလီမန်သို့ တင်ပြသွားမည်ဟုသိရှိရသည်။

နိုင်ငံခြားစွက်ဖက်မှု (အထူးသဖြင့် တရုတ်တို့၏စွက်ဖက်မှု) အလားအလာသည် ပြီးခဲ့သောလများအတွင်း ဩစတြေးလျတွင် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးစရာဖြစ်ခဲ့သည်။ တက္ကသိုလ်နယ်မြေများတွင် တရုတ်ဩဇာလွှမ်းမိုးမှုအကြောင်းဆွေးနွေးငြင်းခုံမှုများ မြင့်တက်လာခြင်းကို နားစွင့်နေကြရန် ထောက်လှမ်းရေး တာဝန်ရှိသူများ ကတက္ကသိုလ်များသို့ သတိပေးချက် ထုတ်ပြန်ထားသည်။

တရုတ်သူဌေးတစ်ဦးနှင့် ဆက်ဆံမှုကြောင့် ဆီနိတ်တာတစ်ဦး ပြစ်တင်ဝေဖန်ခံရပြီးနောက် အဆိုပါဆွေးနွေးငြင်းခုံမှုသည် နိုင်ငံရေးနယ်ပယ်သို့ ကူးစက်သွားခဲ့သည်ဟု ဆိုသည်။

■ F-04



BBC

# ကုလသမဂ္ဂ နိုင်ငံရေးဆိုင်ရာ အကြီးအကဲ မြောက်ကိုရီးယားသို့ သွားရောက်



**နယူးယောက်၊ ဒီဇင်ဘာ ၅**

ကုလသမဂ္ဂ နိုင်ငံရေးဆိုင်ရာအကြီးအကဲသည် အင်္ဂါနေ့က ပြုံယမ်းသို့ ရှားရှားပါးပါးလေးရက်ခရီးစဉ် သွားရောက်ခဲ့သည်ဟု BBC သတင်းတွင်ဖော်ပြထားသည်။

ဂျက်ဖရီဖယ့်လ်မန်း၏ ခရီးစဉ်သည် ခြောက်နှစ်တာ ကာလအတွင်း ကုလအကြီးတန်းအရာရှိတစ်ဦး ပထမဆုံးသွားရောက်မှုဖြစ်သည်။

မြောက်ကိုရီးယားကမူဝါဒရေးရာ ဆွေးနွေးရန်အတွက် ကုလသမဂ္ဂကို စက်တင်ဘာလကတည်းက ဖိတ်ကြားထားခြင်းဖြစ်သည်။

ဝါရှင်တန်အထိပစ်ခတ်နိုင်သည်ဟု ဆိုသောမြောက်ကိုရီးယား၏ နောက်ဆုံးဒုံးကျည်စမ်းသပ်မှုအပြီးတွင် ယခုခရီးစဉ်ထွက်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန် သံတမန်ဟောင်းတစ်ဦးဖြစ်ပြီး ကုလသမဂ္ဂတွင် ရာထူးအမြင့်ဆုံးအမေရိကန်တစ်ဦးဖြစ်သူ ဂျက်ဖရီဖယ့်လ်မန်းသည် ပြုံယမ်းတွင် သောကြာနေ့အထိရှိနေမည်ဖြစ်ပြီး ၎င်း၏ ခရီးစဉ်သည် အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ အကြီးမားဆုံးလေတပ်စစ်ရေးလေ့ကျင့်မှုနှင့်လည်း တိုက်ဆိုင်နေသည်။

ဂျက်ဖရီဖယ့်လ်မန်းသည် မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးရီယောင်ဟိုအပါအဝင် အကြီးတန်းတာဝန်ရှိသူများနှင့် တွေ့ဆုံမည်ဖြစ်ပြီး နှစ်ဦးနှစ်ဖက်အကျိုးစီးပွားနှင့် စိုးရိမ်မှုများကိုကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးမည်ဟုကုလပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဂျက်ဖရီဖယ့်လ်မန်းသည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် တွေ့ဆုံရန် စီစဉ်ထားခြင်းမရှိဟုဆိုသည်။

စက်တင်ဘာလကတည်းက အလွတ်သဘောဖိတ်ကြားထားမှုကို ပြုံယမ်း၏ နောက်ဆုံးဒုံးကျည် စမ်းသပ်မှုအပြီး နိုဝင်ဘာလ ၃၀ ရက်တွင် အတည်ပြုလိုက်ခြင်းဖြစ်သည်။

ပြုံယမ်းသို့ နောက်ဆုံးရောက်ရှိခဲ့သော ကုလအကြီးတန်းတာဝန်ရှိသူမှာ ကုလကယ်ဆယ်ထောက်ပံ့ရေး မဟာမင်းကြီးဟောင်း ဗယ်လာရီအေမို့စ်ဖြစ်ပြီး ၂၀၁၁ အောက်တိုလာလက သွားရောက်ခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂသည် အာဟာရချို့တဲ့မှုပြဿနာဆိုးဝါးနေသောမြောက်ကိုရီးယားတွင် နိုင်ငံတကာဝန်ထမ်း ၅၀ ခန့်ဖြင့် အေဂျင်စီခြောက်ခုဖွင့်လှစ်ကာ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် ကျန်းမာရေးအထောက်အပံ့များ ပေးအပ်လျက်ရှိသည်။

အမေရိကန်သံအမတ်ကြီးနစ်ကီဟာလေက အကယ်၍ စစ်ဖြစ်လာပါက မြောက်ကိုရီးယား အာဏာရှင်အစိုးရသည် လုံးလုံးလျားလျား ချေမှုန်းခြင်းခံရလိမ့်မည်ဟု ယခင်အပတ်က ပြောဆိုထားသည်။

အမေရိကန်နှင့် တောင်ကိုရီးယားသည် ယခင် ပြုလုပ်ခဲ့ဖူးသမျှအနက် အကြီးမားဆုံးဖြစ်သော ငါးရက်ကြာလေကြောင်းထိုးစစ်လေ့ကျင့်မှုကို တနင်္လာနေ့က စတင်ခဲ့ရာ စစ်လေယာဉ် ၂၀၀ ကျော်နှင့် တပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာ ပါဝင်ဆင်နွှဲလျက်ရှိသည်။

ယင်းစစ်ရေးလေ့ကျင့်မှုသည် လှုံ့ဆော်ရန်စခြင်းဖြစ်သည်ဟု မြောက်ကိုရီးယားက ထုံးစံအတိုင်း ပြစ်တင် ဝေဖန်ထားသည်။

■ F-04

CARTOON



Reuters

ထိုင်းနိုင်ငံ ဘန်ကောက်တွင် ပြုလုပ်သော သတို့သမီးလောင်းများ အပြေးပြိုင်ပွဲ

The VOICE Daily
Wednesday, December 6 , 2017



## စည်ပင်ကော်မတီ ထောက်ခံချက် အတုပြုလုပ်၍ ဗီဇာသက်တမ်းတိုး ဆောင်ရွက်နေသော မန်နေဂျင်းဒါရိုက်တာကို စသုံးလုံးက အမှုဖွင့်

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ထောက်ခံစာအတုပြုလုပ်သည်ဟုဆိုကာ Apollo 168 .Co., Ltd. ၏ မန်နေဂျင်းဒါရိုက်တာတစ်ဦးကို စသုံးလုံးကဖမ်းဆီးပြီး ကျောက်တံတားမြို့မရဲစခန်းတွင် ဒီဇင်ဘာလ ၃ ရက် ညနေပိုင်းက အမှုဖွင့်တိုင်ကြားထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရသည်။

ယင်းထောက်ခံစာ အတုများဖြင့် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် နိုင်ငံခြားသား ၃၁၅ ဦး၏ ဗီဇာသက်တမ်းတိုးရန် စာအုပ်များကို တစ်အုပ်လျှင် တစ်သိန်းရှစ်သောင်းငါးထောင်ကျပ်နှုန်းဖြင့် လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ဗီဇာ သက်တမ်းတိုး နိုင်ငံကူးလက်မှတ်စာအုပ် ၅၀၀၀ ကိုလည်းကောင်း ဆောင်ရွက်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်ဟုဆိုကာ ကျောက်တံတားမြို့မရဲစခန်းတွင် (ပ)၄၄၉/၁၇၊ ရာဇသတ်ကြီးပုဒ်မ ၄၂၀/၄၆၈/၄၇၁/၁၀၉ ဖြင့် အမှုဖွင့်ဆောင်ရွက်ထားပြီး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက ဖမ်းဆီးစစ်ဆေးနေသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၅ လမ်းတွင် ဖွင့်လှစ်ထားသော Apollo 168 .Co., Ltd. မှ မန်နေဂျင်း ဒါရိုက်တာဖြစ်သူ အသက် ၄၄ နှစ်အရွယ် ဦးခင်မောင်ဦးသည် ရန်ကုန်မြို့တော်စည် ပင်သာယာရေးကော်မတီနှင့် အကျိုးတူ ပေါင်းဆောင်ရွက်ခြင်းမရှိဘဲ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာများကို အတုပြုလုပ်ကာ ဗီဇာသက်တမ်းတိုးပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အမှုဖွင့်တိုင်တန်းထားခြင်းဖြစ်ကြောင်း ယင်းရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရသည်။

“စည်ပင်ဌာနနဲ့ ဗီဇာသက်တမ်းတိုးပေးတဲ့လဝကဌာန ဘာမှမဆိုင်ဘူး၊ ကုမ္ပဏီနဲ့စည်ပင်က အကျိုးတူပူးပေါင်းလုပ်ကြတာ၊ အကျိုးတူပူးပေါင်းလုပ်တဲ့အတွက် စည်ပင်ဌာနကနေ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာပေးရတယ်၊ ဒါကို စည်ပင်ဌာနနဲ့က အကျိုးတူမပူးပေါင်းဘဲနဲ့ ပူးပေါင်းတယ်ဆိုပြီး ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာအတုပြုလုပ်တာပါ” ဟု ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

■ J 16

## တရုတ်နိုင်ငံသား မောင်းလာသည့် ယာဉ်က ယာဉ်သုံးစီးကို ဝင်တိုက်

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

လှိုင်သာယာမြို့နယ်၊ ရန်ကုန်-ပုသိမ်ကားလမ်းတွင် ဒီဇင်ဘာလ ၄ ရက် ညနေ ၄ နာရီဝန်းကျင်က တရုတ်နိုင်ငံသား မောင်းလာသည့်ယာဉ်က အရှိန်မထိန်းနိုင်ဖြစ်ပြီး တစ်ဖက်ယာဉ်ကြောရှိယာဉ်သုံးစီးကိုဝင်တိုက်မိခဲ့သောကြောင့် ယာဉ်များ ပျက်စီးကာ ယာဉ်မောင်းတစ်ဦး ထိခိုက်ဒဏ်ရာများရခဲ့ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ထံမှ သိရသည်။

ယာဉ်တိုက်မှု ကျူးလွန်ခဲ့သည့် တရုတ်နိုင်ငံသား လျိုဖုန်းစန့်မှာ Note အမျိုးအစား အဖြူရောင်ယာဉ်ကို ရန်ကုန်- ပုသိမ်လမ်းအတိုင်း အရှိန်ဖြင့် မောင်းလာစဉ် နဝဒေးမှတ်တိုင်အရောက် တစ်ဖက်ယာဉ်ကြောသို့ ယာဉ်ရောက်ရှိပြီး ဗီဒါ အငှားယာဉ်တစ်စီး၊ ပရိုဘောက်ယာဉ်တစ်စီးနှင့် ပါရာဒိုယာဉ်တစ်စီးတို့ကို မျက်နှာချင်းဆိုင် ဝင်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်လေးစီး ပျက်စီးခဲ့ပြီး ပရိုဘောက်ယာဉ်မောင်း အမျိုးသား တစ်ဦးမှာ ထိခိုက်ဒဏ်ရာများ ရခဲ့သောကြောင့် လှိုင်သာယာမြို့နယ်ဆေးရုံသို့ အတွင်းလူနာအဖြစ် တင်ပို့ခဲ့ရပြီး ယာဉ်ကြောပိတ်ဆို့မှုကို တစ်နာရီနီးပါးကြာ ရှင်းလင်းရေးများ ဆောင်ရွက်ခဲ့ရကြောင်း နဝဒေးမှတ်တိုင်အနီး ဈေးရောင်းနေသည့် အမျိုးသားတစ်ဦးထံမှ သိရသည်။

ယာဉ်မဆင်မခြင်မောင်းနှင်သည့် တရုတ်နိုင်ငံသား လျိုဖုန်းစန့်ကို လှိုင်မြို့မရဲစခန်းမှ ယာဉ်(ပ)၈၅/၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၃၈/၂၇၉ ဖြင့် အမှုဖွင့် ဖမ်းဆီးအရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ S-03

## ရေနုတ်မြောင်းဖော်ထုတ်စဉ် လေအေးပေးစက်ကို ကိုင်မိရာက ဓာတ်လိုက်သေဆုံး

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်းရှိ နေအိမ်တစ်လုံးနောက်ဘက်တွင် ဒီဇင်ဘာလ ၄ ရက် နေ့လယ် ၁၂ နာရီခန့်က အဲယားကွန်း Out Door Unit ကို ကိုင်မိရာက အသက် ၂၃ နှစ်အရွယ် စည်ပင်သန့်ရှင်းရေး ဝန်ထမ်းအမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးသွားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရ သည်။

သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ သန့်ရှင်းရေးစည်ပင်လိုင်းခန်းတွင်နေထိုင်သူ ကိုစိုးအောင်သည် ယင်းနေ့က နောက်ဖေးလမ်းကြား ရေနုတ်မြောင်းသန့်ရှင်းရေးဆောင်ရွက်စဉ် တိုက်နံရံနောက်ဖေး၌ ထားရှိသော အဲယားကွန်း Out Door ကိုလက်နဲ့ကိုင်မိရာက ဓာတ်လိုက်ကာ ရင်အုံဘယ်ခြမ်းပွန်း၊ ခါး ဘယ်ခြမ်းပွန်းဒဏ်ရာများရရှိပြီး သေဆုံးသွားကြောင်း၊ ရုပ်အလောင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ထားကြောင်း ယင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

“လမ်းကြား ရေနုတ်မြောင်းဖော်ရင်းနဲ့ဖြစ်သွားတာ၊ အဲယားကွန်း Out Door ကမြေညီထပ်မှာရှိတာ၊ အဲဒါကို သူက သွားကိုင်မိတော့ ဓာတ်လိုက်ပြီး သေသွားတာ။ စည်ပင်နေ့စားဝန်ထမ်းလို့ သိရတယ်၊ သေမှုသေခင်းအမှတ် စဉ် ၅/၁၇ နဲ့ဖွင့်ပြီး စစ်ဆေးနေပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ အောက်တိုဘာလ ၃၁ ရက်နေ့အထိ သေမှုသေခင်းပေါင်း ၂၆ မျိုးတွင် လူဦးရေ ၁၁၀၀ ခန့်သေဆုံးခဲ့ပြီး ကြိုးဆွဲချသေဆုံးသူ ၁၄၅ ဦး၊ အဆိပ်သောက် သေဆုံးသူ ၂၈ ဦး၊ ဓာတ်လိုက်သေဆုံးသူ ၉၇ ဦး၊ ရေနစ်သေဆုံးသူ ၂၆၁ ဦး၊ မိုးကြိုးပစ်သေဆုံးသူ ၅ ဦး၊ အမြင့်မှ ပြုတ်ကျ သေဆုံးသူ ၅၀ ဦး၊ ကားရထားပေါ်မှ ပြုတ်ကျသေဆုံးသူ တစ်ဦး၊ အရက်အမူးလွန်သေဆုံးသူ ၁၆၁ ဦးနှင့် ရုတ်တရက်ထိခိုက်သေဆုံးသူ ၂၅ ဦးရှိသည်။ J 16

## အရှေ့ပိုင်းခရိုင် တရားရုံးအချုပ်ခန်းတွင် အချုပ်သားထံမှ စိတ်ကြွဆေးပြားများ ဖမ်းမိ

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

သာကေတမြို့နယ်ရှိ အရှေ့ပိုင်းခရိုင်တရားရုံး အချုပ်ခန်းတွင် ဒီဇင်ဘာလ ၄ ရက် မွန်းလွဲ ၂ နာရီက မူးယစ်မှုဖြင့် ဖမ်းဆီးအရေးယူထားသော အချုပ်သားတစ်ဦးထံမှ WY စာတန်းပါ စိတ်ကြွဆေးပြားများ ဖမ်းမိခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

စိတ်ကြွဆေးပြားများနှင့် အတူ ဖမ်းမိသည့် အချုပ်သား အသက် ၂၃ နှစ် အောင်ကျော်သိန်း(ခ) အငယ်လေးမှာ အင်းစိန်အကျဉ်းထောင်မှ အရှေ့ပိုင်းခရိုင်တရားရုံးသို့ ရုံးထုတ်ရန် ခေါ်ဆောင်လာစဉ် ယင်းဆေးပြားများကို တိပ်ဖြင့်ပတ်၍ စအိုထဲထည့်ကာ ယူဆောင်လာကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

“ထောင်ထဲကနေ ဆေးပြားတွေကို ဖျော်ရည်သောက်တဲ့ပိုက်တံထဲ ထည့် အပြင်ကနေ တိပ်နဲ့ပတ်ပြီး စအိုထဲ ထည့်ယူလာတာ။ အချုပ်ခန်းထဲရောက်တော့ အိမ်သာထဲဝင်ပြီး ဒီဆေးပြားတွေကို ပြန်ထုတ်ယူနေချိန်မှာ ဖမ်းမိခဲ့တာပါ” ဟု ရဲအရာရှိက ပြောသည်။

အဆိုပါ စိတ်ကြွဆေးပြားများကို ထောင်မှ တရားရုံးသို့ ရုံးထုတ်စဉ် အချုပ်ခန်း အတွင်းရှိ အချုပ်သားအချို့ကို ၎င်းက ပြန်လည်ရောင်းချရန် ယင်းသို့ ခိုးဝှက်ယူဆောင်လာခြင်းဖြစ်ပြီး ၎င်းကို သာကေတမြို့မ ရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၅/၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ S-03

## ထောက်ကြန့် ၌ ရဟန်းရိုက်နှက်မှုတွင် ရည်းစားနှင့်တွေ့ရန် လူဝတ်လဲထားသည့် ကျောင်းထိုင်ဘုန်းကြီး ပါဝင်

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ တောင်ပိုင်းရပ်ကွက်ရှိ လမင်းသာ(၂) စားသောက်ဆိုင်တွင် ရဟန်းတစ်ပါးကို ရိုက်နှက်ရာတွင် ပါဝင်သူမှာ လူဝတ်လဲထားသည့် အသက် ၄၃ နှစ်အရွယ် ကျောင်းထိုင်ဘုန်းကြီးတစ်ပါး ပါဝင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

ယင်းလူဝတ်လဲထားသည့် ကျောင်းထိုင်ဆရာတော်မှာ လက်ပံတန်းမြို့နယ်၊ ခမုံကျေးရွာအုပ်စုရှိ အေးမြစံပျော် ကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော် ဦးပညာသာရဖြစ်ကြောင်း၊ ၎င်းသည် လူအမည် မြင့်ကျော်(ခ)မြင့်သိန်းအမည်ဖြင့် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် တွေ့ဆုံချစ်ကြိုက်သူနှင့် တွေ့ဆုံရန် ခေတ္တလူဝတ်လဲပြီး လာရောက်စဉ် ဆရာတော်ဦးဣန္ဒကအား ဆိုင်ပိုင်ရှင်အမျိုးသားနှင့် ပူးပေါင်းက ရိုက်နှက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ရိုက်နှက်ထွက်ပြေးပြီး ခမုံကျေးရွာရှိ ကျောင်းသို့ပြန်သွားကာ သင်္ကန်းပြန်ဝတ်၍ ဟန်မပျက်နေထိုင်စဉ် ထောက်ကြန့် ဘီယာဆိုင်၌ ဘုန်းကြီးတစ်ပါး ရိုက်နှက်ခံရမှု လူမှုကွန်ရက်စာမျက်နှာပေါ်၌ တွေ့ရှိရသဖြင့် ကြောက်ရွံ့ပြီး အောင်လံကုန်းကျေးရွာ၊ အောင်မြေတောရ ကျောင်းတိုက်တွင်ရှောင်တိမ်းနေစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း ယင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

“ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်တို့ တရားဥပဒေစိုးမိုးရေးကော်မရှင်အနေနဲ့ ရဲတို့၊ ထွေအုပ်တို့ သက်ဆိုင်ရာအုပ်ချုပ်ရေးပိုင်းကို ဟာကွက်မရှိအောင် လုပ်ဆောင်ဖို့တိုက်တွန်းထားပါတယ်၊ အာမခံမပေးဖို့လည်း ပြောထားတယ်။ ဆိုင်ကိုလည်း ပိတ်ပေးဖို့ ထွေအုပ်ကို တောင်းဆိုထားတယ်။ အခုဖြစ်စဉ်မှာ လူနှစ်ယောက်ကတော့သေချာတယ်။ သတင်းစာရှင်းလင်းပွဲမှာပြောတဲ့ သုံးယောက်ဆိုတာကတော့ သေချာမသိရသေးဘူး။ ကော်မရှင်အနေနဲ့ ကတော့ သေချာစောင့်ကြည့်ထိန်းသိမ်းသွားမှာပါ” ဟု ရန်ကုန်တိုင်းလွှတ်တော် တရားစီရင်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင်က ပြောကြားသည်။

လှည်းကူးမြို့နယ်၊ ဘုရားသုံးဆူကျေးရွာ၊ ရမ္မာဝတီကျောင်းတိုက်မှ အသက်၆၉ နှစ်အရွယ်ဆရာတော်ဦးဣန္ဒကသည် နိုဝင်ဘာ လ ၂၈ ရက် မွန်းလွဲ ၂ နာရီခန့်က ထောက်ကြန့်မြို့ရှိ ကမ္ဘောဇဘဏ်တွင် ငွေနှစ်သိန်းအပ်နှံကာ ပြန်ထွက်လာစဉ် အစာအိမ်ဝေဒနာကြောင့် ဆေးသောက်ရန် လမင်းသာ(၂)စားသောက်ဆိုင်အတွင်းသို့ ဝင်ရောက်ပြီး ရေနွေးကြမ်းတောင်းခံရာ အသက် ၄၅ နှစ်အရွယ် ဆိုင်ပိုင်ရှင် ဦးအောင်မိုးနှင့် လူဝတ်လဲထားသည့် ကျောင်းထိုင်ဘုန်းကြီး ဦးမြင့်ကျော်တို့က ဝိုင်းဝန်းရိုက်နှက်ခဲ့ကြောင်း ယင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

“ဒီနေ့မနက် ၆ နာရီလောက်မှာ ဖမ်းမိခဲ့တာပါ၊ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့နဲ့ လက်ပံတန်းရဲတပ်ဖွဲ့တို့ပူးပေါင်း ဖမ်းဆီးခဲ့တာ၊ ဖမ်းမိတဲ့ကျောင်းမှာပဲ ကျောင်းထိုင်ဆရာတော်ဆီမှာ သိက္ခာချလူဝတ်လဲပြီး ခေါ်ဆောင်လာခဲ့တယ်” ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

ထိုသို့ဖမ်းဆီးရမိခဲ့သည့် ကျောင်းထိုင်ဆရာတော် ဦးပညာသာရ(ခ) ဦးမြင့်ကျော်(ခ)မြင့်သိန်းနှင့်အတူ လမင်းသာ(၂)စားသောက်ဆိုင်ပိုင်ရှင် အသက် ၄၅ နှစ်အရွယ် ဦးအောင်မိုးအား ထောက်ကြန့်နယ်မြေရဲစခန်းက (ပ) ၁၂၅၆/၂၀၁၇ ၊ ရာဇသတ်ကြီးပုဒ်မ ၂၉၅/၂၉၅-က/၃၂၃/၄၀၃/၁၁၄ ဖြင့် အမှုဖွင့်ဆောင်ရွက်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ J 16

## မှုခင်းသတင်းတိုများ

■ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၆၀)ရပ်ကွက်၊ ရွာဝဏ်လမ်းဘေးရှိရေမြောင်းအတွင်းတွင် ဒီဇင်ဘာလ ၄ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က အရက်အလွန်အကျွံသောက်စားတတ်သည်ဟုဆိုသော အသက် ၃၅ နှစ်အရွယ် အမျိုးသားတစ်ဦး ပြင်ပဒဏ်ရာမတွေ့ရဘဲ ရေနစ်သေဆုံးနေသည်ကိုတွေ့ရသဖြင့် ရုပ်အလောင်းကို သင်္ချိုင်းကျွန်း စံပြဆေးရုံကြီးသို့ပို့ဆောင်ကာ ယင်းမြို့မရဲစခန်းက သေမှုသေခင်းဖွင့်ကာ စစ်ဆေးနေသည်။

■ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ၂၁ (က)လမ်းရှိ နေအိမ်တစ်လုံးတွင် ဒီဇင်ဘာလ ၄ ရက် နံနက် ၁၁ နာရီခွဲခန့်က လောင်းကစားသတင်းအရ ဝင်ရောက်ရှာဖွေရာ နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသော စာရွက်စာတမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသက် ၄၇ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို ဖမ်းမိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက လောင်းကစားဥပဒေပုဒ်မ ၁၅(က)/၁၆(က) ဖြင့် အမှုဖွင့်ထားသည်။

■ရန်ကုန်-ခရမ်းလမ်းမကြီးအတိုင်း ခရမ်းမြို့နယ်ဘက်မှ သုံးခွမြို့နယ်ဘက်သို့မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးသည် ဒီဇင်ဘာလ ၄ ရက် နံနက် ၃ နာရီခွဲခန့်က သုံးခွမြို့နယ်၊ ကံမြင့်ကျေးရွာရှိ သီလရှင်ကျောင်း တစ်ကျောင်းအနီးအရောက် လမ်းဖြတ်ကူးသူ အသက် ၁၅ နှစ်အရွယ် သီလရှင်ဆရာလေးတစ်ပါးကို ဝင်တိုက်ရာ ဖူးရောင်ညိုမည်းဒဏ်ရာများဖြင့်လည်းကောင်း၊ ဆိုင်ကယ် စီးနင်းသူ အသက် ၂၉ နှစ်အရွယ် အမျိုးသားတွင် ဖူးရောက်ပေါက်ပြဲဒဏ်ရာဖြင့်လည်းကောင်း အသီးသီးရရှိပြီး ယင်းမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် တင်ပို့ ကုသခဲ့ရသည်။

J 16

# ရွှေဘိုပေါ်ဆန်းကို မြန်မာနိုင်ငံတွင် ပထမဆုံး ဒေသထွက်ကုန် အသိမှတ်ပြုမှုပိုင်ခွင့်ရရှိရေး ဆွေးနွေး

**ရွှေဘို၊ ဒီဇင်ဘာ ၅**

ရွှေဘိုပေါ်ဆန်းကို မြန်မာနိုင်ငံတွင် ပထမဆုံးဒေသထွက်ကုန် အသိအမှတ်ပြုမှုပိုင်ခွင့်ရရှိရေး Gerograpgical Indication(GI )နှင့် ရွှေဘိုပေါ်ဆန်းနှင့် ဆက်စပ်သော ဒေသထွက်ကုန်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရွှေဘိုမြို့ စက်မှုဇုန်ခန်းမတွင် ၄ ရက်ကြာပြုလုပ်မည်ဖြစ်ကြောင်း ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးမင်းအောင်ထံမှ သိရသည်။

ဆွေးနွေးပွဲတွင် ရွှေဘိုပေါ်ဆန်းစိုက်ပျိုးသည့်တောင်သူများ၊ ထုတ်လုပ်ရောင်းချသည့် ဆန်စက်ပိုင်များ၊ ဆန်စက်လုပ်ငန်းရှင်များ အပါအဝင် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြင်သစ်နိုင်ငံမှ ပညာရှင်များ ပါဝင်သည်။

ရွှေဘိုပေါ်ဆန်းကို ဒေသထွက်ကုန် အသိအမှတ်ပြု GI ရရှိစေရေးအတွက် ပေါ်ဆန်းမျိုးကောင်း မျိုးသန့်စပါးများ စိုက်ပျိုးသည့်နေရာသတ်မှတ်ခြင်း၊ ရွှေဘိုပေါ်ဆန်းနှင့် ကိုက်ညီသည့် သဘာဝမြေဩဇာ၊ မြေဆီများ ပြုပြင်ထိန်းသိမ်းခြင်း၊ အရည်အသွေး ပြည့်ဝသည့်ပေါ်ဆန်းစပါး စိုက်ပျိုးချိန် ရိတ်သိမ်းချိန်များ စနစ်တကျ ဆောင်ရွက်ခြင်းနည်းလမ်းများကို ပံ့ပိုး ကူညီသွားမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာန၊ အသိဉာဏ်မူပိုင်ခွင့်ဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်မိုးမိုးသွယ်က ပြောကြားသည်။

ပေါ်ဆန်းစပါး၏ ကောင်းမွန်မှုကို ရေရှည်တည်တံ့စေရန် ပံ့ပိုးကူညီသွားမည်ဖြစ်ပြီး ဒေသရှိ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အနေနှင့်လည်း ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်ကြောင်း ၎င်းက အကြံပြုသည်။

မြန်မာနိုင်ငံတွင် ပထမဆုံးဒေသဆိုင်ရာ အညွှန်းGI သတ်မှတ်ချက်များ လုပ်ဆောင်ရန် ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်သူများအား GI နှင့် ပတ်သက်သည့် သတင်းအချက်အလက်များ၊ သီးသန့်ထွက်ကုန်အဖြစ် သတ်မှတ်ဆောင်ရွက်ရန် မြန်မာအသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေနှင့် နည်းဥပဒေများအား စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအား GI သတ်မှတ်နိုင်ရေး အစပျိုးဆောင်ရွက်ချက်များ အကြံပေးနိုင်ရန်၊ GI အဖြစ် အကာအကွယ်ရရန်၊ ဆန်စပါးအရည်အသွေးနှင့် မျိုးစိတ်များ သတ်မှတ်နိုင်ရန် လက်တွေ့ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်ရည်ရွယ်၍ ကျင်းပရကြောင်း ယင်းဌာနထံမှ သိရသည်။

“ကျွန်တော်တို့ဒေသက သူများမြို့တွေလိုစက်မှုလည်းမထွန်းကားဘူး၊ ကျောက်သံပတ္တမြားလည်းမထွက်ဘူး။ ရွှေဘိုပေါ်ဆန်းနာမည်ရလာမှ တခြားဒေသက ပေါ်ဆန်းတွေကို ရွှေဘိုပေါ်ဆန်းဆိုပြီး နာမည်တပ်ရောင်းတာတွေရှိနေတယ်။ မူပိုင်ခွင့်မရှိတော့ မကာကွယ်နိုင်ဘူး” ဟု အောင်ဆန်းပွင့် ဆန်လုပ်ငန်းရှင် ဦးအောင်မြင့်က ပြောဆိုသည်။

ရွှေဘိုခရိုင်တွင် ရွှေဘိုမနော်၊ ရောမင်းစပါးများမှာ နာမည်ကြီးသော်လည်း နောက်ပိုင်းတွင် အရောအနှောများရှိသဖြင့် နာမည်ကို မထိန်းနိုင်တော့ကြောင်း၊ ယခုအခါ ရွှေဘိုပေါ်ဆန်းကို ဒေသထွက်ကုန် အသိအမှတ်ပြု GI မူပိုင်ခွင့်ရမည်ဆိုသောကြောင့် ရွှေဘိုပေါ်ဆန်း၏ အရည်အသွေးကို ထိန်းသိမ်းထားနိုင်ကြောင်း ၎င်းက ထောက်ပြသည်။ ■


ကြော်ငြာကိစ္စ

ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂


The VOICE Daily CARTOON





## The Voice Daily

လပေးမှာယူဖတ်ရှုသည့် စာဖတ်ပရိသတ်များ အဆင်မပြေမှုများရှိပါက

ဆက်သွယ်ရန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)၊

မန္တလေး - ၀၉ ၇၇၂၂၂၉၀၇၁

နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

## အခမဲ့ ကြော်ငြာ ကဏ္ဍ Classifieds

| | | | | | |
|---|---|---|---|---|---|
| ကိုဇော်မျိုးထွန်း<br>Ph: 071-25314 | ကျော်သစ်ခွဲသားရောင်းဝယ်ရေး<br>မုံရွာမြို့၊ Ph:09-33221806 | ဦးသင်း + ဒေါ်စောငွေ(ရွှေဆိုင်)<br>အမှတ်(၂၀)၊ မုံရွာမြို့<br>Ph :09-791681485 | ဦးအောင်ကြွယ်+ဒေါ်မမလေး<br>အောင်မှန်တိုက်<br>Ph: 071-21726 | မြစန်းငွေ(အထည်ဆိုင်)<br>မုံရွာမြို့<br>Ph : 071-21603 , 09-2130413 | Top 1<br>ဆိုင်ကယ်အပိုပစ္စည်းဆိုင်<br>မုံရွာမြို့၊<br>Ph: 09-213313 , 071-23743 |
| ခန့်ဈေးကြီး<br>မုံရွာမြို့၊<br>Ph : 09-400409767 | မွင်ဦး-၃<br>(ကားဝပ်ရှော့) ကိုအောင်ခန့်ဦး<br>မုံရွာမြို့၊ Ph:09-259065319 | တက်လမ်း (ကုန်စိမ်းပွဲရုံ)<br>မုံရွာမြို့၊<br>Ph : 09-779977172 | သန့်(ဆန်ပွဲရုံ)<br>ဦးဘသု<br>မုံရွာမြို့၊<br>Ph : 09-400455340 , 09-400407743 | ရတနာ(ကုန်စုံဆိုင်)<br>ဦးသန်းငွေ<br>မုံရွာမြို့၊<br>Ph:09-33670088 | လှသိင်္ခ<br>(ဆိုင်ကယ်အပိုပစ္စည်းဆိုင်)<br>(၁၁)မုံရွာမြို့၊<br>Ph: 071-24804 |
| မသင်းသင်းနိုင်(ဒုစေတီးဆိုင်)<br>မုံရွာမြို့၊Ph:09-33202796 | Auto ကားရေဆေးဆီလိုက်လုပ်ငန်း<br>ကိုဇော်မျိုးအောင်<br>မုံရွာမြို့၊<br>Ph: 09-792131188,09-33206666 | ခိုင်ရွှေဝါ(ထမင်းဆိုင်)မယ်ယ<br>မုံရွာမြို့၊<br>Ph:09 400539323 | မိုးထက်(ကာဖေး)ကိုသန်းလှ<br>မုံရွာမြို့၊<br>Ph: 09-400440148 | ကျော်ဆိုင်ကယ်<br>(ကားဆေးမှုတ်လုပ်ငန်း)<br>မုံရွာမြို့၊<br>Ph:09-259102635 | Super TVS<br>(ဆိုင်ကယ်အရောင်းဆိုင်)<br>မုံရွာမြို့၊Ph: 09-256473749 |
| ဦးစံမင်း (ပရိဘောဂ)<br>မုံရွာမြို့<br>Ph: 09-47079127 | ကိုမိုး(ကားဝပ်ရှော့)<br>မုံရွာမြို့၊<br>Ph :09-43069025 | ဦးမြင့်သိန်း<br>(ဝါဝါဝင်းဆန်ပွဲရုံ)<br>မုံရွာမြို့၊<br>Ph: 09-795103270 | ကိုညွန့်လှိုင်<br>(ကားအောင်ရှိ)<br>မုံရွာမြို့၊<br>Ph : 09-43040990 | မေမေ (ထမင်းဆိုင်)<br>ကိုမြင့်မေ<br>မုံရွာမြို့၊<br>Ph: 09-796050321 | ကိုဇော်ဦး+မစောသီတာခင်<br>(ရွှေဆိုင်)<br>မုံရွာမြို့၊ |

# ရွှေကျင်၌ တရားမဝင် ရွှေတူးသူများထံမှ ငွေကောက်

တောင်ငူ၊ ဒီဇင်ဘာ ၅

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်တွင် စက်ယန္တရားကြီးများဖြင့် တရားမဝင် ရွှေတူးဖော်ရေး လုပ်ကိုင်သူများကို မြို့နယ်အုပ်ချုပ်ရေး အာဏာပိုင်များ ပါဝင်သော ကော်မတီတစ်ခုက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဟုဆိုကာ ငွေကြေးကောက်ခံနေကြောင်း ဒေသခံများထံမှ သိရသည်။

ရွှေကျင်မြို့နယ် အနီးတစ်ဝိုက် တစ်နိုင်တစ်ပိုင် ရွှေတူးဖော်ရေးလုပ်ငန်းများ သာမက စက်ယန္တရားကြီးများ၊ ရွှေရှာဖွေရေးဖောင်များကိုအသုံးပြုကာ စီးပွားဖြစ် ရွှေတူးဖော်ရေးလုပ်ကိုင်သူ ရာနှင့်ချီရှိကြောင်း၊ ပွင့်လင်းရာသီမှစတင်ကာ လုပ်ငန်းအဖွဲ့များ ပိုမိုများပြားလာပြီး အများစုက ရွှေကျင်မြို့နယ်ပြင်ပမှ လုပ်ငန်းရှင် များဖြစ်ကြောင်း၊ စက်ယန္တရားဖြင့် ရွှေတူးဖော်ရေးလုပ်ကိုင်နေသူများထံ တာဝန်ရှိသူများက နိုဝင်ဘာလမှ စတင်ကာ ကျပ် ၈သိန်းမှ ၁၀ သိန်းအထက်ထိ စက်ယန္တရားအလိုက် ကောက်ခံနေကြောင်း ဒေသခံများထံမှ သိရသည်။

ပဲခူးတိုင်းဒေသကြီး သယံဇာတ သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးဝန်ကြီးက ရွှေကျင်မြို့တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မတီနှင့် တရားမဝင် ကန့်သတ်ပစ္စည်းများကို ထိန်းသိမ်းရေးကော်မတီ ဖွဲ့စည်းခိုင်းသဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် လိုအပ်သည့်နေရာတွင် ပြန်လည်သုံးစွဲရန် ငွေကြေးကောက်ခံနေခြင်းဖြစ်ပြီး အများမြင်သာရန် ပွင့်လင်းမြင်သာစွာ လုပ်ဆောင်မည် ဖြစ်ကြောင်း ရွှေကျင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးထံမှ သိရသည်။

"လက်ရှိကောက်ခံထားတဲ့ငွေကြေးက ကျပ်သိန်းတစ်ရာကျော်လောက်ရှိတယ်၊ ကော်မတီဆုံးဖြတ်ချက်နဲ့ပဲ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ သုံးစွဲမှာဖြစ်သလိုလက်ရှိလည်းငွေကြေးကို ဘဏ်မှာအပ်နှံသိမ်းဆည်းထားပါတယ်"ဟု ရွှေကျင်မြို့နယ်အုပ်ချုပ်ရေးမှူးဦးဇော်မြင့်သိန်းက ပြောကြားသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီတွင် ပါဝင်သော်လည်း၊ ရွှေထုတ်လုပ်သူများထံ ငွေကောက်ခံမှုနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်မှာ မသိရှိသကဲ့သို့ ငွေကောက်ရာတွင်လည်း ပါဝင်ခြင်းမရှိကြောင်း ရွှေကျင်မြို့နယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်းက ပြောကြားသည်။

ရွှေကျင်မြို့နယ်တွင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီနှင့် တရားမဝင်ကန့်သတ်ပစ္စည်းများ ထိန်းချုပ်ရေး ကော်မတီနှစ်ခုကို ဌာနဆိုင်ရာများ လွှတ်တော်ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းထားပြီး ကော်မတီတစ်ခုလျှင် အဖွဲ့ဝင် ၁၀ဦးကျော်ရှိကြောင်း ယင်းကော်မတီထံမှ သိရသည်။

■ R-15


ဓာတ်ပုံ – ရန်နိုင်

# ကျိုင်းတုံ၌ အရပ်ဖက်အဖွဲ့အစည်းများဖိုရမ်နှင့် ပထမဆုံး လူငယ်ဖိုရမ်တို့ ကျင်းပ

ကျိုင်းတုံ၊ ဒီဇင်ဘာ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့တိုင်းလိယဉ်ကျေးမှု ခန်းမဆောင်တွင် ဒီဇင်ဘာလ ၄ ရက်မှ ၆ ရက်အထိ ပြည်နယ်အတွင်းရှိအရပ်ဘက် လူမှုအဖွဲ့အစည်းများ စုပေါင်း၍ သုံးရက်ကြာ ဖိုရမ် ကျင်းပခဲ့ကြောင်း ယင်းပြည်နယ် အရပ်ဘက် လူမှုအဖွဲ့အစည်းများ ဥက္ကဋ္ဌ ဦးစစ်ခိုင်ထွန်းက ပြောကြားသည်။

"၂၁ ရာစု အရပ်ဘက်အဖွဲ့အစည်း ဖိုရမ်မှာ ရှမ်းပြည်နယ်က အသံတွေပါဝင်စေဖို့အတွက် ဒီဖိုရမ်ကို ပြုလုပ်တာပါ၊ ရှမ်းသုံးရှမ်းက ရရှိလာတဲ့ စာတမ်းကို ဒီလကုန်ပိုင်းမှာ မန္တလေးမှာပြုလုပ်မယ့် ပြည်ထောင်စုအဆင့် ဖိုရမ်မှာတင်ပြကြမယ်"ဟု ၎င်းက ဆိုသည်။

ယင်းဖိုရမ် လူဦးရေ ၁၀၀ တက်ရောက်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ကချမှတ်ထားသော လူမှုရေး၊ ဖက်ဒရယ်ဆိုင်ရာ စီးပွားရေးနှင့် မြေယာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာတို့ကို အဓိက ဆွေးနွေးမည်ဖြစ်ကြောင်း၊ ယင်းအကြောင်းအရာများတွင် ကျောင်းပြင်ပ ပညာရေး၊ မူးယစ်ဆေးဝါးပြဿနာ၊ ရွှေ့ပြောင်းလုပ်သားအရေး စသည်တို့ပါဝင်ကြောင်း အဆိုပါအဖွဲ့ အတွင်းရေးမှူး ဦးကြာယေရှုက ရှင်းပြသည်။

ယင်းအပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)လူငယ်ကွန်ရက်အဖွဲ့က ဦးဆောင်၍ ပထမဆုံး အကြိမ်လူငယ်ခေါင်းဆောင်မှုဖိုရမ် (Youth Leadership Forum)ကို ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမတွင် ဒီဇင်ဘာ ၃ ရက် မွန်းလွဲပိုင်းက ကျင်းပရာ လူငယ် ၁၀၀ ခန့် တက်ရောက်ဆွေးနွေးခဲ့ကြောင်း အဆိုပါကွန်ရက်အဖွဲ့ဝင် ကျိုင်းတုံလူငယ်စင်တာ ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆုမ်ဝုန်းက ပြောကြားသည်။

ကျိုင်းတုံမြို့အပါအဝင် ပြည်နယ်အတွင်းရှိ မြို့နယ်အချို့တွင် လူငယ်ကွန်ရက်များကို ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းက စတင်ကာ ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အပါအဝင် လူငယ်များနှင့်သက်ဆိုင်သည့် ကဏ္ဍများတွင် လူငယ်ကွန်ရက်အဖွဲ့ဝင် ၃၀၀ ကျော်အနက် အမာခံ ၂၀ ဦးခန့်သာ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေကြောင်း ကျိုင်းတုံလူငယ်ကွန်ရက်အဖွဲ့မှ မခင်မြတ်မွန်က ပြောကြားသည်။

■ R-16

# ဟသ်ာတ မြစ်ကျောက်ဈေးကျ

ဟသ်ာတ၊ ဒီဇင်ဘာ ၅

ဟသ်ာတခရိုင်ရှိ ဧရာဝတီမြစ်ကြောင်း အတွင်း ထုတ်လုပ်သော မြစ်ကျောက်များမှာ ရန်ကုန်ဆိပ်ကမ်းများ၌ ယခင်နှစ်ထက် ဈေးနှုန်းကျဆင်းနေကြောင်း ရန်ကုန်အခြေစိုက် မြစ်ကျောက်ကုန်သည်များက ပြောကြားသည်။

၂၀၁၆ ခုနှစ်ဒီဇင်ဘာလ၌ မြစ်ကျောက်ကျင်းတစ်ရာလျှင် ကျပ်သိန်း ၇၀ ဝန်းကျင် (အထိုင်ဈေး)ဖြင့် ရောင်းချရသော်လည်း ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ၌ မြစ်ကျောက်ကျင်းတစ်ရာလျှင် ကျပ်သိန်း ၅၀ ဝန်းကျင်ဈေးဖြင့်သာ ရောင်းချနေရကြောင်း ၎င်းတို့က ဆိုသည်။

ဟသ်ာတ မြစ်ကျောက်ဈေး ကျဆင်းခြင်းမှာ ရန်ကုန်မြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းများ၏ ဝယ်လိုအားပေါ် အခြေခံကြောင်း၊ ရန်ကုန်ဆိပ်ကမ်းရှိ ကျောက်ဒိုင်အချို့က ကျောက်ပုံရန်ငှားထားသည့် မြေကွက်အချို့ကို ဆက်လက်မငှားနိုင်တော့ကာ ပြန်လည်အပ်နှံမှုများရှိကြောင်း ရန်ကုန်ဘူတာရုံဆိပ်ကမ်းမှ မြစ်ကျောက်ကုန်သည် ဒေါ်လေးမြက ပြောကြားသည်။

တင်ဒါဆွဲဝယ်ခြင်းကြောင့် မြစ်ကျောက်ထုတ်လုပ်ခွင့် ရနိုင်သော်လည်း ဒေသခံများနှင့် သဘောထား ကွဲလွဲမှုများကြောင့် ထုတ်လုပ်ရန် အခက်အခဲများဖြစ်ပေါ်နေကြောင်း ကျောက်ထုတ်လုပ်ငန်းရှင်များက ပြောကြားသည်။

မြစ်ကျောက်ထုတ်လုပ်သည့် လုပ်ငန်းများကြောင့် ကမ်းပြိုမှုများဖြစ်ပွားသဖြင့် စိုက်ပျိုးမြေများဆုံးရှုံးခြင်း နေအိမ်များ ရွှေ့ပြောင်းရခြင်းများ ဖြစ်ပေါ်ကြောင်း ကြံခင်းမြို့နယ် ရေလယ်ကျွန်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်က ပြောကြားသည်။

မြစ်ကျောက်ထုတ်လုပ်ခွင့်ရ လုပ်ငန်းများက သတ်မှတ်ဧရိယာ သတ်မှတ်စည်းကမ်းများကို ကျော်လွန်ဖောက်ဖျက်သည်ဟု ဒေသခံများ၏ တင်ပြချက်အရ သွားရောက်ကြည့်ရှုခဲ့ကြောင်း၊ ပဲခူးတိုင်းဒေသကြီး မြစ်ကျောက်လုပ်ကွက်များက ဧရာဝတီတိုင်း ကြံခင်းမြို့နယ်အတွင်း ဝင်ရောက် စုပ်ယူခြင်းကြောင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလွှိုင်ထံ တင်ပြထားကြောင်း ကြံခင်းမြို့နယ် အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဝင်းက ပြောကြားသည်။

■ R -13

# ပုသိမ်တွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး ဖဲကြိုးဖြူ လှုပ်ရှားမှုလုပ်

ပုသိမ်၊ ဒီဇင်ဘာ ၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ် (၁) ရပ်ကွက်ရှိ စတုဘုံမွိကကျောင်းဝန်းတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး ၁၆ ရက်တာကာလ ဖဲကြိုးဖြူ လှုပ်ရှားမှုကို ဒီဇင်ဘာလ ၄ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး၁၆ ရက်တာကာလ နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ ကျင်းပပြုလုပ်ကြောင်း၊ ယင်းလှုပ်ရှားမှုကို ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်း ဦးစီးဌာနနှင့် စဉ်ဆက်မပြတ် ငြိမ်းချမ်းရေးဖြစ်စဉ်များ ဖော်ဆောင်ရာတွင် အမျိုးသမီးများ အခန်းကဏ္ဍ မြင့်တင်ရေး ကိုဆောင်ရွက်နေသည့် WIN PEACE အဖွဲ့နှင့် ပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်း ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်မြင့်မြင့် ကပြောကြားသည်။

"အမျိုးသမီးများ အပေါ် စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ပုံစံအမျိုးမျိုးနဲ့ အကြမ်းဖက်ခံရမှုတွေ ရှိနေပါတယ်။ ဒါဟာ လူ့အခွင့်အရေး ချိုးဖောက်တာပါ၊ အမျိုးသမီးများရဲ့အခန်းကဏ္ဍ ကိုမြင့်တင်ခြင်းအားဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု လျှော့ချ ပပျောက်နိုင်ရေးအတွက် အသိပညာပေး လှုပ်ရှားမှုလုပ်တာပါ၊ မြန်မာနိုင်ငံမှာတော့ အမျိုးသမီးတွေ အကြမ်းဖက်ခံရမှုတွေမှာ ဧရာဝတီတိုင်းက အများဆုံးပါ ကျေးလက်ဒေသ တွေမှာ ပိုဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

အမျိုးသမီးများဘဝ လုံခြုံရေးနှင့် ငြိမ်းချမ်းရေး၊ စဉ်ဆက်မပြတ် ငြိမ်းချမ်းရေးဖြစ်စဉ်များ ဖော်ဆောင်ရာတွင် အမျိုးသမီးများ အခန်းကဏ္ဍ ပါဝင်မှု မြှင့်တင်ရေး၊ အမျိုးသမီးများ စွမ်းရည်မြှင့်တင်နိုင်ရေးနှင့် အမျိုးသမီးများ အပေါ် အကြမ်းဖက်မှု လျှော့ချပပျောက် နိုင်ရေးတို့မှာ မြန်မာနိုင်ငံရေးဖြစ်စဉ်ပြောင်းလဲ တိုးတက်မှုတွင် အထူးအရေးပါနေကြောင်း WIN PEACE မှ စီမံကိန်း ဒါရိုက်တာ ဦးမင်းနိုင် က ရှင်းပြသည်။

■ R -12

# ကချင်ပြည်နယ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နှင်းရေးကို ထိရောက်စွာ ဆောင်ရွက်ပေးရေး အဆိုတင်

**မြစ်ကြီးနား၊ ဒီဇင်ဘာ ၅**

ကချင်ပြည်နယ်ရှိ မြစ်ကြီးနားတက္ကသိုလ်ကျောင်းဝင်းနှင့် မြို့ရွာများတွင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု တားဆီးနှိမ်နင်းရေးကို ထိရောက်သောမူနှင့် စီမံချက်များဖြင့် အမြန်ဆုံးဆောင်ရွက်ပေးရေးအဆိုကို ဒီဇင်ဘာလ ၅ရက်နေ့က ကချင်ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် အင်ဂျန်းယန်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မရန်ဂျာဆိုင်းခေါ်န်က တင်သွင်းခဲ့သည်။

ကချင်ပြည်နယ်ရှိ မြို့ရွာအသီးသီးမှာသာမက အလွန်ဆိုးရွားသော မူးယစ်ဆေးဝါးပြဿနာများ ဆက်တိုက် ဖြစ်ပွားကြောင်း၊ မြို့ကြီးများတွင် မူးယစ်ဆေးဝါးကို အလွယ်တကူရရှိပြီး အတားအဆီးမရှိ သုံးစွဲနေသည့်အနေအထားမှာ အလွန်ပင်ဆိုးရွားသည့်အခြေအနေကို တွေ့မြင်ခဲ့ရသည့်အတွက် အဆို တင်သွင်းရကြောင်း ဒေါ်မရန်ဂျာဆိုင်းခေါ်န်က ပြောကြားသည်။

"ကချင်ပြည်နယ်ရဲ့ အနာဂတ်ခေါင်းဆောင်ကောင်းများကို ပြုစုပျိုးထောင်မွေးထုတ်ပေးတဲ့ကချင်ပြည်နယ်ရဲ့ဂုဏ်ဆောင်တက္ကသိုလ်ဝင်းလိုနေရာမှာတောင်မှ မူးယစ်ဆေးဝါးကို အလွယ်တကူရနိုင်ပြီး သုံးစွဲနေတာဟာ အလွန်ပင် ဆိုးရွားတဲ့အနေအထားတွေ့ရတဲ့အတွက် ထိရောက်တဲ့မူနှင့် စီမံချက်ကို ချမှတ်ပြီး တာဝန်ရှိသူများနှင့် ပူးပေါင်း ပါဝင်သင့်သူများပါဝင်စေ၍ တိုက်ဖျက်ဖို့လိုပါတယ်" ဟုဒ၎င်းက ပြောသည်။

လက်ရှိ ကချင်ပြည်နယ်တွင် ကိုယ်ကျိုးကြည့်သူများက ဆင်းရဲသားများကို ငွေကြေးထောက်ပံ့ပြီး ဘိန်းကို စိုက်ပျိုးစေခြင်း၊ ဘိန်းမည်းအပါအဝင် ဘိန်းဖြူနှင့် စိတ်ကိုပြောင်းလဲစေသော စိတ်ကြွဆေးများ အမျိုးအမည်စုံကို အဆင့်ဆင့် ထုတ်လုပ်ရောင်းချနေခြင်းတို့ကြောင့် မူးယစ်ဆေးဝါးကို အလွယ်တကူ ရရှိသည့်အတွက် ပြည်နယ်အတွင်း လူငယ်များအပါအဝင် အိမ်ထောင်သည်များမှာ မူးယစ်ဆေးဝါးများကို သုံးစွဲလာကြောင်း ၎င်းက ပြောဆိုသည်။

ယခုနှစ် နှစ်လယ်ပိုင်းက မြစ်ကြီးနားတက္ကသိုလ်ကျောင်းဝင်းတွင် မူးယစ်ဆေးဝါးများ သုံးစွဲထားသည့် ဆေးထိုးအပ်များ တွေ့ရှိခြင်း၊ မြစ်ကြီးနားမြို့တွင်း ရပ်ကွက်ရှိ လမ်းကြားများတွင် မူးယစ်ဆေးသုံးစွဲထားသည့်ဆေးထိုးအပ်များကိုမကြာခဏ တွေ့ရှိနေရကြောင်း ဒေသခံများထံမှ သိရသည်။

ကချင်ပြည်နယ်တွင် လစဉ်ဖမ်းဆီးရမိသော အမှုများတွင် မူးယစ်ဆေးဝါးမှုမှာ အများဆုံးဖြစ်ပြီး နေ့စဉ် နီးပါး ဖမ်းမိကြောင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအတွက် ရဲတပ်ဖွဲ့နှင့် အဖွဲ့အစည်းများနှင့် ပြည်သူလူထုများ ပူးပေါင်းပါဝင် ဆောင်ရွက်ရန် လိုအပ်ကြောင်း ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး တစ်ဦးက ပြောသည်။ ■ R-06



ဓာတ်ပုံ - မမ

# လားရှိုးမြို့ရှိ သဘာဝအပန်းဖြေရေပူစမ်းသို့ မော်တော်ယာဉ်လိုင်း ပြေးဆွဲ

**လားရှိုး၊ ဒီဇင်ဘာ ၅**

ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့ရှိ သဘာဝရေပူစမ်းအပန်းဖြေစခန်းသို့ လာရောက်လိုသူများအနေနှင့် လားရှိုးမြို့မှ ရေပူစမ်းသို့ မော်တော်ယာဉ်လိုင်းတစ်ခုက ဒီဇင်ဘာလ ၅ရက်မှ စတင်ကာ မတ်လကုန်အထိ ခရီးစဉ်ပြေးဆွဲနေကြောင်း လားရှိုးမြို့ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှု ဦးစီးဌာနတွဲဖက်ပြည်နယ်မှူး ဦးဇော်ဇော်ဝင်း က ပြောဆိုသည်။

အဆိုပါ မော်တော်ယာဉ်စီးနင်းခမှာ ကျပ် ၅၀၀ကျသင့်ပြီး လတ်တလောတွင် မြို့မဈေးကြီးနှင့် လားရှိုးကြီးကို ပြေးဆွဲသည့်ယာဉ်လိုင်းမှ ၁၀စီး ထုတ်နုတ်ပြေးဆွဲထားကြောင်း၊ ဒေသခံများအတွက် လိုအပ်ချက်ရှိပါက ထပ်မံဖြည့်တင်းပေးမည်ဖြစ်ကြောင်း ၎င်းထံမှ သိရသည်။

လားရှိုးမြို့ရှိ ရေပူစမ်း အပန်းဖြေစခန်းသို့ ပြည်တွင်းပြည်ပမှ ခရီးသွားများက ဆောင်းရာသီတွင် အများဆုံး လာရောက်ကာ အပန်းဖြေလေ့ရှိကြောင်း၊ လားရှိုးရေပူအပန်းဖြေစခန်းတွင် ရေပူစိမ် ခြင်းဖြင့် ကျန်းမာရေးအတွက်အထောက်အကူပြုသည့်အပြင် ရေပူ အပန်းဖြေစခန်းတွင် ဒေသထွက်ရိုးရာ အစားအသောက်များဖြင့် စားသောက်အပန်းဖြေနိုင်သည်။ ■

# မွန်ပြည်နယ်၏ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေမူကြမ်း လွှတ်တော်တွင် တင်သွင်း

**မော်လမြိုင်၊ ဒီဇင်ဘာ ၅**

ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ (ဒီဇင်ဘာလ ၅) တွင် မွန်ပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌ ဒေါက်တာ အောင်နိုင်ဦးက မွန်ပြည်နယ် မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းတစ်ရပ်ကို တင်သွင်းခဲ့သည်။

ယခုဥပဒေကြမ်း ရေးဆွဲရခြင်းမှာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို အထောက်အကူပြုစေရန်၊ အိုးအိမ်ဖွံ့ဖြိုးရေးကဏ္ဍ စနစ်တကျဖြစ်စေရေး၊ ပြည်သူလူထုတို့၏ လူမှုဘဝ အဆင့်အတန်း မြင့်မားရေးနှင့် လုံခြုံစိတ်ချမှု ပြည့်စုံခိုင်မာစေရန်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်အောင်မြင်စေရန် အချက်များ ပါဝင်သည်။

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း လုပ်ငန်းများတွင် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု တိုးတက်အောင်မြင်စေရန်နှင့် အိုးအိမ်ဖွံ့ဖြိုးရေး စီမံကိန်းအတွင်း နေထိုင် သူ ပြည်သူလူထုများ ပိုင်ဆိုင်မှုနှင့် အကျိုးခံစားခွင့်ဆိုင်ရာ အထောက်အကူပြု စေရန်အတွက် ရည်ရွယ်၍ ဥပဒေကို ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း ဥပဒေကြမ်း တင်သွင်းသည့်လွှတ်တော်ဒုဥက္ကဋ္ဌ ဒေါက်တာ အောင်နိုင်ဦးက ပြောဆိုသည်။

"ဥပဒေကြမ်းကို စတင်ရေးဆွဲစဉ်ကတည်းက ကျွန်တော်တို့ သက်ဆိုင်ရာ ဥပဒေပြုရေးကော်မတီ၊ ဌာနဆိုင်ရာ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်၊ ကုမ္ပဏီအဖွဲ့အစည်းတွေနဲ့အကြိမ်ကြိမ် ဆွေးနွေးထားပါတယ်၊ ဒီဥပဒေကြမ်းနဲ့ ပါဝင်ပတ်သက်တဲ့ စည်ပင်သာယာရေးဌာန၊ အိုးအိမ် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လျှပ်စစ်၊ မီးသတ် ဒါတွေနဲ့လည်း အကြိမ်ကြိမ် ဆွေးနွေးခဲ့ပါတယ်" ဟု ၎င်းကပြောသည်။

ယခုတင်ပြသည့် ဥပဒေကြမ်းသည် ပြည်နယ်၏ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများသာမက ပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲရေးအာဏာဆိုင်ရာ လုပ်ပိုင်ခွင့်များနှင့် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေများလည်း ရရှိစေနိုင်မည်ဖြစ်ကြောင်း ဒေါက်တာ အောင်နိုင်ဦးက ဆက်ပြောသည်။

ထိုမြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းတွင် အခန်းပေါင်း (၈) ခန်း ပါဝင်ပြီး အပိုဒ် ၂၈ ပိုဒ် ပါဝင်ကြောင်း၊ ထိုဥပဒေကြမ်းကို ယခုဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် ဆွေးနွေး အတည်ပြုသွားမည်ဖြစ်သည်။ ■ R - 21

# ပဲခူး စာအုပ်လမ်းပွဲတော် ပထမဆုံးအကြိမ် ကျင်းပ

**တောင်ငူ၊ ဒီဇင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်တွင် ပထမဦးဆုံးအကြိမ် စာအုပ်လမ်းပွဲတော်ကို ဒီဇင်ဘာလ ၅ ရက် ညနေပိုင်းမှ စတင်ကာ ရွှေမော်ဓောဘုရား အနောက်ဘက်မုခ်ဦးအနီးရှိ ဗိမာန်ရှေ့လက်ဖောင်းတွင် စတင်ကျင်းပခဲ့သည်ဟု ပွဲဦးဆောင်သူများထံမှ သိရသည်။

ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင် စာအုပ်လမ်းပွဲတော်ကျင်းပခဲ့သည်ကို အတုယူ၍ လည်းကောင်း၊ ပဲခူးဒေသခံ လူငယ်များ စာဖတ်အားကောင်းလာပြီး ရသစာပေများကို ခံစားတတ်စေရန် လည်းကောင်း ရည်ရွယ်ကာ ကျင်းပခြင်းဖြစ်ကြောင်း၊ အဆိုပါ ပွဲတော်ကို ဒီဇင်ဘာလ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များမှ စတင် ကာ ဖေဖော်ဝါရီလအထိ သုံးလကြာ ကျင်းပ မည်ဖြစ်ကြောင်း၊ ဆိုင်ခန်း ၄၀ခန့် လာရောက် ဖွင့်လှစ်ရန် စာရင်းပေးထားကြောင်း စာအုပ်လမ်းပွဲတော်ကို ဦးဆောင်ကျင်းပခဲ့သည့် ဦးထွေးက ပြောကြားသည်။

စာအုပ်လမ်းပွဲတော်ကို မြို့ကြီးအချို့တွင်ကျင်းပနေသည်မှာ ကြာပြီဖြစ်သော်လည်း ပဲခူးမြို့နယ်အတွက် ပထမဦးဆုံးအကြိမ်ဖြစ်သည့်အတွက် စာဖတ်ဝါသနာရှင်များ ရင်ခုန်နေကြောင်း ပဲခူးမြို့ခံ စာပေ ဝါသနာရှင်အချို့က ပြောကြားသည်။

ပဲခူးစာအုပ်လမ်းပွဲတော်ကြီး ကျင်းပသည့်ရက်များအတွင်း ဒီဇင်ဘာလ ၅ရက်နှင့် ဒီဇင်ဘာလ ၂၃ရက်တွင် စာပေဟောပြောပွဲကိုလည်းကောင်း၊ ကလေးစာပေပွဲတော်ကို လည်းကောင်း ဒီဇင်ဘာလ ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း စာအုပ်လမ်းပွဲတော်ကျင်းပ ရေးအဖွဲ့ ထံမှစုံစမ်းသိရသည်။ ■ R-15

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃ (ရန်ကုန်)
ဖုန်း - ၀၉ ၇၇၈၈၃၃၀၇၁ (မန္တလေး)

# နတ်မတောင် အမျိုးသားဥယျာဉ်သို့ ခရီးသွားဝင်ရောက်မှု ယခင်နှစ်ထက်မြင့်တက်

ကလေး၊ ဒီဇင်ဘာ ၅

ချင်းပြည်နယ်ရှိ နတ်မတောင် အမျိုးသားဥယျာဉ်သို့ ခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ ယခင်နှစ်ထက် ပိုမိုမြင့်တက်လာကြောင်း မင်းတပ်ခရိုင် ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဟုန်းလိမ်းက ပြောသည်။

အဆိုပါခရိုင်ရှိ ခေါ်နူးစုမ်တောင်၊ ဘုံတလာရေတံခွန် စသည့် နတ်မတောင် အမျိုးသားဥယျာဉ်အတွင်းသို့ ခရီးသွားဧည့်သည်လာရောက်မှုမှာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလကုန်အထိ ပြည်ပခရီးသွားဧည့်သည် ၁၉၉၈ ဦးနှင့် ပြည်တွင်းခရီးသွားဧည့်သည် ၇၁၇၁ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလကုန်အထိ ပြည်ပခရီးသွားဧည့်သည် ၁၇၆၁ ဦး၊ ပြည်တွင်းခရီးသွားဧည့်သည် ၅၁၅၁ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း ၎င်းထံမှ သိရသည်။

“ခြေလျင်လမ်းကြောင်းနဲ့ သွားပြီး ပါးမည်းထိုးတာတို့ ရိုးရာပွဲတော် လုပ်တာတို့ကိုအဓိက စိတ်ဝင်စားကြတယ်၊ တောင်ယာလုပ်တာတို့ ရိုးရာ အစားအစာတို့ကိုလည်း စိတ်ဝင်စားတယ်၊ ရွာတွေကိုပေါ့နော့ မြို့ကိုတော့ အဲ့လောက် စိတ်မဝင်စားဘူး” ဟု ၎င်းက ရှင်းပြသည်။

နတ်မတောင် အမျိုးသားဥယျာဉ်သို့ လာရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသွားများမှာ အမေရိကန်၊ အင်္ဂလန်နှင့် တောင်ကိုရီးယားတို့မှ အများဆုံးဖြစ်ကြောင်း၊ နတ်မတောင်အမျိုးသားဥယျာဉ်သို့ လာရောက်လည်ပတ်သော ပြည်ပခရီးသွားများကို ၁၀ဒေါ်လာကောက်ခံပြီး ပြည်တွင်းခရီးသွားများကို အခမဲ့လည်ပတ်ခွင့်ပြုထားကြောင်း မင်းတပ်ခရိုင် ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနရုံးထံမှ သိရသည်။

“ခရီးသွားလုပ်ငန်းလုပ်တဲ့သူတွေမှာတော့ အကျိုးသက်ရောက်မှု ရှိပါလိမ့်မယ်၊ ဒေသခံတွေမှာကျတော့ နိုင်ငံတော်နဲ့ ခရီးသွားလာရေး လုပ်ငန်းတည်ထောင်တဲ့သူတွေ အမြတ်ခွန်တွေ ဘယ်ရွှေ့ဘယ်မျှသတ်မှတ်တယ်၊ ဘယ်လောက်ကတော့ အစိုးရဘဏ္ဍာထဲရောက်တယ်၊ မြို့နေပြည်သူများနဲ့ ဒေသခံများအတွက် အကျိုးအမြတ်ဘယ်လောက်ရှိပါတယ်ဆိုတဲ့ ပွင့်လင်းမြင်သာမှုရှိရှိနဲ့ ထုတ်ပြန်တာ ဘာမှ မတွေ့ရလို့ ခရီးသွားဧည့်သည်ကနေ ဒေသခံတွေအတွက် အကျိုးအမြတ်ရှိတယ်လို့ မထင်သေးဘူး” ဟု မင်းတပ်မြို့နေ ဆလိုင်းကီးရှိန်က ပြောသည်။

■ R- 20



ဓာတ်ပုံ - ရန်နိုင်

# ကျိုင်းတုံတွင် လေးလအတွင်း ရွှေဝယ်ခွန် ကျပ် ၁၀ သိန်းကျော်ရ

ကျိုင်းတုံ၊ ဒီဇင်ဘာ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့တွင် ရောင်းချနေသည့် ရွှေဆိုင်များ၌ ဩဂုတ်လကစတင်၍ ရွှေဝယ်ခွန်များ ကောက်ခံခဲ့ရာ နိုဝင်ဘာလကုန်အထိ လေးလအတွင်း ကျပ် ၁၀ သိန်းကျော်ကောက်ခံရရှိထားကြောင်း ကျိုင်းတုံမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူး ဦးခွန်ဇာလွင်က ပြောကြားသည်။

“ရွှေဝယ်ယူသူတွေထံကနေ တန်ဖိုးရဲ့ တစ်ရာခိုင်နှုန်းကို အခွန်တံဆိပ်ခေါင်းဖိုးအဖြစ် ဇူလိုင်လက စကောက်ခံခဲ့တယ်။ ဒီမှာက အသိပညာပေးတာ အပါအဝင် တံဆိပ်ခေါင်းတွေက ၇ လပိုင်းလောက်မှ ရောက်ရှိလာလို့ ၈ လပိုင်းမှ စကောက်ခံခဲ့ရတယ်”ဟု ၎င်းကဆိုသည်။

ပြည်တွင်းအခွန်များ ဦးစီးဌာန အနေနှင့် ရွှေဝယ်ယူသူများထံမှ တန်ဖိုး၏ တစ်ရာခိုင်နှုန်းကို ကောက်ခံရန် အခွန်တံဆိပ်ခေါင်းများ ရောင်းချခဲ့သဖြင့် ဝယ်ယူကာ ကောက်ခံပေးနေကြောင်း၊ ယင်းကဲ့သို့အခွန်ကောက်ခံနေခြင်းကို ရွှေဝယ်ယူသူများ နားလည်သဘောပေါက်စေရန် အကြိမ်ကြိမ် ရှင်းပြပြောဆိုပေးနေရကြောင်း ကျိုင်းတုံမြို့မဈေးကြီးအတွင်းရှိ ရွှေဆိုင်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။

ကျိုင်းတုံမြို့တွင် ရွှေဆိုင် ၁၃ ဆိုင်ရှိကြောင်း၊ စားသောက်ဆိုင်၊ ဟိုတယ်၊ မိုတယ်နှင့်တည်းခိုခန်းများ အခွန်ကောက်ခံမှုအနေနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၁၇ သန်းကျော်ရရှိခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျပ် ၂၁ သန်းကျော်ရရှိခဲ့ကာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် နိုဝင်ဘာလကုန်အထိ ကျပ် ၁၄ သန်းကျော် ကောက်ခံရရှိထားကြောင်း သိရသည်။

■ R-16

# ကျိုက်ထီးရိုးဘုရား ပတ်ဝန်းကျင် စီးပွားရေးလုပ်ငန်းများမှ အခွန်ရရှိမှုနည်း

မော်လမြိုင်၊ ဒီဇင်ဘာ ၅

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုး ဘုရားပတ်ဝန်းကျင်တွင် စီးပွားရေးလုပ်ငန်းများစွာ ရှိနေသော်လည်း ထိုလုပ်ငန်းများမှ ရရှိသော အခွန်ငွေမှာ ပြည်နယ်အတွင်းသို့ ဝင်ရောက်မှု အလွန်နည်းကြောင်း မွန်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနဝန်ကြီး ဦးဝဏ္ဏကျော်က ပြောသည်။

“မွန်ပြည်နယ်က ဝင်တဲ့အခွန်တွေကတော့ စည်ပင်ကပဲဝင်တာများတယ်၊ ထွေ/အုပ်ကလည်း ဝင်တယ်၊ ကျိုက်ထီးရိုးကတော့ စည်ပင်အပိုင်းမှာ မပါသေးဘူး၊ မပါသေးတဲ့အပိုင်းတွေရှိတယ်၊ အဲဒီတော့ အပြည့်အဝ ကောက်လို့မရတာလည်းပါတယ်၊ ကျိုက်ထီးရိုးက ဝင်တဲ့အခွန်က အတော်နည်းပါတယ်” ဟု ၎င်းကပြောသည်။

မွန်ပြည်နယ်၏ အထင်ကရ နေရာတစ်ခုဖြစ်သည့် ကျိုက်ထီးရိုးဘုရား တောင်ပေါ်နှင့် ကင်းမွန်စခန်း တောင်ခြေတို့တွင် ဟိုတယ်များ၊ တည်းခိုခန်းများ၊ ဈေးဆိုင်များ၊ စားသောက်ဆိုင်များ၊ တောင်တက်ကားများ၊ သန့်စင်ခန်းများ၊ ဇုန်ဝင်ကြေးများ စသည့်လုပ်ငန်းများစွာရှိကြောင်း၊ ထိုလုပ်ငန်းများမှ ရရှိသည့် အခွန်များသည် အချို့မှာ ပြည်ထောင်စုသို့ ပေးသွင်းရပြီး အချို့မှာမူ ပြည်နယ်သို့ ပေးသွင်းရကြောင်း ဝန်ကြီးက ရှင်းပြသည်။

ကျိုက်ထီးရိုးမှ ရရှိသည့် အခွန်အခများနှင့် ပတ်သက်၍ ဒီဇင်ဘာလ ၅ ရက်က ကျင်းပသည့် မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် သထုံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့၏ မေးမြန်းချက်ကို ဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားသည်။

“အခွန်ဘဏ္ဍာ ရန်ပုံငွေကောက်တာ နည်းရင် စည်ပင်သာယာရေးလုပ်ငန်းတွေကို ထိထိရောက်ရောက်ကိုင်တွယ်ဆောင်ရွက်နိုင်မှာမဟုတ်ဘူး၊ ဒါက ပြည်ထောင်စုက လာတာမဟုတ်ဘူး။ မွန်ပြည်နယ်ကို တိုက်ရိုက်ဝင်ပြီး ပြည့်ပြည့်ဝဝသုံးခွင့်ရှိတဲ့ ပိုက်ဆံတွေပါ” ဟု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့က ပြောသည်။

အခွန်အခကောက်ယူမှု နည်းခြင်းနှင့်ပတ်သက်၍ စည်ပင်အခွန်အခကောက်ယူသည့် ဥပဒေနှင့်လည်း ပတ်သက်ဆက်နွှယ်နေကြောင်း၊ မွန်ပြည်နယ်စည်ပင်သာယာရေးဆိုင်ရာ အခွန်၊ အခ၊ အကောက်များ ဥပဒေကြမ်းကို ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကျင်းပသည့် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့မှသာ တင်သွင်းရကြောင်း ဒေါ်ခိုင်ခိုင်လဲ့က ဆိုသည်။

ပြည်နယ်ရဲ့ဘဏ္ဍာငွေထဲသို့ စည်ပင်မှကောက်ယူသည့် အခွန်နှင့် ဇုန်ဝင်ကြေးများသာဖြစ်ကြောင်း အခွန်မှာ တစ်နှစ်လျှင် ၅၇ သိန်းနှင့် ၆ သောင်းနှင့် ကျိုက်ထီးရိုးဇုန်ဝင်ကြေးမှာ ၂၀၁၃ - ၂၀၁၇ ခုနှစ်အထိ ကောက်ခံရရှိငွေမှာ ၂၉,၆၈၇ သိန်းကျော်ရရှိထားကြောင်း ပြည်နယ် အစိုးရထံမှ သိရသည်။

■ R- 21

# ပဲခူးတိုင်းတွင် ရပ်/ကျေး အုပ်ချုပ်ရေးမှူး တစ်သောင်းခြောက်ထောင်ကျော် ပြန်ရွေးမည်

တောင်ငူ၊ ဒီဇင်ဘာ ၅

ပဲခူးတိုင်းဒေသကြီးရှိ မြို့နယ် ၂၈ခုမြို့မှ ရပ်ကွက်၊ ကျေးရွာအုပ်စု တစ်သောင်းခြောက်ထောင်ကျော်မှ အုပ်ချုပ်ရေးမှူးများကို ဒီဇင်ဘာလတွင် အသစ်ပြန်ရွေးမည်ဖြစ်ကြောင်း ပဲခူးတိုင်းအစိုးရအဖွဲ့ထံမှ သိရသည်။

နိုဝင်ဘာလက အုပ်ချုပ်ရေးမှူးများကို ပြန်လည်ရွေးချယ်ရန် ညွှန်ကြားထားပြီး ယခုလတွင် အပြီးသတ်ရွေးချယ်ရမည်ဖြစ်ကာ လတ်တလောတွင် ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းနေကြောင်း၊ ထိုသို့ရွေးချယ်ရာတွင် တိုင်ကြားခံရသဖြင့် အုပ်ချုပ်ရေးမှူး တာဝန်ရပ်ဆိုင်းခံထားရသူများကို ပြန်ရွေးချယ်မည် မဟုတ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီး အစိုးရ၏ပြောရေးဆိုခွင့်ရှိသူ တစ်ဦးကပြောကြားသည်။

ရပ်/ကျေးအုပ်ချုပ်ရေးမှူး အသစ်များကို ပြန်လည် ရွေးချယ်မည်ဆိုသော်လည်း ယခင်အစိုးရဟောင်း လက်ထက် ၂၀၁၂ -၁၃ ခန့်က ရွေးချယ်ထားသူများသာ ပါဝင်မည်ဖြစ်ပြီး လက်ရှိအစိုးရသစ်လက်ထက် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်က အသစ် ရွေးချယ်ခံထားရသူများ မပါဝင်ကြောင်း ပဲခူးတိုင်းအစိုးရအဖွဲ့ထံမှ သိရသည်။

ရပ်/ကျေးဥပဒေအဟောင်းနှင့် အသစ်များတွင် ရပ်ရွာအုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်ခံရသူများကို တစ်လလျှင် ကျပ်ခုနစ်သောင်းနှင့် ရုံးလုပ်ငန်းသုံးပစ္စည်း စာရေးကိရိယာများ ဝယ်ယူရန် ကျပ်ငါးသောင်းရရှိမည်ဖြစ်ကြောင်း ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများက အစိုးရသက်တမ်းအတိုင်း ၅နှစ် တာဝန်ထမ်းဆောင်ခွင့်ရရှိမည်ဖြစ်ကြောင်း ရပ်/ကျေး ဥပဒေတွင် ဖော်ပြထားသည်။

■ R-15

# ပေါ်တို၊ လီဗာပူးနဲ့ ရီးရဲလ်မက်ဒရစ်တို့ကို ရွေးချယ်ခြင်းက ပျော်ရွှင်ခွင့်ရဖို့ နီးစပ်ပါလိမ့်မယ်

## ချန်ပီယံလိဂ် အုပ်စုပွဲစဉ် ၆ (ဒုတိယည)ပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်

ဒီညမှာတော့ ချန်ပီယံလိဂ်အုပ်စု နောက်ဆုံးပွဲစဉ်တွေရဲ့ဒုတိယမြောက်ညကို ဖြတ်သန်းရတော့မှာပါ။ အုပ်စု(င)၊ အုပ်စု(စ)နဲ့ အုပ်စု(ဆ)တို့ဟာ ဒီညရဲ့အားပြိုင်မှုအပြင်းထန်ဆုံးပွဲစဉ်တွေကို ယူဆောင်လာမယ့် အုပ်စုတွေပါပဲ။ ဆီဗီလာ၊ စပါးတပ်မော်စကို၊ ရှက်တာဒိုးနက်၊ နာပိုလီ၊ ပေါ်တိုနဲ့ လိုက်ပ်ဇစ်တို့အနက် ကနေပြီး ဘယ်အသင်းတွေ နောက်တစ်ဆင့် တက်ခွင့်ရမယ်၊ ဘယ်အသင်းတွေ ယူရိုပါလိဂ်သွားရမယ်ဆိုတာက ရင်ခုန်စရာပါပဲ။ ရီးရဲလ်မက်ဒရစ်၊ ဒေါ့မွန်နဲ့စပါးတို့ကလည်း ပြည်တွင်းမှာ ရင်ဆိုင်ကြုံဆုံနေရတဲ့ဖိအားတွေကို ချန်ပီယံလိဂ်ရလဒ်တွေနဲ့ ပြန်လည်ကုစားဖို့ကြိုးပမ်းကြမှာပါ။

### မာရီဘော - ဆီဗီလာ

ဒီအုပ်စုမှာ လီဗာပူး၊ ဆီဗီလာနဲ့ စပါးတပ်မော်စကိုတို့ အားပြိုင်မှုပြင်းထန်နေပါတယ်။ သုံးသင်းလုံးဟာ သူ့နည်းသူ့ဟန်နဲ့ မျှော်လင့်ချက်ကိုယ်စီ ရှိနေကြဆဲဖြစ်လို့ တစ်ချက်မှားတဲ့အသင်းက ယူရိုပါလိဂ်ဆီ လွင့်စင်ရောက်သွားတော့မှာပါ။ တစ်ဖက်မှာ လီဗာပူးသာ ခြေချော်လက်ချော်တွေဖြစ်ခဲ့ပြီး ဒီပွဲကို သူတို့က အနိုင်ကစားလိုက်နိုင်ရင် အုပ်စုဗိုလ်နေရာကို မျှော်လင့်နိုင်တဲ့အထိ ဆီဗီလာဖြစ်သွားပါလိမ့်မယ်။ ဒါပေမဲ့ ကံစမ်းမယ့်သူတွေဘက်ကကြည့်ရင် ဒီပွဲက ဆီဗီလာ သုံးဂိုးပြတ်မှသာ အဆင်ပြေမယ့်ပွဲပါ။ မာရီဘောဟာ အိမ်ရှင်အားသာချက်ကို လက်ကိုင်ပြုပြီး ဆီဗီလာကို ခံတိုက်ပါလိမ့်မယ်။ မာရီဘောကို အားပေးပါ။

### လီဗာပူး - စပါးတပ်မော်စကို

လီဗာပူးရဲ့တိုက်စစ်စွမ်းဆောင်ရည်ဟာ အားရစရာကောင်းလောက်တဲ့ အခြေအနေတစ်ရပ်ဆီ ပြန်လည်ဦးမော့လာခဲ့ပါပြီ။ နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ ပြိုင်ပွဲအရပ်ရပ် ပွဲစဉ်ရှစ်ပွဲမှာ လီဗာပူးက သုံးဂိုးအောက်ရောက်ခဲ့တာဆိုလို့ ချယ်လ်ဆီးနဲ့ တစ်ဂိုးစီသရေကျခဲ့တဲ့ ပွဲစဉ်တစ်ပွဲသာ ရှိခဲ့ပါတယ်။ အုပ်စုဗိုလ်နေရာကို ဆက်လက်ထိန်းသိမ်းထားနိုင်စေဖို့အတွက် လီဗာပူးဟာ ပွဲစကတည်းက တိုက်စစ်ကိုအားပြုပြီး စပါးတပ်မော်စကိုကို ဖိအားပေးသွားပါလိမ့်မယ်။ လီဗာပူးနဲ့ပဲ လက်တွဲထားလိုက်ရအောင်လား။

### ဖီယင်နု - နာပိုလီ

နာပိုလီက မျှော်လင့်ချက်ငွေ့ငွေ့ ကျန်နေပါသေးတယ်။ ဒီပွဲမှာ သူတို့က အနိုင်ရလဒ်ကို ရယူနိုင်ခဲ့ပြီး အခြားတစ်ဖက်မှာ ရှက်တာဒိုးနက်က မန်စီးတီးကို အရေးနိမ့်သွားခဲ့ရင် နောက်တစ်ဆင့်တက်ရောက်ခွင့်က နာပိုလီလက်ထဲကို ရောက်ရှိလို့လာမှာဖြစ်ပါတယ်။ ငါးပွဲကစားပြီးချိန်မှာ ငါးပွဲလုံးရှုံးနိမ့်ထားတဲ့ ဖီယင်နုကို နာပိုလီက ခြေစွမ်းအသာစီးနဲ့ ထိန်းချုပ်ကစားသွားနိုင်မှာ ကျိန်းသေပါပဲ။ ဒါပေမဲ့ နာပိုလီကို မယုံကြည်ရဲတာက အဝေးကွင်းပွဲစဉ်တွေမှာ အနိုင်ရခဲ့ရင်တောင် ကပ်နိုင်တာတွေက များလွန်းနေတာဖြစ်ပါတယ်။ ဖီယင်နုနဲ့စွန့်စားကြည့်လိုက်ပါ။

### ရှက်တာဒိုးနက် - မန်စီးတီး

ဒီအသင်းနှစ်သင်းအကြားမှာ မျှခြေဆိုတဲ့ သတ်မှတ်ချက်ကိုပဲ ပေးအပ်ထားပါတယ်။ ရှုံးရှုံးနိုင်နိုင် အုပ်စုဗိုလ်နေရာက တစ်ပြားသားမှ ရွေ့သွားဖို့ မရှိတော့တဲ့ မန်စီးတီးဟာ အခုပွဲထက် မန်ချက်စတာဒါဘီပွဲစဉ်ဆီ ပိုပြီး စိတ်ရောက်နေလေမလား မပြောတတ်ပါဘူး။ ရှက်တာဒိုးနက်ဟာ နောက်တစ်ဆင့်တက်ရောက်ခွင့် သေချာစေဖို့အတွက် သရေတစ်မှတ် ရယူနိုင်ဖို့ လိုအပ်နေပါသေးတယ်။ အိမ်ရှင်အားသာချက်ကို လက်ကိုင်ပြုပြီး ရှက်တာဒိုးနက်က အားကုန်ရုန်းကန် ကစားသွားမှာပါ။ ရှက်တာဒိုးနက်ဟာ သရေ ဒါမှမဟုတ် အနိုင် ရယူသွားနိုင်ပါလိမ့်မယ်။ ရှက်တာဒိုးနက်ကို လက်ကိုင်ပြုလိုက်ကြပါစို့။


AP

### လိုက်ပ်ဇစ်ဂျ် - ဘက်ဆစ်တပ်

လိုက်ပ်ဇစ်ဂျ်ဟာ ဒီပွဲမှာသာ အနိုင်ရလဒ်ကို ရယူနိုင်ခဲ့ရင် နောက်တစ်ဆင့်တက်ရောက်ဖို့အတွက် အခွင့်အရေးတစ်ရပ် ရသွားနိုင်ခြေရှိနေပါတယ်။ ဘက်ဆစ်တပ်က အုပ်စုဗိုလ်အဖြစ်နဲ့ နောက်တစ်ဆင့်တက်ဖို့ သေချာနေပြီဖြစ်လို့ သာမန်လောက်ပဲ ကစားသွားတော့မှာပါ။ ချန်ပီယံလိဂ်အုပ်စုအဆင့်ရဲ့ဒုတိယအကျော့ပွဲစဉ် နှစ်ပွဲလုံးကို ဘက်ဆစ်တပ်က သရေရလဒ်တွေနဲ့ချည်း ဖြတ်သန်းခဲ့တာကို မမေ့လိုက်ပါနဲ့။ ဒါပေမဲ့ လိုက်ပ်ဇစ်ဂျ်အနိုင်ကို နှစ်ဂိုးပြတ်ရမယ်လို့ တောင်းဆိုထားတာဟာ နည်းနည်းတော့ များလွန်းလှပါတယ်။ ဘက်ဆစ်တပ်ကို ရွေးချယ်လိုက်ချင်တယ်။

### ပေါ်တို - မိုနာကို

နောက်တစ်ဆင့်တက်ရေး အဆုံးအဖြတ်ပွဲစဉ်ကို အိမ်ကွင်းမှာ လက်ခံယှဉ်ပြိုင်ခွင့်ရရှိထားတာက ပေါ်တိုအတွက် ကြီးစွာသော ကံကောင်းမှုပါပဲ။ ပြီးခဲ့တဲ့ဘောလုံးရာသီတုန်းက ချန်ပီယံလိဂ်မှာ ဆီမီးဖိုင်နယ်အဆင့်ထိတိုင် တက်လှမ်းရောက်ရှိခဲ့တဲ့ မိုနာကိုဟာ လက်ရှိဘောလုံးရာသီမှာတော့ ကစားသမားကောင်းတွေကို လက်လွှတ်ရောင်းထုတ်လိုက်ခြင်းရဲ့ အကျိုးဆက်ရိုက်ခတ်မှုတွေကို ခံစားနေရပါပြီး ကစားခဲ့ပြီးတဲ့ အုပ်စုပွဲစဉ် ငါးပွဲလုံး နိုင်ပွဲပျောက်ခဲ့ရတဲ့ မိုနာကိုဟာ ယူရိုပါလိဂ်ပြိုင်ပွဲ ဆက်လက်ကစားခွင့်ရနိုင်ဖို့တောင် မျှော်လင့်ချက်မရှိတော့ပါဘူး။ ပေါ်တိုရဲ့အနိုင်ရလဒ်ဟာ နှစ်ဂိုးပြတ်လိမ့်မယ်လို့ ယူဆမိပါတယ်။ ပေါ်တိုကို အားပေးပါ။

### ရီးရဲလ်မက်ဒရစ် - ဒေါ့မွန်

ရီးရဲလ်မက်ဒရစ်ရော ဒေါ့မွန်ပါ ဖိအားတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဒေါ့မွန်နည်းပြ ပီတာဘော့ဇ်ကိုရော ရီးရဲလ်မက်ဒရစ်နည်းပြ ဇီဒန်းကိုပါ သက်ဆိုင်ရာအသင်းတာဝန်ရှိသူတွေက အာမခံချက် ပေးအပ်ထားပေမယ့် အခုထက်ပိုပြီး ရလဒ်ဆိုးတွေဖြစ်ပေါ်လာခဲ့ရင်တော့ သူတို့နှစ်ဦးလုံးအတွက် ရှေ့အလားအလာဟာ သိပ်မကောင်းနိုင်လောက်တော့ပါဘူး။ ရီးရဲလ်မက်ဒရစ်ဟာ အိမ်ကွင်းပွဲစဉ်ဖြစ်နေတဲ့အတွက် အတိမ်းအစောင်းတွေ ထပ်မဖြစ်ရလေအောင် သတ်ကြီးကြီးထားပြီး ကစားသွားပါလိမ့်မယ်။ ရီးရဲလ်မက်ဒရစ်ကို အကြိုက်တွေ့မိတယ်။

### စပါး - အေပိုးလ်

စပါးဟာ နောက်တစ်ဆင့်ဆီ တက်ရောက်ခွင့်ရထားပြီဖြစ်ပေမယ့် အုပ်စုဗိုလ်နေရာကို ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့အတွက် အနိမ့်ဆုံးအဖြစ် ရမှတ်တစ်မှတ် လိုအပ်နေဆဲပဲဖြစ်ပါတယ်။ အေပိုးလ်က ဆိုက်ပရပ်စ်ပြည်တွင်းလိဂ်မှာ ထိပ်သီးအသင်းတစ်သင်းအဖြစ် အိမ်ကွင်း အဝေးကွင်း မရွေး ခြေစွမ်းပြ ကစားနိုင်စွမ်းရှိပေမယ့် ချန်ပီယံလိဂ်မှာ အနေအထား တစ်ရပ်နဲ့ရပ်တည်နိုင်ဖို့ကတော့ လိုအပ်ချက်တွေ ရှိနေဆဲပဲဖြစ်ပါတယ်။ ပရီးမီးယားလိဂ်ပြိုင်ပွဲမှာ ဖိအားတွေနဲ့ ရင်ဆိုင်ကြုံဆုံနေရတာကို အဆုံးသတ်ဖို့ စပါး ကြိုးပမ်းလာမှာပါ။ စပါးနဲ့ စွန့်စားလိုက်ကြရအောင်လား။

#### ယနေ့ယှဉ်ပြိုင်ကစားမည့် ဘောလုံးပွဲစဉ်များ

၇-၁၂-၂၀၁၇(ကြာသပတေးနေ့)
ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၆)

| | |
|---|---|
| နံနက် ၂း၁၅ နာရီ | ဖီယင်နု - နာပိုလီ |
| နံနက် ၂း၁၅ နာရီ | ရှက်တာဒိုးနက် - မန်စီးတီး |
| နံနက် ၂း၁၅ နာရီ | ရီးရဲလ်မက်ဒရစ် - ဒေါ့မွန် |
| နံနက် ၂း၁၅ နာရီ | စပါး - အေပိုးလ် |
| နံနက် ၂း၁၅ နာရီ | လိုက်ပ်ဇစ်ဂျ် - ဘက်ဆစ်တပ် |
| နံနက် ၂း၁၅ နာရီ | ပေါ်တို - မိုနာကို |
| နံနက် ၂း၁၅ နာရီ | မာရီဘော - ဆီဗီလာ |
| နံနက် ၂း၁၅ နာရီ | လီဗာပူး - စပါးတပ်မော်စကို |

#### ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၅)အပြီး ဂိုးအများဆုံးသွင်းထားကြသူများ

| ကစားသမား | အသင်း | ဂိုးအရေအတွက် |
|---|---|---|
| စီရော်နယ်ဒို | ရီးရဲလ်မက်ဒရစ် | ၆ ဂိုး |
| စီရော်နယ်ဒို | ရီးရဲလ်မက်ဒရစ် | ၈ ဂိုး |
| ဘင်ယက်ဒ်ဒါ | ဆီဗီလာ | ၆ ဂိုး |
| ကာဗာနီ | ပီအက်စ်ဂျီ | ၆ ဂိုး |
| နေမာ | ပီအက်စ်ဂျီ | ၆ ဂိုး |
| ဟယ်ရီကိန်း | စပါး | ၆ ဂိုး |
| ဖာမင်ညို | လီဗာပူး | ၅ ဂိုး |
| ဆာလားဟ် | လီဗာပူး | ၄ ဂိုး |

#### ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၅)အပြီး ဂိုးဖန်တီးမှုအများဆုံး လုပ်ဆောင်ထားကြသူများ

| ကစားသမား | အသင်း | ဂိုးဖန်တီးမှုအကြိမ် |
|---|---|---|
| ကွာရက်စ်မာ | ဘက်ဆစ်တပ် | ၃ ကြိမ် |
| နေမာ | ပီအက်စ်ဂျီ | ၃ ကြိမ် |
| ဒီဘရိုင်နေး | မန်စီးတီး | ၃ ကြိမ် |
| အမ်ဘာတ်ပေ | ပီအက်စ်ဂျီ | ၃ ကြိမ် |
| မာတင်းစ် | နာပိုလီ | ၃ ကြိမ် |
| မိုရီနို | လီဗာပူး | ၃ ကြိမ် |
| အယ်လ်လီ | စပါး | ၂ ကြိမ် |

#### ပထမအကျော့ရလဒ်များ

စပါးတပ်မော်စကို ၁ - ၁ လီဗာပူး
ဆီဗီလာ ၃ - ၀ မာရီဘော
မန်စီးတီး ၂ - ၀ ရှက်တာဒိုးနက်
နာပိုလီ ၃ - ၁ ဖီယင်နု
ဘက်ဆစ်တပ် ၂ - ၀ လိုက်ပ်ဇစ်ဂျ်
မိုနာကို ၀ - ၃ ပေါ်တို
ဒေါ့မွန် ၁ - ၃ ရီးရဲလ်မက်ဒရစ်
အေပိုးလ် ၀ - ၃ စပါး

#### ယနေ့ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်အုပ်စုများ ရပ်တည်မှုအခြေအနေ

အုပ်စု(င)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| လီဗာပူး | ၅ | ၂ | ၃ | ၀ | ၁၆ | ၆ | ၉ |
| ဆီဗီလာ | ၅ | ၂ | ၂ | ၁ | ၁၁ | ၁၁ | ၈ |
| စပါးတပ်မော်စကို | ၅ | ၁ | ၃ | ၁ | ၉ | ၆ | ၆ |
| မာရီဘော | ၅ | ၀ | ၂ | ၃ | ၂ | ၁၅ | ၂ |

အုပ်စု(စ)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| မန်စီးတီး | ၅ | ၅ | ၀ | ၀ | ၁၃ | ၃ | ၁၅ |
| ရှက်တာဒိုးနက် | ၅ | ၂ | ၂ | ၁ | ၁၁ | ၁၁ | ၈ |
| နာပိုလီ | ၅ | ၂ | ၀ | ၃ | ၁၀ | ၉ | ၆ |
| ဖီယင်နု | ၅ | ၀ | ၀ | ၅ | ၃ | ၁၃ | ၀ |

အုပ်စု(ဆ)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| ဘက်ဆစ်တပ် | ၅ | ၃ | ၂ | ၀ | ၉ | ၄ | ၁၁ |
| ပေါ်တို | ၅ | ၂ | ၁ | ၂ | ၁၀ | ၈ | ၇ |
| လိုက်ပ်ဇစ်ဂျ် | ၅ | ၂ | ၁ | ၂ | ၉ | ၉ | ၇ |
| မိုနာကို | ၅ | ၀ | ၂ | ၃ | ၄ | ၁၁ | ၂ |

အုပ်စု(ဇ)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| စပါး | ၅ | ၄ | ၁ | ၀ | ၁၂ | ၄ | ၁၃ |
| ရီးရဲလ်မက်ဒရစ် | ၅ | ၃ | ၁ | ၁ | ၁၄ | ၅ | ၁၀ |
| ဒေါ့မွန် | ၅ | ၀ | ၂ | ၃ | ၅ | ၁၀ | ၂ |
| အေပိုးလ် | ၅ | ၀ | ၂ | ၃ | ၂ | ၁၄ | ၂ |





# မန်ချက်စတာဒါဘီပွဲစဉ်ကို မိုက်ကယ်အိုလီဗာ ပွဲကြီးကြပ်မည်

**မန်ချက်စတာ၊ ဒီဇင်ဘာ ၅**

ပရီးမီးယားလိဂ်ပြိုင်ပွဲကျင်းပရေးကော်မတီသည် လာမည့်တနင်္ဂနွေနေ့တွင် မန်ယူအသင်းပိုင် အိုးလ်ထရက်ဖို့ဒ်ဘောလုံးကွင်း၌ မန်ယူနှင့် မန်စီးတီးတို့ ယှဉ်ပြိုင်ကစားမည့် မန်ချက်စတာဒါဘီပွဲစဉ်ကို ပွဲကြီးကြပ်ရန်အတွက် ကွင်းလယ်ဒိုင်လူကြီးအဖြစ် မိုက်ကယ်အိုလီဗာကို ရွေးချယ်လိုက်ကြောင်း Daily Mail က ဖော်ပြထားသည်။

မိုက်ကယ်အိုလီဗာသည် ယမန်နှစ်ဘောလုံးရာသီ၌လည်း မန်ယူနှင့် မန်စီးတီးတို့ ထိပ်တိုက်တွေ့ခဲ့သည့် မန်ချက်စတာဒါဘီပွဲစဉ် ဒုတိယအကျော့ကို ပွဲကြီးကြပ်ခွင့်ရခဲ့ဖူးပြီး ယင်းပွဲစဉ်တွင် မန်ယူတိုက်စစ်မှူး ရတ်ရှ်ဖို့ဒ်ကို မန်စီးတီးနောက်ခံလူ ဒီမီချီလစ်က ဂိုးဧရိယာအတွင်း၌ ဆွဲလှဲခဲ့သည့်ဖြစ်စဉ်ကို ပင်နယ်တီပေးရန် ပျက်ကွက်ခဲ့သည့်အတွက် မန်ယူနည်းပြမော်ရင်ညိုက ၎င်းကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ဖူးသည်။

မိုက်ကယ်အိုလီဗာသည် ၂၀၁၄ ခုနှစ်ကလည်း မန်ချက်စတာဒါဘီပွဲစဉ်ကို တာဝန်ယူခွင့်ရခဲ့ဖူးကာ ယင်းပွဲစဉ်တွင်လည်း မန်ယူနောက်ခံလူ စမောလင်းကို ၎င်းက အနီကတ်ပြသထုတ်ပယ်ခဲ့သည့်အတွက် မန်ယူမှာ အထိနာခဲ့ရဖူးသည်။

မိုက်ကယ်အိုလီဗာသည် မျှားမကြာမီက လီဗာပူးနှင့်ချယ်လ်ဆီးတို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်ကို တာဝန်ယူကိုင်တွယ်ခဲ့ရာတွင်လည်း လီဗာပူးနည်းပြ ဂျာဂင်ကလော့ပ်၏ပြစ်တင်ဝေဖန်ခြင်းဖြင့် ရင်ဆိုင်ခဲ့ရပြီး ယင်းပွဲစဉ်တွင် လီဗာပူးအနေနှင့် အနိုင်သုံးမှတ် ရရှိနိုင်မည့် အခွင့်အလမ်းကို လွဲချော်လိုက်ရခြင်းမှာ မိုက်ကယ်အိုလီဗာကြောင့်ဖြစ်သည်ဟု ဂျာဂင်ကလော့ပ်က မကျေမချမ်း ပြောကြားခဲ့ဖူးသည်။

ဂျာဂင်ကလော့ပ်သည် ယင်းပွဲစဉ်တွင် ချယ်လ်ဆီးအသင်း ချေပဂိုး မသွင်းယူမီ၌ လယ်လာနာကို လူစားထည့်သွင်းကာ ကစားကွက်အပြောင်းအလဲလုပ်ရန် စီစဉ်ခဲ့ပြီး ဒိုင်လူကြီး မိုက်ကယ်အိုလီဗာက လူစားလဲခွင့်အတွက် အချက်ပြခွင့်ပြုခြင်း မရှိခဲ့ဘဲ အချိန်ဆွဲနေခဲ့ခြင်းကြောင့် အဆုံးသတ်တွင် ၎င်းတို့မှာ ချေပဂိုးကို ခွင့်ပြုလိုက်ရပြီး သရေတစ်မှတ်ဖြင့်သာ ကျေနပ်လိုက်ရခြင်းဖြစ်သည်ဟု ဂျာဂင်ကလော့ပ်က ပြောကြားထားသည်။ ■ E-11

**ပရီးမီးယားလိဂ် ပွဲစဉ်(၁၆) တာဝန်ကျ ဒိုင်လူကြီးများ စာရင်း**

| ပွဲစဉ် | ကွင်းလယ်ဒိုင်လူကြီး |
|---|---|
| ဝက်စ်ဟမ်း - ချယ်လ်ဆီး | အန်တိုနီတေလာ |
| ဘန်လေ - ဝက်ဖို့ဒ် | လီပရိုဘက် |
| ခရစ္စတယ်ပဲလေ့စ် - ဘုန်းမောက် | ကီဗင်ဖရင်းဒ် |
| ဟတ်ဒါးစဖီးလ် - ဘရိုက်တန် | စဆူးအပ် အတ်ဝဲလ် |
| ဆွမ်ဆီး - ဝက်စ်ဘရွန်း | မိုက်ခ်ဒင်းန် |
| စပါး - စတုတ်စီးတီး | ရော်ဂျာအိစ် |
| နယူးကာဆယ် - လက်စတာ | နေးလ်ဆွာဘရစ်ခ် |
| ဆောက်သမ်တန် - အာဆင်နယ် | ဘော်ဘီမတ်ဒ်လေ |
| လီဗာပူး - အဲဗာတန် | ခရိတ်ဂျ်ပေါ်ဆန် |
| မန်ယူ - မန်စီးတီး | မိုက်ကယ်အိုလီဗာ |

# ဒန်နီရိုစ်ကို ပြောင်းရွှေ့ကြေးပမာဏ ပေါင်သန်း ၅၀ ဖြင့် လာမည့်ဇန်နဝါရီဈေးကွက်အတွင်း အရခေါ်ယူနိုင်ရန် မန်ယူ ရည်မှန်းထား

**မန်ချက်စတာ၊ ဒီဇင်ဘာ ၅**

မန်ယူနည်းပြ မော်ရင်ညိုသည် လာမည့် ဇန်နဝါရီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက် ဖွင့်လှစ်ချိန်တွင် စပါးအသင်း ဘယ်နောက်ခံကစားသမား ဒန်နီရိုစ်ကို ပြောင်းရွှေ့ကြေးပမာဏ ပေါင်သန်း ၅၀ အသုံးပြု၍ အရခေါ်ယူရန် ရည်မှန်းနေပြီး အကယ်၍ ဇန်နဝါရီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်အတွင်း ဒန်နီရိုစ်အပြောင်းအရွှေ့အတွက် အသင်းနှစ်သင်းအကြားတွင် ဆွေးနွေးညှိနှိုင်းမှုများ အဆင်မပြေခဲ့ပါက နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်တွင် ဆက်လက်ဆွေးနွေးရန် မော်ရင်ညိုက အစီအစဉ် ရေးဆွဲထားကြောင်း Daily Mail က ဖော်ပြထားသည်။

မန်ယူသည် ဒန်နီရိုစ်ကိုခေါ်ယူရန် လွန်ခဲ့သည့် နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ကတည်းကပင် ချဉ်းကပ်စုံစမ်းမှုများရှိခဲ့ဖူးပြီး ယင်းအချိန်က ကိုင်လီဝေါ်ကာကို မန်စီးတီးထံသို့ ရောင်းထုတ်ထားပြီးဖြစ်သည့်အတွက် ခံစစ်အားလျော့သွားမည်ကို စိုးရိမ်ကာ မန်ယူ၏ ကမ်းလှမ်းမှုများကို စပါးက ငြင်းဆန်ပယ်ချပစ်ခဲ့ဖူးသည်။

ဒန်နီရိုစ်သည် လက်ရှိတွင် နည်းပြပိုချက်တီနိုလက်အောက်၌ ပုံမှန်ပွဲထွက်ကစားခွင့်ရနိုင်ရန် ရုန်းကန်နေရသည့်အတွက် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ ပါဝင်ကစားမည့် အင်္ဂလန်လက်ရွေးစင်အသင်းကို ကိုယ်စားပြုခွင့် မရမည်ကို စိုးရိမ်ပူပန်နေပြီဖြစ်ပြီး ယင်းအချက်က ဒန်နီရိုစ်ကို အသင်းပြောင်းဖြစ်စေရန် တွန်းအားပေးလာနိုင်ကြောင်း သုံးသပ်ချက်များလည်း ထွက်ပေါ်နေသည်။

မော်ရင်ညိုသည် လာမည့်ဇန်နဝါရီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် အသင်းဘယ်နောက်ခံကစားသမား လုခ်ရှောကို ရောင်းထုတ်ရန် ဝယ်လက်ရှာဖွေတော့မည်ဖြစ်ပြီး ဒန်နီရိုစ်ကို ခေါ်ယူနိုင်ခဲ့မည်ဆိုပါက ဘယ်တောင်ပံတိုက်စစ်ပြဿနာမှာလည်း ပြေလည်သွားနိုင်သည်ဟု မော်ရင်ညိုက ယူဆလျက်ရှိသည်။

မော်ရင်ညိုသည် ဒန်နီရိုစ်ကို ခေါ်ယူရရှိပါက လက်ရှိတွင် ဘယ်ခြမ်းခံစစ်၌ ထားရှိအသုံးပြုနေသော အက်ရှ်လေယန်းကို ဘယ်တောင်ပံတိုက်စစ်ကစားသမားအဖြစ် တာဝန်ပြောင်းလဲပေးအပ်လိမ့်မည်ဖြစ်ပြီး အက်ရှ်လေယန်းမှာ ဝက်ဖို့ဒ်နှင့် အက်စတွန်ဗီလာတို့ထံတွင် ကစားသမားဘဝဖြတ်သန်းခဲ့စဉ်ကာလအတွင်း တိုက်စစ်တောင်ပံကစားသမားအဖြစ် ဖြတ်သန်းခဲ့ဖူးပြီးဖြစ်၍ အခက်အခဲရှိနိုင်မည်မဟုတ်ဟုလည်း မော်ရင်ညိုက မှတ်ချက်ပေးထားပြီဖြစ်သည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် မော်ရင်ညိုက “ဘယ်နောက်ခံကစားသမားတစ်ယောက်ခေါ်ယူနိုင်ဖို့ ကျွန်တော်ကြိုးပမ်းနေပါတယ်။ လက်ရှိမှာ တန်ပြန်တိုက်စစ်အစပျိုပြီဆိုရင် ဘယ်ခြမ်းတစ်ခုလုံးအတွက် အက်ရှ်လေယန်းကို အဓိကအားပြုရသလိုမျိုး ဖြစ်နေပါတယ်။ သူ့အသက်အရွယ်အရ အတက်အဆင်း ဟန်ချက်ညီအောင် လိုက်ထိန်းရတာဟာ သိပ်မလွယ်လှပါဘူး။ ဘယ်နောက်ခံလူတစ်ယောက် ခေါ်ယူလိုက်နိုင်မယ်ဆိုရင် ဘယ်ခြမ်း တိုက်စစ်အတွက် အက်ရှ်လေယန်းကို ကျွန်တော် အဆင်ပြေပြေ သုံးနိုင်တော့မှာပါ”ဟု ပြောကြားသွားခဲ့သည်။ ■ E-11

# MPU Peace Marathon Run

# ၂၀၁၈ ပြိုင်ပွဲ ပထမဆုံးအကြိမ် ကျင်းပမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

ပြည်တွင်းဘဏ် ၂၃ ခုဖြင့်ချိတ်ဆက်ကာ ငွေကြေးဝန်ဆောင်မှုများ ပေးနေသော Myanmar Payment Union (MPU) က ဦးဆောင်ကာ MPU Peace Marathon Run 2018 အမည်ရှိ မာရသွန်ပြိုင်ပွဲတစ်ရပ် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတတိယပတ်တွင် ပထမဆုံးအကြိမ် ကျင်းပမည်ဖြစ်သည်။

အဆိုပါမာရသွန်ပြိုင်ပွဲကို သုဝဏ္ဏအားကစားပြိုင်ပွဲရုံ (၁) ၌ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပြီး အငယ်တန်း၊ အကြီးတန်းနှင့် အပျော်တမ်းဟူ၍ သုံးမျိုးခွဲခြားကျင်းပမည်ဟု Myanmar Payment Union (MPU) က ထုတ်ပြန်ထားသည်။

“ဆုကြေးတွေကိုတော့ အကြီးတန်းနဲ့ အငယ်တန်းပွဲအတွက်ပဲ ပေးမှာပါ။ အပျော်တမ်းပြိုင်ပွဲအတွက် ငွေသားဆုချီးမြှင့်ဖို့မရှိဘူး။ စာရင်းပေးသွင်းနိုင်မယ့်ရက်ကိုလည်း ဇန်နဝါရီလ ၉ ရက်နေ့အထိ တိုးမြှင့်ပေးထားပါတယ်”ဟု Myanmar Payment Union(MPU) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အငယ်တန်းပြိုင်ပွဲကို အသက် ၁၈ နှစ်အောက်၊ အကြီးတန်းပြိုင်ပွဲကို အသက် ၃၅ နှစ်အောက်ဟု သတ်မှတ်ထားသော်လည်း အပျော်တန်း ပြိုင်ပွဲကိုမူ အသက်ကန့်သတ်ထားခြင်းမရှိကြောင်း ပြိုင်ပွဲအမျိုးအစားများအလိုက် ပထမဆုံးပန်းဝင်သည့်လူ ၁၀၀ ကိုသာ ဆုတံဆိပ်များပေးအပ်မည်ဖြစ်သည်ဟု MPU ထံမှ သိရှိရသည်။

အငယ်တန်းနှင့်အကြီးတန်းပြိုင်ပွဲတို့တွင် အမျိုးသား ၁၀ ကီလိုမီတာ၊ အမျိုးသမီး ၅ ကီလိုမီတာဟု သတ်မှတ်ထားပြီး အပျော်တမ်းပြိုင်ပွဲတွင်မူ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ နှစ်ရပ်လုံးအတွက် သုံးကီလိုမီတာသာ သတ်မှတ်ထားသည်ဟု MPU ၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆုကြေးများအဖြစ် အကြီးတန်းပြိုင်ပွဲတွင် ပထမဆုကျပ်ငါးသိန်း၊ ဒုတိယဆုကျပ်သုံးသိန်း၊ တတိယဆု ကျပ်နှစ်သိန်း၊ အငယ်တန်းပြိုင်ပွဲတွင်မူ ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်းတို့ ချီးမြှင့်ပေးမည်ဖြစ်သည်ဟု MPU ၏ တာဝန်ရှိသူတစ်ဦးက ဖြေကြားသည်။

ပြိုင်ပွဲဝင်ကြေးအဖြစ် လက်မှတ်တစ်စောင်ကျပ်ရှစ်ထောင်သတ်မှတ်ထားပြီး ရန်ကုန်မြို့ရှိ City Mart များ၊ Sein Gay Har ဆိုင်များနှင့် Myanmar Palaza ရှိ Market Place ဆိုင်တို့တွင် ဇန်နဝါရီ ၉ ရက်နေ့အထိ ဝယ်ယူနိုင်သည်။

Myanmar Payment Union (MPU) ကို ၂၀၁၁ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ■ J-04

# ကာဂျစ္စတန်အသင်းနှင့်ပွဲစဉ် မတိုင်မီ မြန်မာအသင်း ခြေစမ်းပွဲကစားရန် ခက်ခဲ

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

မြန်မာ့လက်ရွေးစင်အသင်းအနေနှင့် ကာဂျစ္စတန်အသင်းနှင့်ကစားရမည့် အာရှဖလားတတိယအဆင့် ခြေစစ်ပွဲ (ပြန်ကန်ပွဲစဉ်) မတိုင်မီ ခြေစမ်းပွဲများ ကစားရန် စီစဉ်နေသော်လည်း ပြိုင်ဘက်အသင်းရှာပါးသည့် အခက်အခဲနှင့် ရင်ဆိုင်နေရသည်။

မြန်မာအသင်းအနေနှင့် ယင်းပွဲမတိုင်မီ ခြေစမ်းပွဲနှစ်ပွဲကစားရန် စီစဉ်ထားသော်လည်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က သတ်မှတ်ထားသည့် ခြေစမ်းပွဲကစားရမည့်ရက် မဟုတ်သည့်အတွက် ပြိုင်ဘက်အသင်းများနှင့် ချိတ်ဆက်ရာတွင် ခက်ခဲနေသည်ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်က ပြောကြားသည်။

“ဖီဖာပြက္ခဒိန်မတိုင်ခင်မှာကစားဖို့ စီစဉ်နေတယ်။ အသင်းတွေကိုတော့ ချိတ်ဆက်နေတုန်းပဲ။ ဖီဖာကသတ်မှတ်တဲ့ရက်မှာ ပြိုင်ပွဲကစားရမှာဆိုတော့ ခြေစမ်းကစားဖို့ရာမှာ ပြိုင်အသင်းရှာရ အဆင်မပြေဖြစ်နေတာ”ဟု ၎င်းက ပြောဆိုသည်။

အဆိုပါခြေစစ်ပွဲ (ပြန်ကန်ပွဲစဉ်) မတိုင်မီ ခြေစမ်းပွဲကစားရန် မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂတ်ဆီဇီကတောင်းဆိုထားသောကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေနှင့် ခြေစမ်းပွဲကစားနိုင်ရန် ပြိုင်ဘက်အသင်းများကို ချိတ်ဆက်နေခြင်းဖြစ်သည်။

မြန်မာအသင်းသည် ယင်းခြေစမ်းပွဲအပြီးတွင် ကာဂျစ္စတန်အသင်းနှင့် ၂၀၁၈ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ယှဉ်ပြိုင်ကစားပြီး ငါးရက်အကြာတွင် ခြေစစ်ပွဲနောက်ဆုံးပွဲစဉ်အဖြစ် မတ်လ ၂၇ ရက်နေ့တွင် မကာအိုအသင်းကို အိမ်ကွင်းတွင် ဧည့်ခံကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် လက်ရှိတွင် အာရှဖလားခြေစစ်ပွဲ အုပ်စုပွဲစဉ်လေးပွဲ ကစားပြီးချိန်တွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ နှစ်ပွဲသရေ ရမှတ်ငါးမှတ်ဖြင့် အုပ်စုတတိယနေရာတွင် ရပ်တည်လျက်ရှိပြီး နှစ် ၅၀ ကြာ ဝေးကွာနေသည့် အာရှဖလားဝင်ခွင့်ရရန် လက်ကျန်ပွဲစဉ် နှစ်ပွဲစလုံးကို အနိုင်ရရှိရန်လိုအပ်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းအနေနှင့် ကာဂျစ္စတန်အသင်းတို့၏ ပထမကျော့ခြေစစ်ပွဲသည် စက်တင်ဘာ ၅ ရက်နေ့က ယှဉ်ပြိုင်ကစားရမည် ဖြစ်သော်လည်း ယင်းပွဲစဉ်တွင် ဖောက်ခွဲမှုများပြုလုပ်မည်ဟု သတင်းများထွက်ပေါ်ခဲ့ရာ ကာဂျစ္စတန်ဘောလုံးအဖွဲ့ချုပ်က မြန်မာအသင်းအတွက် လုံခြုံရေးမပေးနိုင်သေကြောင့် ရက်ရွှေ့ပေးရန် အာရှဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ထံ မေတ္တာရပ်ခဲ့သည့်အတွက် ၂၀၁၈ ခုနှစ် မတ်လအတွင်း ပြန်လည်ယှဉ်ပြိုင်ရန် အာရှဘောလုံး အဖွဲ့ချုပ်က သတ်မှတ်ပေးခဲ့သည်။

■ J-04

# အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲအုပ်စုမဲခွဲပွဲ ယနေ့ကျင်းပမည်

**ရန်ကုန်၊ ဒီဇင်ဘာ ၅**

အာရှဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပနေသည့် အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲ၏ ၂၀၁၈ ခုနှစ်ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ဒီဇင်ဘာလ ၆ ရက် (ယနေ့) ကျင်းပမည်ဖြစ်သည်။

အဆိုပါအုပ်စုမဲခွဲပွဲကို အာရှဘောလုံးအဖွဲ့ချုပ်ရုံးတည်ရှိရာ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပမည်ဖြစ်ပြီး အာရှကလပ်များ ပါဝင်ယှဉ်ပြိုင်ကြမည့် အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲဝင်အသင်းများအတွက် အုပ်စုမဲခွဲမည်ဖြစ်သည်။

အဆိုပါအုပ်စုမဲခွဲပွဲအပြင် အာရှဘောလုံးအဖွဲ့ချုပ်၏ ACL/AFC ပြိုင်ပွဲကျင်းပရေးအစည်းအဝေးကိုလည်း ကျင်းပနေပြီဖြစ်ရာ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ကလပ်အသင်းများဖြစ်သည့် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်လျက်ရှိသည်ဟု ယင်းအသင်းများထံမှ သိရှိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲနှင့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ဖလားပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် အာရှချန်ပီယံလိဂ် ခြေစစ်ပွဲအဆင့်နှင့် ပြိုင်ပွဲနှစ်ရပ်လုံးတွင် ဒုတိယရရှိခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်းက AFC Cup ခြေစစ်ပွဲအဆင့်က စတင်ကစားရမည်ဖြစ်သော်လည်း ရန်ကုန်ယူနိုက်တက်အသင်း ပြိုင်ဘက်အသင်းများမှာ ယှဉ်ပြိုင်ခြင်းမရှိတော့သည့်အတွက် အုပ်စုအဆင့်ကို တက်ရောက်ကစားခွင့်ရခဲ့သည်။

အာရှချန်ပီယံလိဂ်ခြေစစ်ပွဲကို ပထမဆုံးအကြိမ် ကစားခွင့်ရထားသည့် ရှမ်းယူနိုက်တက်အသင်းအနေနှင့် ခြေစစ်ပွဲ ပထမအဆင့်တွင် ဖိလစ်ပိုင်လိဂ် ကလပ်အသင်းကို အိမ်ကွင်း၌ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ဧည့်ခံကစားရမည်ဖြစ်ပြီး အနိုင်ရရှိခဲ့ပါက ဒုတိယအဆင့်ခြေစစ်ပွဲတွင် ဩစတြေးလျကလပ် ဘရစ္စဘိန်းရိုအာအသင်း၏ကွင်း၌ အဝေးကွင်းအဖြစ် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယင်းအဆင့်ကိုဖြတ်နိုင်ခဲ့ပါက နောက်ဆုံးအဆင့် Play-Off အဖြစ် တရုတ်စူပါလိဂ်ကလပ် တီယန်ကျင်းအသင်း၏ကွင်း၌ သွားရောက်ရင်ဆိုင်ရမည်ဖြစ်ပြီး အနိုင်ရရှိခဲ့ပါ အာရှချန်ပီယံလိဂ် အုပ်စုအဆင့်ပွဲစဉ်များ ကစားခွင့်ရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းအနေနှင့် အာရှချန်ပီယံလိဂ် ခြေစစ်ပွဲအဆင့်မှ ထွက်ခွာခဲ့ရပါက ရန်ကုန်ယူနိုက်တက်အသင်းနှင့်အတူ AFC Cup ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် အာရှကလပ်အသင်းပြိုင်ပွဲများကို ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်ပြီး မြန်မာကလပ်အသင်းတစ်သင်းမျှ အာရှချန်ပီယံလိဂ်ပြိုင်ပွဲ နောက်ဆုံးအဆင့်ပွဲစဉ်ကို ယှဉ်ပြိုင်ဖူးခြင်းမရှိသေးပေ။

ရန်ကုန်ယူနိုက်တက်အသင်းမှာမူ AFC Cup ပြိုင်ပွဲကို ငါးကြိမ်မြောက် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ၁၆ သင်းအဆင့်ထိသာ အမြင့်ဆုံး တက်ရောက်နိုင်ခဲ့သည်။

■ J-04

# မက်ဆီကိုခေါ်ယူရန် စာချုပ်လက်မှတ်ရေးထိုးကြေး ပေါင် ၈၈ သန်း၊ တစ်ပတ်လုပ်ခ ပေါင် ရှစ်သိန်းခွဲဖြင့် မန်စီးတီး ကမ်းလှမ်းခဲ့သော်လည်း မအောင်မြင်ခဲ့

**မန်ချက်စတာ၊ ဒီဇင်ဘာ ၅**

မန်စီးတီးအသင်းသည် ဘာစီလိုနာတိုက်စစ်မှူး မက်ဆီကိုခေါ်ယူရန်အတွက် စာချုပ်လက်မှတ်ရေးထိုးကြေး ပေါင် ၈၈ သန်း၊ အခွန်ဆောင်ခြင်းအပြီးအစီး တစ်ပတ်လုပ်ခလစာ အကျိုးခံစားခွင့် ပေါင်ရှစ်သိန်းခွဲတို့ဖြင့် ကမ်းလှမ်းခဲ့သော်လည်း အောင်မြင်မှုမရခဲ့ကြောင်း Daily Star က ဖော်ပြထားသည်။

မန်စီးတီးနည်းပြ ဂွါဒီယိုလာသည် မက်ဆီနှင့် ဘာစီလိုနာအသင်းအကြားတွင် တရားဝင်လက်မှတ်ရေးထိုးမှု အကောင်အထည်မပေါ်မီ၌ မက်ဆီကိုခေါ်ယူပေးပါရန် အသင်းတာဝန်ရှိသူများကို တိုက်တွန်းခဲ့ခြင်းဖြစ်ပြီး မက်ဆီမှာ မန်စီးတီးဘက်က ကမ္ဘာ့စံချိန်တင်လုပ်ခဖြင့် ကမ်းလှမ်းမှုကို ငြင်းဆန်ပယ်ချကာ ဘာစီလိုနာနှင့်စာချုပ်သစ် လက်မှတ်ရေးထိုးရန်ကိုသာ စိတ်ပိုင်းဖြတ်သွားခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် လွန်ခဲ့သည့် နိုဝင်ဘာလအတွင်း၌ ဘာစီလိုနာဘက်က ကမ်းလှမ်းထားသည့် စာချုပ်သစ်ကို တရားဝင် လက်မှတ်ရေးထိုးလိုက်ခြင်းဖြစ်ပြီး ယင်းစာချုပ်သစ်အရ မက်ဆီမှာ တစ်ပတ်လုပ်ခအဖြစ် ပေါင်ငါးသိန်းသာ အကျိုးခံစားခွင့် ရရှိထားသည်။

ဘာစီလိုနာသည် မက်ဆီကို တစ်သက်တာစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးရန်လည်း ဆက်လက်ဆွေးနွေးနေပြီး အကယ်၍ ယင်းတစ်သက်တာစာချုပ်ကို မက်ဆီဘက်က လက်ခံလိုက်မည်ဆိုပါက ၎င်းမှာ ဘာစီလိုနာအသင်းသမိုင်းကြောင်းတစ်လျှောက်၌ ကွင်းလယ်လူ အင်နီယေစတာ၏နောက်တွင် တစ်သက်တာစာချုပ် လက်မှတ်ရေးထိုးခြင်းခံရသည့် ဒုတိယမြောက်ကစားသမားအဖြစ် မှတ်တမ်းဝင်သွားတော့မည်ဖြစ်သည်။

မက်ဆီသည် ၎င်းအနေနှင့် ဘာစီလိုနာကို စွန့်ခွာခဲ့မည်ဆိုပါက လူငယ်ကစားသမားဘဝ အစပြုခဲ့ရာ မွေးရပ်မြေ အာဂျင်တီးနားနိုင်ငံရှိ နယူးဝဲလ်အိုးလ်ဘွိုင်းထံသို့သာ ပြောင်းရွှေ့ဖြစ်လိမ့်မည်ဟု အသိပေးထားပြီး မက်ဆီနှင့် ၎င်းတို့အကြားတွင် ချုပ်ဆိုလိုက်သည့် စာချုပ်သစ်၏စာချုပ်ဖျက်သိမ်းခတန်ကြေးကို ဘာစီလိုနာက ပေါင် ၆၂၆ သန်း သတ်မှတ်ထားသည်။

■ E-11



# ဘာလွန်းဒီအော်ဆုကို အီဖဲလ်မျှော်စင်ထိပ်တွင် စီရော်နယ်ဒို ဆုလက်ခံမည်ဟု သတင်းများ ထွက်ပေါ်

**ပဲရစ်၊ ဒီဇင်ဘာ ၅**

ရီးရဲလ်မက်ဒရစ်တိုက်စစ်မှူး စီရော်နယ်ဒိုသည် မနက်ဖြန်(ကြာသပတေးနေ့)တွင် ယမန်နှစ်ဘောလုံးရာသီ စွမ်းဆောင်ရည်အတွက် ပေးအပ်ချီးမြှင့်မည့် ဘာလွန်းဒီအော်ဆု(ရွှေဘောလုံးဆု)ကို အနီးကပ်ပြိုင်ဘက်ဖြစ်သူ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီအား ကျော်ဖြတ်၍ ဆွတ်ခူးရရှိသွားခဲ့ပြီဟု တင်ကြိုသတင်းပေါက်ကြားမှုများ ရှိလာခဲ့ပြီဖြစ်ပြီး လက်ရှိတွင် စီရော်နယ်ဒို ဆုလက်ခံရယူမည့်နေရာနှင့် စီရော်နယ်ဒိုကို ဆုပေးအပ်ချီးမြှင့်မည့်သူ မည်သူမည်ဝါဖြစ်သည်ဆိုခြင်းကို စပိန်သတင်းမီဒီယာများက အတိအကျ ထုတ်ဖော်ရေးသားလာခဲ့ပြီဖြစ်ကြောင်း Marca က ဖော်ပြထားသည်။

ဘာလွန်းဒီအော်ဆုသည် ကမ္ဘာ့ဘောလုံးလောက၏ဩဇာတိက္ကမ အကြီးမားဆုံးသောဆုများအနက်တွင် တစ်ဆုအပါအဝင်ဖြစ်ပြီး ယင်းဆုကို ၁၉၅၆ ခုနှစ်က စတင်ကာ France Football မဂ္ဂဇင်းက ပေးအပ်ချီးမြှင့်လာခဲ့ခြင်းဖြစ်သည်။

France Football သည် အစောပိုင်းကာလများ၌ ဘာလွန်းဒီအော်ဆု ပေးအပ်ချီးမြှင့်ရာတွင် ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)တို့နှင့် ပူးပေါင်းမှုများရှိခဲ့ဖူးသော်လည်း လက်ရှိတွင်မူ ဘာလွန်းဒီအော်ဆုကို ၎င်းတို့တစ်ဦးတည်းပိုင် ဆုတစ်ဆုအဖြစ် France Football က ခွဲထွက်ရပ်တည်လိုက်ပြီဖြစ်သည်။

France Football သည် ၂၀၁၇ ခုနှစ်အတွက် ဘာလွန်းဒီအော်ဆုကိုပြင်သစ်နိုင်ငံ၏အထင်ကရ နေရာကြီးတစ်ခုဖြစ်သော အီဖဲလ်မျှော်စင်ထိပ်တွင် ပေးအပ်ချီးမြှင့်ရန် စီစဉ်ထားပြီး ဆုပေးအပ်ချီးမြှင့်ပေးမည့်သူမှာ စပါးကွင်းလယ်ကစားသမားဟောင်း ဂျီနိုလာဖြစ်ကြောင်း France Football က အသိပေးထားပြီဖြစ်သည်။

ရီးရဲလ်မက်ဒရစ်ဥက္ကဋ္ဌ ပီရက်ဇ်သည် လက်ရှိဘောလုံးရာသီတွင် စီရော်နယ်ဒိုအနေနှင့် လာလီဂါသွင်းဂိုး နှစ်ဂိုးတည်းသာ ရရှိထားခြင်း၊ လာလီဂါပြိုင်ပွဲရပ်တည်မှုတွင် ဘာစီလိုနာနှင့် ရီးရဲလ်မက်ဒရစ်အကြား၌ ရမှတ် ရှစ်မှတ်အထိ ကွာဟနေခြင်း စသည့်အခြေအနေများက ဘာလွန်းဒီအော်ဆုအတွက် မဲပေးသည့်ဖြစ်စဉ်အပေါ်တွင် ရိုက်ခတ်မှုရှိနိုင်လိမ့်မည် မဟုတ်ဟု အခိုင်အမာ ယုံကြည်ထားပြီး ယမန်နှစ် ဘောလုံးရာသီ၌ အသင်းကို ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ၂ နှစ်ဆက် ချန်ပီယံဖြစ်စေရန် စွမ်းဆောင်ပေးနိုင်ခဲ့သည့် အချက်တစ်ခု တည်းဖြင့်ပင် စီရော်နယ်ဒိုမှာ ဘာလွန်းဒီအော်ဆုကို ရရှိနိုင်ရန် လုံလောက်ကြောင်း ပီရက်ဇ်က ထောက်ခံချက်ပေးထားသည်။

■ E-11

# အက်ဖ်အေဖလားတတိယအဆင့်တွင် မာဆေးဆိုက်ဒ်ဒါဘီပြိုင်ဘက် လီဗာပူးနှင့် အဲဗာတန်တို့ ထိပ်တိုက်တွေ့

**လန်ဒန်၊ ဒီဇင်ဘာ ၅**

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ) သည် အက်ဖ်အေဖလားပြိုင်ပွဲ ပရီးမီးယားလိဂ်အသင်းများ စတင်ပါဝင်လာတော့မည်ဖြစ်သည့် အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်များကို မဲခွဲထုတ်ပြန်လိုက်ပြီဖြစ်ရာ ပရီးမီးယားလိဂ် ကြီးခြောက်ကြီးစာရင်းဝင် အသင်းများအနက်၌ လီဗာပူးမှလွဲ၍ ကျန်အသင်းများအားလုံးမှာ ပွဲချော်ခဲ့ကြောင်း The Mirror က ဖော်ပြထားသည်။

လီဗာပူးသည် အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်များ မဲခွဲရာတွင် မာဆေးဆိုက်ဒ်ဒါဘီပြိုင်ဘက် အဲဗာတန်နှင့် ထိပ်တိုက်တွေ့သွားခဲ့ပြီး ၎င်းတို့နှစ်သင်းမှာ ၁၉၃၂ ခုနှစ်နောက်ပိုင်းတွင် အက်ဖ်အေဖလားပြိုင်ပွဲ၏တတိယအဆင့်၌ ပထမဆုံးအကြိမ်အဖြစ် ပြန်လည်တွေ့ဆုံခြင်းလည်းဖြစ်သည်။

မန်ယူ၊ စပါး၊ လီဗာပူးနှင့် မန်စီးတီးတို့သည် အက်ဖ်အေဖလားတတိယအဆင့်ပွဲစဉ်များကို အိမ်ကွင်းပွဲစဉ်များအဖြစ် လက်ခံယှဉ်ပြိုင်ခွင့် ရထားကြပြီး အက်ဖ်အေဖလားတတိယအဆင့်တွင် ပရီးမီးယားလိဂ်အသင်းအချင်းချင်း ထိပ်တိုက်တွေ့သည့် ပွဲစဉ်အဖြစ် ပွဲစဉ်သုံးပွဲမျှသာ ပါရှိခဲ့သည်။

အက်ဖ်အေဖလား တတိယအဆင့်တွင် ပရီးမီးယားလိဂ်အသင်းအချင်းချင်း ထိပ်တိုက်တွေ့နေသည့် ပွဲစဉ်များမှာ လီဗာပူးနှင့် အဲဗာတန်၊ ဘရိုက်တန်နှင့် ခရစ္စတယ်ပဲလေ့စ်၊ မန်စီးတီးနှင့် ဘန်လေ စသည့်ပွဲစဉ်များဖြစ်ပြီး မန်ယူကမူ ဒါဘီနှင့် မဲကျသွားခဲ့သည်။

လက်ရှိချန်ပီယံအာဆင်နယ်သည် အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်အဖြစ် အဝေးကွင်းသို့ သွားရောက်၍ နော်တင်ဟမ်ကို ရင်ဆိုင်ရလိမ့်မည်ဖြစ်ကာ စပါးက ဝင်ဘယ်လ်ဒန်နှင့်လည်းကောင်း၊ ချယ်လ်ဆီးက အစ်ဆွစ်ချ်နှင့်လည်းကောင်း အက်ဖ်အေဖလားတတိယအဆင့်တွင် ထိပ်တိုက်ဆုံလျက်ရှိသည်။

အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်များကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့မှ ၇ ရက်နေ့အထိ ယှဉ်ပြိုင်ကစားသွားစေမည်ဖြစ်ကာ ယခုအဆင့်တွင် သရေကျသည့်ပွဲစဉ်များကို ပြန်ကန်ပွဲ ယှဉ်ပြိုင်စေသည့်စနစ်သာ အက်ဖ်အေက ကျင့်သုံးသွားမည်ဖြစ်သည်။

**အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်များ**

**အစ်ဆွစ်ချ် - ရှက်ဖီးယူနိုက်တက်**
**ဝက်ဖို့ဒ် - ဘရစ္စတိုးစီးတီး**
**ဘာမင်ဂမ် - ဘာတန်**
**လီဗာပူး - အဲဗာတန်**
**ဘရိုက်တန် - ခရစ္စတယ်ပဲလေ့စ်**
**အက်စတွန်ဗီလာ - ဝိုကင်း(သို့မဟုတ်)ပီတာဘာရော**
**ဘုန်းမောက် - ဖိုင်လ်ဒီ(သို့မဟုတ်)ဝီဂန်**
**ကိုဗင်ထရီ - စတုတ်စီးတီး**
**နယူးပေါ့တ် - လိဒ်စ်ယူနိုက်တက်**
**ဘော်လ်တန် - ဟတ်ဒါးစဖီးလ်**
**ပေါ့တ်ဗေးလ် - ဘရက်ဖို့ဒ်**
**နော်တင်ဟမ် - အာဆင်နယ်**
**ဘရန့်ဖို့ဒ် - နော့စ်ကောင်တီ**
**ကျူပီအာ - အမ်ကေဒွန်းစ်**
**မန်ယူ - ဒါဘီ**
**ဖောရက်စ်ဂရင်း(သို့မဟုတ်)အိတ်ဇက်တာ - ဝက်စ်ဘရွန်း**
**ဒွန်ကက်စတာ - ရော့ချ်ဒေးလ်**
**စပါး - ဝင်ဘယ်လ်ဒန်**
**မစ်ဒယ်ဘရော့ - ဆန်းဒါးလန်း**
**ဖလက်ဝုဒ်(သို့မဟုတ်)ဟီရီဖို့ဒ် - လက်စတာ**
**ဘလက်ဘန်း(သို့မဟုတ်)ခရူဝီ - ဟားလ်စီးတီး**
**ကာဒစ်ဖ် - မန်းစ်ဖီးလ်**
**မန်စီးတီး - ဘန်လေ**
**ရှရုးဘူရီ - ဝက်စ်ဟမ်း**
**ဝုလ်ဗာဟမ်တန် - ဆွမ်ဆီး**
**စတီဗင်နေ့ချ် - ရက်ဒင်း**
**နယူးကာဆယ် - လူတန်**
**မီဝေါလ် - ဘန်စလေ**
**ဖူလ်ဟမ် - ဆောက်သမ်တန်**
**ပိုင်ကွမ်ဘီ - ပရက်စတန်**
**နော့ဝစ်ချ် - ချယ်လ်ဆီး**
**ဂျီလင်ဂမ် (သို့မဟုတ်) ကာလီဆယ် - ရှက်ဖီးဝမ်းနက်စ်ဒေး**

■ E-11

FOREIGN AFFAIRS



Reuters

# မွတ်ဆလင်ခြောက်နိုင်ငံမှ နိုင်ငံသားများ ပြည်ဝင်ခွင့်ပိတ်သည့် ထရမ့်အမိန့်ကို အမေရိကန် တရားရုံးချုပ် ခွင့်ပြု

**ဝါရှင်တန်၊ ဒီဇင်ဘာ ၅**

မွတ်ဆလင်လူများစုနိုင်ငံ ခြောက်ခုမှ နိုင်ငံသားများအမေရိကန်သို့ ခရီးသွားလာမှု ပြည်ဝင်ခွင့် ပိတ်ပင်ထားသည့် သမ္မတ ဒေါ်နယ်ထရမ့်၏ အမိန့်အပေါ် ကန့်ကွက်မှုများကို တရားရုံးများတွင် ကြားနာစစ်ဆေးနေစဉ် ကာလအတွင်း အဆိုပါအမိန့်အတိုင်း အပြည့်အဝအာဏာ သက်ဝင်ခွင့်ပြုရန် တရားရုံးချုပ်ကဆုံးဖြတ်လိုက်ကြောင်း USA Today သတင်းစာက ဖော်ပြသည်။

ကန့်ကွက်မှုနှစ်ခုနှင့် ပတ်သက်ပြီး တရားရုံးချုပ်၏တစ်ပုံစံတည်းတူညီသည့် အမိန့်အရ အီရန်၊ လစ်ဗျား၊ ဆီးရီးယား၊ ယီမင်၊ ဆိုမာလီယာ၊ ချဒ်တို့မှ ခရီးသွားအများစုမှာယင်းအမိန့်အပေါ် ကန့်ကွက်သည့်အမှုများကို ကြားနာစစ်ဆေးနေစဉ် အတွင်း အမေရိကန်ပြည်ထောင်စုသို့ ဝင်ရောက်ခွင့်ရတော့မည်မဟုတ်ပေ။

အောက်ရုံးများသည် အမေရိကန်နှင့် သဘောရိုးအဆက်အသွယ်ရှိသောခရီးသွားများ၊ ဆိုလိုသည်မှာ ဘိုးဘွားများ၊ ဆွေမျိုးသားချင်းများကို ဝင်ရောက်ခွင့်များခွင့်ပြုပေးထားသည်။ ယင်းခြွင်းချက်များမှာ ဇွန်လအတွင်း တရားရုံးချုပ်ကသတ်မှတ်ပေးသော ခြွင်းချက်များနှင့် အလားတူပင်ဖြစ်ပြီး ထိုစဉ်က တရားသူကြီးများသည် ကနဦးယာယီပိတ်ပင်မှု၏ တစ်စိတ်တစ်ဒေသကိုသာ ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ စက်တင်ဘာလတွင် ထုတ်ပြန်သောပိတ်ပင်မှုအသစ်မှာမူ ကာလအကန့်အသတ်မရှိပေ။

ထရမ့်၏ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ်ဟောင်း မိုက်ကယ်ဖလင်း ပြဿနာတက်နေချိန်တွင် ယခုအမိန့်မှာ ထရမ့်အတွက် အရေးပါသည့် အောင်ပွဲတစ်ရပ်ဖြစ်သည်။ ဖလင်းသည် FBI ကို လိမ်လည်ထွက်ဆိုမှုဖြင့် အပြစ်ရှိကြောင်း ဝန်ခံထားပြီး ၂၀၁၆ ရွေးကောက်ပွဲ ရုရှားစွက်ဖက်မှုကို စုံစမ်းစစ်ဆေးနေသော အထူးအတိုင်ပင်ခံ ရောဘတ်မူလာ၏ စစ်ဆေးမှုတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူလိုက်ရပြီဖြစ်သည်။

"အခုတရားရုံးချုပ်ကပိတ်ပင်မှုကို ကန့်သတ်ထားတာတွေကို ရုပ်သိမ်းလိုက်ဖို့ အမိန့်ပေးလိုက်ပါပြီ။ အမေရိကန်ပြည်ထောင်စုတွင်း ဝင်ရောက်မှုအတွက်အနိမ့်ဆုံး လုံခြုံရေးစံသတ်မှတ်ချက်တွေ စိုးမိုးအာဏာတည်နိုင်ပြီဖြစ်ပါတယ်" ဟု သမ္မတရုံး အမှုဆောင်ညွှန်ကြားရေးမှူး မိုက်ကယ်ဂလက်ဆ်နာက ပြောကြားသည်။

ဆောင်းနှင့်နွေဦးကာလတစ်လျှောက်တွင် ထရမ့်အစိုးရသည် ပြည်ထောင်စုအဆင့် ခရိုင်နှင့် အယူခံတရားရုံးအားလုံးနီးပါးတွင် အရေးနိမ့်ခဲ့ပြီးနောက် ဇွန်လအတွင်း တရားရုံးချုပ်က ထရမ့်အမိန့် တစ်စိတ်တစ်ဒေသကို လက်ခံပေးခဲ့သည်။ ထိုစဉ်က မွတ်ဆလင်လူများစုနိုင်ငံခြောက်နိုင်ငံမှ ခရီးသွားများ(ထိုစဉ်က ချဒ်မပါဘဲ ဆူဒန်ပါဝင်သည်)သည် အမေရိကန်ပြည်ထောင်စုရှိ လူပုဂ္ဂိုလ်များသို့မဟုတ် အဖွဲ့အစည်းများနှင့် တိုက်ရိုက်အဆက်အသွယ်မရှိပါက ပိတ်ပင်နိုင်သည်ဟုတရားသူကြီးများက ဆုံးဖြတ်ပေးခဲ့သည်။

ယင်းပိတ်ပင်မှုမှာ စက်တင်ဘာလတွင် သက်တမ်းကုန်ဆုံးခဲ့သော်လည်း အစိုးရသည် နိုင်ငံခြားအစိုးရများ၏ စိစစ်မှုလုပ်ထုံးလုပ်နည်းများကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သုံးသပ်မှု ပြီးစီးခဲ့ပြီးနောက် အမြဲတမ်းမူဝါဒသစ်တစ်ရပ် ထပ်မံကြေညာခဲ့ပြန်သည်။ သို့ဖြစ်ရာတရားရုံးချုပ်က အကျုံးမဝင်တော့သော မူလပိတ်ပင်မှုနှင့် ပတ်သက်သည့် ကန့်ကွက်သည့်အမှုများကို ပယ်ချခဲ့သည်။

သို့သော်လည်းတတိယအကြိမ် ပိတ်ပင်မှုစတင်မသက်ဝင်မီ ဟာဝိုင်အီနှင့် မေရီလင်းပြည်နယ်မှ ခရိုင်တရားရုံးများက ထရမ့်၏ အမိန့်ကိုပယ်ချခဲ့ပြန်သည်။ ရှေ့အမိန့်ကိုလည်းပယ်ချခဲ့သည့် ရုံးများပင်ဖြစ်သည်။ ယခုအခါ တရားရုံးချုပ်ကအပြီးသတ်ဆုံးဖြတ်ချက်မချမီ ထရမ့်အမိန့်ကို စိုးမိုးသက်ဝင် ခွင့်ပြုပေးလိုက်ခြင်းဖြစ်သည်။

ထရမ့်၏ နောက်ဆုံးအမိန့်မှာလတ်တလော စိုးမိုးသက်ဝင်သွားပြီဖြစ်သော်လည်း ဆီယက်တဲလ်ရှိအမှတ် ၉ နယ်လှည့် အယူခံတရားရုံးနှင့် ရစ်ချ်မွန်ရှိအမှတ် ၄ နယ်လှည့် အယူခံတရားရုံးတွင် ယင်းနောက်ဆုံးအမိန့်ပေါ် ကန့်ကွက်မှုများကို ဆက်လက်ကြားနာစစ်ဆေးသွားမည်ဖြစ်သည်။

ထိုတရားရုံးများကမည်သို့ပင်ဆုံးဖြတ်သည်ဖြစ်စေ တရားရုံးချုပ်သို့ ထပ်အယူခံဝင်ကြမည်ဖြစ်ရာ တရားရုံးချုပ်၏ အပြီးသတ်အဆုံးအဖြတ်က အဓိကကျလာမည်ဖြစ်သည်။ တရားရုံးချုပ်အနေနှင့် လာမည့်နှစ်ဇွန်လ ရုံးသက်တမ်းမကုန်ဆုံးမီ ကြားနာဆုံးဖြတ်ဖွယ်ရှိသည်။ ■ F-03

## ALSO IN NEWS

### ၈၁ နှစ်အရွယ်လေယာဉ်မယ်ဘွားဘွား ပျံသန်းမှုသက်တမ်း နှစ် ၆၀ ပြည့်

ဘတ်တီနက်ရှ်လို့ အမည်ရတဲ့ အမေရိကန်လေကြောင်းလိုင်း လေယာဉ်မယ်ဟာ အသက် ၈၁ နှစ်ပြည့်သွားခဲ့ပါပြီ။ လေကြောင်းပျံသန်းမှုသက်တမ်းကတော့ အနှစ် ၆၀ ပြည့်ပြီဖြစ်ပါသတဲ့။ လေယာဉ်တစ်ခါစီးရင် ၁၂ ဒေါ်လာသာပေးရတဲ့ ခေတ်ကတည်းက လေယာဉ်မယ်လုပ်ခဲ့တာဖြစ်ပြီး သမ္မတအိုင်စင်ဟောင်ဝါ လက်ထက်က ဖြစ်ပါသတဲ့။ လေယာဉ်ကပ္ပတိန်အနေနဲ့ကတော့ အသက် ၆၅ နှစ်မှာ မဖြစ်မနေ ပင်စင်ယူရပေမယ့် လေယာဉ်မယ်အတွက်တော့ ဒီလိုစည်းမျဉ်းမျိုးမရှိတာမို့ သူမက အလုပ်ဆက်လုပ်နေဆဲဖြစ်ပါတယ်။ ဘတ်တီရဲ့ဝန်ဆောင်မှုနဲ့ပတ်သက်ပြီး ပုံမှန်ခရီးသည်တွေက အလွန်နှစ်သက်ကြပြီး ခင်မင်နှစ်သက်ကြပါတယ်။

အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီ၊ သမ္မတကတော် ဂျက်ကလင်းကနေဒီ တို့နဲ့အတူလည်း ခရီးစဉ်ပျံသန်းဖူးပြီးတော့ အတွေ့အကြုံအလွန်ပြည့်ဝတဲ့ လေယာဉ်မယ်တစ်ဦးဖြစ်ပါသတဲ့။ ■ F-02





### ခရစ္စမတ်မီးတွေကို လိုက်ဖျက်ဆီးနေတဲ့ တရားခံ

နယူးဂျာစီပြည်နယ် မြို့ကလေးတစ်မြို့က ခရစ္စမတ်သစ်ပင်ပေါ်မှာ ချိတ်ဆွဲထားတဲ့ မီးသီးတွေကို တစ်ယောက်ယောက်က လိုက်ဖျက်ဆီးနေတာကြာပါပြီ။ နောက်ဆုံးတော့ ဆီးဂစ်လို့အမည်ရတဲ့ မြို့ကလေးက ဖျက်ဆီးရေးသမားလေးဟာ အရွယ်အစားအနေတော်ရှိတဲ့ ရှဉ့်လေးတစ်ကောင်ဖြစ်လို့နေပါတယ်။ နယူးယောက်မြို့တော်ကနေ ၆၅ မိုင်လောက်အကွာမှာရှိတဲ့ အဲဒီမြို့ကလေးမှာ မြို့ဦးခရစ္စမတ်သစ်ပင်က မီးရောင်တွေကို လိုက်လံဖျက်ဆီးနေလို့ ခဏခဏမီးသီးနဲ့ ကြိုးတွေလဲလှယ်နေရပါသတဲ့။ နောက်နေ့မှာတော့ မြို့နယ်ရဲတပ်ဖွဲ့က လက်ပူးလက်ကြပ်မိသွားခဲ့ပါတယ်။ ဓာတ်ပုံသက်သေတောင်ရှိပါတယ်။ ရှဉ့်ကောင်လေးဟာ ဝါယာကြိုးတွေကို မရမက ကိုက်ဖြတ်နေတာဖြစ်ပါသတဲ့။ ခရစ္စမတ်သစ်ပင်ကို ဘယ်လိုကာကွယ်မလဲ၊ ဘယ်လို အရေးယူမှုတွေလုပ်မလဲ ဆိုတာတော့ တိုင်ပင်နေကြဆဲပါ။ ■ F-02